
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၀၀၉၀၂၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၀၁၂၇၈၀၅၁၀ |
| ထုတ်ဝေသည့်အကြိမ် | ဒုတိယအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၀၅၊ |
| အုပ်ရေ | ၅၀၀ အုပ်ရေ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးမျိုးမြင့် (မြ ၀၆၀၈၉) ပွင့်သစ်ရောင်စုံပုံနှိပ်တိုက် အမှတ် ၆၈၊ ၁၆၅ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးအောင်မြတ်သူ(မြ ၀၃၉၇၆) ပြည်မြန်မာစာပေတိုက် အမှတ်(၁၈၈)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ဝင်းပပ စာအုပ်ချုပ်လုပ်ငန်း အမှတ် ၁၅၂၊ သိမ်ဖြူလမ်း၊ရန်ကုန်မြို့။ ဖုန်း ၀၁ - ၂၉၆၀၃၃ |
| ဖြန့်ချိရေး | ရွှေအိမ်သူစာပေ အမှတ် ၂၊ စပါယ် ၂ လမ်း၊ အမှတ် ၃-ရပ်ကွက်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့။ |
| တန်ဖိုး | ၈၀၀ ကျပ် |




## အခန်း (၁)

" တောမျောက်ကကြီးခွေ
စိမ့်ကြီးမြိုင်ချောင်က
ရွှေဖိုးခေါင် သံချိုညောင်းတယ် .....
ဒေါင်းကအိုးဝေ "

တောအစကပင်ဒေါင်းတွန်သံကို ကြားရသည်။နေရောင်ခြည်ကိုမြင်ရ၍ မြဒေါင်းညိုတို့ အိုးဝေ . . . အိုးဝေ . . . နှင့် တွန်သံပေးလာကြသလို မျောက်လွှဲကျော်များကလည်း ကွိကွိကွကွ နှင့် အော်မြည်လာကြ၏။

ခအောင်းဝေ့သော တပေါင်းနွေလတွင် တောတောင် မြိုင်ယံထဲ၌ ဖော်ကွဲဥဩနှင့် ငှက်ဖိုးခေါင်တို့၏ လွမ်းယောင် ဆွေးယောင်တေးဖွဲ့သံကလည်း တစ်တောလုံး ညံနေလေသည်။

သို့သော် ပရိယေသနဝမ်းစာအတွက်နှင့် အင်တွဲ၊ ပွဲ့လျက်ရှာထွက်လာကြသော ဘအုံထည် တို့လူစုမှာ ဥဩနှင့် ငှက်ဖိုးခေါင်တို့၏ကျူးရင့်ဟစ်ကြွေးသံကို လွမ်းရ ဆွေးရကောင်းမှန်းမသိနိုင်ကြ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စိတ်အာရုံထဲတွင် အင်တွဲ၊ ပွဲ့လျက်များရရန်ကိုသာစိတ်စောနေကြသည်။

မနက်ဝေလီဝေလင်းကပင် ရွာကထွက်လာကြသောလှည်းနှစ်စီးနှင့် လူခြောက်ယောက်တို့မှာ အနောက် အင်တိုင်း တောကြီးကို သာငေးမျှော်ကြည့်ကာ အတွေးကိုယ်စီနှင့် လိုက်ပါလာကြသည်။

သူတို့အားလုံးသည် ယခုလို မြူနှိုးယုက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေဝှေ့ဝိုက်နွေစရိုက်နွေသမယရောက်တိုင်း အနောက်သစ်တောထဲသို့ အင်တွဲ၊ ပွဲ့လျက်ရှာရန် ဤသို့ပင် ရောက်လာကြစမြဲ ဖြစ်လေသည်။

ထို့ကြောင့်လည်း သူတို့၏လှည်းပေါ်တွင် ဓား၊ ပုဆိန်၊ ပြားချွန်း၊ သံမှိုတ်၊ လွှ၊ တင်းပုတ်၊ ဝါးဆူး၊ သစ်မာဆူး၊ ကြိုးကြီး၊ ကြိုးငယ်များနှင့် စားအိုးစားခွက်တို့ ကတစ်ထမ်းတစ်ပိုးပါလာကြ၏။

သူတို့သည် အပွဲ့ခွဲ၍ အင်တွဲ၊ ပွဲ့လျက်ရှာကြမည့်သူများ ဖြစ်သဖြင့် တောနက်ထဲတွင်နွေခရီးရှည်တစ်လျှောက်လုံးကိုဟိုမှသည်မှစခန်းထောက်၍ အင်တွဲ၊ ပွဲ့လျက်ရှာကြမည့် သူများဖြစ်၏။ သူတို့၏ အနောက်ကသာ ခရိုင်ရှိ သစ်တောများသည် မြန်မာနိုင်ငံ၌ သစ်တောထွက်ရတနာများထဲတွင် အင်တွဲ၊ ပွဲ့လျက်အထွက်ဆုံး အရဆုံး သစ်တောများဖြစ်ကြသည်။

ထို့ကြောင့်လည်း ယခုအခါ အနောက်ကသာ ခရိုင်သစ်တောဝန်းကျင်ရှိ ဒေသခံတိုင်းရင်းသားများမှာ နွေဦးရောက်ပြီးလယ်ယာလုပ်ငန်း ကိုင်ငန်း သိမ်းပြီးပြီ ဆိုလျှင် အပိုဝင်ငွေ ရရန် အတွက်



အင်တွဲ၊ ပွဲ့လျက်များကို တောတောင်ထဲတွင် ကြိုးစားပမ်းစားရှာဖွေလျက်ရှိကြသည်။ အင်တွဲ၊ ပွဲ့လျက်အရှာထွက်နေကြသဖြင့်နွေလဆိုလျှင်ရပ်ထဲ ရွာထဲတွင် မိန်းမများနှင့် ကလေးသူငယ်များသာရှိကြ၏။ ဈေးကောင်းရလာ၍ အရှာအဖွေ များလာကြသောအခါ အင်တွဲ၊ ပွဲ့လျက်များကို ယခင်ကလို ရွာနီး ချုပ်စပ် တစ်ဝိုက်တွင်ရှာ၍ မရနိုင်တော့။ တောနက် မြိုင်ယံကြီးထဲထိ ညဥ့်အိပ် ညဥ့်နေသွားလာ၍ ရှာဖွေနေကြရ၏။

ထို့ကြောင့်လည်း နွေလရောက်ပြီဆိုလျှင် ဘယ်ရွာကဘယ်လူကို ဝံကုတ်၍ ဘယ်အရပ်က ဘယ်လူတွေကိုကျားကိုက်လွှတ်လိုက်၍ ဟူသောသတင်းများကိုလည်း နှစ်တိုင်း နှစ်တိုင်း ကြားလာရသည်။ သို့သော် ဒေသခံ လူများသည် အားမလျှော့ မာန်မချဘဲ သဘာဝ တောတောင်ထဲကရသော အင်တွဲ၊ ပွဲ့လျက်ရတနာများကိုအလဟဿ မဖြစ်ရလေအောင် သက်စွန့်ဆံဖျား ရှာမြဲ ရှာဖွေလျက်ရှိကြ၏။

ယခုလည်း ကြိမ်ခတ်ကုန်းကျေးရွာမှ ဘအုံ့ထည် ဦးဆောင်လျက် အင်တွဲ၊ ပွဲ့လျက်ရှာထွက်လာကြသူ လူခြောက်ယောက်မှာမြိုင်နှင့် ရဂုံ၊ စုံနှင့်ဟောဝန်၊ ဟေမာန်ဟေမာ၊ ရိပ်သာ ဆိုင်းဆိုင်း၊အင်တိုင်းစေးပျစ်၊ တောချည်းဖြစ်သော အရပ်(၁၀)ပါးတွင်၊တစ်ပါးအပါအဝင်ဖြစ်သော အင်တိုင်းတောကြီးထဲသို့ရောက်နေကြ၏။

သူတို့သည် အင်တိုင်းတောထဲတွင် ညဥ့်အိပ်ညဥ့်နေ စခန်းချ၍ အင်တွဲ၊ ပွဲ့လျက်ရှာကြမည့် သူများပင် ဖြစ်ကြလေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



မနက်ကတည်းကပင် အင်တွဲ၊ ပွဲ့လျက်ရွာရန် ကြိမ်ခတ်ကုန်း ဈေးရွာမှ ထွက်လာကြသော လှည်းနှစ်စီးနှင့် လူခြောက်မှာ နေထန်းတစ်ဖျား မရောက်မီ အင်တိုင်းတောနက်ကြီး အစသို့ရောက် နေကြလေပြီ။

သူတို့သည် အောက်ခြေရှင်းသော အင်တိုင်းတော အတိုင်း လှည်းကိုကွေ့ပတ်မောင်းလာကြသည်။ ပထမလှည်း၏လမ်းကြောင်း ကိုနင်းကာနောက်လှည်းကတအိအိ လိုက်ပါနေရ၏။ လှည်းတစ်စီး လျှင် လူသုံးယောက်ကျစီ ပါသည်။

ပထမလှည်းကို ဦးရွှေသီး၊ သာပွင့်နှင့် အောင်မောင်းတို့က စီး လာကြ၏။ ဒုတိယလှည်းတွင် ဘအုံ့ထည်၊ လှဆောင်နှင့်စိန်အေး တို့ပါကြသည်။

သစ်တောအောက်ခြေတွင် ရွက်ကြွေတွေက တစ်ထွာတစ်မိုက် ထုထည် ရှိနေကြသလို လေဝှေ့တိုင်း ပင်ယံထက်မှ ပလူပျံ ကြွေ သက်လာကြသော ရွက်ဝါ ရွက်ခြောက်တွေကလည်း မိုးသီးမိုး ပေါက်ပမာပင်။

တောနက်ထဲရောက်လေ သစ်ရွက်ခြောက်တွေကို နွားနင်းသံ နှင့် လှည်းဘီးတက်ကြိတ်သွားသံတို့က ပိုကျယ်လာလေပင်။တစ် ချက်တစ်ချက်တွင် လှည်းဝင်ရိုးအီသံတို့မှာ မျောက်ညည်းသံလား ဟုပင် ထင်ရလေသည်။

"ဟေ့ကောင် သာပွင့်၊ မင်းနွားတွေ ခြေသွက်တိုင်း တောထဲ သောက်ရမ်း လျှောက်မောင်းမနေနဲ့တော့ကွ။ ဟိုရှေ့ ကမူစောင်း က အင်ကြင်းပင်ကြီးအောက်ရောက်ရင် လှည်းရပ်တော့။ တို့အဲဒီမှာ



စခန်းချဖြစ်မလား မသိဘူးလို့ ဘအုံ့ထည်က ပြောတယ်။

သူတို့ နောက်လှည်းနှင့် ကမူလေးတစ်ခုကို ကျော်သွားသော ရှေ့လှည်းက သာပွင့်အား နောက်လှည်းမောင်းသူ စိန်အေးကလှမ်း ပြောလိုက်၏။

ဤအဖွဲ့တွင် ဘအုံ့ထည်မှာ လူကြီးဖြစ်သည့်အပြင် အင်တွဲ၊ ပွဲ့လျက်ရှာ အတွေ့အကြုံဆိုသည်မှာလည်း ပြောမဆုံးပေါင်တော သုံးထောင် ရှိသူဖြစ်၏။ ထို့ကြောင့် ဘအုံ့ထည်၏ စကားဆိုလျှင် မပယ်ရှားရမှန်းသိသော သာပွင့်က သူ့လှည်းကို အင်ကြင်းပင်ကြီး အောက်မောင်းသွား၏။ နောက်လှည်းမောင်းသူ စိန်အေးကလည်း သူ့နွားနှစ်ကောင်ကို နှင်တံတစ်ချက်စီတို့လိုက်သည်။ ထိုအခါနွား လှည်းနှစ်စီးမှာ အချိန်တိုကလေးအတွင်း ခေါင်းနှင့်နောက်မြီး ထိ လုမတတ်ဖြစ်သွား၏။

ထိုအချိန်၌ပင် ခြေလှမ်းမှန်မှန် လှမ်းနေကြသော နွားလေး ကောင်တို့၏ ခြေလက်တွေမှာ လူတွေက အမိန့်မပေးရသေးဘဲရုတ် တရက်တုံ့ခနဲ ငြိုင်တူရပ်သွားကြ၏။ ထိုအပြင်နွားလေးကောင်တို့ မှာ ကြိုတင်တိုင်ပင်ထားကြသလို ဆတ်ခနဲငြိုင်တူ ခေါင်းမော့လိုက် ကြပြီး နွားရွက်များမှာလည်း ချက်ချင်းထောင်လာကြလေသည်။

အမှန်မှာ နွားတွေသာမဟုတ်၊ လူငယ်များဖြစ်သော သာပွင့်၊ စိန်အေး၊ အောင်မောင်းနှင့် လှဆောင်တို့မှာလည်း " ဘာများပါ လိမ့် " ဟု အထိတ်တလန့် ဖြစ်သွားကြလေသည်။

အကြောင်းမှာ -

တောနက်ကျသော သူတို့အရှေ့အရပ်ရှိ အင်တိုင်းတောကြီး

www.burmeseclassic.com



တစ်ခုလုံးသည် တဝေါဝေါ တသောသောအော်မြည်လာကာရုတ်တရက် လေကြီးမိုးကြီးကျလာသလို အသံနက်ကြီးတွေ မြည်ဟည်းဆူညံ လာသောကြောင့် ဖြစ်လေသည်။

လူငယ်လေးယောက်မှာ နွားတွေကိုကြိမ်မရိုက်မိတော့ဘဲ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် အသံကြားရာ ဘက်ကိုသာ လှည်းပေါ်က လှမ်းကြည့်နေမိကြ၏။

ဘာအကောင်ဗလောင်ကိုမျှမမြင်ရသလို လေပွေလေရဟတ်များ ဆင်လာသည်ကို လည်းမမြင်ရ။ အကယ်၍ တောထဲ တောင်ထဲတွင် လေပြင်း လေဆင်နှာမောင်း ကျလာလျှင် သစ်ပင် သစ်ကိုင်းများ ယိမ်းလှုပ်လာကြမည်။ လူများ၏ ကိုယ်မှာလည်း လေတိုးခံရမည်။ အေးစိမ့်သော အတွေ့အထိနှင့် ကြုံရမည်။

ယခုကား သစ်ပင်များ ယိမ်းလှုပ်နေသည်ကို မြင်ရဖို့ ဝေးစွ။ သစ်ရွက်များ လှုပ်ခတ်နေသည်ကိုပင် လုံးဝမမြင်ကြရ။ ဤသို့ တပေါင်းလကြီး မွန်းတည့်ခါနီး နေချစ်ချစ်တောက်ပူနေချိန်တွင်သစ်တောထဲ မိုးရွာဖို့ဆိုသည်မှာလည်း ဘယ်လိုမျှ မဖြစ်နိုင်။

အတွေးရခက်နေသည်မှာ သစ်ရွက်များ တစ်ရွက်တလေပင် လွင့်လာသည်ကို မမြင်ရသော်လည်း တောနက်ကြီးထဲမှ တဝေါဝေါ တရှန်းရှန်း အော်မြည်သံကမူ ပို၍ပင် ကျယ်လောင်လာလေသည်။

ချောက်ချား ထိတ်လန့်ဖွယ်ရာ ကောင်းသည်မှာ ထိုအသံကြီး မြည်ဟည်းလာသည်နှင့် တစ်ပြိုင်နက် စောစောက ကွိကွိကွကွ အော်မြည်နေကြသော မျောက်လွှဲကျော်တို့၏ အသံနှင့် တောထဲ တောင်ထဲရှိ ကြက်ငှက်တိရစ္ဆာန်များ၏ အသံများကပါ ပို၍ဆူညံ



လာသည်။

အလွန်ပါးစပ် မငြိမ်သော မျောက်လွှဲကျော်များနှင့် တောထဲရှိ ကြက် ငှက် တိရစ္ဆာန်များအားလုံး အသံတိတ်သွားကြပြန်သော အခါ စောစောက အော်မြည်လာသံကြီးမှာ ပို၍ကျယ်လောင်မြည် ဟည်းလာသလား ထင်ရပြန်သည်။

လူတွေသာမဟုတ်၊ တောတိရစ္ဆာန်များပါ ထိုအသံကြီးကို ကြောက်ရွံ့ကာ ထွက်ပြေးသွားကြလေပြီ။ ထိုအသံကြီးသည်တောင် ချိုင့်များကို ပဲ့တင်ပြန်ရိုက်ကာ တောသုံးထောင်ကိုပါ ကုန်အောင် ချေမှုန်းကြိတ်ဝါး နေပြီလားထင်ရသည်။

" ဟဲ့ . . . . ကောင်တွေ၊ ဟဲ့ကောင်တွေ၊ ခုချက်ချင်း လှည်းပေါ်ကဆင်းကြစမ်း၊ နွားတွေကို နဖားကြိုး ဆွဲထားကြစမ်း၊ နွားတွေ လန့်ပြီးထွက်ပြေးကုန်ရင်အားလုံးဒုက္ခရောက်ကုန်မယ်။ နွားတွေကို မြန်မြန် ထိန်းထားကြစမ်း။ နဖားကြိုး ဆွဲထားကြစမ်း "

ဘအုံ့ထည်သည် ပြောပြောဆိုဆိုနှင့်ပင် ဦးဆုံးလှည်းပေါ်က ရုတ်ခြည်း ခုန်ချပြီး သူ့လှည်းမှ နွားတစ်ကောင်၏ နဖားကြိုးကိုတင်းတင်းဆွဲထားသည်။ ပါးစပ်ကလည်း နွားတွေလန့်မပြေးအောင်စုတ် တသပ်သပ်နှင့် လှသံပေးထိန်းထားလိုက်၏။

ဘအုံ့ထည် နည်းတူ ကျန်လူငါးယောက်တို့မှာလည်း လှည်းပေါ်မှအထိတ်တလန့်နှင့် ခုန်ဆင်းကြကာ နွားလေးကောင်ကို ဝိုင်းဝန်းထိန်းချုပ်ကာ နဖားကြိုးကို ကိုယ်စီဆွဲထားကြသည်။

သို့သော် နွားတွေမှာ ခေါင်းထောင် နွားရွက်ထောင်ပြီး အမြီးမြှောက်ကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ခုန်ပေါက်တော့မလိုထိတ်

www.burmeseclassic.com

www.burmeseclassic.com



လန့် ချောက်ချားနေကြသည်။ လူသံပေး၍နဖားကြိုးသာ အဆွဲမခံထားရလျှင် ခုန်ပေါက်ထွက်ပြေးသွားကြမည်မှာ မုချပင်။

တောနက်ထဲမှ တဝေါဝေါတသောသော အော်မြည်လာသော အသံမှာလည်း ပို၍ပင် ကျယ်လောင်လာသည်။

" အင် . . . အစ်ကိုကြီး၊ ဘာသံလဲဟင်။ တောခြောက်တာမဟုတ်လား၊ တောခြောက်တယ် ဆိုတာလား "

သူတို့အဖွဲ့ထဲတွင် ဒုတိယအကြီးဆုံး လူကြီးဖြစ်သူ ဦးရွှေသီး၏ အမေးကို ဘအုံ့ထည်က "ဟုတ်ပါဘူးကွာ၊ မင်းကလဲ" ဟု ပေါ့ပေါ့တန်တန်ပင် ပြောလိုက်၏။

ဤသည်ကို နောက်လူများက လုံး၀ မယုံကြည်ကြ။ သူတို့ကြောက်ရွံ့ကုန်ကြမှာစိုး၍ ဘအုံ့ထည်က တမင်လိမ်ပြောခြင်းသာဟု ထင်လိုက်ကြသည်။

သူတို့ကြားဖူးထားသည်မှာ တောတောင်ထဲ၌ ဤသို့ သစ်ပင်မလှုပ်၊ သစ်ရွက်မလှုပ်ဘဲ တစ်တောလုံး၊ တစ်တောင်လုံး တဝေါဝေါတသောသော အော်မြည်အသံပေးတတ်သည်မှာ တောခြောက်ခြင်းသာဟု ဘိုးစဉ်ဘောင်ဆက် သက်ကြီးစကားသက်ငယ်ကြားယုံကြည်ထားကြ၏။

ယခုတောခြောက်နေသံကို အားလုံးကြားကြပါလျှက် လူများတင်မက နွားတိရစ္ဆာန်များနှင့် အခြားတောတိရစ္ဆာန်များကပါ တောခြောက်သံကိုကြား၍ အထိတ်တလန့် ဖြစ်နေကြပါလျှက် ဘအုံ့ထည်က "ဟုတ်ပါဘူး" ဟု လေသံပေါ့ပေါ့နှင့် ပြောလိုက်ခြင်းမှာလူငယ်များ ထိတ်လန့်ကြောက်ရွံ့ကုန်မှာစိုး၍ လိမ်ပြောခြင်းသာ ဟု



အားလုံးက ထင်လိုက်ကြသည်။

ထို့ကြောင့် လူငယ်ထဲတွင် ဘအုံ့ထည်၏ အချစ်ဆုံး မြေးဖြစ်သူ အောင်မောင်းက မကျေမနပ်နှင့် သူ့အဘိုးကိုမေး၏။

" ဟင် . . . ဘိုးဘိုး . . .၊ တောခြောက်သံမဟုတ်ရင် ဒီအသံတွေက ဘာသံလဲဗျ။ ဟိုမှာကြည့်လေ . . . ဘိုးဘိုး၊ လေကြီးမိုးကြီးကျတာဆိုရင် သစ်ပင်တွေ သစ်ကိုင်းတွေတလှုပ်လှုပ် ဖြစ်နေမှာပေါ့။ သစ်ပင်တွေ ယိမ်းကနေကြမှာပေါ့။ ခုတော့ သစ်ပင်တွေ လှုပ်ဖို့မပြောနဲ့ သစ်ရွက်ခြောက် တစ်ရွက်တလေတောင် လွင့်လာတာကိုမမြင်ရဘူး။ ဒါတောခြောက်တာ မဟုတ်ရင် ဘာလဲဟင် "

" ဟော့ကောင်လေး၊ မဟုတ်ပါဘူးဆို၊ မင်းနွားတွေ လန့်မပြေးအောင်သာ ကိုင်ထိန်းထားစမ်းပါ။ အတော်ကလေး ကြာရင် တိတ်သွားပါလိမ့်မယ် "

"ဟာ . . . ဘိုးဘိုး၊ ခုမှပိုကျယ်လာတာဗျ။တောခြောက်တာမဟုတ်ရင်ဘာလဲလို့ ဒါတောခြောက်တာပဲဖြစ်မှာ။ အဖေကပြောတယ် ဒီတောက တောကြမ်းတယ်လို့ မုဆိုးကြီးအောင်ပက ပြောဖူးတယ်တဲ့"

" လှည်းဖြုတ်ထားလိုက်ရင် ကောင်းမလား အစ်ကိုကြီး "

သူ့မြေးအောင်မောင်း၏စကားကို ဦးရွှေသီးကလည်းထောက်ခံသောအနေနှင့် လှည်းဖြုတ် ထားလိုက်ရမလားဟု မေးလိုက်၏။

ဦးရွှေသီး၏အယူအဆမှာ တောခြောက်သံတွေက ပိုကျယ်ပြီးနီးလာသလို ထင်ရလေရာ လှည်းတန်းလန်းနှင့်နွားတွေထွက်ပြေးကုန်လျှင်လှည်းပျက် နွားကျိုး ဖြစ်ကုန်မှာစိုးသည်။

သို့သော် ဘအုံ့ထည်၏ မြေးလိုသူက ဘအုံ့ထည်ကိုတိုက်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



မပြော။ လူကြီးဝိပိနားလည်ရုံ ပရိယာယ်စကားနှင့် သာဆို၏။

ဤသည်ကို လူငယ်ထဲတွင် အကြီးဆုံးဖြစ်သူ လှဆောင်က လည်း ထောက်ခံစကားဆိုပြန်၏။

" ဟုတ်တယ် အဘ၊ နွားတွေကို လှည်းဖြုတ်မထားတောင်ဟို ဘက်ပြန်လှည့်ပြီး နောက်ကြောင်းပြန်ဆွဲထားရင် ကောင်းမယ်ထင် တယ်။ တောခြောက်တယ်ဆိုတာ . . . "

ဘုံထည်ကမူလှဆောင်ကို မျက်စောင်းထိုးလိုက်သဖြင့်စကား တစ်ပိုင်းတစ်စ ပြက်သွား၏။

ဘအံ့ထည်ကမူ လုံးဝတုန်လှုပ်ပုံမရ။ လက်တစ်ဖက်က နွား နဖားကြိုးကို မြဲမြဲကိုင်ကာကျန်လက်တစ်ဖက်ဖြင့် နွားဘို့ကို ပွတ်ပေး နေ၏။ ပါးစပ်ကနွားတွေကို စုတ်တသပ်သပ်နှင့် ချော့မော့နေသလို မျက်လုံးအကြည့်မှာ တောခြောက်ရာ ဘက်၌သာ။

" ဟင် . . . အစ်ကိုကြီး၊ နွားတွေကို . . . "

" နွားတွေကို ထိန်းကိုင်ထားကြလေကွာ "

" တောသံတွေ ပိုကျယ်လာတယ် အစ်ကိုကြီး၊ တောခြောက် တယ်ဆိုတာ "

" တောခြောက်တာမဟုတ်ပါဘူးဆို။မင်းတို့လို တောအတွေ့ အကြုံမရှိတဲ့ လူတွေကတော့ တောကြမ်းလို့ တောခြောက်တယ် ဘာညာနဲ့ ပြောကြမှာပေါ့ "

" မဟုတ်ဘူးလား ဘိုးဘိုး "

ဘအံ့ထည်အားလေးစားသော ဦးရွှေသီးကစကားမဟမီဘအံ့ ထည်၏အချစ်ဆုံးမြေးကြီး အောင်မောင်းကတစခန်းထလာပြန်၏။



" မဟုတ်ပါဘူး "

"ဟာ . . . ဘိုးဘိုးကလဲဗျာ ဒီလောက်နေ့ခင်းကြောင်တောင် အသံနက်ကြီးတွေ ကြားနေရတဲ့ဥစ္စာ။ တောခြောက်တာမဟုတ်ရင် ခဲ့ခြောက်တာ . . . "

" ဟာ. . . ဒီကောင်လေး၊ တောမှာ တောင်မှာမင်းပါးစပ် စောင့်ထားပါဦးဆို "

နောက်လူတွေပါကြောက်ကြောက်ရွံ့ရွံ့နှင့်အထိတ်တလန့်ဖြစ် နေကြမှာစိုး၍ ဘအံ့ထည်က အောင်မောင်းကို အော်ငေါက်ပစ် လိုက်၏။

ဘအံ့ထည်၏ မြေးအရင်းဖြစ်သူ အောင့်မောင်းမှာ ဤတစ်ခါ တော့ သူ့အဘိုးကို လုံးဝနှုတ်တုံ့မပြန်ပုံတော့။ မျက်လုံးကြီး အပြူး သား ပါးစပ်ကြီးအဟောင်းသားနှင့်သာ အသံကြားနေရသောတော ခြောက်သောဘက်သို့ ငေးကြည့်ပြီး ငိုင်သွား၏။

ဘအံ့ထည်၏စကားအဆုံးမှာတောခြောက်သံကြီးက ပိုကျယ် လာပြန်ရာ စိတ်ထဲ ပိုကြောက်ရွံ့လာသော ဦးရွှေသီးကပါ အလိုလို ပါးစပ်ဟလာပြန်သည်။

" ဒါဆို ခုကြားနေရတဲ့ အသံဟာ . . . "

" အေးပါကွာ မင်းတို့နွားတွေကိုသာ လန့်မပြေးအောင် နဖား ကြိုးမြဲမြဲကိုင်ထိန်းထားကြစမ်းပါ။ စောင့်ကြည့်နေကြ၊ တောခြောက် တာ မဟုတ်ဘူးဆိုတာ အတော်ကြာတော့ အဖြေပေါ်လာပါလိမ့် မယ်။ ဘာလည်းဆိုတာ မင်းတို့မျက်မြင်ကိုယ်တွေ့ ကြုံရပါ လိမ့်မယ် "

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ခါတော့ ဘအုံ့ထည်၏ စကားကို မည်သူမျှ ယော တက်ကြတော့။ တောခြောက်တာမဟုတ်ဘူးဟု အကြိမ်ကြိမ်အ ခါ ပြောပြီးပြီဖြစ်သဖြင့် အကြောက်အနည်းငယ်စီ ပြေကာ ဘ ထည် စကားအတိုင်း အခြေအနေကို စောင့်၍သာ ကြည့်နေ လေသည်။

ဘအုံ့ထည် စကားအတိုင်း သူတို့အားလုံးငေးကြည့်နေကြ မှာပင် တောခြောက်သံကြီးမှာ ပိုကျယ်ပိုနီးလာသလို တိမ်တိုက် သားခဲများလို မည်းမည်းရိပ်ရိပ် အစိုင်အခဲများမှာလည်း သစ် ကြိုသစ်ပင်ကြားမှ ဖြတ်ပြေး လွင့်မျောလာကြသည်။

အမှတ်တမဲ့သာဆိုလျှင် မိုးသားတိမ်မည်းခဲများ သစ်ပင် သစ်ပင်ကြားမှ ဖြတ်ဝင်လာကြသလို ရိပ်ခနဲရိပ်ခနဲ ပြေးသွား လျားနေကြသည်။ ထိုမည်းမည်းလုံးလုံး အစိုင်အခဲများမှာ ပို၍ နက်ကျသော ရှိုးမဘက်ကလာနေကြသည်။

" ဟာ - သ - သရဲတွေ၊ ခေါင်း - ခေါင်းပေါ်ရောက် တော့မယ်။ ပြေး - - - ပြေးကြမှဖြစ် "

ကြောက်နွံ့အော်ဟစ်ကာ ထွက်ပြေးတော့မည်လုပ်သော အေး၏ လက်ကို ဘအုံ့ထည်က ရုတ်တရက် ဖမ်းဆွဲချုပ်ကိုင် လိုက်၏။

ထိုအချိန်မှာပင် တောနက်ကြီးထဲမှ မိုးသားတိမ်ခဲများပ ရိပ်ရိပ် လွင့်လာကြသော မည်းမည်းလုံးလုံးများထဲမှ အလုံးတစ် သည် ဘအုံ့ထည်တို့ မတ်တတ်ရပ် ငေးကြည့်နေကြရာနှင့် လေ လံလောက်သာ ဝေးသော ပွဲ့လျက်ပင်တစ်ပင်၏ သစ်ခေါင်းဝ



လာကပ်နေလေသည်။

ပွဲ့လျက်ပင်တစ်ပင်၏သစ်ခေါင်းဝနားတွင် လာကပ်နေသော မည်းမည်းတူးတူး အလုံးပေါ်မှ အရောင်တွေပြိုးပြိုးပြက်ပြက်ထွက် လာကြသောအခါ လူတွေမှာ ပို၍ လန့်သွားကြသည်။

" ဘာအလုံးကြီးတွေပါလိမ့် " ဟု သူတို့မှင်တက်မိကာ ကြည့် နေကြစဉ် ဆန်ကောထက်ပင်ကြီးသော နောက်ထပ်မည်းမည်းညို ညို အလုံးကြီးတစ်လုံးကလည်း ပွဲ့လျက်ပင်တစ်ပင်၏ သစ်ခေါင်း ဝပေါ်သို့ နောက်ထပ်တွယ်ကပ် ရောက်လာပြန်သည်။

ထိုအခါ တဝေါဝေါ တသောသော မြည်ဟည်းသံကြီးမှာ ပို ကျယ်လာပြီး ပွဲ့လျက်ခေါင်းထဲ တစ်လုံးလုံးမဝင်ဆံ့သော မည်းမည်း ညိုညို အလုံးကြီးတွေမှာ အုန်းသီးလုံးပမာဏ၊ ပန်းကန်ပြား၊ ပန်းကန်လုံးပမာဏ အစိတ်စိတ်အမြွှာမြွှာပြိုကွဲ လွင့်စဉ်ကာ သစ်ပင်ကြို သစ်ပင်ကြားတွေပေါ် ပြန့်ကျဲသွားကြ၏။

"ဟာ - ပျားနကျယ်ကောင်တွေအိမ်လာလုကြတာကို၊ ကြည့် စမ်း။ ဒါကိုပဲ နီးနီးနားနားမမြင်ဖူးကြတဲ့ တို့လူတွေက တောခြောက် တယ် ဘာညာပြောကြတာ"

ဟင်းခနဲသက်ပြင်းချကာ ဦးရွှေသီး ရုတ်တရက် ရေရွတ်လိုက်၏။

ဦးရွှေသီး၏ စကားကို ဘအုံ့ထည်က ပြုံးသည်။ လူငယ်များ မှာလည်း မမြင်စဖူး ထူးကဲလှသော ပွဲ့လျက်ကောင်များနှင့် ပျားန ကျယ်ကောင်များ၏ တိုက်ပွဲကို ကြည့်ကောင်းကောင်းနှင့် ယခုမှ စိတ်ချလက်ချ ကြည့်ရဲကြတော့သည်။

ဦး ရွှေသီး ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောထဲ တောင်ထဲက ပျားမျိုးပေါင်းများစွာ တို့တွင် " ပျားနကျယ် " ဟုခေါ်သောပျားကောင်တစ်မျိုးရှိသည်။ ထိုပျားနကျယ်ကောင်များသည် ဤသို့ပင် ပွဲ့လျက်ခေါင်းများ၊ ပျားကြီး၊ ပျားသေးကောင်များ စွဲနေသော သစ်ခေါင်းများကို လာလုတိုက်ခိုက် ယူတတ်သည်။ ပျားနကျယ်ကောင်များမှာ အနံ့ခံ၊ အသံမှတ်ကောင်းကြသလို အဆိပ်လည်း အလွန်ပြင်းသဖြင့် မည်သည့်ပျားမဆို ပျားနကျယ်ကောင်များကို ကြောက်ကြသည်။

သာမန်ပျားများ၊ ပွဲ့လျက်ကောင်များနှင့်စာလျှင် ပျားနကျယ်ကောင်များမှာ အလုံးအထည်ကြီးပြီး အဆိပ်အတောက်လည်းပြင်းသဖြင့် သူတို့ကို ဘယ်ပျား၊ ဘယ်ပွဲ့လျက်ကောင်တွေကမှ ကြာကြာခံမတိုက်နိုင်ကြ။ ၁၅ - မိနစ်၊ မိနစ် - ၂၀ ခန့် ခံကိုက် တိုက်ခိုက်ပြီးသောအခါ အကျအဆုံး အသေအပျောက်များစွာနှင့် မိမိတို့၏ သစ်စေးအိမ်အား ပျားနကျယ်ကောင်များ လက်ထဲ ဝကွက်အပ်ထားခဲ့ကြလေ၏။

ပျားနကျယ်ကောင်များမှာ တခြားပျားများလို ဝတ်ရည်စုဆောင်းခြင်းမရှိဘဲ အသားစားသောပျားတစ်မျိုးဖြစ်သည်။ ပျားတူ၊ ပျားနဒေမျိုးထဲ ပါဝင်သော ပျားမျိုးဖြစ်သဖြင့် ယခုအခါ ပွဲ့လျက် အကောင်ငယ်များကိုလည်း အောင်သေအောင်သား စားကြပေလိမ့်မည်။

သူတို့ သစ်စေးအိမ်ကို လာလုသော ပျားနကျယ် ကောင်များနှင့် ပွဲ့လျက်ကောင်များ အပြင်းအထန် ကိုက်ခဲတိုက်ခိုက်နေကြစဉ် သူတို့၏ တောင်ပံခတ်သံ၊ အော်မြည်သံများမှာ တစ်တောလုံး တစ်တောင်လုံး တဝေါဝေါ တသောသော ညံလာသည်။



ပျားနကျယ်ကောင်များ ကိုက်သတ်ချ၍ အတောင်ကျိုးခေါင်းပြတ် ခြေပြတ်ဖြစ်ကာ သစ်ပင် အကြို အကြားမှ ကျလာကြသော ပွဲ့လျက် အသေကောင်များမှာလည်း မိုးသီးမိုးပေါက်ပမာ သစ်ရွက်ခြောက်များပေါ် တဖြောက်ဖြောက် တဖြောင်းဖြောင်း ကျလာကြလေသည်။

မိုးမရွာလေမတိုက်ဘဲနှင့် တစ်တောလုံး တစ်တောင်လုံးဆူညံနေသောအသံမှာလည်း ပို၍ကျယ်လောင်လာလေသည်။ တစ်ဆယ့်ရှစ်ခေါဘကီမက များပြားလှစွာသော ပျားနကျယ်ကောင်များနှင့် ပွဲ့လျက်ကောင်များ၏ တောင်ပံခတ်အော်သံတို့မှာ ယခုထိ မတိတ်သေး။ တိုက်ခိုက်ကြဆဲ၊ အော်မြည် နေကြဆဲပင် ရှိသေး၏။

အကယ်၍ ဘအံ့ထည်တို့ ကဲ့သို့ နီးနီးနားနား မဟုတ်ဘဲ ခပ်လှမ်းလှမ်းဝေးဝေးကသာ ဤအသံများကို ကြားရလျှင်တောခြောက်သည်ဟု ပြောကြမည်မှာ မြေကြီးလက်ခတ် မလွဲပေ။

ပျားနကျယ်ကောင်များကို ရင်ဆိုင် တိုက်ခိုက်၍ မနိုင်မှန်းသိကြသော ပွဲ့လျက်ကောင်များသည် မကြာမီ ကစဉ့်ကလျား ထွက်ပြေးသွားကြလေ၏။

အသိန်းအသန်းမကသော ပွဲ့လျက်ကောင်များထွက်ပြေးသွားကြတော့မှ တဖြည်းဖြည်း ငြိမ်သက် တိတ်ဆိတ်သွားလေသည်။

ထိုအခါမှ ဘအံ့ထည်တို့ လူစုမှာလည်း တစ်ဦးနှင့်တစ်ဦး စကားပြောနိုင်ကြတော့သည်။

" ဒီအသံတွေဟာ ပွဲ့လျက်ကောင်တွေနဲ့ ပျားနကျယ်ကောင်တွေ သစ်ခေါင်းအိမ်လုနေကြတဲ့အသံပဲဆိုတာ ဘိုးဘိုးက ကျွန်ုပ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘို့တို စောစောက ပြောဖို့ကောင်းတာပေါ့။ ဘိုးဘိုးက စောင့်သာကြည့်နေကြ အတော်ကြာရင် အဖြေပေါ်လာမှာပါဆိုတော့ ဘာမှန်းညာမှန်းမသိနဲ့ ကျွန်တော်တို့မှာ ကြောက်လိုက်ရတာ ထွက်ပြေးမိကြမလို့ "

ဘအုံထည်၏ မြေးကြီးအောင်မောင်းက ဘအုံထည်ကိုအပြစ်တင်စကား ဆိုသည်။

ဘအုံထည်ကရယ်မောပြီး "ဘိုးဘိုးကလဲ ပွဲ့လျက်ကောင်တွေနဲ့ ပျားနကျယ်ကောင်တွေ အိမ်လု ရန်ဖြစ်နေကြတဲ့ အသံပဲဆိုတာ စောစောက ခွဲခွဲခြားခြား မသိရသေးလို့ပေါ့ မြေးရယ်။ ဒါပေမယ့် တောခြောက်သံမဟုတ်ဘူး၊ ပျားကောင်တွေအသံတော့ ပျားကောင်တွေအသံပဲဆိုတာ သိနေတယ်။ ဒီလိုတောလုံးဆူလာတာ ပျားအုံတွေ အသစ်ပြောင်းလာကြတာလား၊ ဒါမှမဟုတ် ပျားအုံကြီးတွေကို ငှက်ရဲ စွန်ရဲတွေ လာသတ်နေလို့ ပျားကောင်တွေ အတောင်ပံခတ်သံ၊ မြည်သံလား ဆိုတာ ဘိုးဘိုးစောင့်ကြည့်နေတာပဲ "ဟုပြော၏။

ဘအုံထည် ပြောသည်မှာလည်း အမှန်ပင် ဖြစ်သည်။

တောကြီးမျက်မည်းထဲရှိ ပျားအုံကြီးများသည် အန္တရာယ် တစ်စုံတစ်ခုကြောင့် အုံပြောင်းကြပြီဆိုလျှင်လည်း ဤသို့ပင် တဝေါဝေါ တသောသော မြည်ဟည်း လာသံများကို အတော် ဝေးဝေးကပင် ကြားရတတ်သည်။ တောနက်၌ ထိုအသံများ ပဲ့တင်ပြန်ရိုက်ခတ်လာသောအခါမှာ ကွမ်းတစ်ရာညက်ခန့်အထိပင် တစ်ခါတစ်ခါမြည်ဟည်းဆူညံ နေတတ်သည်။



စဉ်ပျားဟုခေါ်သောပျားအုံကြီးများကို စွန်ရဲ ငှက်ရဲ ထိုးသုတ်
တ်စားလျှင်လည်း ဤသို့ပျားများ တောင်ပံခတ်သံ အော်မြည်သံ
ကွယ် တိုက်ခိုက်သံများကို ကြားရတတ်သည်။

စွန်သတ်ပျားများမှာ အလွန်ရန်လိုပြီး လူကိုထိုးတုပ်လျှင် မိုင်
ါင်းများစွာ သို့မဟုတ် ရွာအရောက် အိမ်အရောက် လိုက်လာပြီး
းတုပ်တတ်ကြသည်။

ထို့ကြောင့် ဤလိုနွေလများ၌ အင်တွဲ၊ ပွဲ့လျက် ရှာသူများအ
နှင့် စွန်သတ်ပျားများကိုလည်း ကွင်းရှောင်သွားတတ် ကြရသည်။
သို့ အတွေ့အကြုံအရ မကွင်းမရှောင်တတ်လျှင် တောထဲတောင်
တွင် အင်တွဲ၊ ပွဲ့လျက်ကို မရဘဲ အန္တရာယ်တစ်ခုခုကိုသာ ရကြ
လိမ့်မည်။

နွေရင့်ရက်ရောက်ပြီဆိုလျှင် စွန်ရဲများကလည်းသူတို့ အင်တွဲ၊
လျက်ရှာသလို ပျားအုံများကို တောအနှံ့တောင်အနှံ့ ပျံဝဲ၍လိုက်
နေကြ၏။ ပျားအုံကြီးတစ်အုံကို တွေ့ပြီဆိုလျှင် စွန်ရဲတို့သည်မိုး
ဝေဟင်ထက်မှ အတောင်နှစ်ဖက်ကို ရုပ်သိမ်းကာ တစ်ဟုန်ထိုး
ဆင်း လာတတ်ကြသည်။

စွန်ရဲများ သူတို့အသိုက်မြုံကို ဖျက်ဆီးရန် ထိုးဆင်းလာပြီဆို
ည်ကို သိသည်နှင့် တစ်ပြိုင်နက် အသိန်းအသန်း မကသောပျား
ာင်များကလည်း သူတို့၏ ပျားအုံကိုဖက်တွယ် ကာကွယ် ထား
တ်ကြသည်။

သို့သော် တောင်ပံရိုက်အားပြင်းသော စွန်ရဲများသည် ပျားအုံ
တွင် တွယ်ကပ်ကာကွယ်နေကြသောပျားကောင်ငယ်များကိုသူ

www.burmeseclassic.com



တို့၏ တောင်ပံနှစ်ဖက်နှင့်တရကြမ်း ရိုက်ခတ် ဖယ်ထုတ်ပစ်ကြသည်။

ဂဠုန်တောင်ပံနှယ် အရှိန်ပြင်းလွန်းသော စွန်ရဲများ၏ ရိုက် ခတ်မှုဒဏ်ကို မခံနိုင်ကြသော ပျားငယ်များသည် ပျားအုံ၊ ပျားသ လက်၊ ပျားလပို့ပေါ်မှ ရုတ်ခြည်းအဆုပ်လိုက် အခဲလိုက် ကစဥ့်က လျား လွင့်စဉ်သွားကြ၏။

စွန်ရဲများ တောင်ပံနှင့် ရိုက်ခတ်ခံရ၍အဆုပ်လိုက်အခဲလို လွင့်ကျလာသော ပျားကောင်များသည် လေထဲရောက်သောအခါ တစ်ကောင်စီ တစ်ကွဲစီ ပြန့်ကျဲသွားကြသည်။ထိုအခါ စွန်ရဲများသည် ပျားသလက်ကို အတင်း ဝင်ထိုးကိုက်ဖွဲ့ပြီး မိုးယံထက်သို့ တစ်ဟုန် ထိုးပျံတက်ပြေးကြ၏။

စွန်ရဲများ ကိုက်ချီဖွဲ့ယူသွားကြသောပျားသလက်မှာ ပျားရည် ရှိသော ပျားသလက်၊ ပျားလပို့မဟုတ်ဘဲ ပျားသူငယ်များ ရှိသော ပျားသလက်၊ ပျားသငယ်အိမ်သာဖြစ်သည်။ အသားစားသော စွန်ရဲတို့သည် ပျားရည်ထက် ပျားသလက်အိမ်ထဲရှိ ပျားသူငယ်မျာ ကိုသာ စားတတ်ကြသည်။

သူတို့ကို အတောင်ပံနှင့် တအားရိုက်ခတ်ထားခဲ့ပြီး သူတို့ ပျားသူငယ်များ မွေးထားရာ ပျားသလက်ကို ဖွဲ့ကိုက်ပြေးယူသွားကြ သော စွန်ရဲများ၏ နောက်ကို ထောင်ပေါင်းများစွာသော ပျားရှေ ကလည်း တပ်ဖွဲ့လိုက် ပျံတက်ပြီး တုပ်ကြ ထိုးကြသည်။

သို့သော်အမွေးအမှင်ထူသော စွန်ရဲများမှာ ထောင်ပေါင်းမျာ စွာသော ပျားကောင်ငယ်များ၏ ထိုးဆိတ်ကိုက်တုပ်ခြင်းကို ပဓာ ပြုဘဲ ကိမ်တိုက်ကြားထဲထိ ပျံတက်ရင်း ကိုက်ဖွဲ့တိုက်ခိုက်ယူလာ



သော ပျားသူငယ်များကို လေထဲ၌ပင် ပျံရင်း၊ ပြေးရင်း၊ ရှောင်ရှား ရင်းနှင့် အကုန်စားပစ်ကြသည်။

မြင့်မားသော မိုးယံထက်သို့ ပျံပြေးသွားကြသည့် စွန်ရဲများ နောက်ကို လိုက်ပြီးထိုးဆိတ် ကိုက်တုပ်ကြသော ပျားကောင်ငယ် တို့မှာ စွန်ရဲများကဲ့သို့ မြင့်မားသောလေထုထဲ မပျံလိုက်နိုင်ကြသဖြင့် မိုးယံထက်မှ ပြန်ဆင်းလာကြကာ ပျားသလက်၊ ပျားလပို့ပေါ်တွင် ပျံနား၍ ကာကွယ်ကြပြန်၏။

ပျံရင်း၊ ပြေးရင်း ထောင်ပေါင်းများစွာသော ပျားကောင်ငယ် များကို ရှောင်ရှားရင်းနှင့်ပင် သူတို့၏ သားသမီးများကို စားပစ်လိုက် ကြသော စွန်ရဲများသည် ပျားသူငယ်များကုန်သွားသည်နှင့် တစ်ပြိုင် နက် လေဟုန်ကိုစီးကာ ပျားအုံရှိရာသို့ အရှိန်ပြင်းစွာနှင့် တစ်ဖန် ထိုးဆင်းလာကြပြန်သည်။

ထိုအခါ သူတို့ကို တိုက်ခိုက်နေကြသော သေနင်္ဂဗျူဟာ အ တိုင်း ပျားသလက်၊ ပျားလပို့ပေါ်ကထောင်များစွာသော ပျားကောင် ငယ်များကို ဂဠုန်တောင်ပံနှယ် ပြင်းသောသူတို့၏ စကြာလက်နက် နှင့် တဖြောင်းဖြောင်း တဖျပ်ဖျပ်ရိုက်ခတ်ကာ ပျားသူငယ်အိမ်ကို အပိုင်းပိုင်း အတစ်တစ် ကိုက်ချီပြီး ပျားကောင်ကြီးများ ပျံတက်မ လိုက်နိုင်သော မိုးယံမြင့်ထက်သို့ တည့်တည့်မတ်မတ် ထိုးပျံတက် သွားကြပြန်သည်။

သူတို့တစ်ဆောင်းလုံး၊ တစ်နွေလုံး ပင်ပန်းကြီးစွာ ရှာဖွေစု ဆောင်း ထားကြသော ပန်းဝတ်ရည်များထက်ပင် အဆပေါင်းများ စွာ တန်ဖိုးထားကြသော သူတို့၏ ရင်သွေးရင်နှစ်များကို အတင်းဝင်

www.burmeseclassic.com



ကိုက်ထိုးသွားကြသော စွန်ရဲမိုက်များ၏ နောက်ကို ထောင်ပေါင်းများစွာသော ပျားကောင်တို့က ဝိုင်းအုံ၍ လိုက်ကြ၊ တုပ်ကြ၊ ထိုးကြပြန်သည်။

သို့သော်ပျားကောင်ငယ်တို့၏ အတောင်နှစ်ဖက်မှာ သေးငယ်သည့်အပြင် သားမိုက်စွန်ရဲတို့၏ အတောင်ပံနှစ်ဖက်ကဲ့သို့ မာကျောခန့်ထည်မှု မရှိကြသဖြင့် မိုးသား တိမ်တိုက်ကြားမှ လေရဟတ်၏ ပြင်းထန်သော ဖိနှိပ်အားဒဏ်ကို မခံနိုင်ဖြစ်ကာ သူတို့၏အသိုက်အအုံ ရှိရာသို့ ပြန်ပြေးဆင်းလာကြပြီး နောက်ထပ် သားမိုက်စွန်ရဲများ၏ ခြေထဲ နှုတ်သီးထဲ ပါမသွားအောင် အပြင်က အသေအကျေခံ၍ ကာကွယ် ဝိုင်းအုံ ထားကြပြန်သည်။

ပျားသူငယ်တို့၏ ချိုဆိမ့်သော အရသာကို စားသောက်မဝဖြစ်နေကြသော သားမိုက်စွန်ရဲများသည် အောင်နိုင်သူတို့၏ကြွေးကြော်အော်ဟစ်သံ တကစ်ကစ်ပြုကာ သူတို့၏တောင်ပံလက်နက်ကို ရိုက်ခတ်၍ မိုးယံထက်မှသည် ပျားအုံများရှိရာသို့ တစ်ဖန် ဝဲလုံးထိုး ပြန်ဆင်း လာကြပြန်သည်။

သူတို့၏ ရင်သွေးငယ်များကို မည်မျှပင် အသေခံ ကာကွယ်နေကြသော်လည်း ပြင်းထန်လွန်းလှသော သားမိုက် စွန်ရဲ များ၏ တောင်ပံကြားထဲတွင် လူးရင်းလွန့်ရင်း သေသူသေ၊ ကျေသူကျေ၊ လွင့်စဉ်သူလွင့်စဉ်နှင့် ကစဥ့်ကလျား ဖြစ်သွားကြပြန်သည်။

သို့သော် ပျားကောင်ငယ်များသည် လှေခွက်ချည်းကျန် အလံမလှဲစတမ်း ဟူသော စွဲနှင့်အင်အားရှိသမျှ စုရုံးထိုးဆိတ် လိုက်တုပ်ကာ ခုခံ ကာကွယ်နေကြပြန်သည်။ ပျားသူငယ်များ၏ ချိုဆိမ့်သော



အရသာကို စားသောက်ဖူးထားသော ငှက်ရဲ စွန်မိုက်များကလည်း တစ်ကြိမ်ပြီး တစ်ကြိမ်၊ တစ်ခေါက်ပြီးတစ်ခေါက် ထိုးဆင်းလာလိုက် ပျားသူငယ်အိမ်များကို ကိုက်ဖွဲ့ ယူငင်သွားလိုက်နှင့် အောင်သေအောင်သား စားနေကြလေသည်။

ထို့ကြောင့် စွန်သတ်ပျားများကို ဖွပ်ယူရာ၌ ပျားဖွပ်သမားများသည် အထူး ဝီရိယနှင့် ဖွပ်ယူကြရသည်။ စွန်သတ်ခံထားရသော ပျားများသည် သူတို့၏ ပျားအုံကိုလာဖွပ်မှမဟုတ်။ သူတို့ ပျားအုံနားက ဖြတ်သန်းသွားသူများကိုပင် အငြိုးကြီးစွာနှင့် ဝိုင်းလိုက်၊ ကိုက်တုပ်တတ်ကြသည်။

လူတစ်ဦးတစ်ယောက်ကို စွန်သတ်ပျားတစ်ကောင်ကောင်က တုပ်ကိုက်လိုက်ပြီဆိုလျှင် နောက်ထပ်ပျားများသည် ထိုသူကိုပင် ရွေးပြီး တုပ်ကိုက်တတ်ကြသည်။ ထိုပျားတုပ်ခံရသူသည် အခြားလူအုပ်ထဲဝင်နေသော်လည်း အဆိပ်နံ့ရနေသော ထိုသူ့ကိုသာ လူအုပ်ထဲမှ ရွေးပြီး တုပ်ကိုက်တတ်ကြသည်။

ထို့ကြောင့်အချို့ စွန်သတ်ပျားအုံနားမှ ဖြတ်သန်းလာမိ၍စွန်သတ်ပျား အတုပ်ခံရပြီဆိုလျှင် နောက်ထပ် ထောင်ပေါင်းများစွာသော ပျားတို့က ဝိုင်းလိုက် လာကြသဖြင့် ရွာအရောက်ပြေးလာရသည်။ ရွာထဲတွင်လည်း စွန်သတ်ပျားများသည် ထိုလူကိုသာ ရွေးလိုက်ထိုး လိုက်တုပ်ကြ၏။ ထို့ကြောင့် ထိုစွန်သတ်ပျား အတုပ်ခံရသူကို စပါးထည့်သော ပုတ်နှင့်ပင် အုပ်ထားကြရသည်။

အငြိုးအတေးကြီးစွာနှင့် လိုက်လာကြသော စွန်သတ်ပျားတို့သည် ပုတ်ပေါ်တွင် တစ်ရက်နှစ်ရက်အထိ တရစ်ဝဲဝဲလုပ်ကာ ပုတ်

www.burmeseclassic.com



ထဲမှ ထိုသူထွက်အလာကို စောင့်နေတတ်ကြသည်။ သစ်ပင်၊ အိမ်မေါ်၊ ထုပ်လျှောက် စသည်တို့၌ပင် နားခိုပုန်းအောင်း၍ စောင့်ကြည့်နေတတ်ကြသည်ဟု အဆိုရှိလေသည်။

ထို့ကြောင့် တောနက်ထဲမှ ဆူဆူညံညံ အသံနှင့် တဝေါဝေါ တသောသော မြည်ဟည်းလာသံတို့ကို ကြားနေရသော်လည်း ဘအုံ့ထည်က ချက်ချင်း အဆုံးအဖြတ်စကားမဆိုသေးဘဲ စောင့်ကြည့်နေခဲ့ခြင်းမှာ ပျားအုံကြီး တစ်အုံအုံကို စွန်မိုက် ငှက်ရဲများ လာသတ်နေပလားဟူသော စိုးရွံ့စိတ်ကြောင့်ဖြစ်သည်။

အမှန်က တောတောင်ထဲရှိ ပျားအုံကြီးများကို လူသားများကသာ တစ်စုံတစ်ခု မပြုလုပ်ပါက စွန်ရဲ ငှက်မိုက်များသည် သိခဲသတ်ခဲလှ၏။ လူတွေက ပျားအုံရှိ နေရာကိုသိ၍ ပျားဖွပ်လာကြသော်လည်း နိုင်နိုင်နင်းနင်း မဖွပ်နိုင်ဘဲ ပျားတုပ်ခံရပြီး ပြန်ပြေးရလျှင်လည်းကောင်း သို့မဟုတ် ပျားအုံကို အကျိုးမဲ့သက်သက် ခဲ၊ လေးခွ စသည်တို့နှင့် လက်ဆော့ ခြေဆော့ကာ လှမ်းပစ် ပေါက်ခွဲထားခဲ့လျှင်လည်းကောင်း ပျားအုံစည်းပေါက်သည်ဟု ပျားဖွပ်သမားများက အယူရှိကြသည်။

ထိုသို့လူတွေကတစ်နည်းနည်းလုပ်၍ပျားအုံ စည်းပေါက်သွားပြီဆိုလျှင် စွန်ရဲတို့သည် ထိုပျားအုံရှိရာသို့ မကြာခင်ရောက်လာကြပြီး ထိုပျားအုံပေါ်ရှိ ပျားသလက်ထဲက ပျားသူငယ်များကို ကိုက်ဖဲ့လာစား တတ်ကြလေသည်။

အမှန်က ဤသည်မှာ လူတွေပျားအုံကို လာဖွပ်ရာ၌ ပျားအုံကို ခဲ၊ လေးခွစသည်တို့နှင့် ပစ်ပေါက်စဉ် ပျားကောင်များသေပြီး



ပျားသလက်များ ပျက်စီးကာ ညှီစို့သော အနံ့ အသက်ကို ရှူရှိုက်မိရာက အနံ့ခံကောင်းသော စွန်ရဲတို့သည် ပျားအုံရှိရာသို့ အနံ့ခံပြီးရောက်လာကြခြင်း ဖြစ်လေသည်။

လူသားများ ဖွပ်ယူသွားပြီးသော ပျားအုံများမှာ ဝတ်ရည်ရော ပျားသလက် အကောင်ငယ်များပါ မရှိတော့သဖြင့် အနံ့အသက်ရ၍ ပျားအုံရှိရာသို့ရောက်လာကြသော်လည်း အခွံသာ ကျန်တော့သဖြင့် ထိုအခွံပျားအုံများကို စွန်ရဲ ငှက်မိုက်တို့သည် မသတ်တော့ဘဲ ရှောင်ကြဉ် ပြန်လှည့်သွားတတ်ကြသည်။

ထို့ကြောင့် ပျားအုံများကို စွန်သတ်ခြင်းမှာ လူတွေကြောင့် အဓိကဖြစ်သဖြင့် သူတို့၏ ပျားအုံနားရောက်လာကြသော လူသားများကို စွန်သတ်ပျားများက သဲသဲမဲမဲ အပြိုးအတေးကြီးစွာနှင့် ကိုက်တုပ် ထိုးဆိတ်ကြခြင်းဖြစ်လေသည်။

ယခုတော့ ရှင်းသွားလေပြီ။ ပျားအုံများကို စွန်သတ်ခြင်း မဟုတ်၊ ပွဲ့လျှက်ခေါင်းများကို ပျားနကျယ်ကောင်များ လာလုတိုက်နိုက်ကြခြင်းသာ ဖြစ်လေသည်။

အချိန်မှာ နေမွန်းတည့်ခါနီးဖြစ်ရာဘအုံ့ထည်တို့အဖွဲ့မှာအင်ကြင်းပင်ကြီးတစ်ပင်အောက်တွင် စခန်းချပြီး ထမင်းစာကို စားကြသည်။

ထမင်းစာ စားပြီးသည်နှင့် တစ်ပြိုင်နက်လှည်းနှစ်စီးနှင့်လူနှစ်ယောက်ကို ရွာသို့ ပြန်လွှတ်လိုက်ကြသည်။ သူတို့နှစ်ယောက်မှာ လှည်းမောင်းသူ သာပွင့်နှင့် လှဆောင်တို့ ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် နောက်တစ်ပတ်လောက် ကြာသောအခါ ဘအုံ့ထည်တို့ အဖွဲ့ကရှာဖွေ စုဆောင်းထားသော အင်တွဲ လက်

www.burmeseclassic.com



တံရှည်များကို လာယူကြမည့်သူများ ဖြစ်လေသည်။

ပွဲ့လျက်ရှာဖွေခြင်းမှာမူ သစ်ပင်များကို လှဲဖြတ် ခွဲစိတ်ထုတ်ယူကြရမည်ဖြစ်ရာ တာဝန်ကြီးသဖြင့် နောက်ဆုံးမှ ပြုလုပ်ကြမည်ဖြစ်လေသည်။

* * * * *

## အခန်း ( ၂ )

သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံညို့ အကြိုအကြားမှ ယိုဖိတ်ပြုဆင်း နေကြသော နေရောင်ခြည်တန်းများသည် အင်တိုင်းတောထဲတွင် ပြန့်ကျဲယှက်ဖြာနေကြသည်။ သို့သော် နွေနေ့လယ်၏ အင်တိုင်း တောထဲတွင်ကား အေးစိမ့်စိမ့် ချမ်းမြမြပင် ရှိသေးသည်။

ထင်းမင်းစားပြီးစကပင် စခန်းလင့်တဲထိုးရန် နေရာရှာနေကြသော ဘအုံ့ထည်တို့ လူစုမှာ တဖြည်းဖြည်းနှင့် တောနက်ထဲရောက်လာကြသည်။ တောနက်ထဲရောက်လာကြသည်နှင့် တစ်ပြိုင်နက်တောတိရစ္ဆာန်မျိုးစုံတို့၏ အသံဗလံများမှာလည်း ပို၍ဆူညံလာကြသည်။

အင်ပင် အင်ကိုင်းများပေါ်မှ တွဲရရွဲဆွဲကျနေကြသော အင်တွဲလက်တံရှည်များကိုလည်း ကြိုကြား. . . ကြိုကြား. . . မြင်လာရသည်။ နေရောင်ခြည်တန်းများထဲတွင် အင်တွဲလက်တံရှည်များတို့ မြင်နေရသည်မှာ သန္တာနီခဲ မြမျက်ရွဲသို့ ပုလဲမြနှစ်ရောင်စုံဖိတ်နေသကဲ့သို့ပင်တည်း။



အဖွဲ့ခေါင်းဆောင်ဖြစ်သော ဘအုံ့ထည်၏ မျက်လုံးများသည် အင်ပင်ကိုင်းခက်များပေါ်ရှိ အင်တွဲလက်တံများဆီတွင် ဝဲဝေ့လျက်ရှိလေသည်။ဘအုံ့ထည်သည်သွားရင်းလာရင်းစခန်းလင့်တဲဆောက်ရမည့်နေရာနှင့် အင်တွဲ၊ ပွဲ့လျက်များ မြန်မြန်ထက်ထက် ရှာဖွေ၍ရနိုင်သော နေရာများကိုလည်း ရှာဖွေလေ့လာလျက်ရှိလေသည်။

ဘအုံ့ထည်၏ နောက်တွင်မူ ဦးရွှေသီး၊ အောင်မောင်းနှင့် စိန်အေးတို့ကလူကြီး၏ အရိပ်အခြည်ကို ကြည့်ကာ ဘအုံ့ထည် နည်းတူ ပတ်ဝန်းကျင် ဘယ်ညာရှိ အင်ကြင်း၊ ကညင်၊ နှမ်းဖြူ စသည့် အင်တွဲရနိုင်သော သစ်စေးပင်များကို လေ့လာအကဲခတ်ကာ တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာကြလေသည်။

"ရွှေသီးရေ. . . တို့ဒီနေရာမှာ စခန်းချကြရအောင်လားကွာ"

မြိုင်ဖျားကျ၍ အင်ပင်ပေါသော တောနက် စမ်းချောင်းနားအရောက်တွင် ဘအုံ့ထည်၏ ပါးစပ်က အသံထွက်လာသည်။

"ဟုတ်ကဲ့။ ကောင်းပါတယ် အကိုကြီး"

ဦးရွှေသီး၏ စကားအဆုံးမှာ အောင်မောင်းနှင့် စိန်အေးတို့၏ ခြေလှမ်းများကလည်း ချက်ချင်း ရပ်တန့်သွားကြ၏။

လူငယ်နှစ်ယောက်မှာ သူတို့ တနင့်တပိုး ထမ်းယူလာကြသော စားအိုး စားခွက်များနှင့် ဒူးလေး၊ မြားတံ၊ သံချွန်၊ ဓား၊ ချိတ်၊ လွှ၊ စသည့် အင်တွဲပွဲ့လျက်ရှာ ကိရိယာများကို ဘအုံ့ထည်၏ ခြေရင်းရှိ အင်ပင်ကြီးများ ကြားထဲတွင် ပုံချလိုက်ကြသည်။

ဘအုံ့ထည်သည် အင်တိုင်း တောထဲရှိ လေးကွက်ဆိုင် ပေါက်ရောက် နေကြသော သဘာဝ အင်ပင်လေးပင်ကြားထဲ မတ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ရပ်၍ အပေါ်သို့ ဦးခေါင်းမော့ကြည့်လိုက်သည်။

ဘအုံ့ထည် မော့ကြည့်ခြင်း ခံရသော အပင်ကြီးလေးပင်မှာ တစ်ပင်နှင့် တစ်ပင် နှစ်လံကျော်ကျော်လောက်သာ ဝေးကွာကြသဖြင့် အခက်အလက် ရှက်ချင်းယှက်လျက် ရှိကြသည်။

ဤနေရာသည် ရေအိုင်၊ စမ်းပေါက်များလည်း ရှိသဖြင့် သူတို့အတွက် စခန်းလင့်စင်ဆောက်လုပ်ရန် အသင့်တော်ဆုံးနေရာပင်ဖြစ်ပြီဆိုသည်ကို ဘအုံ့ထည်နှင့်တကွ ဦးရွှေသီး၊ အောင်မောင်း၊ စိန်အေးတို့ကလည်း အကဲခတ်မိကြလေသည်။

စတုဂံလေးကွက် တိုင်ထူထားသလို ညီညီညာညာ ပေါက်နေကြသော အင်ပင်ကြီးလေးပင်နှင့် မနီးမဝေးရှိ တောတောင်ထဲတွင် ဘအုံ့ထည်နှင့် ဦးရွှေသီး၊ အောင်မောင်းတို့က လင့်စင်တဲဆောက်ရန် ထုပ်၊ လျှောက်တန်းများကို ချက်ချင်းခုတ်ဖြတ်လိုက်ကြသည်။

ထိုအခါ အင်တွဲ ပွဲ့လျက်ရှာဖွေရေးအဖွဲ့တွင် အသက်အငယ်ဆုံးဖြစ်သူ စိန်အေးမှာလည်း ပတ်ဝန်းကျင်ရှိ တောထဲမှ ကြိမ်ရှည်နွယ်ပင်များကို ရှာဖွေခုတ်ဖြတ်လျက် ရှိလေသည်။

အနီးအနား ဝန်းကျင်ရှိ မျှောက်ချော့ပင်များကို ခုတ်ဖြတ်ပြီးကြသောအခါ ထိုမျှောက်ချော့ပင်များကို လှေကားရှင်တစ်ခု ပြုလုပ်ကြလေသည်။ လှေကားထစ်နှင့် လှေကားပေါင်တို့ကို စိန်အေးခုတ်ဖြတ်ကာ ပုံပေးထားသော ကြိမ်ပင် နွယ်ပင်များနှင့် အခိုင်အခံ့ တုပ်ချည် ပြုလုပ်ကြသည်။

ဘအုံ့ထည်သည် ထိုလှေကားရှင်ကို အင်ကြင်းပင်ကြီးတစ်ပင်နှင့် ကပ်မြှောင်ထောင်လိုက်၏။ ဘအုံ့ထည် ကပ်မြှောင်ထောင်ပေး



ထားသော လှေကားရှင်ကို စိန်အေးက ကိုင်ပေးထားသော အခါ ဘအုံ့ထည်သည် ဓားမတိုတစ်စင်းကို ခါးထိုး၍ ထိုလှေကားရှင်မှ တစ်ဆင့် အင်တိုင်းပင်ကြီးပေါ် တက်သွားလေသည်။

ဘအုံ့ထည် အင်တိုင်ပင်ကြီးပေါ်ရောက်သွားသောအခါ ဦးရွှေသီးနှင့် အောင်မောင်းတို့ကလည်း ဘအုံ့ထည်နည်းတူ လေးကွက်ကျပေါက်နေသော အင်ပင်နှစ်ပင်ပေါ်သို့ ထိုလှေကားရှင် အကူအညီဖြင့် တစ်ယောက် တစ်ပင်စီ တက်သွားကြပြန်သည်။ ထိုအခါ မြေပြင်အောက်တွင် စိန်အေး တစ်ယောက်တည်းသာ ကျန်နေခဲ့တော့၏။

သစ်ပင်ပေါ်ရောက်သွားကြပြီဖြစ်သော ဘအုံ့ထည်နှင့် ဦးရွှေသီး အောင်မောင်းတို့သည် မြေပြင်မှ ပေ ၂၀- ခန့်အမြင့်ရှိ သစ်ပင်ကြားတွင်ထိုင်၍ ပတ်ဝန်းကျင် ဘယ်ညာကို လှေလာ အကဲခတ်ကြသည်။

ဤနေရာမှာတောနက်ထဲကျသဖြင့် ကျား၊ ဆင်၊ ဝံ၊ သစ်တို့၏ အန္တရာယ် အလှမ်းအကွာအဝေးကို သူတို့က တိုင်းတာ၍နေကြ၏။

ဘအုံ့ထည်က နိမ့်နေသေးသည်ထင်၍ အပေါ်ရှိ ခွကြားတစ်ခုသို့ တက်သွားလျှင် ဦးရွှေသီးနှင့် အောင်မောင်းတို့ကလည်း မပြောဆိုဘဲနှင့် ဘအုံ့ထည်၏ လှုပ်ရှားမှုကို ကြည့်ကာ တက်လိုက်ကြသည်။ သုံးယောက်စလုံးအပေါ်မြင့်တွင် တပြေးညီနီးပါး ရှိကြသောအခါ ဘအုံ့ထည်သည် မြေပြင်အောက်သို့ ငုံ့ကြည့်လိုက်၏။

မြေပြင်နှင့် ဘအုံ့ထည်တို့ရောက်နေကြသော အမြင့်မှာ ပေ ၀- ကျော်နေလေပြီ။ ကျား၊ ဆင်၊ ဝံ၊ သစ်တို့၏အန္တရာယ်ကို ဤ

www.burmeseclassic.com

www.burmeseclassic.com



မှုလောက်ဆိုလျှင် စိတ်ချရလေပြီ။ ဤသည်များကို ဘအုံထည်က လုပ်ငန်း အတွေ့အကြုံအရ နားလည်ပြီးသားဖြစ်လေသည်။

“ စိန်အေး . . . ရေ . . . တို့ကို ကြိုးတွေ၊ တန်းတွေ ကမ် တော့ဟေ့ ”

အင်ကြင်း၊ အင်ပင်များပေါ် မော့ကြည့်နေသော စိန်အေးသည် ဘအုံထည်၏ အသံကိုကြားရသည်နှင့်တစ်ပြိုင်နက် လက်မလော ရှိသော အုန်းဆံကြိုးစတစ်ခုကို ရွှံ့ခဲတစ်ခဲနှင့် လုံးထွေး၍ အထ သို့ တအားပစ်ပေါက်ပေးလိုက်သည်။

ထိုရွှံ့ပျော့ခဲမှာ ကြိမ်ရှည် နွယ်ရှင်များရှာဖွေစဉ်ကပင် စ ချောင်းထဲမှ စိန်အေးကုတ်ဖဲ့ ယူလာခဲ့သော ရွှံ့ပျော့ခဲဖြစ်သည်။

အင်ပင်တို့၏ သဘောမှာ ပင်စည်အောက်ခြေရှင်း၍ အခ အလက် နည်းပါးမှုကြောင့် စိန်အေး ပစ်တင်ပေးလိုက်သော ကြိ စပါ ရွှံ့ခဲသည် ဘအုံထည်တို့ရှိသော သစ်ကိုင်းပေါ် ရောက်မလာ ဘဲ မြေပြင်သို့သာ ဘုတ်ခနဲ ပြန်ကျလာ၏။

ဤသည်ကို ငုံ့ကြည့်၍ ဘအုံထည်က ပြုံးလိုက်သော အခ စိန်အေးမှာလည်း ရှက်ပြုံး ပြန်ပြုံးပြီး ကြိုးစပါ ရွှံ့ခဲကို အပေါ်သို့ ပထမနည်းတူ တအားမြှောက်ပစ်လိုက်ပြန်၏။

ဤတစ်ခါတော့ စိန်အေးပစ်ပေးလိုက်သော ကြိုးစပါ ရွှံ့ခဲ ဘအုံထည်တို့ ခေါင်းပေါ် မကျော်မိမီမှာပင် ဘအုံထည်က ကြိ ဟို လျှင်လျှင်လျားလျား ဖမ်းဆွဲထားလိုက် နိုင်လေသည်။

စိန်အေး ပစ်တင်ပေးလိုက်သော ကြိုးစကို ဘအုံထည် အင်ပင်ကိုင်း တစ်ကိုင်းတွင် မြဲမြဲချည်ထားလိုက်၏။ အင်ပင်ပေါ်



တွဲကျနေသော အောက်ဘက်ကြိုးစတွင် မျောက်ချောတန်းများကို စိန်အေးက တစ်တန်းပြီးတစ်တန်း ချည်နှောင်ပေးရ၏။

ဘအုံထည်က ကြိုးစကို ဆွဲတင်လိုက်သောအခါ မျောက် ချော သစ်တန်းများသည် တစ်တန်းပြီးတစ်တန်း၊ တစ်လုံးပြီးတစ်လုံး အင်ပင်ပေါ်သို့ မကြာခင် ရောက်လာကြလေသည်။

အင်ပင်ပေါ်သို့ ရောက်လာကြပြီးဖြစ်သော မျောက်ချောသစ် တန်းများကို ဘအုံထည်က ဦးရွှေသီးနှင့် အောင်မောင်းတို့ဘက်သို့ အဖျားအရင်း တစ်ချောင်းစီမျှ ထိုးပေးပြီး ဟိုဘက်သည်ဘက် သစ် လုံးတန်းနှစ်ဖက်ကို အင်ပင်လေးပင် ခွကြားတွင်ချ၍ ထုပ်လျှောက် သက်မသဖွယ် ခင်းကျင်း ချည်နှောင်ကြသည်။

အင်ပင်တိုင်ကြီးများနှင့် ဘအုံထည်တို့ ချည်ထားကြသော သစ်တန်းများက တပြေးညီတွေဖြစ်နေလျှင် ရောနှော၍ ပူးချည်ကြ သည်။ ထိုထုပ်လျှောက်တန်းပေါ်တွင် မျောက်များလျှောက်နေသလို တတ်တတ်လေးဘက်ဖြစ်သလို လှည့်လျှောက်၍ နောက်ထပ်အခင်း စစ်လုံးလေးများကိုလည်း ခင်းချည်ကွပ်တွယ် ကြရပြန်သည်။

ခိုင်ခံ့သော အင်ပင်ကြီးများပေါ်တွင် လင့်စင်တဲ ဆောက်ရ သည်မှာ မြေပြင်တွင် တိုင်လေးတိုင်စိုက်၍ ဆောက်လုပ်ရသည် ထက်တော့ ကြံ့ကြာခြင်းမရှိပေ။ သို့သော် မြေစိုက်တိုင်များပေါ် တွင် လင့်စင်ဆောက်သလို ညီညီညာညာတော့မရှိလှ။ အနိမ့်တစ် ဘက် အစောင်းတစ်ဖက်ဖြစ်နေတတ်သည်။ ထို့ကြောင့် အမြင့်ဘက် ခေါင်းရင်းပြုပြီး အနိမ့်ဘက်ကို ခြေရင်းပြုလုပ်ထားကြရသည်။

ဘအုံထည်၊ ဦးရွှေသီးနှင့်အောင်မောင်းတို့ကအင်ပင်အင်ကြင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်းများပေါ်တွင် လင့်စင်တဲဆောက်နေကြစဉ် မြေပြင်အောက်၌ ရှိသော စိန်အေးသည် ညနေစာ လူလေးယောက်အတွက်ကို တစ်ယောက်တည်း တာဝန်ယူလျက် ချက်ပြုတ်နေလေသည်။

သစ်ပင် ဝါးပင် ကြိမ်ရှင် နွယ်ရှည်များပေါများသော တောမြိုင် အင်တိုင်းကြီးထဲဖြစ်သဖြင့် မြေပြင်မှ ပေ ၂၀- ကျော်အမြင့်ရှိ အင်ပင်ပေါ်၌ လူလေးယောက် အိပ်စက်နားနေနိုင်ရန် လင့်စင်တဲ တစ်လုံးကို သူတို့သည် နေ့ဝက် အချိန်အတွင်း အကြမ်းဖျင်းပြီးအောင် ဆောက်လုပ် လိုက်ကြလေသည်။

နေညိုသွားသည်နှင့် တစ်ပြိုင်နက် ဘအုံထည်တို့ အင်တွဲ ပွဲ့လျက်ရှာသူတွေမှာ ညနေစာကို ကမန်းကတန်းစားပြီး အချောသတ် မတည်ဆောက်ရသေးသော အင်ပင်ပေါ်ရှိ လင့်တဲထက်သို့ တက်လာကြရလေသည်။

ဘအုံထည်နှင့် ဦးရွှေသီးတို့မှာ နှစ်စဉ်နှစ်တိုင်း အင်တွဲပွဲ့လျက်ရှာနေကျ တောကျွမ်းနေကျဖြစ်သော်လည်း ဤနေရာမှာ တောနက်ထဲကျသဖြင့် ညဆိုလျှင် မည်သူမျှ မြေပြင်၌ မနေရဲကြပေ။

* * * * *

နံနက်စာ စားပြီးကြသော ဘအုံထည်တို့ လူသိုက်သည် မနေ့က ဆောက်လက်စဖြစ်သော လင့်တဲကို ယနေ့တစ်ခါ ထပ်ပြီး အချောသတ် တည်ဆောက်ကြပြန်သည်။

အင်ပင်လေးပင်ကို ပေါင်းကူးဆောက်လုပ်ထားသော လင့်စင် အလယ်ဗဟိုကြမ်းခင်းပြင်တွင် အင်ဖက်အစိမ်းများကို ပထမဦးစွာ



ထူထူ ချခင်းရသည်။ ထို အင်ဖက်စိမ်းများပေါ်တွင် စမ်းချောင်းဘေးမှ ရွှံ့ပျော့ပျော့များကို သွားတူး၍တင်ရ၏။ ထိုရွှံ့ပျော့ပျော့ပေါ်တွင် တစ်ခါထပ်ပြီး သဲခြောက်၊ ပြာမှုန့်များကိုဖြူးခင်းရသည်။ ထိုသဲခြောက်ပြာမှုန့်များပေါ်မှာမှ မီးတင်ဖို၍လင့်တဲမီးဖို လုပ်ရသည်။

သူတို့လင့်တဲနှင့် စမ်းချောင်းမှာ ပေ ၃၀- ခန့်သာဝေးသည်။ လင့်ပေါ်ကလှမ်းကြည့်လျှင် စမ်းချောင်းထဲရှိ ရေအိုင်ကို လှမ်းမြင်နေရ၏။ ဝန်းကျင်ရှိ သစ်ပင်တွေမှာ မျောက်ချောနှင့် အင်ပင်တွေသာ များသဖြင့် အောက်ခြေရှင်းသည်။ မြင်ကွင်းကောင်းသည်။ ဘအုံထည်သည် စခန်းချကတည်းပင် ဤသို့ အဝေးမြင်အပင်ရှင်းသော နေရာကို အမြော်အမြင်ကြီးစွာနှင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်လေသည်။

စမ်းချောင်းဟုဆိုသော်လည်း နွေလဖြစ်သဖြင့် ရေစီးမရှိ။ စမ်းချောင်းတစ်လျှောက်လုံးတွင် ရေခန်းခြောက်၍ ရေအိုင်၊ ရေခွက်ကြီးများသာ ရှိသည်။

ထိုရေအိုင်၊ ရေခွက်ကြီးနားမှ လင့်မီးဖိုလုပ်ရန် ရွှံ့ပျော့ပျော့များကို လူငယ်နှစ်ယောက်ဖြစ်သော အောင်မောင်းနှင့် စိန်အေးတို့က အခေါက်ခေါက် အခါခါ သွားယူပေးနေကြသည်။ သူတို့နှစ်ယောက်ယူပေးသော ရွှံ့ပျော့များကို လင့်စင်ပေါ်ရှိ ဘအုံထည်နှင့် ဦးရွှေသီးတို့က မီးဖိုခတ်လုပ်နေကြ၏။

စိန်အေးနှင့် အောင်မောင်းတို့ လူငယ်နှစ်ယောက်သည် စမ်းရေအိုင် ဘေးနားမှ ရွှံ့ပျော့များကို တူးယူရင်း ရောက်တတ်ရာရာ စကားစမြည် ပြောဆိုနေကြသည်။

"မင်းအဘိုး ဘအုံ့ထည် ဒီနေရာမှာစခန်းချခိုင်းတာ ဟန်ကျ
တယ်ကွ"

"ဘာဖြစ်လို့လဲ"

"စမ်းဖျားသွားပြီး ကဏန်းလဲနှိုက်လို့ရမယ်။ စမ်းအိုင်ကြီးထဲ
ငါးမျှားလို့လဲရမယ်"

"ဟုတ်တယ် ရနိုင်တယ်ကွ၊ နောက်ဆုံးကဏန်းနဲ့ငါးမရတောင်
ခရုတော့ တူးရမှာပဲ"

"အေး. . . ပြီး. . . ဟင်"

စိန်အေးက စကားရပ်ပြီး ရွံ့ တစ်ခဲကိုဆုပ်ကာ ခေါင်းမော့
လိုက်၏။

စိန်အေး ခေါင်းအမော့လိုက်တွင် အောင်မောင်းကလည်းမတ်
တတ်ထရပ်သည်။

အကြောင်းမှာ သူတို့ ရွံ့ပျော့ တူးယူနေကြသော စမ်းရေအိုင်
တစ်ဖက်မှ တောတိုးသံတစ်ခုကိုတရှဲရှဲ ကြားလိုက်ရသဖြင့်ဖြစ်သည်။

နှစ်ယောက်သားစကားရပ်ပြီးနှုတ်ဆိတ်နားစွင့်နေကြစဉ် သစ်
ခြောက်ရွက်ကြွေတောထဲ ပြေးလွှားလာသော တောတိုးသံတစ်ခု
ပို၍ ကျယ်လောင်လာသည်။

"ဟင်. . . အောင်မောင်း၊ ဘာသံလဲကွ"

သူနှင့်စာလျှင် ပို၍တောကျွမ်းသော သူ့အဘိုး ဘအုံ့ထည်ကြီး
နှင့် နှစ်စဉ် လိုလို အင်တိုင်းတောထဲ အင်တွဲ ပွဲ့လျှက်ရှာ လိုက်
သော အောင်မောင်းကိုစိန်အေးက ထိတ်ထိတ်ပြာပြာနှင့် မေးလိုက်၏။

"အေး. . . ကွ၊ ဘာသံလဲဆိုတာ ငါလဲ မပြောတတ်ဘူး။ တစ်



ခုတော့တစ်ခုခုပဲ"

အောင်မောင်း စကားမဆုံးခင်ပင်တရှဲရှဲတောတိုးလာသံက သူ
တို့ စမ်းရေအိုင်နားနီးလာသည်။

"ပြေ့ကောင်လာ" ဟုပြောကာ စခန်းတဲရှိရာဘက်သို့ အောင်
မောင်းက အလျင်ပြေး၏။

တောထဲ အခေါက်ခေါက် အခါခါရောက်ဖူးထားပြီး တော
ကျွမ်းနေသော အောင်မောင်းက ပြေးသောအခါ ဤနှစ်နှင့်ပါဆို
မှ တောထဲ သုံးခေါက်သာ ရောက်ဖူးသေးသော စိန်အေးမှာလည်း
နေစဉ့်တော့ဘဲ အောင်မောင်းနောက် ပြေးလိုက်ရတော့သည်။

"အဘိုး" ဟူသော အောင်မောင်း၏ ခေါ်လိုက်သံနှင့်အတူ ဘအုံ့
ထည်၏ "ဟဲ. . . လူလေးတို့၊ ဘာလဲ ဘာလဲ" ဟူသော အသံက
လည်း ချက်ချင်း ထွက်ပေါ်လာသည်။

စခန်းလင့်တဲနှင့် စမ်းရေအိုင်မှာ အနီးကလေးပင် ဖြစ်သော်
လည်း အောင်မောင်းက မောဟိုက်လာသံကြီးနှင့် "ဘာလဲမသိဘူး
အဘိုး၊ တောတိုးသံတစ်ခုကြားလို့ ကျွန်တော်တို့ ပြေးလာကြတာ"
ဟု လင့်စင်အောက် အရောက်မှာ ပြောလိုက်၏။

ဘအုံ့ထည်နှင့်ဦးရွှေသီးတို့က လင့်စင်အောက်ရှိ အောင်မောင်း
နှင့် စိန်အေးတို့ကို ငုံ့ကြည့်ကာ ချက်ချင်း နားစွင့်လိုက်ကြသည်။

အောင်မောင်းနှင့် စိန်အေးတို့ ပြောသည်မှာ အမှန်ပင်ဖြစ်
သည်။ သူတို့နှစ်ယောက် ရွံ့ပျော့သွားတူးနေကြသော စမ်းရေအိုင်
ဘက်မှ တရှဲရှဲ တောတိုးလာသံတစ်ခုကို ဘအုံ့ထည်နှင့် ဦးရွှေသီး
တို့လည်း ပြိုင်တူပင် ကြားလိုက်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘအုံထည်နှင့် ဦးရွှေသီးတို့ကလည်း ထိုတောတိုးသံ ကို ဘာသံမှန်းမသိကြ။ ထို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ပြီး အောင်မောင်းနှင့် စိန်အေးတို့ မကြောက်မ ကြရလေအောင် "တောထဲ တောင်ထဲပဲ မြေးတို့ရယ်. . . တော တိရစ္ဆာန်တစ်ကောင်ကောင် မြူးထူးပျော်ပါး နေသံလဲ ဖြစ်ချင်ဖြ မှာပေါ့။ ကဲ...လာကြလေ၊ လင့်ပေါ်တက်နေကြ" ဟုခေါ်လိုက်၏

ဘအုံထည် ဘာရည်ရွယ်ချက်နှင့် ခေါ်လိုက်သည်ကို ရိပ်မိ သော အောင်မောင်းနှင့် စိန်အေး တို့ကလည်း ချက်ချင်းပင် မျ စိ မျက်နှာပျက်နှင့် လှေကားသေတစ်ခုသာ တပ်ရသေးသော လ ပေါ် ကမန်းတတန်း တွယ်တက်လာကြလေသည်။

လူကြီးများဖြစ်ကြသော ဘအုံထည်နှင့် ဦးရွှေသီးတို့မှာ တော တိုးသံကြားသော စမ်းရေအိုင်ဘက်ကြည့်လိုက်၊ လင့်ပေါ်တွင်နို ထားသော ဒူးလေးများကို မသိမသာ မျက်စောင်းထိုးလိုက်နှင့် နှ ဆိတ် တွေးတောနေကြသည်။

လူကြီးနှစ်ယောက်၏ အရိပ်အခြည်ကို အကဲခတ်ကာ အော မောင်းနှင့် စိန်အေးတို့မှာလည်း လုံးဝနှုတ်ပိတ်ပြီး အသံလာရာသ သို့ ပြူးတူးပြဲတဲ ငေးကြည့်နေကြ၏။

အောင်မောင်းနှင့် စိန်အေးတို့ စကြားခဲ့ကြသော တောတိုး မှာ ပို၍ တရှဲရှဲကျယ်လောင်လာသည်။ စောစောက အောင်မော နှင့် စိန်အေးတို့ ပြေးလာခဲ့ကြသော စမ်းရေအိုင်နှင့်လည်း ပိုနီးလ သည်။

ထို့ကြောင့် လင့်စင်ပေါ်ရှိ လူလေးယောက်မှာ အသံကြား



စမ်းရေအိုင်ဘက်ကိုသာ လင့်စင်ပေါ်ကလှမ်းမျှော်ကြည့်နေကြ၏။

မကြာပါချေ၊ လူကြီး ပေါင်လုံးလောက်ရှိသော မြွေကြီးတစ် ကောင်သည် တရှဲရှဲတောတိုးလာသံနှင့်အတူ စောစောက စိန်အေး နှင့် အောင်မောင်းတို့ ရွှံ့ပျော့ယူခဲ့ကြသော စမ်းရေအိုင်ထဲ လျှော ခနဲ ဆင်းလာလေ၏။

မြွေကြီး ရေအိုင်ထဲဆင်းသွားသောအခါ အိုင်ထဲရှိ ရေတွေမှာ ရုတ်ခြည်းလှိုင်းထသွားသည်။ ရေလှိုင်းကလေးတွေ ငြိမ်ကျမသွား ခင်ပင် တရှဲရှဲမြည်လာသော တောတိုးသံများမှာလည်း လုံးဝတိတ် ဆိတ်သွားလေ၏။

သို့သော် မိနစ်ပိုင်းပင်မကြာ နောက်ထပ် ရှက်ကြွေတောထဲ ပြေးလာနေသော ခြေသံတစ်ခုကို ကြားကြရပြန်သည်။ ထိုအခါ စောစောက မြွေဆင်းသွားသော ရေအိုင်ထဲမှ ရေများလှုပ်ရှားလာပြန် ၏။ နွေလ ဖြစ်သဖြင့် ရေခန်းနေသော ရေအိုင်မှာ ဒူးခေါင်းလောက် သာ အနက်ရှိရာ တစ်ချက်တစ်ချက်တွင် ရေထဲမှ ဦးခေါင်းထောင် မော့ကြည့်နေသော မြွေဦးခေါင်းကြီးကိုလည်း မြင်နေရပြန်၏။

မြွေကြီးက ခေါင်းထောင်လာလိုက်၊ ရေထဲငုပ်သွားလိုက် လုပ် နေစဉ် ပန်းကန်ပြား နီးပါးခန့် ရှိသော လုံးလုံးမည်းမည်း တော တိရစ္ဆာန်တစ်ကောင်သည် ရေအိုင်နား ရောက်လာပြန်၏။

မြွေနောက်မှ ရောက်လာသော တောတိရစ္ဆာန်ကို အစကမူ ဘအုံထည်တို့က ဘာကောင်မှန်းမသိကြ။ ထိုတိရစ္ဆာန် ရေအိုင်ထဲ ခုန်ဆင်းပြီး ရေပေါ်တွင် လျှောက်သွားနေသည်ကို မြင်ရတော့မှ ခြေတွေ လက်တွေမှာ အမွေးစုတ်ဖွားနှင့် တောပင့်ကူကြီးမှန်း သိ

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

တောပင့်ကူကြီး ရေထဲရောက်လာသည်နှင့် တစ်ပြိုင်နက် မြွေခေါင်းကြီးသည် ရေထဲမှပေါ်လာပြီး တောပင့်ကူကြီးကို လှမ်းပေါက်လိုက်သည်။ သို့သော် တောပင့်ကူကြီးက ရေပေါ်၌ပင် ခုန်ရှောင်လိုက်ကာ မြွေကြီးမှာ တောပင့်ကူကြီးကို မပေါက်မိဘဲ ရေကိုသာ ပေါက်မိကာ ငုပ်လျှိုးသွားသည်။

မြွေကြီးက ရေပြင်ကို ပေါက်မိသဖြင့် ရေစက်ရေပေါက်များ စဉ်ထွက်ဖြာဝေသွားစဉ် တောပင့်ကူကြီးသည် ရေပြင်ပေါ် ခြေကားရား လက်ကားရားနှင့် ခုန်ဆွခုန်ဆွ လျှောက်ပြေးနေ၏။

နောက်တစ်ခါ မြွေခေါင်းကြီး ရေထဲမှပေါ်လာချိန်မှာတော့ တောပင့်ကူကြီးသည် စောစောကလို မြွေပေါက်မခံတော့ဘဲ မြွေကြီး၏ ဦးခေါင်းပေါ်ကို သူကသာ လက်ဦးအောင်ခုန်ကိုက်လိုက်သည်။ မြွေကြီးသည် ရေထဲ၌ သုံးလေးပတ်လိမ့်သွားရာ ရေလှိုင်းရေမှားတွေနှင့် ရေအိုင်ကြီးတစ်ခုလုံးမှာ ဘောင်ဘင်ခတ် သွားလေသည်။

မြွေကြီးသည် ရေထဲမှ တော်တော်နှင့် ပြန်ပေါ် မလာသောအခါ တောပင့်ကူကြီးသည် ရေလှိုင်းကလေးများပေါ် ဖွဖွနင်းခုန်လျှောက်ကာ မြွေကြီးပြန်ပေါ်အလာကို စောင့်ရှာလျက်ရှိသည်။

မကြာပါချေ၊ ရေလှိုင်းကလေးများ ငြိမ်သက် မသွားခင်မှာပင် မြွေကြီးသည် ဦးခေါင်းထောင်ပြန်ပေါ်လာပြီးရေပြင်တွင် ရှပ်ပြေးခုန်သွားနေသော ပင့်ကူကြီးကို လိုက်ပေါက်ပြန်သည်။ သို့သော်တစ်ချက်မျှမထိ၊ မြွေကြီးပေါ်လာလိုက်၊ ပေါက်သတ်လိုက် လုပ်သမျှကို ပင့်ကူကြီးက ခုန်ရှောင်သည်။



ဘအုံ့ထည်တို့ မျက်စိရှေ့မှာပင် နောက်တစ်ခါပြန်ပေါ်လာသော မြွေကြီး၏ ဦးခေါင်းကို ပင့်ကူကြီးက လက်ဦးအောင်ခုန်ပေါက်ကိုက်လိုက်ရာ ဤတစ်ခါတော့ မြွေကြီးမှာ ဝရုန်းသုန်းကားနှင့်တွန့်လိမ်ကောက်ကွေးကာ ရေအိုင်ကြီးထဲကရေတွေမှာလည်း ဘောင်ဘင်ခတ် လွင့်စဉ်ကုန်တော့သည်။

ဒူးခေါင်းသာသာ ရှိသော ရေအိုင်ထဲတွင် မြွေကြီးက မနေရဲတော့၍လားမသိ၊ ရုတ်တရက်ကမ်းစပ်ဘက်တက်ပြေးသည်ကို ဒွေးခနဲမြင်လိုက်ရသည်။ သို့သော် သူ၏ရှည်လျားသော ကိုယ်ခန္ဓာကြီး၏ အမြီးပိုင်းပင် ရေထဲမှ မလွတ်ခင် ပင့်ကူကြီးသည် မြွေကြီး၏ဦးခေါင်းကို မိမိရရ ခုန်ကိုက် လိုက်လေသည်။

ဤတစ်ခါကိုက်လိုက်သော ပင့်ကူကြီးမှာ မြွေဦးခေါင်းမှ လွတ်ထွက်မသွားတော့ဘဲ သူ၏ ရှည်လျားများပြားလှသော လက်ချောင်းခြေချောင်းများနှင့် မြွေလည်ပင်းကို ဖက်တွယ်ထားကာ မြွေကြီး၏ ဦးခေါင်းကိုသာ မလွတ်တမ်း ကိုက်ခဲထားပုံရသည်။

ရေတစ်ပိုင်းကုန်းတစ်ပိုင်း အရောက်တွင် ပင့်ကူကြီး၏ ကိုက်ခဲဖက်တွယ်ထားခြင်းကို ခံလိုက်ရသော မြွေကြီးမှာ မြေပြင်တွင်တွန့်တွန့်လူးရုန်းကန်ကာ အမြီးပိုင်းမှာလည်း ရေအိုင်ထဲရှိ တဝှမ်းဝှမ်းရိုက်ခတ်နေသည်။ မြွေကြီးက မည်မျှပင် လူးလွန့်တွန့်လိမ်ကာ ရုန်းကန်နေသော်လည်း ပင့်ကူကြီးကမူ ယခုထိ မြွေဦးခေါင်းမှ လွင့်စဉ်ပြုတ်ကျသွားခြင်းမရှိဘဲ၊ ဖက်တွယ်မြဲ ဖက်တွယ်ထား၏။

ကွမ်းတစ်ယာညက်ပင်မကြာ။ မြွေကြီးမှာ ငြိမ်ကျသွားသည်။ မြွေကြီးငြိမ်ကျသွားမှ ပင့်ကူကြီးသည် အေးအေးဆေးဆေး တော

www.burmeseclassic.com

www.burmeseclassic.com



ထဲ ပြန်ဝင်သွားလေ၏။

မြွေကြီးနှင့် ပင့်ကူကြီးတို့၏ တိုက်ပွဲကို ကြည့်ကောင်းကောင်းနှင့် အသက်ရှူရပ်မတတ် ငေးကြည့်နေကြသော ဘအံ့ထည်တို့ လူစုမှာ ယခုမှ သက်မကိုယ်စီ ချနိုင်ကြတော့သည်။

"ဒီမြွေကြီးနဲ့ ဒီပင့်ကူကြီးတွေဟာ ဘယ်အငြိုးနဲ့များ ဒီလိုတစ်ကောင်နှင့်တစ်ကောင် အသေအကျေလိုက်သတ်ကြပါလိမ့်၊ ကျွန်ုပ် ပင့်ကူသိုက်ကို မြွေက သွားဖျက်လို့လား မသိဘူးနော် အစ်ကိုကြီး"

" မဟုတ်ပါဘူးကွာ၊ တောပင့်ကူကြီးတွေဟာ ဘယ်တိရစ္ဆာန်ကို ကိုက်ကိုက် ဦးခေါင်းကိုပဲ ခုန်ကိုက်တတ်ကြတယ်လို့တော့ အတွေ့အကြုံများတဲ့ မုဆိုးကြီးတွေက ပြောဖူးတယ်"

ဦးရွှေသီး၏ အမေးကို ဘအံ့ထည်က သူကြားဖူးနားဝရှိသမျှ ပြောပြသည်။

"ဘာဖြစ်လို့ ခေါင်းကိုမှ ကိုက်ရတာလဲ အစ်ကိုကြီး"

"ဩော်. . . ဦးနှောက်က ခေါင်းမှာပဲ ရှိတာကိုကွ။ ပင့်ကူကြီးတွေဟာ ဘယ်တိရစ္ဆာန်ကိုမဆိုဦးနှောက်ကိုမှ ဖောက်စားတတ်တယ်တဲ့။ ခုလဲမြွေကြီးဦးနှောက်ကိုစားချင်လို့သူ့အသိုက်နားက ဖြတ်သွားတဲ့ မြွေကြီးနောက် လိုက်လာပြီး ကိုက်သတ်ဖောက်စားသွားတာနေမှာပေါ့။ မြွေလောက်ကိုမဆိုထားနဲ့၊ သူတို့နေတဲ့သစ်ပင်အောက်ဝင်လာရင် ပင့်ကူကြီးတွေဟာ လူနဲ့တခြားတိရစ္ဆာန်တွေခေါင်းပေါ်ခုန်ချပြီး ဦးနှောက်ကို ဖောက်ကိုက်စားတတ်တယ်တဲ့။ အဆိပ်ပြင်းပြီး သိပ်ကြောက်စရာကောင်းတဲ့ အကောင်တွေပဲ"

"အေး . . . ဗျာ . . . ဒီလောက်ကြီးတဲ့ တောပင့်ကူကြီး တွေ



တော်တော့ တစ်သက်နဲ့ တစ်ကိုယ်ဒီတစ်ခါပဲ မြင်ဖူးတယ်။ ကြောက်စရာ ကောင်းလိုက်တာ"

"အေး. . . ကြောက်စရာကောင်းတာက အကြောင်းမဟုတ်ဘူးကွ၊ ရွှေသီးရာ၊ တို့လင့်စင် ဆောက်မပြီးရတဲ့ကြားထဲ ဒီပင့်ကူကြီးတွေက ငါတို့ကိုပါအလုပ်လာပေးသွားပြန်ပြီ. . . ကဲ. . . ဆင်း. . . . . . ဆင်း၊ လင့်စင်ပေါ်က ဆင်းကြ"

ပြောပြောဆိုဆိုနှင့် ဘအံ့ထည်သည်လင့်စင်ပေါ်ကဦးဆုံးဆင်းပြီးမြွေသေရှိရာသို့လျှောက်သွားသည်။ ဘအံ့ထည်စမ်းရေအိုင်နားလျှောက်သွားသောအခါ ဦးရွှေသီးနှင့်တကွ အောင်မောင်း၊ စိန်အေးတို့မှာလည်း နောက်က လိုက်ကြရပြန်သည်။

ခြေလှမ်း ၁၀- လှမ်းပင်မပြည့်သေး၊ ဘအံ့ထည်က "ဩော်. . . မင်းတို့လက်ချည်းလိုက်မလာကြနဲ့၊ ဓားနဲ့ ဝါးချွန်တွေယူလာကြဦး" ဟုဆိုပြန်သည်။

"ဝါးချွန်နဲ့ ဓါးက ဘာလုပ်မလို့လဲ အဘိုး မြွေကြီးကို ထိုးခုတ်သတ်ဖို့လား"

"မဟုတ်ပါဘူး ငါ့မြေးရယ်၊ မြွေကြီးက ဦးနှောက်ပေါက်ပြီးသေနေပါပြီ။ မြွေသေကို မြေကျင်းတူးပြီး မြှုပ်ရမယ်။ ဒီအတိုင်းထားရင် တောစည်း ပေါက်တတ်တယ်"

"ဘာဖြစ်လို့လဲ အဘိုး"

တစ်ချိန်လုံး တစ်ခွန်းမျှ မဟသေးသော စိန်အေးက တောတောင်တို့၏ သဘာဝကို သိလိုသဖြင့် ယခုမှမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မြွေသေကြီးကို ဒီအတိုင်းပစ်ထားရင် သားကောင်တွေ လာစားကြမှာပေါ့။ အဲဒီတော့ မြွေသေကြီးနဲ့နီးတဲ့ တို့စခန်းကိုပါ မလိုလားအပ်တဲ့ အန္တရာယ်ကောင်တွေ ရောက်လာနိုင်တယ်လေ။ အဆိုးဆုံးကတော့ ဟင်းမျိုးတို့၊ တောခွေးတို့လို အကောင်မျိုးတွေပေါ့ကွယ်"

ဟင်းမျိုးဆိုသည်မှာ တောထဲ တောင်ထဲတွင် ကျားကို တမင်နှိမ်ခေါ်သော တောဝေါဟာရဖြစ်လေသည်။

သူတို့သည် ဘအုံထည်၏အစီအမံအတိုင်း ပင်ကူကြီးဆီတွင် ဦးနှောက်ဖောက်စားထားခြင်းခံရလိုက်သော မြွေသေကြီးကို ဝါးချွန်တွေနှင့် မြေကျင်းတူးပြီး မြှုပ်လိုက်ကြသည်။ မြွေသေမြှုပ်သောမြေပုံပေါ်တွင်လည်း သားစားတိရစ္ဆာန်များ အနံ့ရပြီး လာဖော်မစားနိုင်အောင် ကြိမ်ခတ်၊ ဆူးခတ်တွေနှင့်အုပ်လိုက်ကြကာ မပြီးပြတ်သေးသော သူတို့ စခန်းလင့်တဲကို ဆက်ဆောက်ကြသည်။

ထင်းပေါသော အင်တိုင်းတောဖြစ်သဖြင့် နေလုံးစောင်းသွားသည်နှင့် တစ်ပြိုင်နက် လင့်စင်တဲပေါ်မှ မီးခိုးများ တလူလူ လွင့်ထွက်လာလေသည်။

ဘအုံထည်နှင့်ဦးရွှေသီး၊အောင်မောင်း၊ စိန်အေးစသော အင်တွဲ၊ ပွဲ့လျက်ရှာသူလေးယောက်တို့ နှစ်ရက်ခန့်ဆောက်လုပ်လိုက်ကြသော လင့်တဲမှာ မြေပြင်နှင့် ပေ ၂၀- ကျော်အမြင့်တွင်ရှိ၏။ ထို့ကြောင့် လှေကားကို အသေတစ်ခု အရှင်တစ်ခု နှစ်ခုထားရသည်။

ပေ ၂၀-နီးပါးခန့်ရှည်သောပထမဆောက်လုပ်ပြီး လှေကားကို လင့်စင်တိုင်ဖြစ်သော အင်ပင်တစ်ပင်နှင့် အခိုင်အခံ့ ပူးချည်ထား



ရသည်။ ဒုတိယလှေကားတို့ အရှင်မှာမူ လင့်စင်ပေါ် လူတက်ပြီးသည်နှင့်တစ်ပြိုင်နက် ဆွဲတင်ထားရမည့် လှေကားဖြစ်သဖြင့် အတတ်နိုင်ဆုံး အပေါ့ပါးဆုံးလုပ်ထားရသည်။ ထိုလှေကားတို့ အရှင်လေးမှာအကာလ ညအချိန်ရောက်တိုင်းလင့်စင်ပေါ် ဆွဲတင်ထားရမည့် လင့်လှေကားဖြစ်သည်။

လှေကားသေထိပ်ရှိ အင်ပင်ကြီး၏ ခါးလယ်ကို သစ်သင်းသတ်သလို လှည့်ပတ်ခုတ်ထစ်၍ ထိုနေရာ၌ လျှော်ခေါက်၊ ဘန့်ပွေးခေါက် အခြောက်များကို ခါးပတ်ဝတ်ထားရသည်။ ထိုခါးပတ်မှာသုံးပတ်သုံးတန်ဖြစ်၏။

ထိုလျှော်ခါးပတ်၊ ဘန့်ပွေးခေါက်ခါးပတ်သုံးပတ်သုံးတန်စလုံးကို ကညင်ဆီ၊ နှမ်းဖြူဆီ၊ အင်ကြွင်းဆီ၊ အင်တွဲဆီတွေနှင့် ဆုပ်နယ်ဆွတ်သုတ်ထားရသည်။

ဤသည်မှာ လှေကားသေရှိသော လင့်တိုင်အင်ပင်တစ်ပင်ကိုသာမဟုတ် နောက်ထပ်လှေကားမရှိသောလင့်စင်၏ မြေစိုက်တိုင်ပမာ အင်ပင်သုံးပင်ကိုပါ ကညင်ဆီ၊ အင်တွဲဆီ၊ နှမ်းဖြူဆီ၊ ဘန့်ပွေး လျှော်ခေါက် ခါးပတ်တွေ ကိုယ်စီပတ်ထားရသည်။

ဤသို့ပြုလုပ်ထားရခြင်း၏အဓိပ္ပါယ်မှာ နေ့ခင်းနေ့လယ်၌ သူတို့ အင်တွဲပွဲ့လျက်ထွက်ရှာ နေကြစဉ် လင့်စင်ပေါ်သို့ မြွေပါးကင်းဆဲ မတက်ရောက်နိုင်အောင် အကာအကွယ်လုပ်ထားရခြင်း ဖြစ်လေသည်။

အကယ်၍ဆယ်ရေးတစ်ရေး၊ကိုးရေးတစ်ရာဆိုသလို ညနေညဘာ၌ အရေးအကြောင်းတစ်စုံတစ်ရာပေါ် လာပါကထိုကညင်

www.burmeseclassic.com



ဆီး၊ အင်တွဲဆီး၊ နှမ်းဖြူဆီဆွတ်သုတ်ထားသော လျှော်ခါးပတ်၊ ဘန့်ပွေးခါးပတ်များကို မီးအတန်တန်ရှို့၍ အန္တရာယ်ကိုကာကွယ် ကြရမည်ဖြစ်လေသည်။

လင့်စင်တဲ အချောသတ်တည်ဆောက်ကြပြီးချိန်တွင် နေကလည်း အတော်စောင်းသွားပြီဖြစ်သည်။ ဘအုံ့ထည်တို့မှာ စားအိုးစားခွက်များနှင့် ရွာမှယူလာသော အသီး၊ အရွက်၊ ငါးခြောက်၊ ငါးခြမ်းများအပြင် ကြသောင်းဝါး ရေကျည်တောက်များကိုပါလင့်စင်ပေါ် တင်ကြရသည်။

လင့်စင်ပေါ် ရှိအင်ပင်၊အင်ကိုင်းခက်များတွင်ရေကျည်တောက် ဘူးသီး၊ ရွှေဖရုံသီး၊ ငါးခြောက်ခြင်း၊ ပေါက်ချိတ်၊ ပိန်းဥ၊ မျောက်ဥခြင်းတွေပါမကျန် တွဲရရွဲဆွဲချိတ် ထားကြသည်။

တောနက်မြိုင်ထဲကျသော အင်တိုင်းတောမျက်မည်းကြီးသည် နေစောင်းသွားသည်နှင့်တစ်ပြိုင်နက် စိမ့်အေး၍လာတော့သည်။ သူတို့သည် ညနေစာကို လင့်စင်ပေါ်၌ပင် ချက်ပြုတ်စားကြပြီး လင့်စင်ပေါ်၌ပင် အိပ်ကြရမည်ဖြစ်လေသည်။

ဤနေရာမှာ ကျား၊ သစ်၊ ဝံ၊ ဆင်များအပြင် မြွေနှင့်ကင်းများလည်းပေါများသောအရပ်ဖြစ်သဖြင့် နေညိုသွားသည်နှင့်တစ်ပြိုင်နက်လင့်စင်ပေါ် တက်ကြရသည်။ ညနေဆိုသော အချိန်၌ပင် ဤတောဤတောင်သည် လူသားများအတွက်မြေပြင်တွင် နေရန်မသင့်သော အရပ်ဖြစ်လေသည်။

ထိုနေ့၌ ဘအုံ့ထည်တို့မှာမြွေသေမြုပ်ရင်း၊ လင့်တဲဆောက်ရင်းနှင့်ပင် တစ်နေကုန်သွားပြန်သည်။ အင်တွဲ ပွဲ့လျက်ကိုမူ လုံးဝအ



ရှာမတွေ့နိုင်ကြသေး။ အင်တွဲ ပွဲ့လျက် အရှာထွက်ကြရမည့်နောက်နေ့များအတွက် သူတို့သည် ဤနေရာ ဤစခန်း ဤလင့်တဲကိုပင် အခြေစိုက်စခန်းယူ၍ အိပ်စက် စတည်းချကြရလေသည်။

* * * * *

## အခန်း (၃)

"အောက်အီး . . . အီး . . . အွတ်"

တောကြက်ဖတို့၏တစ်တောတစ်ကြက်ဖတွန်သံသာကို အရပ်မျက်နှာက ကြားလာရသည်။ သို့သော် တောနက်ထဲကျ၍ မြိုင်ကောင်းသောနေရာဖြစ်ရာ နေအရုဏ်ရောင်ခြည်ဦးကိုကား လုံးဝမြင်ကြရသေး။ တောထဲ တောင်ထဲတွင် ကြက်တွန်သံကိုသာ ဗဟိုချိန်ပမာ အမှတ်အသားပြုနေကြရသော ဘအုံ့ထည်တို့မှာ ကြက်တွန်သံနှင့်အတူ အိပ်ရာမှ နိုးထလာကြသည်။

သူတို့သည် ညက တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ အခင်းမညီညာသော လင့်စင်တဲပေါ်တွင်ကြက်အိပ်၊ ငှက်အိပ် အိပ်ခဲ့ကြရသည်။ တောအလုံးသည်လည်း တစ်ညလုံး ဘိတ်တိတ်မှု ကင်းမဲ့ခဲ့သည်။ ညဉ့်ငှက်မျိုးစုံတို့၏ အော်မြည်သံနှင့် ကောင်မွှားကောင်များ၏ အသံမျိုးစုံတို့မှာ ပတ်ဝန်းကျင်၌ ညံစီ

www.burmeseclassic.com



နေ၏။

လင့်တဲနှင့်အတော်ဝေးဝေးကမှကျားဟိန်းသံ၊ ချေ(ဂျီ)ဟော
သံ၊ ဆတ်တစ်သံ၊ မျောက်အော်သံနှင့်တောတောင်ကြီးများ ဖြ
သွားသဖြင့် ကြက်ငှက်များ လန့်ဖျပ် ပျံပြေးသံတို့ကိုလည်း ကြား
ရသည်။

တစ်နေ့ကမှ တောထဲရောက်လာကြသော သူတို့မှာ မည်
တောကျွမ်းကြပါသည်ဆိုသော်လည်း လောလောဆယ်တော့ တေ
အထာမကျ၍ အိပ်ရေးပျက်ခဲ့ကြသည်မှာ အမှန်ပင်။

သို့သော် နံနက်လင်း ကြက်ဖတွန်သံကို ကြားရချိန်မှာတေ
သူတို့သည် ချက်ချင်းအိပ်ရာက ထကြရလေသည်။ မထ၍လည်း
မဖြစ်ပေ။ သူတို့၏အလုပ်မှာ မိုးလင်းသည်နှင့် တစ်ပြိုင်နက် စ
ရမည် မဟုတ်ပါလား။

သူတို့၏ မျက်လုံးများ ပွင့်လာကြပြီး ဖြစ်သော်လည်း နေ
နီနီကိုကားလုံးဝမမြင်ကြရသေး။ နေလုံးနီနီကိုမဆိုထားနှင့်နေရေ
ခြည်များကိုပင် တောင်ထိပ်ဖျားများပေါ်တွင် မမြင်မတွေ့ကြရသေး

နေလုံးနေရောင်ခြည်ကို မမြင်ရမချင်းသူတို့သည် လင့်
ပေါ်က အောက်သို့မဆင်းရဲကြ၊ ညကမ္ဘာထဲတွင် အင်တိုင်းတော
သည်မှောင်နှင့် မည်းမည်းသာရှိနေသေး၏။

ထို့ကြောင့် ဘအုံ့ထည်တို့လူစုမှာနံနက်စာ ထမင်းဟင်းများ
လင့်စင်တဲပေါ်၌ပင် ချက်ပြုတ်ကြသည်။ ထမင်းဟင်းချက်ပြုတ်
ချိန်နှင့် အင်တိုင်းတောထဲ နေရောင်ခြည်များ ဖြာဆင်းယိုဖိတ်
ချိန်၊ မိုးလင်းချိန်တို့မှာ အံကိုက်ဖြစ်လေသည်။



ထိုအချိန်တွင် သူတို့သည် နံနက်စာထမင်းကို လင့်စင်ပေါ်၌ပင် စားကြ၏။ စားပြီး၍ ကျန်သော ထမင်းဟင်းများကို အင်ဖက်နှင့် နေ့လယ်စာအတွက် ထုပ်ကြသည်။ သူတို့မှာ နံနက်စောစောစီးစီး အင်တွဲ၊ ပွဲ့လျက်ရှာ ထွက်ကြရမည့်သူများဖြစ်ရာ ထမင်းစားရသည်မှာ အချိန်အခါ ဟူ၍ သတ်သတ်မှတ်မှတ် မရှိကြ။ အလုပ်အကိုင်အခြေအနေအရ ကြုံသလို စားကြရ၏။ ထို့ကြောင့်လည်း ထမင်းထုပ်များကိုကိုယ်စီကိုယ်ငှထုပ်ယူသွားကြရခြင်းဖြစ်လေသည်။

ထမင်းထုပ်ပြီးကြသောအခါ သူတို့သည် မနေ့ညက လင့်စင်ပေါ် ဆွဲတင်ထားသောလှေကားရှင်လေးကို အင်ပင်ကြီးနှင့် ကပ်မြှောင်၍ အောက်သို့ လျှော့ချလိုက်သည်။ ထိုလှေကားရှင်မှ တစ်ဆင့် အင်ပင်နှင့်ကပ်မြှောင်ထောင်ချည်ထားသော လှေကားသေးပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြ၏။

သူတို့၏ ကိုယ်ပေါ်တွင်ထမင်းထုပ်အပြင် အင်တွဲရှာရာ၌ အသုံးပြုသော ဓား၊ ချွန်း၊ ချိတ်၊ ခြင်းကြား၊ ဝါးဆူး၊ ဒူးလေး၊ တံချူနှင့် ရေဘူးကျည်တောက်များမှာလည်း တွဲလဲတွဲလောင်း ကိုယ်စီကိုယ်င ပါလာကြလေသည်။

ဘအုံ့ထည်တို့ လူစုမှာတောတောင်ထဲရှိ စမ်းအိုင်၊ စမ်းပေါက်ထဲမှရေကို ဝါးကျည်တောက်နှင့် ကျိုခွေးပြီးမှ သောက်ရဲကြသည်။ သို့မဟုတ်လျှင် စမ်းချောင်းရေထဲ၌ စုန်ချည်ဆန်ချည် ပြေးသွားနေလေ့ရှိသော သေးသိမ်မှုန်ဖွားသည့် နွယ်ရှင်တစ်မျိုး၏ အန္တရာယ်ကိုကြောက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းထဲက ရေစိမ်းကို မကျိုမချက်ဘဲသောက်မိ၍ ဆံချည်မျှင်ထက်ပင် သေးငယ်သောထိုနွယ်ရှင်အပိုင်းအစများ ဗိုက်ထဲဝင်သွားလျှင် ချက်ချင်း ငှက်ဖျားရောဂါ ရတတ်လေသည်။ ဤသည်ကို ဘအုံ့ထည်တို့မှာ လုပ်ငန်းသဘာဝအရ သိထားကြပြီးသားဖြစ်လေသည်။

မြေပြင်သို့ရောက်သောအခါ ဘအုံ့ထည်နှင့် အောင်မောင်းတစ်လမ်း၊ ဦးရွှေသီးနှင့် စိန်အေးတို့က တစ်လမ်း၊ အဖွဲ့နှစ်ဖွဲ့ခွဲ၍ အင်တွဲရှာ ထွက်လာကြသည်။

သွားရင်းလာရင်း တွေ့ရသောပွဲ့လျက်ပင်များကိုမူ အမှတ်အသား ပြုရုံသာပြုထားပြီး စခန်းသိမ်းခါနီးမှ ခုတ်ဖြတ်ထုတ်ယူကြမည် ဖြစ်သည်။

အင်တွဲမှာ ကညင်ဆီများထွက်သလို အင်ပင်၊ အင်ကြင်းပင်နှမ်းဖြူပင်အကွဲ အအက်ခက်လက် ပင်စည်များပေါ်မှ သဘာဝအလျောက် ယိုဖိတ်စီးထွက်ကာ လက်တံတိုရှည်များ ဖြစ်နေကြသဖြင့် တံချူသံချိတ်များနှင့် လွှဲချိတ် ရိုက်ခတ်၍လည်းကောင်းသစ်ပင် များဆိုလျှင် သစ်ဆူး၊ ဝါးဆူး ရိုက်တက်၍လည်းကောင်းယူရသည်။

ပွဲ့လျက်မှာမူ ပျားတစ်မျိုးဖြစ်သည်။ နက်ရှိုင်းသောသစ်ခေါင်း သစ်တွင်းများထဲတွင် အိမ်ဖွဲ့တည်ဆောက်နေကြသဖြင့် ပင်စည်ကို လွှဖြင့်ခွဲစိတ်ထုတ်ယူရသည်။ ထို့ကြောင့် အင်တွဲ၊ ပွဲ့လျက်ရှာ သူတိုင်းသည် ပွဲ့လျက်ကို စခန်းသိမ်းခါနီး နောက်ဆုံးအချိန်ကျမှ ထုတ်ယူလေ့ရှိကြသည်။

အင်တွဲပင်များပေါ်မှတစ်ထွာတစ်မိုက်ကအစတစ်တောင်တံ



လံထိ တွဲကျနေသော အင်တွဲသစ်စေး လက်တံတို ရှည်များကို ဘအုံ့ထည်သည် တံချူ သံချိတ်တို့နှင့်ဆွဲချိတ်ရိုက်ခတ်ပြီး အင်တွဲပင် တစ်ပင်မှ တစ်ပင်သို့ကူးရွှေ့ရွှေ့လျားလျက်ရှိလေသည်။

သူ့ရှေ့က ဘအုံ့ထည် ဆွဲချရိုက်ခတ်ထားပစ်ခဲ့သော အင်တွဲလက်တံတို ရှည်များကို အောင်မောင်းသည် တစ်ခုပြီး တစ်ခု ခြင်းကြားထဲကောက်ယူထည့်စုကာ ဘအုံ့ထည်နောက်သို့ တကောက်ကောက် လိုက်ပါလျက်ရှိလေသည်။

ဘအုံ့ထည်နှင့် အောင်မောင်းတို့ ထိုသို့ အင်တွဲ ရှာနေကြချိန်တွင် ဦးရွှေသီးနှင့်စိန်အေး တို့မှာလည်းဘအုံ့ထည်နှင့် အောင်မောင်းတို့နည်းတူ ပတ်ဝန်းကျင်ရှိ အင်တိုင်းတောကြီးထဲတွင် အင်တွဲလှည့်ရှာလျက် ရှိကြလေသည်။

အင်ကြင်းပင်များ လက်ယှက်ထိုး ပေါက်ရောက်နေသောတောင်ကြောတစ်ခု အရောက်တွင် ဘအုံ့ထည်သည် သူ့ခြေလှမ်းကို ရုတ်တရက် ရပ်လိုက်၏။ ပြီး သူ့နောက်က ပါလာသော မြေးကြီး အောင်မောင်းကိုလည်း ခြေသံလုံလုံနှင့် သူ့အနားလာရန် အချက်ပြလိုက်သည်။

ဘအုံ့ထည်၏ အရိပ်အခြည်ကို အမြဲအကဲခတ် လိုက်ပါနေသော အောင်မောင်းသည်ချက်ချင်း ခြေကိုဖော့နင်း၍ သူ့အဘိုးအနားရောက်သွားသည်။

ရောက်ရောက်ချင်း "အဘိုး ဘာလဲဟင်" ဟုလည်းမေးလိုက်၏။

"တောမှာ တောင်မှာဆိုတာ မျက်စိ၊ နားကိုရှင်ရှင်ထားရတယ် မြေးရယ်။ ခု ငါ့မြေး နားထဲဘာကြားလဲ သေသေချာချာ နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း"

သူ့အဘိုးက သေသေချာချာ နားထောင်ကြည့်စမ်း ဆိုသဖြင့် အောင်မောင်းသည် အသက်ကိုပင် ပြင်းပြင်းမရှူတော့ဘဲ နားစွင့်ထားလိုက်၏။

ဗျစ် . . . ဗျစ် . . . ဗျစ်ဗျစ်နှင့် သစ်ခေါက်ခွံ ခွာသံလိုလို သစ်တောက်ငှက်များ ပိုး၊ ပုရွက်၊ ခြတန်းများကို တောက်သံလိုလိုနှင့် အသံတစ်ခုကို ကြားလိုက်ရသည်။

အသံကြားရာမှာ မြေပြင်ကမဟုတ်၊ သူတို့နှင့် နည်းနည်းလှမ်းသော သစ်ပင်တစ်ပင်ပေါ်ကဖြစ်သည်။ ဘာသံမှန်းတော့ အောင်မောင်းမခွဲခြားတတ်။ ကြားနေရသော အသံမှာတောထဲ တောင်ထဲ၌ ငှက်မြည်သံနှင့် တောတိရစ္ဆာန်များ ညည်းတွားအော်မြည်သံမဟုတ်ဆိုသည်ကိုတော့ အောင်မောင်းလည်းသိသည်။

"ဟင် . . . ငါ့မြေးကြားလား"

"ဟုတ်ကဲ့၊ ကြားပါတယ်အဘိုး"

ဘအုံ့ထည်ကနားနားကပ်ပြီးတိုးတိုးမေးသလို အောင်မောင်းကလည်း တိုးတိုးပင်ပြန်ဖြေ၏။

"ဘာသံလဲဟင် . . . အဘိုး"

အောင်မောင်း၏ ထပ်ဆင့်အမေးကို ဘအုံ့ထည်ကဘာမျှပြန်မပြော၊ လာ . . . လာ . . . ဟူသော သဘောဖြင့် လက်တို့ကာ အသံကြားရာဘက်သို့သာ ခေါ်လာသည်။

ဘအုံ့ထည်က ကုန်းကုန်းကုန်းကုန်းနှင့်သွားနေသလို အောင်မောင်းကလည်း ဘအုံ့ထည်နည်းတူ ကုန်းကုန်း ကုန်းကုန်းနှင့်ဟိုအ



င် ပြေးကပ်လိုက်၊ သည်အပင်ရင်း ပြေးပုန်းလိုက်နှင့် နောက်ကလိုက်လာရသည်။

အသံကြားနေရသောနေရာနှင့်နီးလာသောအခါ သစ်ပင်ပေါ်ခွာချလိုက်သောသစ်ပေါက်ခွံများ ရွက်ကြွေ [illegible]ပေါ် တဖြောက်ဖြောက် ကျသံကိုပါ ပီပီပြင်ပြင် ကြားလာရသည်။ သို့သော် ယခုထိအောင်မောင်းမှာ ဘာသံမှန်း မသိသေး။

လူကြီးတစ်ယောက်ဖက်နိုးပါးခန့်ရှိသောအင်ကြင်းပင်ကြီးတစ်ပင်နား ရောက်လာကြသည်။ ဘအုံ့ထည်သည်သူ့ကိုယ်ကို အင်ကြင်းပင်နှင့် ကွယ်ကာ အသံကြားသော နေရာဘက်ခေါင်းပြူ၍ လှမ်းကြည့်၏။

ဘအုံ့ထည်နည်းတူ အောင်မောင်းကလည်းအသံကြားရာသစ်ပင်ပေါ် ချောင်းကြည့်လိုက်ရာ ရုတ်တရက် အံ့အားသင့်သွားသည်။ သက်စသတ်တော့ ဝံကြီးထိုးမ၊ ပျားဖွပ်နေတာကိုး" ဟုလည်းစိတ်က ရေရွတ်လိုက်၏။

မှန်သည်။ ဝက်ဝံမကြီးတစ်ကောင်သည်ပျဉ်းမပင်ခြောက်တစ်ပင်ပေါ်ရှိ ပျားအုံကို တက်စားနေသည်။ ပျားအုံ ဘေးနှုတ်ခမ်းသစ်ခေါင်းဝကို ပါးစပ်နှင့်ကိုက်ဖွဲ့ချသည်၊ ဝက်ဝံမကြီးကို ကိုက်ဖွဲ့ချလိုက်သော သစ်ပေါက်ခွံအစအနများ ရွက်ကြွေတောထဲ တဖြောက်ဖြောက်ကျလာကြသည်။ အောင်မောင်းနှင့် ဘအုံ့ထည်တို့ စောစောကကြားခဲ့သော အသံတွေမှာ ဝက်ဝံမကြီးပျားခေါင်းဝခွဲ့ကိုက်သံနှင့် သစ်စသစ်နများ ရွက်ကြွေတောထဲ ကျသံပင်ဖြစ်လေသည်။

သည်ထက်ကြည့်ကောင်းသည်မှာပျားတက်ဖွပ်နေသော ဝံ

www.burmeseclassic.com

www.burmeseclassic.com



ဝံမကြီး အောက်ဘက်ရှိ ပင်စည်ကို ကုတ်ခြစ်တွယ်ကပ်ကာ သူ့အမေတွင် ပျားသလက်တောင်းစားနေကြသောနှစ်သားအရွယ် ဝက်ဝံကလေးနှစ်ကောင်ပင်။

နှစ်ကောင်စလုံးမှာ ရင်ဘတ်အဖြူကျားလေးနှင့်ချစ်စရာပင်ကောင်းလှ၏။ သူ့အမေဝက်ဝံမကြီး ခြေထောက်နားထိ ပင်စည်ပေါ်ဖက်တွယ်တက်ကာ လက်တစ်ဖက်နှင့် သူ့အမေကို လှမ်းပုတ်ကြသည်။

သူ့အမေ ဝက်ဝံမကြီး၏ ဦးခေါင်းမှာ ပျားသလက်ရှိရာ သစ်ခေါင်းထဲရောက်နေရာ သူ့ကလေးနှစ်ကောင်ကို ငုံ့မကြည့်အား သစ်ပေါက်ခွံတွေကို ကိုက်ဖဲ့ချလိုက်၊ သစ်ခေါင်းထဲ လက်သွင်း ခေါင်းသွင်း၍ ပျားသလက်တွေကို နှိုက်ယူလိုက်၊ သူကစားလိုက် သူ့ခြေထောက်ကိုဆွဲကုတ်ပြီး ပျားသလက်တောင်းနေကြသော လေး နှစ်ကောင်ကို ခေါင်းငုံ့မကြည့်ဘဲလက်နှင့် လှမ်းပေးလိုက် ပျားသလက်တွေကို စိမ်ပြေနပြေ ဖွပ်ယူစားသောက် နေလေသည်။

ဝက်ဝံမကြီးပျားဖွပ်စားနေသောသစ်ခြောက်ပင်နှင့်ဘအုံ့ထည်တို့မြေအဘိုး ပုန်းကြည့်နေကြသော အင်ကြင်းပင်ကြီးရှိရာမှာ နီးလေးဖြစ်သဖြင့် ဝက်ဝံမကြီးတို့သားအမိ လှုပ်ရှားသမျှကို ပီပီပြင်ပြင် မြင်နေရသည်။

အမွေးအမှင်ထူသော ဝက်ဝံမကြီးတို့သားအမိမှာ ပျားကောင်များ သိန်းသန်းမက တုပ်ကိုက်ကြသည်ကို လုံးဝမမှု၊ သစ်ခေါင်းရှိ ပျားသလက်များကိုသာ တစ်ဖဲ့ပြီးတစ်ဖဲ့ နှိုက်ယူကိုက်စားနေသည်။



ဝက်ဝံမကြီး ဦးခေါင်းနှင့် လက်နှစ်ဖက်က ပျားသလက် ရှိရာသစ်ခေါင်းထဲ ဝင်သွားသောအခါ ဘအုံ့ထည်သည် ပုန်းအောင်းနေသောအင်ကြင်းပင်ကြီးမှ ကိုယ်ကိုခွာလိုက်သည်။ ပြီးတော့ ချက်ကြေတောထဲမှ ခဲတစ်လုံးကိုကောက်ကာ ဝက်ဝံကလေးတစ်ကောင်ကို လှမ်းပစ်လိုက်သည်။

သူ့ကိုယ်ပေါ် ခဲလုံးထိသွားသော ဝက်ဝံကလေးသည်ချက်ချင်း သစ်ပင်ပေါ်က ဆင်းပြေးသွား၏။ နောက်တစ်ကောင်ကမူ ထိတ်ထိတ်လန့်လန့်နှင့် အောက်ကို ငုံ့ကြည့်သည်။ ဘအုံ့ထည်နှင့် အောင်မောင်းတို့ကို မြင်သောအခါ ထိုဝက်ဝံကလေးလည်း သစ်ပင်ပေါ်က ချက်ချင်း ဆင်းပြေးသွားပြန်၏။ ပျားဖောကပ်နေသော သူ့အမေကမူ သူ့ကလေးနှစ်ကောင် ထွက်ပြေးသွားကြပြီဆိုသည်ကို လုံးဝသိပ်မိပုံမရ။ ပျားအုံကိုသာ ဆက်ဖွပ်နေ၏။

ဘအုံ့ထည်သည်ရဲရဲဝံ့ဝံ့ပင် ဝက်ဝံမကြီးပျားတက်ဖွပ်နေသော သစ်ခြောက်ပင်ရင်းအောက်လျှောက်သွားသည်။ အောင်မောင်းမှာလည်း သူ့အဘိုးနောက်က ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ပါလာရ၏။

ဝက်ဝံမကြီး ပျားတက်ဖွပ်နေသော သစ်ပင်အောက် ရောက်သောအခါ ပျားတစ်ကောင်စ၊ နှစ်ကောင်စသည် ဘအုံ့ထည် နှင့် အောင်မောင်းတို့ကို စတင်ထိုးတုပ်ကြသည်။

“ဟာ. . . မဖြစ်ဘူး ငါ့မြေးလာလာ၊ ဝက်ဝံမကြီးဆီက ပျားသလက်တောင်းမရခင် ပျားတုပ်ခံရလို့ အင်တွဲရှာမထွက်နိုင် ဖြစ်နေပါဦးမယ်၊ လာ. . . လာ”

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်ပင် မြေးအဘိုး နှစ်ယောက် ဝက်ဝံမကြီး ဘူးတက်ဖွပ်နေသော သစ်ပင်အောက်မှ ရှောင်ထွက်လာကြ၏။

ဘအုံ့ထည်နှင့် အောင်မောင်းတို့ ထွက်လာကြသည်နှင့် တစ်ပြိုင်နက် စောစောက ထွက်ပြေးသွားကြသော ဝက်ဝံကလေး နှစ်ကောင်သည်ချက်ချင်း သူ့အမေပျားဖွပ်နေသော သစ်ပင်ပေါ် သူထက်ငါ ဦးအောင် တွယ်တက်နေကြသည်။

ကမ္ဘကြောအဆင်းမှာ အောင်မောင်းက သူ့အဘိုးအား " အဘိုး ဝက်ဝံမကြီးဆီက ပျားသလက်ကို ဘယ်လိုတောင်းမလဲ" ဟု မေးလိုက်၏။

"ငါ့မြေးကို အဘိုး မပြောဖူးသေးဘူးကိုး။ ခုလို ဝက်ဝံမကြီးတို့ သားအမိ ပျားဖွပ်နေကြတာကို တွေ့ရင် စောင့်ကြည့်နေရတယ်။ စောစောက ငါ့မြေးမြင်ခဲ့ရသလို ဝက်ဝံမကြီးခေါင်းနဲ့ လက်တို့ကပျားခေါင်းထဲဝင်သွား ပြီဆိုရင် သစ်ပင်အောက်ကို အပြေးသွား၊ ပြီးတော့ ဝက်ဝံကလေးတွေကိုမောင်းထုတ်လိုက်။ ပြီးတော့. . ."

" ဟာ. . . အဘိုးကလဲ အဲသလိုသွားလုပ်ရင် ဝက်ဝံမကြီး ဆင်းကိုက်မှာပေါ့ "

"စောစောက အဘိုးတို့ကို ဝက်ဝံမကြီး ဆင်းကိုက်လို့လား"

သူ့အဘိုး၏ တန်ပြန်အမေးကြောင့် အောင်မောင်း နှုတ်ပိတ်သွား၏။

မှန်သည်။ သူ့အဘိုးပြောသလို သွားလုပ်၍သာ ဝက်ဝံမကြီး ဆင်းကိုက်မည်ဆိုလျှင် သူတို့မြေးအဘိုးကို ကိုက်ပြီးပြီ။ ယခုမူ သူတို့မြေးအဘိုး ပျားစွဲသစ်ပင်အောက်ရောက်လာကြသည်ကို ငုံ့ကြည့်ဖို့လည်းမအား၊ ပျားသလက်ရလိုဇောနှင့် သိလည်းလုံးဝ သိလိုက်ပုံမရ။ ဤသည်ကို သူ့အဘိုးက အောင်မောင်းနားလည်အောင်သေသေချာချာ တစ်ခါထပ်ရှင်းပြ၏။



"အဘိုးတို့မြေးအဘိုး သူပျားတက်ဖွပ်နေတဲ့ သစ်ပင်အောက် ရောက်နေတာကို ဝက်ဝံမကြီးက မသိတော့၊ ငါ့မြေးနဲ့အဘိုးက ဝက်ဝံမကြီးကိုယ်ကို လှမ်းတို့လိုက်တာနဲ့ ဝက်ဝံမကြီးက ပျားသလက်ဆွေ လှမ်းပေးတတ်တယ်တဲ့"

"ဘာဖြစ်လို့လဲအဘိုး"

"ဟာ. . . ငါ့မြေးကလဲတော်တော်ညာဏ်နည်းတာပဲ။ အဘိုးတို့က သူ့ကိုယ်ကို သွားတို့တာကို သူ့ကလေးတွေကတို့တာ၊ ပျားသလက် တောင်းကြတာထင်လို့ ပေးမှာတဲ့"

"မဖြစ်နိုင်ပါဘူး အဘိုးရာ။ လူနံ့တော့ရမှာပေါ့"

"လူနံ့တော့မရနိုင်ဘူးငါ့မြေး၊ ဝက်ဝံမကြီးက ပျားတက်ဖွပ်နေတာဆိုတော့ ပျားရည်နံ့ပဲ သူ့နှာခေါင်းထဲ စွဲနေမှာပေါ့။ သူ့ကပျားသလက်တွေကို ပါးစပ်နဲ့လဲ ကိုက်ဖဲ့ချင်ဖဲ့မယ်။ စားလဲစားနေတာမဟုတ်လား"

"ကျွန်တော်ကတော့ရမယ်လို့မထင်ဘူး၊ ခုဘဲအဘိုးကြည့်လေ ဝက်ဝံမကြီးကမသိလို့ဆင်းမကိုက်ပါဘူးဘဲထားလိုက်၊ လောလောဆယ် ပျားတုပ်ခံရပြီး ပြေးလာကြရတာပဲ"

"ဟား . . . ဟား . . . ဟား ငါ့မြေးပြောတာလဲ ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် တကယ်လို့ ပျားစွဲသစ်ပင်ကလဲနိမ့်နိမ့်ကလေးဖြစ်မယ်၊ ဝက်ဝံမကြီးကလဲ ပျားခေါင်းထဲ ခေါင်းဝင်နေမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရှင် ဝက်ဝံမကြီးကို သွားတို့တာနဲ့ ပျားသလက်လှမ်းပေးဟတ်တယ် ဆိုတာ ဖြစ်နိုင်တယ်။ သားသမီးဇောရယ်၊ ပျားသလက်ရလိုမှု အာ လယရယ်၊ ပျားကောင် အသိန်းအသန်းတွေရဲ့ တောင်ပံခတ်သံ ဆူ ညံနေတာရယ်၊ သူလှည့်ငုံ့မကြည့်မိတာရယ်ကြောင့် လူနဲ့သူ့ကလေး တွေကို ခွဲခြားမသိနိုင်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်"

သူ့အဘိုး အကျိုး အကြောင်းသင့် ပြောပြသည်ကို အောင် မောင်းက နောက်ထပ်ဘာမှပြန်မပြောတော့။ သူသည်ဤနေ့၌တော အတွေ့အကြုံတစ်ခုကို မမျှော်လင့်ဘဲ တွေ့ကြုံမြင်ခဲ့ရသဖြင့် ညနေ လင့်တဲစခန်းရောက်လျှင် စိန်အေးအားပြောပြမည်ဟုသာ တစ်လမ်း လုံးတွေးလာသည်။

သူ့မြေး၏ဤအတွေးကို ဘအုံ့ထည်ကမှုရိပ်မိပုံမရ။ထို့ကြောင့် တောထဲတွင် မျက်စိရှင်နားပါးရမည်ဖြစ်ကြောင်း၊ အထူးသဖြင့်မျက် စိနှင့် မြင်သည်ဆိုခြင်းမှာပက်ပင်းထိပ်တိုက်တွေ့ကြရသည့် သဘော ဖြစ်သဖြင့် အန္တရာယ်ဆိုလျှင် ရှောင်၍မရနိုင်ကြောင်း။ တောတောင် နှင့် ပတ်သက်၍ လုပ်ကိုင်စားသောက်ကြရသူများအဖို့ နားပါးရန် မှာ အင်မတန်အရေးကြီးကြောင်းသာ ဘအုံ့ထည်က သူ့မြေးအား အပြန်လမ်းတစ်လျှောက်လုံးသင်ခန်းစာပေး ပြောပြလာလေသည်။

ဘအုံ့ထည်မှာ ယခု အောင်မောင်းတို့အရွယ် တစ်ဆယ့်သုံး လေးနှစ်သားကပင် အင်တွဲ ပွဲ့လျက် ရှာလာသူဖြစ်ရာ တောတောင် တို့၏ အတွေ့အကြုံမှာ ပြောမဆုံးပေါင်တောသုံးထောင်ဖြစ်သဖြင့် အောင်မောင်းမှာ နောက်က သူ့အဘိုးပြောသမျှ ခေါင်းညိတ်၍သာ လိုက်လာရလေသည်။



အခန်း (၄)

အင်တိုင်းတောထဲတွင် စိုက်လိုက်မတ်တတ်သွားနေသော ဘ အုံ့ထည်၏ ခြေလှမ်းသည် အင်တွဲပင်ကြီးတစ်ပင်အောက်အရောက် တွင် ရုတ်တရက် ရပ်တန့်သွားလေသည်။

ဘအုံ့ထည် ခြေလှမ်းရပ်လျှင် အောင်မောင်းမှာလည်း ဘအုံ့ ထည် နည်းတူ ခြေလှမ်းတန့် လိုက်ရ၏။ ဘအုံ့ထည်က ဝေသီမြင့် ခေါင်သော အင်တွဲပင်ကြီးတစ်ပင်ပေါ် မော့ကြည့်လိုက်သောအခါ အောင်မောင်းမှာလည်း ဘအုံ့ထည်နည်းတူ အင်တွဲပင်ပေါ် မော့ ကြည့်မိလိုက်၏။

အင်တွဲပင်ကြီး၏ ဝေဆာပြန့်ပြောနေသောခက်လက်ပင်စည် များပေါ်တွင် အင်တွဲလက်တံရှည်များက သွယ်ဖြာတွဲဆွဲ ကျနေကြ သည်။ ဤသည်တို့ကို မြင်ရသောအခါ ဘအုံ့ထည်၏ မျက်နှာမှာ ချက်ချင်း ဝင်းလဲ့ ကြည်လင်လာသည်။

ဤအင်တွဲပင်ကြီးပေါ် တက်ချူရလျှင် အင်တွဲလေး ငါးပိဿ ချက်ချင်းရနိုင်သည်။ အင်တွဲ လက်တံတွေမှာ အရပ်ရှစ်မျက်နှာဖြန့် ဖြာထွက်နေသော ကိုင်းကြီး၊ ကိုင်းငယ်တိုင်း၌ တွဲရဲရွဲဆွဲနေကြသည်။

ထို့ကြောင့် ဘအုံ့ထည်သည်အသင့်ယူဆောင်လာသော အိမ် ပျော့ခြင်းထဲမှ သစ်မာဆူးတစ်ချောင်းကို ထိုအင်တွဲပင်ကြီး၏ လက် တစ်ကမ်း ပင်စည်ထဲ ရိုက်သွင်းလိုက်၏။

ဘအုံ့ထည်ရိုက်သွင်းလိုက်သော သစ်မာဆူးချောက်သည်သစ် သားအချင်းချင်းပင်ဖြစ်သော်လည်း ပျော့ညံ့သော အင်ပင်သားထဲ

www.burmeseclassic.com

www.burmeseclassic.com



သို့ မညှာမတာ စူးဝင်သွား၏။ သို့သော် သစ်မာဆူးချောက်၏အ ဖျားမှာ ပို၍မာရေကျောရေ နိုင်အောင်မီးမြှိုက်ထားသဖြင့်သံဆူး သံမှိုများကဲ့သို့ အင်တွဲသား အစိမ်းထဲ အချိန်ကြာကြာစွဲစုပ်နေနိုင် ခြင်း အစွမ်းသတ္တိတော့မရှိပေ။

ဤသစ်မာဆူးများမှာအတက်တုန်းက ရိုက်ထားခဲ့သော်လည်း အဆင်းတွင် တစ်ချောင်းမကျန်ပြန်နုတ်ယူရမည်ဖြစ်သဖြင့် ချွတ်နုတ် မရအောင်စွဲနေ၍မဖြစ်။ အချိန်အဆနှင့် လက်မှန်းရိုက်ချရ၏။

ဤသို့အင်တဲပင်ပေါ် ဆူးရိုက်တက်ရာ၌သစ်မာဆူးများအပြင် ဝါးဆူးများကိုလည်း သုံး၍ရသည်။ သံဆူးသံချွန်များကို မသုံးဘဲသစ် ဆူး၊ ဝါးဆူးများကိုသာ သုံးခြင်းမှာ သစ်ဆူး၊ ဝါးဆူးအချောင်း ၂၀ -၃၀ ကိုထမ်းပိုးသယ်ယူရာ၌ ပေါ့ပါးလွယ်ကူသလိုပြန်နုတ်ချွတ်ယူ ရာ၌လည်း လွယ်ကူသဖြင့် တမင်ရွေးသုံးထားခြင်းဖြစ်သည်။

သစ်မာဆူး၊ ဝါးဆူးမဟုတ်ဘဲ သံဆူး၊ သံချွန်သာဆိုလျှင် သစ် စိမ်းပင်စည်ထဲ အချိန်ကြာကြာ ရိုက်သွင်းထားသဖြင့် အလွယ်တကူ နုတ်ယူမရဖြစ်တတ်သည်။ သစ်ဆူး၊ ဝါးဆူးတို့မှာမူ အချွန်ဖျားများ ကို မီးမြှိုက်ထားသဖြင့် အချိန်ကြာကြာ စွဲစုပ်ထားနိုင်ခြင်း သတ္တိ မရှိတော့ပေ။ ထို့ကြောင့်လည်း အင်တွဲ၊ ပွဲ့လျက်ရှာသူများမှာ သံ ဆူး၊ သံချွန်များကို မသုံးဘဲ သစ်ဆူး၊ ဝါးဆူးများကိုသာ သုံးစွဲကြခြင်း ဖြစ်လေသည်။

အင်တွဲပင်စည် လက်တစ်ကမ်းတွင် သစ်မာဆူးတစ်ချောင်း ရိုက်ပြီးသွားသောဘအံ့ထည်သည် ထိုဆူးကိုတွယ်တက်၍ နောက် ထပ်လက်တစ်ကမ်းအမြင့်ရှိအင်တွဲပင်တွင်သစ်မာဆူးတစ်ချောင်း



ရိုက်ပြီးသောအခါ နောက်ထပ် သစ်မာဆူးတစ်ချောင်းကိုထပ်ရိုက် ၍ အင်တွဲပင်ပေါ်သို့ အဆင့်ဆင့်တက်သွားလေသည်။

အင်ပင်တို့၏ သဘောမှာ အောက်ခြေပင်စည်၌ အကိုင်းအ ခက်များရှင်းပြီး ချောနေသဖြင့် အပေါ်အမြင့်ကို တက်လိုလျှင်ဤ သို့ပင် သစ်မာဆူး၊ ဝါးဆူးများရိုက်ပြီးတက်ရ၏။ သစ်မာဆူး ၁၅- ဆူးလောက်ရိုက်တက်ပြီးသောအခါ ဘအံ့ထည်မှာခက်လက်ဝေဆာ ၍ အင်တွဲလက်တံရှည်များသွယ်ဖြာကျနေသော အင်တွဲပင်ကြီးပေါ် ရောက်သွားလေသည်။

အင်တွဲပင်ကြီးပေါ်ရောက်သွားသောဘအံ့ထည်ကလက်လှမ်း မီရာ အင်တွဲလက်တံတိုရှည်များကို တစ်ခုပြီးတစ်ခု ချိုးဖဲ့ခုးဆွတ်ချ သည်။ ဘအံ့ထည်က ထိုသို့ချိုးဖဲ့ခူးဆွတ်ချနေစဉ် နောက်ကအင်တွဲ ကောက်လိုက်လာသော အောင်မောင်းမှာ ဘအံ့ထည်ရှိရာ အင်တွဲ ပင်ကြီးအောက် ခြင်းကြားတစ်လုံးနှင့် ရောက်လာလေ၏။

အင်တွဲပင်ကြီးအောက်ရောက်လာသော အောင်မောင်းသည် ဘအံ့ထည်ရှိရာ အင်တွဲ၊ ပင်ကြီးပေါ်တစ်ချက်မော့ကြည့်ပြီး ဘအံ့ ထည်ချိုးဖဲ့ပစ်ချထားသော အင်တွဲလက်တံရှည်များကို စည်းသင့်တာ စည်း၊ စုသင့်တာစု၊ ခြင်းကြားထဲ ကောက်ထည့်သင့်တာ ကောက် ထည့်နှင့် အင်တွဲပင်ကြီးအောက်တွင် အလုပ်ရှုပ်လျက်ရှိလေ၏။

“မြေးရေ. . . တံချူကမ်းစမ်းဟေ့”

လက်လှမ်းမမီသောကိုင်းဖျား၊ ကိုင်းနားအောက်ရှိအင်တွဲလက် တံတို ရှည်များကို တံချူနှင့်လှမ်းခတ်၊ ဆွဲချိတ်ချရန် ဘအံ့ထည်က ဘံချူ လှမ်းတောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းသည် ဘအုံ့ထည် ရိုက်နှက် စိုက်ထားခဲ့သော အင်တွဲပင်ကြီးမှ သစ်မာဆူးများအား တွဲခိုတက်၍ ဝါးတင်းပိတ်အမာဖျားတွင် သံချိတ်တပ်ထားသော တံချူကိုကမ်းပေးလိုက်၏။

အောင်မောင်း ကမ်းပေးလိုက်သော တံချူနှင့်ပင် ဘအုံ့ထည်သည် အင်တွဲပင်ကိုင်းဖျား၊ ကိုင်းနားအောက်ရှိ တွဲရရွဲဆွဲကျနေသော အင်တွဲလက်တံတိုရှည်များကို တစ်ခုပြီးတစ်ခု ဆွဲချိတ်ရိုက်ခတ်ချနေလေသည်။ ဘအုံ့ထည် ရိုက်ခတ်ချလိုက်သော တစ်တောင်တစ်မိုက်ရှည် အင်တွဲ ချောင်းများသည် တဖြောင်းဖြောင်း တဖြောက်ဖြောက်နှင့် အောက်သို့ကြွေကျလာကြ၏။

အပေါ်မှကြွေကျလာကြသော အင်တွဲလက်တံတို ရှည်များကို အောင်မောင်းက တစ်ခုစီ၊ တစ်ချောင်းစီ လိုက်ကောက် စုစည်းရသည်။

အင်တွဲပင်ကြီးပေါ်တွင် အင်တွဲလက်တံတိုရှည်များ ရှင်းသွားသောအခါ ဘအုံ့ထည်သည် ရှိကနဲ တံချူကိုပစ်ချလိုက်ပြီး အင်တွဲပင်ပေါ်ကဆင်းလာ၏။ အင်တွဲပင်ပေါ်တက်စဉ်က ရိုက်စိုက်ထားခဲ့သော သစ်မာဆူးများကိုမူ ဘအုံ့ထည်က တစ်ချောင်းမကျန် ပြန်နုတ်ယူလာသည်။

သစ်မာဆူးများစရိုက်ထားခဲ့စဉ်ကပင် လူတစ်ယောက်အလေးချိန်နှင့် တွယ်ခိုတက်နိုင်ရုံသာဖြစ်သဖြင့် ဆူးပြန်နုတ်ရသည်မှာ ဘအုံ့ထည်အတွက် အခက်အခဲ လုံးဝမရှိပေ။ အင်တွဲ ပင်စည်ထဲရိုက်စိုက်ထားသော သစ်မာဆူး ၁၀-ချောင်းကို ခဏချင်း ပြန်နုတ်ယူလာနိုင်ခဲ့သည်။



အကယ်၍ လုပ်သက် အတွေ့အကြုံ နည်းပါးသော အောင်မောင်းသာဆိုလျှင် လက်အချိန်အဆမမှန်သဖြင့် အချို့ဆူးများကို ပြန်နုတ်မရနိုင်ဘဲ ရှိတတ်သည့်အပြင် ရိုက်ဆူးများကလည်း လူတစ်ယောက်၏ အလေးချိန်ကို မခံနိုင်ဖြစ်ကာ အင်တွဲပင်ပေါ် စတက်စဉ်ကပင် ကျွတ်ကျ၊ ပြုတ်ကျနိုင်လေသည်။

အင်တွဲပင်ပေါ်တက်ရင် ရိုက်ဆူးအချိန်အဆမမှန်၍ဝေသီမြင့်ခေါင်သော အင်ပင်ကြီးပေါ်မှ ရိုက်ဆူးပြုတ်ကျလျှင်တော့ အင်တွဲရှာသူ၏ အသက်မှာ မြေပြင်သို့ပင် ရောက်နိုင်စရာမရှိဘဲ လမ်းခုလတ်၌ပင် အသက်ထွက်သွားနိုင်လေသည်။

ထို့ကြောင့်အင်တွဲပင်ပေါ် ဆူးရိုက်တက်ပြီး အင်တွဲဆွဲချိတ်ရိုက်ခတ်ချရသော အလုပ်ကို ဘအုံ့ထည်က မြေးအောင်မောင်းအား မနိုင်းဝံ့၊ မခိုင်းရဲသေးဘဲ သူကိုယ်တိုင်တက်လုပ်နေခြင်း ဖြစ်လေ၏။

ဘအုံ့ထည်နှင့် အောင်မောင်းတို့ ဤသို့ အင်တိုင်း တောထဲ၌ အင်တွဲ၊ ပွဲ့လျက်ရှာနေကြစဉ် တစ်နေ့တာ၏ အချိန်မှာလည်း ညနေသုံးဗိုလ်ခတ် (မွန်းစောင်းပြီးသုံးနာရီ) အချိန်သို့ ရောက်လာပြီးဖြစ်ရာ စခန်းသို့ပြန်ရန် စိုင်းပြင်းကြရပြန်သည်။

သူတို့ အင်တွဲ၊ ပွဲ့လျက် ရှာနေကြသော ဤနေရာမှာ တောတောင် ထူထပ်သလို ကျား၊ သစ်၊ ဝံ၊ ဆင်စသည့် တောတိရစ္ဆာန်တို့၏ အန္တရာယ်ကလည်းထူပြောလှရာ သူတို့မှာ နေညိုသွားသည်နှင့် ဘစ်ပြိုင်နက် စခန်းသို့ ပြန်လာကြရလေသည်။

စခန်းသို့ပြန်ရောက်မှ ညနေစာကို ချက်ပြုတ်စားကြရမည်ဖြစ်သဖြင့် လမ်းကြုံရာတွင် တွေ့ရှိရသော ကြိမ်ခါးဖူး၊ ကြောင်ပွယ်နုး၊

www.burmeseclassic.com

www.burmeseclassic.com



ရုံးညွှန့်၊ သဘော်ညွှန့်၊ စင်ပြွမ်းသီးစသည့် ဟင်းသီး ဟင်းရွက်များ ကိုလည်း အပြန်တွင် ခူးဆွတ်ယူလာကြရလေသည်။

* * * * *

## အခန်း (၅)

ညနေစာ ထမင်းစားပြီးကတည်းကပင် ဘအုံ့ထည်နှင့် ဦးရွှေ သီးတို့က ဆေးတံကိုယ်စီခဲ၍ မှေးနေကြ၏။

လူငယ်နှစ်ယောက်ဖြစ်ကြသော အောင်မောင်းနှင့်စိန်အေးတို့ ကတော့ သူတို့၏ တစ်နေ့တာ·တောအတွေ့အကြုံနှင့် အင်တွဲ၊ ပွဲ လျက်ရှာ အတွေ့အကြုံများကို တစ်ယောက်တစ်လှည့်စီ ပြန်ပြော ပြ၍ ပညာဖလှယ်နေကြသည်။

မိုးချုပ်သွားပြီးဖြစ်သဖြင့် အင်တိုင်းတောကြီးသည် ပို၍မှောင် မည်းလာသည်။ ပုစဉ်းရင်ကွဲနှင့် ပိုးကောင် မွှားကောင်များ၏ ထ စီးစီး အော်မြည်ကြသံတို့မှာ ဟိုမှသည်မှ ညံလာသံည်။

လဆုတ်ပက္ခ ဖြစ်သဖြင့် ဆန်းစသော်တာကို မမြင်ကြရ။ သို့ ...ယ် လင့်တဲကြမ်းခင်းပြင်တွင် ပက်လက်လှန် လဲလျောင်းကာ ေ ဂ...းစမြည် ပြောဆိုနေကြသော သူတို့ခေါင်းပေါ် ငွေကြယ်ပွင့်တ



လေးများ တစ်ပွင့်ပြီးတစ်ပွင့်တစ်လုံးပြီးတစ်လုံးရောက်လာကြသည်။

သစ်ပင်ကိုင်းခက်ရွက်လက်ရိုးတံညို အကြိုအကြားမှတလက် လက် တောက်ပနေကြသော ငွေကြယ်ပွင့်ကလေးများကို မော့ကြည့် ကာ အောင်မောင်းက စိန်အေးအား "သည်နေ့ မင်းတို့အဖွဲ့ကဘာ များ ထူးထူးခြားခြားတွေ့ကြုံခဲ့ရသေးလဲကွ" ဟု မေးလိုက်၏။

"သည်နေ့လား"

"အေး"

"သည်နေ့မြွေကြီးတစ်ကောင်ငါးအိုင်ပက်နေတာမြင်ခဲ့ရတယ်"

"ဟေ့. . . ဟုတ်လား. . . ပြောစမ်းပါဦးကွ၊ မြွေကြီးက ဘယ် သိုလုပ် ငါးအိုင်ပက်တာလဲ"

စိန်အေးက မြွေကြီးတစ်ကောင် ငါးအိုင်ပက်နေတာ မြင်ခဲ့ရ သည် ဆိုသဖြင့် အောင်မောင်း၏ မျက်နှာက စိန်အေးဘက် ချက် ချင်းလှည့်လာသည်။

"မနေ့က ပျဉ်းမချောင်းဖျားမှာအင်တွဲချုမကုန်ခဲ့တဲ့အင်ကြင်း ပင်ကြီးတစ်ပင် ကျန်နေခဲ့တာကိုးကွ၊ အဲဒီ အင်တွဲလက်တံတွေကို သည်ကနေ့ ဆက်ချုကြရအောင်သွားတော့ စမ်းဖျားလဲရောက်ရော သူတွေငါးအိုင်ပက်နေသလို ရေတွေတဗွမ်းဗွမ်း ပက်ထုတ်နေတဲ့အ သံကိုကြားရတယ်။ ငါကဦးလေး ဦးရွှေသီးကို ဘာသံလဲဦးလေးလို့ မေးတော့ ဦးလေးဦးရွှေသီးက သေသေချာချာ နားထောင်ကြည့် တယ်။ ခဏကြာတော့ ဦးလေးဦးရွှေသီးက ဒါမြွေကြီး တစ်ကောင် ကောင် ငါးအိုင်ပက်နေတဲ့ အသံပဲကွ၊ စပါးကြီးမြွေဆိုရင်တော့ ကောက်ပြီ၊ ဒူးလေးနဲ့ပစ်ဖမ်းပြီး စပါးကြီးသည်းခြေယူကြရအောင်ဆို

www.burmeseclassic.com



ပြီး ရှေ့ကသွားတာပဲ။ ငါလဲ ဒူးလေးကို မောင်းတင်ပြီး ဦးလေးဦး ရွှေသီး နောက်လိုက် လိုက်ရတယ်"

"အေးပြောပါဦး"

"အနားလဲရောက်ရော စပါးကြီးမြွေ မဟုတ်ဘူးကွ၊ ငါ့လက် မောင်းလောက်ရှိတဲ့ ငန်းမြွေကြီးမှန်း မြင်ရတယ်။

"အဲဒီငန်းမြွေကြီး ဘယ်လိုငါးပက်နေတာလဲဆိုတာ မင်းသေ သေချာချာ မြင်နေရတယ် ဆိုပါတော့"

"ဟ. . . မြင်ရတာပေါ့ကွ"

"ဘယ်လိုပက်နေလဲ သေသေချာချာပြောစမ်းပါ၊ ငါတော့တစ် ခါမှ မမြင်ဖူးသေးလို့"

"သည်လိုကွ၊ စမ်းဖျားအိုင်ဆိုတော့ ရေက သိပ်မရှိတော့ဘူး အဲဒီအိုင်နားမှာ ရှိတဲ့သစ်ပင်နှစ်ပင်ကို မြွေကြီးက တစ်ပင်မှာခေါင်း ဘက်ပတ်၊ တစ်ပင်မှာအမြီးဘက်ပတ်ပြီး၊ အလယ်ပိုင်းနဲ့ ပုခက်ပွေ သလို လွှဲလွှဲပြီး ရေအိုင်ထဲကရေတွေကို ပက်ထုတ်နေတယ်။ အိုင် ထဲက ရေခန်းသွားရင် ငါးတွေကို သူစားလိမ့်မယ်လို့ ဦးလေးဦးရွှေ သီးက ပြောတယ်"

"မြွေကြီးက ငါးပက်ပြီးစားတာကိုတော့ မင်းမမြင်ခဲ့ရဘူးပေ့"

"ငါ့ကတော့စောင့်ကြည့်ချင်သားကွ။ ဒါပေမယ့် ဦးလေးဦးရွှေ သီးက သည်းခြေရမယ့် မြွေလဲမဟုတ်တော့ အချိန်ကုန်ခံပြီး ကြည့် မနေနဲ့တော့ကွာ။ တို့မနေ့က ကျန်နေသေးတဲ့ အင်တွဲလက်တံသေ သာ သွားချုကြရအောင်ဆိုတာနဲ့ ငါလဲ ဦးလေးဦးရွှေသီး နောက် လိုက်လာရတယ်၊ တို့ခြေလှမ်းအတော်များများထိ မြွေကြီးငါးပက်



နေသံကို ကြားနေရသေးတယ်။ ဦးလေးဦးရွှေသီး ပြောသလို ငန်း မြွေကြီးဟာရေခန်းပြီး ငါးရတဲ့အထိ ပက်နေမှာတော့အမှန်ပဲ"

"အေးကွ၊ ငါတော့အဘိုးနဲ့ တောထဲ အင်တွဲပွဲ့လျက်ရှာလိုက် နေတာ သုံးလေးနှစ်ရှိပြီ၊ ငန်းမြွေတွေ ငါးအိုင်ပက်တာ တစ်ခါမှမျက် မြင်ကိုယ်တွေ့ မကြုံဖူးသေးဘူး။ ခု မင်းပြောမှ ကြားဖူးတယ်"

"မင်းအဘိုးက မပြောပြဘူးလား"

"မပြောပြဖူးကွ၊ အဘိုးလဲမတွေ့ဖူးလို့ နေမှာပေါ့"

"ဟာ . . . ဘယ်မတွေ့ဖူးပဲရှိမလဲကွ။ မင်းအဘိုးကြီး သည် တော သည်တောင်တွေမှာ အင်တွဲ၊ ပွဲ့လျက်ရှာလာတာ နှစ်ပေါင်း သုံးလေးဆယ် ရှိရောပေါ့။ တွေ့ဖူးမြင်ဖူးမှာပေါ့"

"မထင်နဲ့ကွ၊ တောအတွေ့အကြုံ ဆိုတာ နှစ်ပေါင်းဘယ် လောက်ကြာကြာ ကြုံကြိုက်မှတွေ့ဖူးတာ။ သည်လို ထူးထူးဆန်း ဆန်း အဖြစ်အပျက်တွေဆိုတာလဲ သုံးလေးနှစ်ကြာမှ တစ်ခါတစ် လေဖြစ်တဲ့ ကိစ္စဆိုတော့ တွေ့ဖို့ခဲယဉ်းသားပဲ။ တခြားမကြည့်နဲ့၊ ဟိုတစ်နေ့က တို့မြေးအဘိုးကြုံခဲ့၊ တွေ့ခဲ့ကြတဲ့ဝက်ဝံမကြီး ပျားဖွပ် စားနေတာကျတော့ မင်းတို့ ငါ့တို့လို တောထဲတောင်ထဲ သုံးလေးနှစ် ရောက်ဖူးပေါက်ဖူးသူမပြောနဲ့ တောထဲတောင်ထဲမှာ နှစ်ပေါင်းနှစ် ဆယ်ကျော် အင်တွဲ၊ ပွဲ့လျက်ရှာပြီး မုဆိုးအလုပ်လဲ ဝါသနာပါတဲ့ ဦးလေးဦးရွှေသီးတောင် တစ်ခါမှ မမြင်ဖူးလို့အဘိုးနဲ့ ငါတို့ပြောပြ တာကို အံ့အားတကြီး နားထောင်နေတာပဲ ကြည့်တော့"

"အေးကွ၊ မင်းပြောတာလဲဟုတ်ပါရဲ့၊ တောတွင်းအတွေ့အကြုံ ဆိုတာ တောထဲ နေတိုင်းလဲမဟုတ်ပါဘူး၊ ကြုံဖူးတဲ့လူမှ ကြုံကြ

www.burmeseclassic.com

www.burmeseclassic.com



တာကလား။ တချို့မုဆိုးတွေဆို တောထဲနေ့တိုင်းသွားနေရဲ့နဲ့ တောဆင်ရိုင်း မတွေ့ဖူးတဲ့ မုဆိုးတွေ၊ ကျား မပစ်ဖူးတဲ့ မုဆိုးတွေလဲရှိတယ်တဲ့။ အံ့သြစရာပဲနော်"

"မအံ့သြနဲ့လေကွာ၊ တောအတွေ့အကြုံဆိုတာတမင်လုပ်လို့ရတာမှ မဟုတ်တာ၊ ကြုံမှ၊ တွေ့မှ၊ မြင်ဖူးကြတာကိုး"

"အေးလေ" ဟုဆိုကာ စိန်အေးသည်သူ့ခေါင်းရင်းရှိ အင်ပင်ကိုင်း တစ်ကိုင်းတွင် ဆွဲချိတ်ထားသော ကြသောင်း ဝါးရေကျည်တောက်ကို ထဖြုတ်ပြီး ရေသောက်လိုက်သည်။

စိန်အေး ရေသောက်ပြီးသောအခါ လူငယ်နှစ်ယောက်မှာ တောအကြောင်း တောင်အကြောင်း၊ တောတိရစ္ဆာန်များအကြောင်းစကား ဆက်ပြောဖြစ်ကြပြန်သည်။

သူတို့နှစ်ယောက်မှာ ဤသို့နေ့စဉ်လိုလိုပင် တောအကြောင်း တောင်အကြောင်း တောတိရစ္ဆာန်များ အကြောင်းကို တစ်ထောင့်တစ်ညပုံပြင်ပမာ ပြောကြပြီးမှ အိပ်လေ့ ရှိကြသည်။

သက်ရှယ်ကြီးရင့်၍ တောအတွေ့အကြုံ တော်တော်များများတွေ့ဖူးကြုံဖူးထားကြသော ဘအုံ့ထည်နှင့် ဦးရွှေသီးတို့ကမူ သူတို့လင့်စင်ဘေးနားရှိ အင်ကြင်းပင်ကြီးပေါ်က ဇီးကွက်ကြီး လင်မယားနှစ်ကောင် မြည်သံနှင့်အတူ တခေါ်ခေါ် အိပ်မောကျနေကြလေပြီ

* * * * *



## အခန်း (၆)

ဤနေ့အင်တွဲရှာရာမှ ပြန်လာကြသော ဘအုံ့ထည်နှင့်အောင်မောင်းတို့ စခန်းတဲနားသို့ ရောက်လာကြသောအခါ ဘယ်အချိန်ဘယ်အခါကပင် တဲစခန်းနားသို့ပြန်ရောက်နေကြမှန်း မသိသော ဦးရွှေသီးနှင့်စိန်အေးတို့ကို အတော်ဝေးဝေးကပင် လှမ်းမြင်နေရ၏။

ဦးရွှေသီးနှင့် စိန်အေးတို့သည် လင့်စင်တဲအောက်၌မီးတစ်ဖိုဖိုကာ အကောင်ဗလောင် တစ်ကောင်ကောင်ကို ကျပ်ကင်တိုက်မီးမြှိုက်ရန် စိုင်းပြင်းနေကြသည်။

"ဟော့ - ရွှေသီး၊ ဘာလဲကွ"

လင့်စင်တဲအောက်ရောက်သောအခါ ဘအုံ့ထည်သည် ထမ်းပိုးယူဆောင်လာသော အင်တွဲလက်တံရှည်စည်းကို ပစ်ချ၍ ဦးရွှေသီးဘက်လှည့်မေးလိုက်၏။ ထိုအခါ အောင်မောင်းမှာလည်း ဘအုံ့ထည်နည်းတူ အင်တွဲခြင်းကိုချပြီး စိန်အေးဘက်ကို စိတ်ဝင်တစား လှမ်းကြည့်နေသည်။

"အပြန်လမ်းမှာဖွတ်ကြီးတစ်ကောင်မိလာလို့၊ ကျပ်ကင်ဖို့လုပ်နေကြတာ အစ်ကိုကြီး"

ဦးရွှေသီး၏ဂုဏ်ယူဝင့်ကြွားသောအပြောနှင့် မျက်နှာသွင်ပြင်တို့၏ အနေအထားကို မြင်ရသော ဘအုံ့ထည်၏ စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားသည်။

ဘအုံ့ထည်သည် ဦးရွှေသီးနှင့် စိန်အေးတို့ ရှာဖွေ ယူငင်လာကြသော လင့်စင်အောက်မှ အင်တွဲပုံကိုလှမ်းကြည့်မိသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေသီးနှင့် စိန်အေးတို့ကို ပိုပြီး စိတ်ထဲက မျက်ချင်သွားသည်။

သည်ကောင်နှစ်ကောင်သည် အင်တွဲပွဲ့လျက်ကို အဓိကထား ပြီးမရှာဖွေဘဲ အကောင်ဗလောင်များကိုသာ တစ်နေ့လုံး လျှောက် ပစ်လျှောက်ရှာနေခဲ့ကြသည်ကိုလည်း ဘအံ့ထည်သည် သူတို့ရှာ ဖွေသယ်လာခဲ့ကြသော အင်တွဲပုံကိုမြင်ကတည်းက သိနှင့်သွား ဖြစ်သည်။

ဦးရွှေသီးမှာ မုဆိုး၊ တံငါအလုပ်ကို အလွန်ဝါသနာကြီးသူ ထမင်းဟင်းစားရာ၌လည်း သားငါးမပါလျှင် စားချင်သူ မဟုတ် ထို့ကြောင့် အင်တွဲ၊ ပွဲ့လျက်ရှာရန် တောထဲရောက်လာကတည်း "တောထဲရောက်မှ အစုံမယ်မှန်းလာတာ၊ ခုတော့တောထဲရော မှ ပိုတောင်အူခြောက်နေပြီ" ဟု ထမင်းစားခါနီး ညည်းတတ်

နောက်ရက်တွေမှာ ဝမ်းတိုက်၏ တောင်းတမှုအာလယကို ရွှေသီးက စမ်းရေအိုင်ထဲတွင် ငါးများ၍လည်းကောင်း၊ ကဏန်း ၍လည်းကောင်း၊ ကြက်ငှက်ရှာပစ်၍လည်းကောင်းဖြေရှင်းတ သည်။ ငါးများ၍လည်းမရ ကဏန်းနှိုက်၍လည်းမရ ကြက်ငှက် ပစ်၍လည်းမရလျှင် နောက်ဆုံးစမ်းချောင်းဘေးကမ်းပါးနေအရှိ ခရုကောင်များကိုတူး၍ ချက်ပြုတ်သောက်စားသူဖြစ်သည်။

ဦးရွှေသီး ရှာဖွေသော ဟင်းလျာများကို စားနေရသော်လည်း အင်တွဲ၊ ပွဲ့လျက်ရှာချိန်ပျက်သဖြင့် ဘအံ့ထည်စိတ်ထဲက မျက် နေသည်။ ဘအံ့ထည် စိတ်ထဲမျက်မည်ဆိုကလည်း မျက်စရာ

ထောနက်အလွန်ကျ၍ အင်တွဲပေါသောဤဒေသတွင် ဦး သီးနှင့် စိန်အေးတို့တစ်နေ့လုံး ရှာဖွေယူလာခဲ့ကြရပါသည်ဆို



အင်တွဲလက်တံတိုရှည်တွေမှာ လေးငါးပိဿခန့်သာ ရှိလေမည်။ အကယ်၍ လုံ့လဝီရိယရှိရှိနှင့်သာ ဤတော ဤတောင်၌ တကယ် ရှာဖွေပါက လူနှစ်ယောက် တစ်နေကုန် ရှာဖွေလာသော အင်တွဲ တွေမှာ အနည်းဆုံး ၁၀ ပိဿ၊ ၁၅ ပိဿလောက်တော့ ရနိုင်လေ သည်။ ဘအံ့ထည်နှင့် အောင်မောင်းတို့ မြေးအဘိုးနှစ်ယောက်ရှာ ဖွေခဲ့ကြသည်နှင့်စာလျှင် ဦးရွှေသီးနှင့် စိန်အေးတို့ ရှာဖွေခဲ့ကြသော အင်တွဲတွေမှာနည်းနေသဖြင့် ဘအံ့ထည်ကခေါင်းဆောင်လုပ်သော ဦးရွှေသီးအား မကျေမနပ်ဖြစ်နေလေသည်။

"အင်တွဲ၊ ပွဲ့လျက်တွေကိုတော့ စိုက်လိုက်မတ်တတ် မရှာကြ ဘဲ ဘာမဟုတ်တဲ့အကောင်ဗလောင်တွေကိုပဲ လျှောက်ရှာပစ်ဖမ်း နေကြတဲ့ အကောင်တွေပါလား" ဟု ဘအံ့ထည်က ဦးရွှေသီးနှင့် စိန်အေးတို့ကို ဆဲဆိုအော်ငေါက်ပစ်လိုက်ချင်သည်မှာတော့ အမှန် ပင်။

သို့သော် တောထဲ တောင်ထဲတွင် အလုပ်တူစီးပွားဘက်ချင်း ကတောက်ကဆတ်ဖြစ်ကြလျှင် လူငယ်နှစ်ယောက်ဖြစ်သောအောင် မောင်းနှင့် စိန်အေးတို့မှာ အနေကျုံ့ကြမည်စိုး၍ ဦးရွှေသီးအားဘာ မျှ မပြောတော့ဘဲ ကိုယ်လက်သန့်စင်ရန် စမ်းပေါက်ဘက်သို့သာ ဆင်းလာလေသည်။

ဦးရွှေသီး၊ စိန်အေးနှင့်အောင်မောင်းတို့ကတော့ ဖွတ်ကောင် ကို ကျပ်တင်တိုက်လျက်လင့်စင် အောက်၌ပင် ကျန်ရစ်ခဲ့ကြသည်။

ဦးရွှေသီးတို့ ဖွတ်ရလာသည်ကို ဘအံ့ထည်ကသာ စိတ်အမ တွေ့သော်လည်း ဘအံ့ထည်၏ မြေးကြီး၊ မြေးချစ်အောင်မောင်းက

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖွတ်ကြီးကို ဦးရွှေသီးတို့ ဘယ်ပုံဘယ်နည်းရလာခဲ့ကြသည်ကို မေးမဆုံး၊ မြန်းမဆုံးဖြစ်နေ၏။

"ဟေ့ကောင်- ဒီဖွတ်ကြီးကိုဘယ်လိုရလာတယ်ဆိုတာ ညနေကျမှ အေးအေးဆေးဆေးပြောပြပါ့မယ်။ ခုလောလောဆယ်မှာ ထမင်းမြန်မြန်ချက်ဖို့နဲ့ ဖွတ်သားမြန်မြန်ကျက်ဖို့ပဲ အရေးကြီးတယ်။ ကဲ- ခုရေတစ်ကျည်တောက်လောက် မြန်မြန်သွားခွဲလိုက်ပါဦးကွ"

ဦးရွှေသီးက ရေတစ်ကျည်တောက်လောက်သွားခွဲလိုက်ပါဦး ဟုဆိုသဖြင့် အောင်မောင်းသည် ဝါးကျည်တောက်ကိုဆွဲကာ စမ်းချောင်းဘက် ပြေးချလာသည်။

"လူလေး ဟိုနှစ်ယောက်ဘာလုပ်နေကြလဲ"

ရေခပ်ရန်ဆင်းလာသော အောင်မောင်းအား ရေချိုးနေသော ဘအုံထည်က လှမ်းမေး၏။

"ဖွတ်ကင်နေကြတယ်အဘိုး၊ ကြိမ်ခါးဖူးနဲ့ဖွတ်သား ရောချက်ကြမလို့တဲ့"

"ဟုတ်လား ညှော်လိုက်တာလဲ သောက်ရမ်းပါလားကွ၊ တောထဲတောင်ထဲအညှော် အဟောက်တွေသိပ်မလုပ်ကြပါနဲ့၊ ကြိမ်ခါးဖူးနဲ့ ရောချက်မှာ ဆိုတော့ မီးမြှိုက်ပြီးရင် တော်ရောပေါ့ကွာ"

"ဟုတ်ကဲ့အဘိုး"

အောင်မောင်းက ဤမျှသာ ပြန်ပြောပြီး လင့်စင်ရှိရာသို့ ပြန်လာသည်။

"ဦးရွှေလေး၊ အဘိုးက အညှော်အဟောက်တွေ တောထဲတောင်ထဲ သိပ်မလုပ်ရဘူးတဲ့၊ ကြိမ်ခါးဖူးနဲ့ရောချက်မယ်ဆိုရင် မီးမြှိုက်ပြီး



တော်ရောတဲ့"

"မင်းအဘိုးကနေရင်းထိုင်ရင်းဩဇာချည်းပဲကိုကွ၊ဖွတ်ကြီးတစ်ကောင်ရလာလို့ မြိန်ရေယှက်ရေလွေး ရပြီမှတ်နေတာ၊ ပစိပစပ်လုပ်နေပြန်ပြီ။ ဒီလောက်ကြီးတဲ့ ဖွတ်ကောင်ကြီးကိုကင်မထားလို့ တစ်နေ့ထဲနဲ့ကုန်အောင် သူစားမလားမေးကြည့်စမ်း"

ဦးရွှေသီးက သူ့အဘိုး၏စကားကို အလိုမကျမှုန်း သိသဖြင့် အောင်မောင်းမှာ နောက်ထပ်ဘာမျှပြန်မပြောတော့ဘဲ ညနေစာထမင်းချက်ရန်အတွက်သာ ဆန်ဆေးနေ၏။

ဦးရွှေသီး ပြောသည်မှာလည်း တကယ်တော့ သဘာဝကျပါသည်။ သူတို့မှာတောထဲ၌တစ်ပတ်ကျော်ကြာလာကြပြီဖြစ်ရာ အသားဟင်းမစားရသည်မှာ ကြာပြီ။ တစ်နေ့လာလည်း ရှုံ့ဟင်း၊ တစ်နေ့လာလည်း ကြောင်စွယ်နု၊ တစ်နေ့လာလည်း ကြိမ်ခါးဖူး၊ တစ်နေ့လာလည်း စင်ပြွမ်းသီးတို့နှင့် တောဟင်း၊ တောင်ဟင်းတွေကိုချည်း စားနေကြရသည်မှာ နပ်ချင်းငြီးနေကြပြီ။ ထို့ကြောင့် ယနေ့၌ အင်တွဲ ပွဲ့လျက်မရှာဘဲ တောထဲတွင် အကောင်ဗလောင်ကိုသာ ရှာခဲ့ကြသည်။

ကံအားလျော်စွာ ဖွတ်တစ်ကောင်ကို တွေ့သဖြင့် ဒူးလေးနှင့် ပစ်ဖမ်းယူလာခဲ့ကြ၏။ ဖွတ်ကြီးမှာ နှစ်ပိဿနီးပါးခန့်ရှိသော ရွှေဘူမျိုးဖြစ်သဖြင့် ညနေစာကို ကြိမ်ခါးဖူးနှင့် တစ်ဝက်ရောချက်မည်။ ကျန်တစ်ဝက်ကို နက်ဖြန်သန်ဘက်စာအတွက်ကင်ထားရန်ဖြစ်လေသည်။

အမဲဟင်းလျာရှားပါးနေချိန်တွင် ရတောင့်ရခဲဖွတ်ကြီးတစ်

www.burmeseclassic.com

www.burmeseclassic.com



တောင်ရလာသည်ကို ဝမ်းမြောက်ဝမ်းသာ အမူအရာ မပြဘဲ ခပ်တည်တည်လုပ်နေသော ဘအံ့ထည်ကို ဦးရွှေသီးနှင့် စိန်အေးတို့မှာ စိတ်ထဲမကျေနပ်ကြ။ လူကြီးဖြစ်နေ၍သာ သည်းခံနေကြသော်လည်း စိတ်ထဲ အောင့်သက်သက်ဖြစ်သွားကြသည်။

ဘအံ့ထည်ရေချိုးပြီး၍ စမ်းချောင်းထဲကတက်လာချိန်မှာ နေလုံးနီနီသည် တောင်တန်းမြင့်ဖျားဆီ ရောက်နေလေပြီ။

"ဟဲ့- မင်းတို့ဖွတ်ကင်ကလဲ ခုထိမကျက်ကြသေးဘူးလားဟ။ ညှော်လိုက်တာလဲသောက်ရမ်းပဲ။ နေညိုနေပြီလေ ရေချိုးကြပါလား အတော်ကြာလင့်တက်ချိန်ပဲရောက်တော့မယ်၊ ခုထိထမင်းဟင်းမချက်ရသေးရင်လဲ လင့်ပေါ်ရောက်မှ ချက်ရင်ရတာပဲ"

ဖွတ်ကင်နေကြသော ဦးရွှေသီးတို့ဘက်မျက်စောင်းတစ်ချက်လှမ်းထိုးပြီး ဘအံ့ထည်က မာန်သလိုပြောလိုက်၏။

ဖွတ်ကင်ကိုအရေခွံခွာဆုတ်နေကြသော ဦးရွှေသီးနှင့်စိန်အေးတို့က ဘအံ့ထည်အားဘာမျှပြန်မပြောကြဘဲ ဖွတ်ကောင်ကိုသာဆက်လက်ကင်ထားခဲ့ကြကာစမ်းချောင်းထဲ ရေချိုးရန်ဆင်းသွား၏။

"ငါမြေးလဲ ရေသွားချိုးတော့လေ၊ ခုထိ ထမင်းဟင်း မချက်ရသေးဘူးဆိုရင် လင့်ပေါ်ရောက်မှချက်တော့၊ မိုးချုပ်သွားလို့ လင့်တက်နောက်ကျရင် မကောင်းဘူး"

ညနေစာ ထမင်းချက်ရန် ဆန်ဆေးနေသော အောင်မောင်းသည် ဘအံ့ထည်၏ စကားကြောင့် ထမင်းအိုးကို သည်အတိုင်းထားခဲ့ပြီး ဦးရွှေသီးတို့ရှိရာ စမ်းပေါက်ဘက်ဆင်းလာလေသည်။

ဘအံ့ထည်သည် ဦးရွှေသီးနှင့်စိန်အေးတို့ ပစ်စလက်ခတ်



ရေခွံခွာပြီး လွှင့်ပစ်ထားခဲ့ကြသော ဖွတ်ရေခွံများကို တုတ်ချောင်းနှင့် မီးဖိုထဲမှ ထိုးကော်လွှင့်ပစ်နေသည်။

ဦးရွှေသီးနှင့်စိန်အေးတို့ ပစ်စလက်ခတ် လုပ်ထားခဲ့ကြသော ဖွတ်အရေခွံပြားကြီးတွေမှာ အဆီအချွဲ အရွဲရွဲနှင့် တပြင်းပြင်း တဖြစ်ဖြစ်မြည်ပြီး မီးထလောင်နေ၏။ အဆီ အချွဲများသော ဖွတ်အရေခွံကို မီးလောင်သောအခါ ညှော်နံ့တွေမှာ ပတ်ဝန်းကျင်တစ်ခုလုံးမွှန်ထူနေလေသည်။

"တောထဲတောင်ထဲ အင်တွဲ၊ ပွဲ့လျက်ရှာလာတာလဲ အသက်ပဲ လေးဆယ်ကျော် လာပြီ။ ခုထိ တောတောင်ထဲမှာ အညှော်အဟောက်တွေသိပ်မလုပ်ရဘူးဆိုတာ ဒီကောင်ခုထိမသိသေးဘူး"

ဘအံ့ထည်သည် မီးဖိုနားမှ မီးထလောင်နေသော ဖွတ်အရေခွံများကို တုတ်တစ်ချောင်းနှင့် ဆက်ကော်ယက်ထုတ်ပစ်ကာ ဦးရွှေသီးအား တဗျစ်တောက်တောက်မြည်တွန်နေသည်။

ဦးရွှေသီး၊ စိန်အေးနှင့် အောင်မောင်းတို့ စမ်းထဲမှ ရေချိုးပြီးတက်လာကြချိန်မှာ နေလုံးကွယ်သွားပြီးဖြစ်သဖြင့် တောအလုံးမှာ ချက်ချင်း မှောင်ရိပ်သမ်းစပြုလာသည်။ ထို့ကြောင့် ဘအံ့ထည်က သူ့အဖွဲ့သားများကို လင့်တက်ခိုင်းလိုက်၏။

မည်သို့ဆိုစေ တောထဲတောင်ထဲတွင် ဘအံ့ထည်၏စကားကိုတော့ မည်သူကမျှ မပယ်ရှားရ။ ဘအံ့ထည်၏ အမိန့်အတိုင်းအားလုံး လင့်ပေါ်တက်လာကြသည်။ လင့်စင်ပေါ်ရောက်သည်နှင့်ထမ်းပြင်နက် ညနေစာ ထမင်းကို လင့်ပေါ်၌ပင် ချက်ပြုတ်စားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်သားကင် တစ်ဝက်နှင့် ရောချက်ထားသော ကြိမ်ခါးဖူးဟင်းမှာ အလွန်စားကောင်းသဖြင့် ဘအုံ့ထည်ကလည်း ညနေစာကို မြိန်ရေ ရှက်ရေလွေး၏။ ဖွတ်သားကင်၊ ကြိမ်ခါးဖူးချက်နှင့်၊ မြိန်ရေရှက်ရေ လွေးနေသော ဘအုံ့ထည်ကို ဦးရွှေသီးနှင့် စိန်အေးတို့က သရော်သလို ပြောင်သလိုနှင့် "ဘယ့်နှယ်လဲ၊ ကျွန်တော်တို့ရလာတဲ့ ဒီဖွတ်က ဖွတ်ကျားမဟုတ်ဘူး၊ ရွှေတူကြီးဗျ။ အရေခွံတွေများရွှေရောင်လဲ့နေတာ။ ကောင်းတယ်မှုတ်လား၊ စား - စား - ကြိမ်ခါးဖူးနဲ့ဆို သိပ်လိုက် - သိပ်ချို့ပဲ" ဟု ပြောကာ ဦးရွှေသီးကိုယ်တိုင် ခူးခပ်ထည့်ပေး၏။

သူ့အောက်လူငယ်တွေက သူ့ကို သရော်တော်တော်လုပ်နေကြမှန်းရိပ်မိသော ဘအုံ့ထည်ကလည်း "အေး. . . မင်းတို့ဖွတ်ရွှေတူသားကြီးက တယ်ချိုကိုး၊ စားလို့တော့ကောင်းပါရဲ့၊ ညကျရင်အိပ်မှအိပ်ပါ့မလား မသိဘူး" ဟု ပြန်ပြောလိုက်၏။

"ဘာဖြစ်လို့လဲ အဘိုး"

"ဩော်. . . လူကြီးတွေဆိုတော့ ဖွတ်သားစားရင် အကြောတက်တတ်လို့ လကွာ။ ငါ့မြေးရာ. . . "

"အဘိုး အကြောတက်ရင် အောင်မောင်းကိုသာ တစ်ညလုံးနင်းခိုင်းတော့ အဘိုး"

ဘအုံ့ထည်နှင့်အောင်မောင်းတို့ မြေးအဘိုးနှစ်ယောက်စကားထဲ စိန်အေးကဝင်ပါလာ၏။

အမှန်မှာဖွတ်သားစား၍ အကြောတက်မှ မဟုတ်။ လူငယ်နှစ်ယောက်ဖြစ်ကြသော အောင်မောင်းနှင့် စိန်အေးတို့မှာ ဘအုံ့ထည်



နှင့် ဦးရွှေသီးတို့အား လင့်စင်ပေါ်၌ မကြာခဏ နင်းနှိပ်ပေးနေကျဖြစ်သည်။

လူငယ်နှစ်ယောက်မှာ လူကြီးနှစ်ယောက်ကို နင်းနှိပ် ပေးနေကျဖြစ်သလို လူကြီးနှစ်ယောက်ကလည်း လူငယ်နှစ်ယောက်အားတောတွင်းအတွေ့အကြုံဗဟုသုတ ပညာရစရာများကို ပြောပြနေကျဖြစ်လေသည်။

"အေးကွဲ့၊ ဖွတ်သားစားလို့ အကြောတက်ရင် ငါ့မြေးအောင်မောင်းကို ထက်ဖွတ်ရလာတဲ့ မင်းတို့ကို ပိုပြီး နင်းနှိပ်ခိုင်းရမယ်-ဟဲ. . . ဟဲ. . . "

"ဟာ. . . အဘိုးကလဲ၊ ဒါဆို ဘယ်တရားပါ့မလဲ အဘိုးရယ်၊ ကျွန်တော်တို့က ဖွပ်တစ်ကောင်ကိုလဲရအောင် ရှာလာရသေးတယ်။ ဖွတ်သားစားလို့ အကြောတက်ရင်လဲ နင်းနှိပ်ပေးရဦးမယ်ဆိုတော့"

"အစ်ကိုကြီးပြောတာ ဟုတ်တယ်ကွ စိန်အေးရ။ မင်းတို့ငါတို့ဒီဖွတ်သာမရလာခဲ့ရင် အစ်ကိုကြီးလဲဖွတ်သားစားရမှာမဟုတ်ဘူး။ ဖွတ်မစားရတော့ အကြောလဲမတက်တော့ဘူးပေါ့။ ဒီတော့ညကျရင် အစ်ကိုကြီးကို မင်းတစ်ညလုံးမအိပ်ဘဲသာ နင်းနှိပ်ပေးပေတော့တဲ. . . ဟဲ. . . "

ဤစကားကို ဦးရွှေသီးက ဘအုံ့ထည်အပေါ် မကျေမနပ်စိတ်နှင့် အထေ့အငေါ့ ဝင်ပြောခြင်းဖြစ်၏။

သို့သော် ဦးရွှေသီး မည်သည့်သဘောနှင့်ပြောပြော၊ သူပြောသည်မှာ အကျိုးနှင့်အကြောင်း ဆက်စပ်နေမှုနှင့်သဘာဝကျသဖြင့် "ဟုတ်တယ်. . . ဟုတ်တယ် ရွှေသီးပြောတာမှန်တယ်" ဟု

www.burmeseclassic.com

www.burmeseclassic.com



ဘအံ့ထည်က ထောက်ခံလိုက်သည်။

စိန်အေးမှာ ပါးစပ်အဟောင်းသား၊ မျက်နှာစပ်ဖြဲဖြဲနှင့် "ဦးလေး ဦးရွှေသီး ရှေ့နေ၀င်မှ စိန်အေး ထောင်ရောက်တော့တာပဲ။ ဟဲ. . . ဟဲ" ဟုဆိုလိုက်သည်။

လင့်မီးဖိုပေါ် ဆွဲချိတ်ကင်ထားသောဖွတ်ကင်တစ်ဝက်ကို ရယ်ကျဲကျဲနှင့်အောင်မောင်းက မီးထထိုးလိုက်၏။

ဖွတ်ကင်မှ အနံ့အသက်တွေမှာ တထောင်းထောင်းမွှေးညှော်နေရာ ဦးရွှေသီးနှင့်စိန်အေးတို့မှာ နက်ဖြန်သန်ဘက်စာပင် မချန်တော့ဘဲ ထမင်းစားအပြီးရေနွေးကြမ်းနှင့်ပင် မြည်းချင်နေကြသည်။

သို့သော် သားငါး ရှားပါးသော တောတောင်ထဲတွင် နက်ဖြန်သန်ဘက်စာ ဆိုသည်မှာလည်းချန်ထားကောင်းသောအရာမို့ အချင်းချင်းစိတ်ကိုအတင်းမျိုသိပ်ကာ ထမင်းစားပြီးသည်နှင့်တစ်ပြိုင်နက် ဆေးတံခဲကာ ထမင်းလုံးစီနေကြလေ၏။ လမိုက်ညဖြစ်သဖြင့် အင်၊ ကညင်ပင်များ၏ ခက်လက် ရိုးတံညှိအကြိုအကြားမှ ကွက်ကျိုကွက်ကျားမြင်နေရသော စိုးကောင်းကင်မှာ ကြယ်စင်ကြယ်ပွင့်ကလေးတွေက အနှံ့ပြည့်နေသည်။

အနောက်ကသာ သစ်တောထဲ အင်တွဲ၊ပွဲ့လျက်ရှာရောက်နေကြသော ဘအံ့ထည်၊ ဦးရွှေသီး၊ စိန်အေးနှင့် အောင်မောင်းတို့မှာ မိုးပေါ် မော့ကြည့်ရင်းရောက်တတ်ရာရာပြောနေကြရာမှ ညနေစာတ၀တနှင့် စားထားသောဖွတ်သားအရှိန်နှင့် ငိုက်မျဉ်းစပြုလာကြသည်။ ႑

အချိန်မှာ ည ၇- နာရီကျော် ၈- နာရီနီးပါးခန့်ရှိပြီဖြစ်သဖြင့်



က်တို့၏ အော်မြည်သံတွေမှာလည်း တဖြည်းဖြည်း ညံစီလေသည်။

* * * * *

အခန်း (၇)

"ဝါး . . . ဝေါ . . ."

"ဝါး . . . ဝေါ . . ."

က်မျဉ်းနေသော စိန်အေးသည်ထူးထူးခြားခြားတောသံတစ်ခုကြောင့် ရုတ်တရက် လန့်သွားသည်။

"ဒီအသံဟာ ဘာသံပါလိမ့် ခါတိုင်းညတွေမှာလည်း မကြားမိဘူး" ဟု စိတ်ထဲသံသယဖြစ်သွား၏။

စမ်းချောင်းဖျား ကျသောတောနက်ဘက်ဆီမှ တဝေါဝေါအော်မြည်လာသံက ပို၍ကျယ်လာသည်ဟု သူ့စိတ်ထဲမှာ ထင်သည်။

စိန်အေးသည် ရုတ်ခြည်းထထိုင်လိုက်၏။

သေသေချာချာ နားစွင့်ထောင် ကြည့်သည်။ကြားနေသော အသံမှာ စိန်အေးထင်သလို အမှန်တကယ် ကျယ်လောင်လာသည်။

ထိုအခါ စိန်အေးသည် သူနှင့်ကပ်လျက် အိပ်ပျော်နေသော

www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်းကို ပုတ်နှိုးလိုက်သည်။

"အောင်မောင်း ဟော့ကောင်ထစမ်းပါဦးကွ"

စိန်အေးလှုပ်အနှိုးတွင် အောင်မောင်းကလည်းလန့်နိုးပြီးတော့ ထုံးစံအတိုင်း ချက်ချင်းထထိုင်၏။

"စိန်အေး ဘာလဲကွ ဘာဖြစ်လို့လဲ"

"ငါ့နားထဲ ထူးထူးခြားခြား တောဟီသံတစ်ခု ကြားနေရတယ်ကွ။ ဒီ ခုကြားနေရတဲ့ အသံလေကွာ။ ဘာသံလဲ မင်းနားထောင်ကြည့်စမ်း"

အောင်မောင်းသည် အိပ်ချင်မူးတူးနှင့် မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လှုပ်ကာပတ်ဝန်းကျင်ဘယ်ညာကိုလှည့်ကြည့်၍နားစွင့်၏။

ယခင်ညများကအော်မြည်နေကျဖြစ်သော ညငှက်များနှင့်ညည်းမှာသာ အော်မြည်တတ်သော ပိုးကောင် မွှားကောင်ငယ်များ၏အသံဗလံ မဟုတ်မှန်းတော့ အောင်မောင်းက ချက်ချင်းသိလိုက်၏။

သူနားစွင့်နေစဉ်မှာပင် စမ်းချောင်းဖျားတောနက်ဆီမှ တဝေါဝေါအော်မြည်လာသံမှာ ထူးထူးခြားခြား ကျယ်လောင်လာသည်။

အောင်မောင်း၏ အကြည့်သည် အိပ်ပျော်နေကြသော ဘအုံထည်နှင့် ဦးရွှေသီးတို့ဆီ ရောက်သွားသည်။

ညနေစာကိုဖွတ်ကင်သားနှင့်မြိန်ရေရှက်ရေလွေးထားကြသော လူကြီးနှစ်ယောက်မှာ အကြောတက်၍တခေါခေါ အိပ်မောကျနေကြသည်။ ဦးရွှေသီးဆိုလျှင် ပက်လက်ကြီးလန်ကာပါးစပ်ကြီး အဟောင်းသားနှင့်။

"အေးကွ အသံကတော့ထူးဆန်းတာပဲ။ တောကောင်ကြီးတွေ



တောတိုးလာသံလဲမဟုတ်ဘူး။ တို့တစ်နေ့ကကြုံခဲ့ရတဲ့ ပျားနကျယ်ကောင်တွေအိမ်လာလုတဲ့အသံနဲ့လဲမတူဘူး။ အသံလာတာထောက်ရင် အတော်တော်ဝေးဝေးက လာနေသံလိုပဲ"

"မင်းအဘိုးနဲ့ ဦးလေးရွှေသီးတို့ကို နှိုးရအောင်ကွာ"

စိန်အေး၏စကားအဆုံးမှာ တဝေါဝေါမြည်လာသံ၊ အော်လာသံကလည်း ပိုကျယ်ပိုမြည်လာသလိုပင်။

"အသံက ပိုကျယ်လာတယ်ကွ နှိုး . . . နှိုး . . . "

"အဘိုး အဘိုး . . . "

"ဦးလေး"

"ဦးလေး"

"ဘာလဲဟင် ဘာလဲ . . . "

ဘအုံထည်နှင့် ဦးရွှေသီးတို့နှစ်ယောက်မှာ ချက်ချင်း ထထိုင်လိုက်ကြသည်။

သူတို့နှစ်ယောက်မှာ အသက်ကြီး ကြသော်လည်း တောထဲတောင်ထဲ အလေ့အကျင့်ရှိပြီးသားသူတွေဖြစ်သဖြင့် အထအထိုင်တွေကတော့ လျင်မြန်ကြသည်။

" ဒီအသံလေ အဘိုး ကြားလား . . . တော်တော်ထူးတယ်၊ ဘာသံလဲဟင် . . . "

သူ့မြေးအောင်မောင်းအပြောနှင့် အတူစမ်းချောင်းဖျား တောနက်ဘက်ဆီမှ တဝေါဝေါအော်မြည်လာသံကို ကြားရသောအခါ ဘအုံထည်နှင့် ဦးရွှေသီးတို့မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားကြ၏။

တောဝင်စနေ့က ကြားခဲ့ရသော နကျယ်ကောင်များအိမ်လာ

www.burmeseclassic.com

www.burmeseclassic.com



လုသံနှင့်လည်းမတူသဖြင့် "တောင်ရေကျသံများလား" ဟူသောအတွေးနှင့် နားစွင့်ကြည့်၏။

တောင်ရေကျလာသံမဟုတ် နွေခေါင်ခေါင်တောင်ရေကျလာရအောင်ကလည်း ရိုးမထဲမိုးမရွာခဲ့။ တောကောင်ကြီးများတောတိုးလာသံ ဆိုလျှင်လည်း ဖြိုးဖြိုး ဖြောက်ဖြောက် ပြတ်တောင်း ပြတ်တောင်းသာ ကြားရမည်။ ယခုကားထိုသို့အဟုတ်။ တောထဲတောင်ထဲတွင် သူတစ်ခါမျှ မကြားဖူးသောအသံ။

"ဘာလဲဟင်အစ်ကိုကြီး၊ ပျားနကျယ်ကောင်တွေ အိမ်လာလုသံနဲ့လဲ မတူပါဘူး၊ ဒီအသံမှ တောခြောက်တယ်ဆိုတဲ့အသံ. . ."

"အေးလေကွာ ငါလဲနားထောင်နေတာပဲ၊ အသံကတော့ မကြားဖူးတဲ့အသံပဲ၊ မင်းကောဘယ်လိုထင်လဲ"

ဦးရွှေသီးက ဘအုံထည်၏ မျက်နှာကို စိုက်ကြည့်ပြီး " ကျွန်တော်လဲမပြောတတ်သလောက်ပါပဲ၊ ဒီအသံမျိုးတောထဲတောင်ထဲ ကျွန်တော်တစ်ခါမှ မကြားဖူးဘူး" ဟုဆိုလိုက်၏။

အောင်မောင်းနှင့် စိန်အေးတို့ လူငယ်နှစ်ယောက်မှာမူ အေးတိအေးစက်မျက်နှာနှင့် လူကြီးတွေ၏အရိပ်အခြည်ကိုသာ နှုတ်ပိတ်ငေးကြည့်နေကြသည်။

ယခု လုံးဝ အဆက်ပြတ်မသွားဘဲ တဝေါဝေါတသောသောအော်မြည်လာသံမှာ ကြိုးရှည်ကြီးတစ်ပင်ကို ရွက်ကြွေတောမြေပြင်ထဲ တရွတ်တိုက် ဆွဲပြေးလာသံလို တစ်တောလုံး တစ်တောင်လုံးသောသောညံလာလေသည်။

ဤသို့ထူးဆန်းသောအသံကို ဘအုံထည်တစ်သက် ညကြီးမင်း



ကြီး တောကြီးတောင်ကြီးထဲ တစ်ကြိမ်တစ်ခါမျှ မကြားဖူးသဖြင့်ဖြစ်နိုင်သောအရာများကို ဘအုံထည်က ဦးနှောက်ခြောက်မတတ်တွေးတောနေသည်။

တဖြည်းဖြည်းနှင့် မြည်လာသံကြီးမှာ ပို၍ ကျယ်လောင်လာသည်။

ဖြစ်နိုင်သည့်အရာများကို အပြင်းအထန်အလျင်အမြန် တွေးတောလိုက်စဉ် ဘအုံထည်ခေါင်းထဲ အတွေးတွေကလည်း တစ်ခုပြီးတစ်ခု ဝင်လာနေကြသည်။ နှစ်ပေါင်းများစွာ တောထဲ တောင်ထဲ အင်တွဲ၊ ပွဲ့လျက် ရှာလာသူပီပီ သူ့အတွေ့အကြုံတွေအပေါ်အခြေခံ၍ တွေးသည်။

လင့်စင် ဆောက်စနေ့က ကြုံခဲ့ရသလို မြွေကြီးကို ပင့်ကူကြီးလိုက်လာသံလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ယခုကြားနေရသောအသံမှာ မြွေများ မိတ်လိုက်လာသံလေလား။

မြွေများ မိတ်လိုက်ကြပြီးဆိုလျှင် ပထမဦးဆုံး နှစ်ကောင်ကစသည်။ ထို့နောက်မှာတော့ တစ်တောလုံး တစ်တောင်လုံး ရှိရှိသမျှမြွေများကမျိုးတူသောမတူသော၊ ဇာတ်တူသောမတူသော အကုန်ဝင်ပူးလုံးထွေးလိမ်ကျစ်ပြီး မိတ်လိုက်ကြတော့သည်။

ထို့ကြောင့်လည်း တောထဲတောင်ထဲက မြွေများတွင် ကပြားများသည်။ ငန်းနှင့် လင်းမြွေစပ်သား၊ မြွေဟောက်နှင့်ငန်းစပ်သား၊ ငန်းဝါကျားနှင့် စပါးကြီး၊ စပါးအုံးစပ်သားတွေဖြစ်လာသည်။ ထိုအခါအသွင်သဏ္ဌာန်အားဖြင့် မြွေဟောက်ဖြစ်နေသော်လည်း လင်းမြွေနှင့်စပ်ထားသဖြင့် အဆိပ်မပြင်းပေ။ မြွေဟောက်ထိုက်တိုင်းမ

www.burmeseclassic.com

www.burmeseclassic.com



သေဘဲ လင်းမြွေနှင့် မြွေဟောက်စပ်ထားပြီးအသွင်မှာ လင်းမြွေလို ဖြစ်နေသောမြွေမျိုးအကိုက်ခံရပြီး ချက်ချင်းသေတတ်သည်မှာ ဤ သဘောပင်။ အပမှီခြင်းမဟုတ်။

ငန်းနှင့်မြွေဟောက်စပ်ပြီး မိတ်လိုက်ထားသောမြွေမျိုးမှာ ပြင် ပအသွင်သဏ္ဍာန်ကသာ မြွေဟောက်၊ ငန်းမြွေနှင့် မတူသော်လည်း အဆိပ်ကား အလွန်ပြင်းလေသည်။

နှစ်ကောင်ကစပြီး လိမ်ယှက်ပူးကျစ်ကာ မိတ်လိုက် နေသော မြွေနှစ်ကောင်ထဲ နောက်မြွေတွေက ပူးဝင်လိမ်ကျစ်မိတ်လိုက်လာ ကြသောအခါ မြွေလုံးကြီးမှာ တဖြည်းဖြည်းနှင့် ရေအိုးလုံး၊ စဉ့်အိုး လုံးလို ဖြစ်လာသည်။ မြွေများလျှင် များသလို မြွေမိတ်လုံးကလည်း ကြီးလာသည်။ ထိုအခါမြင့်ရာမှနိမ့်ရာ တောင်စောင်းဆင်ခြေလျှော အတိုင်း တရွေ့ရွေ့လိမ့်ဆင်းလာတတ်၏။ ထိုမြွေမိတ်လုံး ရှက်ကြေ တောထဲလိမ့်ဆင်းလာလျှင် အသံမှာပိုကျယ်လာတတ်သည်။

မြွေမိတ်လုံးကြီးကထိုသို့လိမ့်ဆင်းလာချိန်တွင် သေးငယ်သော မြွေများသည် မြွေကြီးများ၏ လိမ်ဆွဲကျစ်နယ်ခြင်းကို မခံနိုင်သဖြင့် ထွက်ပြေးသွားကြသော မြွေငယ်များရှိသလို မိတ်စိတ်ကြီးနေသော အချို့မြွေငယ်များမှာ မြွေကြီးများလိမ်ကျစ်ရစ်ဆွဲခြင်းကိုခံရသဖြင့် အပိုင်းပိုင်းအတစ်တစ် ပြတ်ကုန်ကြသည်လည်း ရှိလေသည်။

ယခုမိမိတို့ကြားနေရသော အသံမှာ မြွေများမိတ်လိုက်သံများ လား၊ မြွေများမိတ်လိုက်လာသံဆိုလျှင်တော့ ဘာမှကြောက်စရာမ လိုပေ။ အန္တရာယ်လည်းမရှိပေ။ မြွေများမှာထိုအချိန်၌ လူကို အန္တရာယ်ပြုရန်ထက် မြွေမိတ်လုံးကြီးထဲ ပြေးဝင်ပူးကပ်ရန်ကို



ာ စိတ်ကြီးနေတတ်ကြသည်။

ထို့ကြောင့် မြွေမိတ်လမ်းကြောင်းပေါ် ကျသော်လည်းလင့်စင် ာက်တွင်ရှိနေသူတို့အား အန္တရာယ်မပြုနိုင်။ သူတို့လမ်းကြောင်းအ ိုင်းသာ လုံးထွေးရွေ့လျား သွားကြမည်ဖြစ်၏။ သို့သော် တွေးရင်း ွေးရင်းနှင့်ပင် အသံကပိုကျယ်လာရာ မြေပြင် ပထဝီအနေအထား ို တွေးမိသော ဘအုံ့ထည်မှာ မြွေမိတ်လုံး ရွေ့လျားလာသံမှာ ဖြစ်နိုင်ဟု ပြန်တွေးပြန်သည်။

အဘယ်ကြောင့် ဆိုသော် မြွေမိတ်လုံးမှာ မြင့်ရာက နိမ့်ရာသို့ ာ လိမ့်ဆင်းလာတတ်ရာ ယခုသူတို့လင့်တဲရှိနေရာဘက်မှာ စမ်း ချောင်းဘေးဟု ဆိုသော်လည်း တောင်ကမူများ၊ တောင်ကြောများ နေသဖြင့် မြွေမိတ်လုံးသာဖြစ်ပါက သူတို့လင့်တဲရှိရာဘက်လိမ့် ်င်းလာနိုင်စရာ အကြောင်းမရှိပေ။ ထိုသို့ဆိုလျှင် ယခုကြားနေရ သာမြည်သံကြီးမှာ မည်သည့် အသံဖြစ်နိုင်သနည်း။

ဘအုံ့ထည်သည် တစ်သက်နှင့် တစ်ကိုယ်မကြုံဖူး မကြားဖူး သော တဝေါဝေါမြည်လာသံဘက်ကို လင့်စင်ပေါ်က မျှော်ကြည့် ိုက်၏။ အမှောင်ည ဖြစ်သဖြင့် ဘာမျှမမြင်ရ။ အတွေးက ပို၍ ျာက်ချားစရာဖြစ်လာသည်။

ဖြစ်နိုင်သော အတွေးထဲတွင် နောက်ဆုံး အတွေးတစ်ခုက ည်း အင်မတန် အရေးပါလှ၏။ ညဦးက သူတို့ကင်ထားသော ်ကင်မှညှော်နံ့ရ၍ မြွေကြီးတစ်ကောင်ကောင်များညှော်နံ့ခံလိုက် ာလေပြီလား။ အကယ်၍မြွေကြီးတစ်ကောင်ကောင်ကသာညှော် ခံလိုက်လာပြီဆိုလျှင်တော့ လူတွေမှာအန္တရာယ်နှင့် မုချရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြရတော့မည်။ နောက်ဆုံးတွေးမိသောအတွေးကြောင့် ဘအုံ့ တုန်လှုပ်ချင်လာသည်။

ဘအုံ့ထည်သည် ဦးရွှေသီးနှင့် စိန်အေးတို့ ညဦးကပင် ထားကြသော မီးဖိုပေါ်ကဖွတ်ကင်ကို မလုံမလဲစိတ်နှင့် မျက် တစ်ချက် ထိုးကြည့်လိုက်၏။

ဖွတ်ကင်မှာအတော်အသင့်ကျက်ပြီး အသားများပင် ကွဲ စပြုကာ အဆီရည်တွေမှာလည်း မီးဖိုပေါ်တစ်စက်ချင်း ကျ ဖြင့် လင့်စင်တစ်ခုလုံးမှာ မွှေးကြိုင် နံ့သျှော်နေလေသည်။

ဘအုံ့ထည်သည် ရုတ်ခြည်းထပြီးဖွတ်ကင်ကို မီးဖိုပေါ်မှ ထားလိုက၏။ ထိုအချိန်မှာပင် တောနက်ဘက်စမ်းချောင်း မှ တဝေဝေါတသောသော မြည်လာသံတွေမှာ ဘအုံ့ထည် ပို၍ ဆူညံလာ၏။

"အေးကွ၊ တစ်ခုခုတော့ထူးခြားမှာပဲ။ မင်းတို့အားလုံး တွေအသင့်ပြင်ထားကြ။ ငါ့အထင်ပြောရရင်တော့ဖွတ်ကင်က နံ့ရလို့ မြွေကြီးတစ်ကောင်ကောင်လိုက်လာနေပြီထင်တယ်။ တော့ မကြောက်ကြနဲ့၊ ခုအသံကြားနေရတာ မြွေပြင်ကပဲ။ လင့်စင်ပေါ်ကလူ၊ ဘာမှကြောက်စရာမလိုဘူး၊ တို့လင့်ကလည်း မြင့်ကြီးပဲ၊ ဒါပေမယ့် ငါကပစ်ဆိုမှ ပစ်ရမယ်နော်၊ ငါ့အသံ ဘဲ ဘယ်လူ့လေးကမှ လေးစူးမထွက်ရဘူးနော်ကွ ရွှေသီး"

"ဟုတ်ကဲ့ပါအစ်ကိုကြီး။ မင်းတို့အစ်ကိုကြီးပြောတာ ကြ တယ်နော်"

"ဟုတ် . . . ဟုတ်ကဲ့ ကြားပါတယ်"



ဘအုံ့ထည်နှင့် ဦးရွှေသီးတို့၏ ထပ်ဆင့်စကားကြောင့်လူငယ် များဖြစ်ကြသော အောင်မောင်းနှင့် စိန်အေးတို့၏မျက်နှာ ချက်ချင်း အေးစက် နွမ်းလျသွားကြသည်။

စမ်းချောင်းဖျားကျသော တောနက်ဘက်မှ တဝေါဝေါအော် မြည်လာသောအသံမှာ မကြာခင်ပင် ဘအုံ့ထည်တို့လင့်စင်အောက် နားရောက်လာသည်။ အသံပေါ်ထွက်လာရာဘက်ဆီသို့ သူတို့အား လုံး လှမ်းကြည့်ကြသည်။ တောတိရစ္ဆာန်ကြီးတစ်ကောင်ကောင်၏ မျက်လုံးအစုံဟုထင်ရသော နီနီရဲရဲမီးကျီးမီးခဲနှစ်ခုကို အမှောင်ထဲ တွင် ကြောက်ဖွယ်ဘနန်းလှမ်းမြင်နေရသည်။

ဤမီးကျီးမီးခဲမျက်လုံးပိုင်ရှင်မှာ စောစောက ဘအုံ့ထည်တွေး ထင်ယူဆခဲ့သလို မြွေဆိုးကြီးတစ်ကောင်ဖြစ်ရမည်ဟု တွေးနေစဉ် နောက်ထပ်မီးကျီး မီးခဲမျက်လုံးတွေမှာ ဟိုမှသည်မှ အုံလျှိုအလျှို ပေါ်လာကြပြန်သည်။ တောတိရစ္ဆာန် အန္တရာယ်ကောင်တွေမှာတစ် ကောင်မဟုတ်၊ နှစ်ကောင်မဟုတ်၊ သုံးကောင်မဟုတ်၊ လေးကောင် မဟုတ်၊ မည်ရွေ့မည်မျှဟု ခန့်မှန်း၍ မရနိုင်တော့။ မီးကျီးမီးခဲမျက် လုံးပိုင်ရှင်တွေမှာ ဘအုံ့ထည်တို့ လင့်တဲဝန်းကျင်အောက်မှာ မရေ မတွက်နိုင်လောက်အောင်များပြားလာတော့၏။ သူတို့၏ ကိုယ် ခန္ဓာကိုကြီးသလားသေးသလားမမြင်ကြရသော်လည်း သစ်တော် သီးသပြေသီး၊ နဂ္ဂသီး၊ ဆီးသီး၊ စင်ပြွမ်းသီးခန့်ရှိမျက်လုံးနီနီရဲရဲများ မှာတို့သည် အမှောင်ထဲတွင် အရောင်တလက်လက် ထွက်ကာ မီးစုန်းများပမာ တောက်စားရွှေ့လျားလာကြသည်။

တောထဲတောင်ထဲတွင် အဆိပ်ရှိသော တောကောင်များ၊ လူ

www.burmeseclassic.com

www.burmeseclassic.com



ကိုအန္တရာယ်ပြုနိုင်သော တောတိရစ္ဆာန်များ၏ မျက်လုံးများမှာ မီးကျီး မီးခဲကဲ့သို့ ရဲရဲနီနေပြီး လူကိုအန္တရာယ်မပြုတတ်သော တောတိရစ္ဆာန်များ၏မျက်လုံးများမှာစိမ်းပြာကြည်လက်နေတတ်ကြသည်။

ဤသည်ကိုတော့တောအတွေ့အကြုံအရ ဘအုံ့ထည်တို့ အားလုံးက သိထားကြသည်။ ယခုစမ်းချောင်းဖျား တောနက်ဘက်ဆီမှ ပြေးလိုက်လာကြသော တောတိရစ္ဆာန်ကြီးများ၏ မျက်လုံးများမှာ ရဲရဲနီနေကြသဖြင့် ခကန္တလူသားတွေကို အန္တရာယ်ပြုနိုင်သော တောတိရစ္ဆာန်ကောင်များမှန်းသိသွားကြသောအခါလူငယ်များဖြစ်ကြသော အောင်မောင်းနှင့် စိန်အေးတို့၏မျက်နှာများမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားကြသည်။

ရဲရဲနီနေသော မျက်လုံးပိုင်ရှင် တောတိရစ္ဆာန် ကြီးများသည် ဘအုံ့ထည်တို့လင့်တဲနားရောက်လာကြသောအခါ လင့်တဲအောက်မြေပြင်ဝန်းကျင်တွင် တစ်စုံတစ်ခုရှာဖွေနေသလို သစ်ရွက်ခြောက်များကို တက်နင်းကာ တသောသောတဝေါဝေါခြေသံများနှင့် အတူလှည့်ပတ်ရှာဖွေနေကြသည်။

ဤသည်ကို ညဦးက ဦးရွှေသီးနှင့် စိန်အေးတို့ ဖွတ်ကင်ခဲ့ကြသော မီးဖိုမှ မီးရောင်ရိပ်ထဲမည်းမည်း၊ မည်းမည်းတွားသွားနေကြသည်ကို မြင်နေရ၏။

ညဦးက ဦးရွှေသီးနှင့်စိန်အေးတို့ ဖွတ်ကင်ခဲ့ကြသော မီးဖိုနားရောက်သောအခါတောတိရစ္ဆာန်ကြီးများသည် မီးဖိုကိုသူတို့၏လက်ခြေကားရားများနှင့် တအားဖြိုယက်ပစ်လိုက်ကြလေသည်။ လင့်စင်ကဲွစွန်ဖျားမှ အထိတ်တလန့်နှင့် အောက်သို့ ငုံ့ကြည့် နေကြသော



ဘအုံ့ထည်တို့မှာ ယခုမှ တောတိရစ္ဆာန်ကြီးများ၏ အမျိုးအမည်ကို ကွဲကွဲပြားပြားမြင်ကြသိကြရလေသည်။

ဖွတ်ကင် ညှော်နံ့ရ၍ စမ်းချောင်းဖျား တောနက်ထဲမှ အနံ့ခံပြေးလိုက်လာကြသောတောတိရစ္ဆာန်ကြီးများမှာ မူလကဘအုံ့ထည်တို့ ထင်ထားခဲ့ကြသော မြွေကြီးတစ်ကောင်မဟုတ်။ လူကြီးတစ်လံနစ်လံကျော် ရှည်လျားသော ကင်းခြေများကြီးတစ်ကောင်နှင့်သူ၏နောက်လိုက်ပါ တောကင်းကြီးများသာ ဖြစ်ကြလေသည်။

လင့်စင်တဲအောက်ရှိ မီးဖိုကို သူတို့၏ ခြေလက်များနှင့် ဖြိုယက်ပြီးသောအခါ ခေါင်းဆောင်ဟုထင်ရသော တောကင်းကြီးသည် ဘအုံ့ထည်တို့ရှိရာ လင့်စင်ပေါ်ကို ပတတ်ရပ်အနံ့ခံ၍ ခေါင်းမော့ကြည့်နေ၏။ ခေါင်းဆောင်ကင်းကြီးက လင့်စင်ပေါ်ခေါင်းမော့အနံ့ခံကြည့်နေသောအခါ သူ့နီးနီးရှိသော နောက်လိုက်ကင်းခြေများတို့ကလည်း လင့်စင်ပေါ်သို့ အားလုံးခေါင်းမော့ ကြည့်နေကြသည်။

လင့်စင်အစွန်အဖျားမှ အောက်သို့ငုံ့ကြည့်နေကြသော ဘအုံ့ထည်တို့မှာ "ဟယ်" ခနဲလန့်အော်လိုက်ကြပြီး တိုင်ပင်ထားသလိုနောက်သို့ ဖင်ရွှေ့ဆုတ်လိုက်ကြသည်။

ထိုအချိန်မှာပင် တောကင်းကြီးများသည် လင့်စင်ပေါ်က ဘအုံ့ထည်တို့ကိုမြင်သွားကြ၍လားမသိ၊ တကျိုကျိုအသံမြည်ကာ လင့်စင်ပေါ်တက်ရန် လင့်စင်အောက်မြေပြင်တွင် တွားသွားလမ်းရှာနေကြတော့သည်။ ဤသည်တို့ကို မြင်နေရသောအခါ ဘအုံ့ထည်တို့သူသိုက်မှာ ချက်ချင်းတုန်လှုပ်ချောက်ချားသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လင့်စင်အောက်ရှိ ဖွတ်ကင်ခဲ့သော မီးဖိုကြီးကိုပင် ပြန်
လှုံ့စဉ်သွားအောင် ယက်မွှေပစ်လိုက်နိုင်သော တောကင်းကြီး
သည် အကယ်၍ အင်ကြင်းပင်ကြီး တစ်ပင်ပင်မှ တစ်ဆင့် လင့်
ပေါ်တက်လာလျှင် လင့်တိုင် အင်ပင် ခါးလယ်တွင် ရစ်ပတ်
သော ကညင်ဆီဆွတ် ဘန့်ပွေးခေါက်၊ ခါးပတ်မီးမှာလည်း
ကင်းကြီးများကို ဟန့်တားနိုင်မည်မဟုတ်ပေ။ ရှဲခနဲ ရှဲခနဲ မှုတ်
လိုက်ရုံနှင့် မီးသေသွားနိုင်သလို သူတို့၏ ခြေလက်များနှင့်လည်း
မီးခါးပတ်များကို ယက်ချပစ်နိုင်လေသည်။

သည်အတိုင်းဆိုလျှင်ဖွတ်ကင်မှ ညှော်နံ့ရပြီး အနံ့ခံလိုက်
ကြသော တောကင်းကြီးများသည် ဖွတ်ကင်တစ်ခြမ်း ရှိနေသော
လင့်တဲပေါ် မကြာခင် တွယ်တက်လာကြတော့မည်။ ယခုပင် အ
ကပ်နေသော တောကင်းကြီးများမှာ လင့်ပေါ် တက်လာရန်
ပြင်တွင် ဒေါသတကြီး လမ်းရှာနေကြလေပြီ။ မည်သို့လုပ်ကြ
နည်း။

"ဟင် . . . အစ်ကိုကြီး၊ ကင်းခြေများကြီးတွေက ဒီအတိုင်း
ဖွတ်ကင်နံ့ခံပြီး လင့်တဲပေါ်တက်လာကြရင် ဘယ့်နှယ် . . ."

"အေး . . . ငါလဲ အဲဒါစဉ်းစားနေတယ်။ ဒီတော့ မထူးပါ
ရွှေသီးရာ တို့ဖွတ်ကင်ကို ပစ်ချလိုက်မှ ဖြစ်တော့မယ်"

"ဟုတ် . . . ဟုတ်တယ် အစ်ကိုကြီး၊ ဖွတ်ကင်ကို ပစ်
လိုက်ပါ။ ဖွတ်ကင်ကိုပစ်မချရင်ကျွန်တော်တို့အားလုံး အန္တရာယ်
ကုန်ကြလိမ့်မယ်။ ညနေက ကျွန်တော်တို့ဖွတ်ကင်ခဲ့ကြတဲ့ မီး
အရေခွံအစအနတွေကိုတောင်တွေ့လိုတွေ့ငြား ယက်ရှာနေကြ



တွေ့တယ်မဟုတ်လား။ ချလိုက်၊ ချလိုက်၊ ဖွတ်ကင်ကိုမြန်မြန်သာ
စ်လိုက်စမ်းပါ"

ဦးရွှေသီး၏စကားမဆုံးခင်မှာပင် ဘအုံ့ထည်သည်ရုတ်တရက်
ထလိုက်ပြီး အင်ပင်ကိုင်းတစ်ကိုင်းတွင် ဆွဲချိတ်ထားသောဖွတ်
င်တစ်ခြမ်းကို ကမန်းကတန်းဆွဲဖြုတ်ကာ အလောသုံးဆယ်ပစ်
ပေးလိုက်၏။

လင့်စင်အောက်တွင် အစာရမှုက်ဇောနှင့် ဒေါသမာန်ပွား နေ
သော တောကင်းကြီးများသည် ဘအုံ့ထည် ပစ်ချလိုက်သော
တ်ကင်တစ်ခြမ်းကို ချက်ချင်းအနံ့ခံကာ အမှောင်ထဲမှာပင်ဝရုန်း
န်းကား လုယက်နေကြသံကြားနေရသည်။

တစ်ကောင်နှင့်တစ်ကောင် တကျိကျိ မာန်ဖီကာ သူရငါရလု
က်နေကြသော တောကင်းကြီးများကို ဘအုံ့ထည်တို့မှာ ရင်တ
တ်ထိတ်နှင့် လင့်စင်ပေါ်က ငုံ့ကြည့်နေကြ၏။

ခဏအကြာမှာပင် တောကင်းကြီးတစ်ကောင်သည် ဖွတ်ကင်
အမိအရကိုက်ချီကာ လင့်တဲအောက်မှ ထွက်ပြေးသွားသည်။ ထို
ခါကျန်တောကင်းကြီးများသည်လည်း ဖွတ်ကင်ကိုကိုက်ချီပြေး
ားသောတောကင်းကြီးနောက်ကိုအားလုံးပြေးလိုက်သွားကြသည်။

တောကင်းကြီးများပြန်ပြေးသွားကြသော အသံမှာ သူတို့လာ
င်ကကဲ့သို့ တဝေါဝေါတသောသောနှင့် တောလုံးညံကာတဖြည်း
ည်း ဝေးသွားကြလေသည်။

ဘအုံ့ထည်နှင့်တကွ ဦးရွှေသီး၊ အောင်မောင်း၊ စိန်အေးတို့မှာ
ာကင်းကြီးများ ဖြတ်ပြေးသွားကြပြီး လုံးဝအသံတိတ်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



မှ တစ်ယောက်နှင့်တစ်ယောက် စကားပြောနိုင်ကြတော့သည်။

"ဒါမင်းတို့ငါတို့ အင်တွဲ၊ ပွဲ့လျက်ရှာသူတွေအတွက် သင်ခန်းစာပဲကွ ရွှေသီးရာ၊ ဒီဖွတ်ကြီးကို ဒီလောက်ညှော်တူးနေအောင်ကင်ထားကြလို့ ခုလိုအန္တရာယ်တွေနဲ့ကြုံကြရတာ။ အဲဒါကြောင့် မင်းတို့ ဖွတ်ကင်နေကြကတည်းက ငါပြောသားပဲ၊ ကြိမ်ခါးဖူးနဲ့ချက်မှာဖြင့် တော်ကြရောပေါ့လို့"

"ဟုတ်တယ်အစ်ကိုကြီး။ ကျွန်တော်တို့ကလဲဒီလိုဖြစ်လာလိမ့်မယ် မထင်မိကြလို့ပါ။ နောက်ဆို တောမှာတောင်မှာ ဘာအကောင်ဗလောင်ကိုမှ ကင်ဖုတ်မစားတာအကောင်းဆုံး၊ အန္တရာယ် အကင်းဆုံးပဲဗျ"

ဘအုံ့ထည်၏ဆုံးမစကားကို ဦးရွှေသီးကသူမှားကြောင်းအရှုံးခံအတိုင်း ဝန်ချသည်။

တောကောင်ကြီးများပြန်ပြေးသွားကြသံ လုံးလုံးပျောက်သွားချိန်မှာ သန်းခေါင်ကျော်နေပြီးဖြစ်သဖြင့် ဘအုံ့ထည်တို့လူသိုက်မှာပြန်၍အိပ်မပျော်နိုင်ကြတော့။ သူတို့၏လင့်တဲရှိနေရာကို တောကောင်ကြီးများသိသွားကြပြီးဖြစ်ရာ ဖွတ်ကင်ကုန်သွားလျှင် နောက်တစ်ခါများပြန်လာကြလေဦးမလားဟူသော စိုးရွံ့မှုနှင့်လူငယ်နှစ်ယောက်မှာ မဆီမဆိုင်တွေးကြောက်နေကြတုန်း။

ထို့ကြောင့်ဘအုံ့ထည်၏မြေးဖြစ်သူ အောင်မောင်းက "အဘိုး ကျွန်တော်တို့ ဒီနေရာမှာ လင့်စင်ထိုးတဲ့နေ့ကပင် စည်းပေါက်သလိုပဲ၊ ခါတိုင်းနှစ်တွေမှာ ဒီလိုအဖြစ်မျိုး ကက်ခါမှမကြုံဖူးပါဘူး။ ဒီတော့ လင့်သစ် စခန်းတဲတစ်ခု တစ်နေရာရာမှာ ပြန်ဆောက်ကြရင် မ



ကောင်းဘူးလား" ဟုဆို၏။

"အောင်မောင်းပြောတာ ဟုတ်တယ်အဘိုးရယ်။ အမှန်က ဒီနေရာမှာ စခန်းစဆောက်တဲ့နေ့ကမှ မဟုတ်ဘူး၊ တောစဝင်တဲ့နေ့ကပင် ပျားနကျယ်ကောင်တွေ အိမ်လာလုတာနဲ့ ကြုံခဲ့ကြရတော့ လမ်းကြောင်းသစ်၊ စခန်းသစ်ပြန်လုပ်ပြီး ကင်ပွန်းတိုက်သင့်တယ် ထင်တာပဲ"

စိန်အေး၏စကားအဆုံးမှာ ဦးရွှေသီးက ဝင်ပြောပြန်သည်။

"ဟုတ်တယ် အစ်ကိုကြီး၊ ကလေးတွေပြောမှ ကျွန်တော်လဲ တွေးမိတယ်၊ ဘာရယ်ညာရယ်မဟုတ်ပေမယ့် ဒီနေရာဟာ တောနည်းနည်းနက်တော့ စခန်းပြောင်းရင်လဲ အများအယွင်းတော့ မဖြစ်နိုင်ဘူးထင်တာပါပဲ"

သူ့လူတွေပြောသမျှ ငြိမ်နားထောင်နေသော ဘအုံ့ထည်က "ဒါတော့ မင်းတို့အားလုံးသဘောပဲ။ အမှန်ကဒီနေရာတစ်ဝိုက်မှာ မင်းတို့ ငါတို့ရှာထားလို့ အင်တွဲတွေကလဲကုန်သလောက် ရှိနေပါပြီ၊ ဒီတော့မိုးလင်းရင်ရှာထားတဲ့ အင်တွဲတွေကို ငါ့မြေးနဲ့ စိန်အေးတို့က သတ်သတ်မှတ်မှတ် တစ်နေရာမှာပုံကြ။ ငါနဲ့ရွှေသီးက လင့်ဆောက်ရင် အဆင်ပြေမည့်နေရာကိုရှာကြမယ်။ လင့်ဆောက်ပြီးရင် သာပွင့်တို့ကိုသွားခေါ်ပြီး ရထားတဲ့အင်တွဲတွေကို လှည်းနဲ့ရွှေ့ပို့လိုက်ကြတာပေါ့ကွာ။ မကောင်းဘူးလား"

"ကောင်းပါတယ် အစ်ကိုကြီး၊ နောက် လင့်သစ်ဆောက်မယ်ဆိုရင် ကျွန်တော်တော့ အထက်စမ်းကြားနဲ့ ကညင်ချောင်းကြားကိုပဲသဘောကျတယ်။ အဲဒီပတ်ဝန်းကျင်က အင်တွဲထက် ပွဲ့လျက်တွေ

www.burmeseclassic.com

www.burmeseclassic.com



လဲပို့ရမယ်ထင်တာပဲ။ အော်လဲနတ်သတ်ပင်တွေလဲ တော်တော်များများ ကျွန်တော်တွေ့ထားတယ်"

"အေးလေကွာ၊ မိုးလင်းတော့ သွားကြည့်ကြတာပေါ့၊ ပွဲ့လျှက်ကောက်ဖို့ကတော့ ရာသီနည်းနည်းလိုပါလေဦးမယ်"

ဘအုံထည်၏ စကားအဆုံးမှာ အာရုဏ်ဦး ကြက်တွန်သံကိုကြားရသဖြင့် ထမင်းဟင်းချက်ရန် အောင်မောင်းနှင့် စိန်အေးတို့က စတင် စိုင်းပြင်းကြ၏။

ဘအုံထည်နှင့် ဦးရွှေသီးတို့မှာမူ စခန်းသစ်ပြောင်းရန် နေရာကို ကြိုတင်တိုင်ပင်ပြီး ဆေးတံ ကိုယ်စီခဲကာ စကားဆက်ပြောနေကြ၏။

* * * * *



## အခန်း (၈)

နွေရက်တို့သည်ရင့်ရော်လာကြပြီဖြစ်သည်။ ထို့ကြောင့်လည်း ...ာအလုံးသည်ပြာရော်ခြောက်သွေ့ကာ မြူတွေဆိုင်း၍မှိုင်းမှိုင်း ...်နေ၏။ သို့သော် အင်တွဲ၊ ပွဲ့လျက်ရှာသူများဖြစ်ကြသော ဘအုံ ...ည်၊ ဦးရွှေသီး၊ အောင်မောင်းနှင့်စိန်အေးတို့မှာ ကားတစ်တော ...တစ်တော၊ တစ်တောင်မှ တစ်တောင်သို့ပြောင်းရွှေ့ကာ အင်တွဲ၊ ...လျက်များကိုရှာဖွေကြတုန်းပင် ရှိသေး၏။

သူတို့သည်ရရှိသမျှသော အင်တွဲ၊ ပွဲ့လျက်များကို ရှာပို့လိုက် ...ာထဲ တောင်ထဲတွင် အင်တွဲ၊ ပွဲ့လျက်ထပ်ရှာလိုက်နှင့် နေလာ ...ကြသည်မှာ တစ်လကျော်နှစ်လထဲသို့ပင်ရောက်ရှိလာကြလေပြီ။

ယခုအခါ စခန်းသစ်တစ်နေရာကိုရောက်တိုင်း လွယ်လွယ်ကူ ...ရရှိနိုင်သော အင်တွဲကို ပထမဦးစွာ ရှာ၍ အင်တွဲရှာပြီးသည်နှင့် ...်ပြိုင်နက် ပွဲ့လျက်ကိုပါ ဆက်ရှာလျက် ရှိကြလေသည်။

အင်တွဲရှာရသည်နှင့်စာလျှင် ပွဲ့လျက်ရှာဖွေရခြင်းမှာလွယ်ကူ ...က်သာခြင်းမရှိပေ။ အင်တွဲမှာအစေးထွက်သော အပင်များပေါ် ...သဘာဝအလျောက် စီးကျယိုထွက်ကာ အေးခဲသွားသော သစ် ...းလက်တံတို ရှည်များကို တက်ခူး၊ ဆွတ်ချူ ရိုက်ခတ်ယူရသဖြင့် ...ယ်ကူလှသော်လည်း ပွဲ့လျက်မှာမူ သစ်ပင်ကြီးများ၏ သစ်ခေါင်း ...တွင် ပွဲ့လျက်ကောင်များ အိမ်ဖွဲ့တည်နေသည်ကို လှဲဖြတ်ခုတ် ...ယူရသဖြင့် အင်တွဲ ရှာရသည်နှင့်စာသော် ပွဲ့လျက်ရှာရသောအ ...်မှာ လုံ့လ၊ဝီရိယများစွာ စိုက်ထုတ်ရလေသည်။ ထို့ကြောင့်လည်း

www.burmeseclassic.com



သူတို့သည် ပွဲ့လျှက်ရှာခြင်းကို များသောအားဖြင့် စခန်းပြောင်း နီးမှ လုပ်လေ့လုပ်ထရှိကြလေသည်။

ယခု ဘအုံထည်တို့လူစုရောက်နေကြသော စခန်းမှာ နေ သုံးလေးရက်ကြာလျှင်ပြောင်းကြရတော့မည်ဖြစ်သဖြင့် အင်တွဲသွ ရှာရင်းတွေ့ထားကြသော ပွဲ့လျှက်ပင်များကို ခုတ်လှဲထုတ်ယူရန် ပွဲ့လျှက်ကင်းထောက်ရန် လင့်တဲမှ ဆင်းလာကြလေသည်။

ပွဲ့လျှက်ရှာဖွေခြင်းမှာလည်းအင်တွဲရှာစဉ်ကလိုပင်နှစ်ယော တစ်တွဲစီဖြစ်သဖြင့် ဘအုံထည်နှင့် အောင်မောင်းတို့က တစ်လ ဦးရွှေသီးနှင့်စိန်အေးတို့ကတစ်လမ်း ခွဲထွက်ပြီး ပွဲ့လျှက်ထုတ် ပွဲ့လျှက်ရှာရန်၊ ပွဲ့လျှက်ကင်းထောက်ရန် ထွက်လာကြလေသ

အကယ်၍ အင်တွဲရှာရင်း ပွဲ့လျှက်ခေါင်း၊ ပွဲ့လျှက်ပင်မျာ တွေ့မထားလျှင် ကင်းအဆင့်ဆင့်ထောက်၍ ပွဲ့လျှက်ခေါင်း၊ လျှက်ပင်၊ ပွဲ့လျှက်အိမ်များကို ရှာဖွေကြရသည်။

BURMESE CLASSIC

စင်စစ်ပွဲ့လျှက်ကင်းထောက်ရသောအလုပ်မှာလည်း တက ဆိုလျှင် လွယ်ကူသောအလုပ်တော့ မဟုတ်ပေ။ မျက်စိလျှင်၊ ပါးရန် လိုအပ်သည့်အပြင် တောတောင်တို့၏ ရေမြေသဘာ သစ်ပင်များ ပေါက်ရောက်ရှင်သန်နေပုံ အနေအထားကို မျာ သိထားရလေသည်။

ပွဲ့လျှက်ဆိုသော အကောင်များမှာ ပျားမျိုးထဲပါဝင်သော စိတ်တစ်မျိုးဖြစ်သဖြင့် ကညင်၊ အင်ကြင်း၊ နှမ်းဖြူ၊ ပိန္နဲ၊ သရ သည့် သစ်စေးထွက်သစ်ပင်များ၏ အဆီ၊ အစေးများကိုသယ် ကာ သစ်ပင်လိုက်ခေါင်းကြီးများထဲ၌ ပျားသလက်များကဲ့သို့



ဖွဲ့တည်ဆောက်လေ့ ရှိကြသည်။

ပွဲ့လျှက်ကောင်များသည် ပျားကောင်များကဲ့သို့ မိုးလွတ်ကင်း စ တော်သလင်း၊ သီတင်းကျွတ်လများကပင် သစ်ဆီ၊ သစ်စေးများကို သယ်ဆောင်၍ အိမ်ဖွဲ့တည်ဆောက်ကြလေရာ သစ်စေးအိမ် တည်ဆောက်ပြီးသောအခါ သစ်ပင်များ၏ အပွင့်များမှ ပန်းဝတ်ရည်များကို စုပ်ယူကာ အရည်ထည့်တတ်ကြသည်။

ပွဲ့လျှက်ကောင်များသည်သစ်စေးဖြင့်ပြုလုပ်ထားသော သူတို့၏နေအိမ်ကို စနစ်တကျ တည်ဆောက်လေ့ရှိကြ၏။

သုံးထပ်သုံးလွှာရှိသောသူတို့၏ သစ်စေးအိမ်တွင် အပေါ်ထပ် ၌ အစာအရည်များကိုထားပြီး ဥနှင့် ကလေးများကို လုံခြုံမှုရှိလေ အောင် အလယ်ထပ်၌ထားသည်။ အောက်ဆုံးထပ်မှာမူ ကလေးများစားသုံးပြီး စွန့်ပစ်သော ချေးအိတ်၊ ချေးအိမ်တို့ကို ထားတတ်ကြသည်။

သူတို့သည်ပျားများကဲ့သို့ တစ်နွေလုံး၊ တစ်ဆောင်းလုံးရှာဖွေ စုဆည်းထားသောပန်းဝတ်ရည်အစာများကို မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းနေချိန်၊ လေပြင်းများတိုက်ခတ်နေချိန်တို့တွင် သစ်ခေါင်းထဲ၌အောင်း၍ကလေးရောအမကြီးများပါစားတတ်ကြသည်။

ထို့ကြောင့်လည်း နွေလမှာ ရသမျှသော ပန်းဝတ်ရည်များကို ပွဲ့လျှက်ကောင်များကပျားများကဲ့သို့လောဘတကြီးစုဆည်းသိုလှောင် ထားတတ်ကြခြင်းဖြစ်သည်။ သို့သော်ပွဲ့လျှက်ကောင်များ စုဆည်း သိုလှောင်ထားသော ဝတ်ရည်မှာ ပျားများကဲ့သို့ ပန်းရွေးစုပ်ခြင်းမ ရှိဘဲ တွေ့ရာကြုံရာ ပန်းပွင့်များမှ ဝတ်ရည်များကို စုပ်ကြ သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချိုဆိမ့်သောအရသာပျောက်ပြီး ခါးခြင်း၊ ဖန်ခြင်း၊ စပ်ခြင်း၊ ပူခြင်း အပြင် အဆိပ်အတောက်ပင် ဖြစ်တတ်သည်လည်း ရှိလေသည်၊ ထို့ကြောင့် ပွဲ့လျှက်အရည်အိတ်ကို လူမဖွပ်၊ စွန်မသတ်ခြင်းဖြစ်လေသည်။

ပွဲ့လျှက်ရှာသူတို့မှာ ပွဲ့လျှက် တစ်ပင်၊ တစ်ခေါင်း တွေ့ပြီဆိုလျှင် ၁၅- ပိဿမှ ပိဿ ၃၀- ထိရနိုင်ကြသည်။ သစ်တောများတိုမီးလောင်လျှင်တော့ ကညင်ဆီ၊ အင်ကြင်းဆီ၊ နှမ်းဖြူဆီ၊ သရက်ပိန္နဲ အစေးဆီတို့ဖြင့်အိမ်ဖွဲ့ပြုလုပ် ထားကြသော ပွဲ့လျှက်ပင်ကြီးမှာ တစ်ပင်လုံးမီးလောင်ခံရပြီး ပွဲ့လျှက်ကောင်များလည်း အားလုံးသေကျေကာ ပြာကျသွားတတ်လေသည်။

BURMESE CLASSIC

မီးသင်း၊ မီးကျွမ်း၊ မီးကျော်ခံရသောသစ်တောများထဲတွင် ပွဲ့လျှက်ရှာ၍ မရနိုင်တော့ပေ။ ထို့ကြောင့်လည်း ပွဲ့လျှက်ရှာသူများသည် ယခင်တစ်နှစ် နှစ်နှစ်ခန့်က မီးသင်း၊ မီးကျွမ်း၊ မီးကျော်ဖူးသော သစ်တောများကို ရှောင်ရှားကြသည်။ ပွဲ့လျှက်အများဆုံးရနိုင်သော သစ်တောမှာ မီးလွတ် အင်တိုင်းတောများ ဖြစ်သဖြင့် အင်တွဲ၊ ပွဲ့လျှက်ရှာခြင်းကို တပေါင်းတည်း တွဲဖက်လုပ်ကြခြင်းဖြစ်လေသည်။

ယနေ့ပွဲ့လျှက်ရှာ ထွက်လာကြသော ဘအုံ့ထည်နှင့် အောင်မောင်းတို့မှာ ယခင်လေးငါးရက်က အင်တွဲရှာရင်း တွေ့ထားခဲ့ကြသော ပွဲ့လျှက်ပင်များကို ခုတ်လှဲ၊ ခွဲစိတ်၍ ပွဲ့လျှက် ထုတ်ယူပြီးကြသောအခါနောက်ထပ် ပွဲ့လျှက်ရနိုင်သော ပွဲ့လျှက်ပင်များကိုလည်း နောက်တစ်နေ့ လာ၍ ထုတ်ယူနိုင်ရန် ကင်းထောက်ရှာခြင်း ပြုလုပ်



ကြရပြန်သည်။

ပွဲ့လျှက်ကင်းထောက်ခြင်းမှာ တောထဲ တောင်ထဲရှိ သစ်တောများထဲတွင် ပွဲ့လျှက်ကောင်များ သွားလာပျံသန်းမှုကို ရှာရသည်။ အထူးသဖြင့် စမ်းရေအိုင်များ၊ အပွင့်ပွင့်နေသောသစ်ပင်များတွင် ကင်းထောက်ရ၏။ စမ်းတစ်နေရာရာတွင် သို့မဟုတ် ပန်းပွင့်သစ်ပင် တစ်ပင်ပင်တွင် ပွဲ့လျှက်ကောင်များကို ဝတ်ရည်စုပ်ခြင်း၊ ရေဆင်းသောက်ခြင်း တွေ့ရလျှင် ထိုနေရာနားတစ်ဝိုက်တွင် ပွဲ့လျှက်ပင်ရှိတတ်သည်မှာ ဧကန်မုချပင်ဖြစ်လေသည်။

မကြာခင်ပင် ဘအုံ့ထည်နှင့် အောင်မောင်းတို့သည် ပွဲ့လျှက်ရနိုင်သည်ဟု ထင်ခဲ့ကြသော သစ်ခြောက်ပင်ကြီးတစ်ပင်အောက်ရောက်လာကြ၏။ ဤသို့ ရောက်လာရခြင်းမှာလည်း ဘအုံ့ထည်က နေရောင်ခြည်တန်းများထဲတွင် ပွဲ့လျှက်ကောင်များကို ဤနေရာ၌ မြင်လိုက်ရသည်ဟု ဆိုသဖြင့်ဖြစ်သည်။ သို့သော် ပွဲ့လျှက်အိမ်ကိုကား တော်တော်နှင့်ရှာမတွေ့ဖြစ်နေကြ၏။ ထိုကြောင့် အောင်မောင်းက သူ့အဘိုးကို ပြောခြင်းဖြစ်သည်။

“ဒီတစ်ခါတော့ အဘိုးမျက်မှန်းလွဲပြီထင်တယ်၊ ဒီနားတစ်ဝိုက်မှာ ပွဲ့လျှက်အိမ်ပင်မရှိတာတော့ အမှန်ပဲအဘိုး။ ဒီလောက်ရှာကြတဲ့ဥစ္စာ၊ ရှိရင် တွေ့ဖို့ကောင်းပြီ”

“အဘိုးလဲ မျက်မှန်းမလွဲတာတော့ အမှန်ပဲ မြေးရယ်။ ခင်းတို့ဒီနားတစ်ဝိုက်ကို ထိုးဆင်းသွားကြတာလဲ အမှန်ပဲ၊ သေသေချာချာကြည့်စမ်းပါဦး၊ ဟိုဘက်က သစ်ခြောက်ပင်ကြီးမှာကော ပွဲ့လျှက်ကောင်တွေ အရိပ် အယောင်တွေမမြင်မိဘူးလား။ သစ်ရိပ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အဘိုးမျက်လုံးက သိပ်မကောင်းဘူး"

ဘအုံ့ထည် လက်ညှိုးထိုးပြသော အင်ပင်ခြောက်ကြီးတစ်ပင်ပေါ် အောင်မောင်းမော့ကြည့်သည်။ ပွဲ့လျက်ကောင်တို့၏ အရိပ်အခြည်ကိုကား လုံးဝမမြင်ရ။

"မရှိဘူးအဘိုး၊ ဒီလောက်ကြီးတဲ့အင်ပင်ခြောက်ထဲမှာပွဲ့လျက်အိမ်ရှိနေရင် သင်းတို့ဟည်းသံ အဝေးကြီးက ကြားရမှာပေါ့"

အောင်မောင်း ပြောသည်မှာလည်း အမှန်ပင်ဖြစ်သည်။

အကယ်၍ဤမျှကြီးသော အင်ပင်ခြောက်ကြီး၌သာ ပွဲ့လျက်ကောင်များ အိမ်ဖွဲ့ရှိနေပါက အစာထည့်သံ၊ ဝတ်ရည်ဖြည့်သံ၊ သစ်စေးအိမ်ကိုက်သံတို့အပြင် အစာထည့်၊ ဝတ်ရည်ဖြည့်၊ သစ်စေးအိမ်ကိုက်ချဲ့ရင်း တစ်ကောင်နှင့် တစ်ကောင် ရန်ဖြစ်ကြသံ၊ တဟည်းဟည်း တေးညည်းနေကြသံ၊ အလုပ်ခိုကတ်နေသော အကောင်ငယ်များအား ပွဲ့လျက်မကြီးများက ကြိမ်းမောင်းမာန်မဲသံတို့နှင့် အတူ အင်ပင်ကြီးနားတစ်ဝိုက်မှာ ဆူညံနေလေမည်။

ယခုမူ ဘအုံ့ထည်က ပွဲ့လျက်အိမ်ရှိ တန်ကောင်း၏ ဟုဆိုသော အင်ပင်ခြောက်ကြီးမှာ ပွဲ့လျက်ကောင်များ မြည်ဟည်းသံအစား သစ်တောက်ငှက် တစ်ကောင်က သစ်ခေါက်များကို တခေါက်ခေါက်ခွာချနေသံကိုသာ ကြားနေရသည်။

"ဒီနားတစ်ဝိုက်ကိုထိုးဆင်းသွားတာတော့အမှန်ပဲ ငါ့မြေးရယ်။ ဘာဖြစ်လို့ရှာမတွေ့ပါလိမ့်။ သေသေချာချာကြည့်ပါဦး"

ဘအုံ့ထည်က ဤနေရာ တစ်ဝိုက်ကိုပင် ပွဲ့လျက်ကောင်များ ဆင်းသွားကြသည်ဟု အတပ်ဆိုသော်လည်း သူတို့မြေးအဘိုးနှစ်



ယောက်ပွဲ့လျက်အိမ် လိုက်ရှာနေကြသည်မှာ နာရီဝက်ကျော်ကျော်သာ အချိန်ကုန်သွား၏။ ပွဲ့လျက်ပင်အိမ်ဆို၍ကား အရိပ်အခြည်ပင်မမြင်ရသေး။ထို့ကြောင့် ဘအုံ့ထည်ကညည်းလိုက်ခြင်းဖြစ်သည်။

"ဟာ. . . ဟော. . . ဟော. . . ဟို. . . ဟို. . . ဟိုမှာအဘိုးရယ်၊ တွေ့ပြီ၊ တွေ့ပြီ၊ ဟိုဘက်ကအပင်ကြီးဗျ၊ ကြည့်. . . ကြည့်စမ်းဟော. . . ဟိုမှာ တစ်ကောင်ဆင်းလာနေတယ် အဘိုး"

သစ်ဆိုင်သစ်ရိပ် အမှောင်ကို အကာအကွယ်ယူကာ မိုးမှပြေးပျံဆင်းလာသောပွဲ့လျက်ငယ်တစ်ကောင်မှာ သစ်ခက်သစ်ရွက်ကြားရှိ နေရောင်ခြည်တန်းတစ်ခုနှင့်ပက်ပင်းတိုးမိရာ အောင်မောင်း၏အမြင်စက်ဝိုင်းထဲ ဝင်မိလျက်သား ဖြစ်သွားလေ၏။

"အဲ. . . ဒါကြောင့် မြေးကို အဘိုးမပြောဘူးလား။ သင်းတို့ဆင်းတာ ဒီနားတစ်ဝိုက်ပါလို့" ဘအုံ့ထည်မှာ ဂုဏ်ယူဝင့်ကြွားသော အပြောနှင့်အတူ ချက်ချင်း ပွဲ့လျက်ပင်ကြီးအောက် အပြေးရောက်သွားလေသည်။

ဝမ်းသာအားရနှင့်ပြေးချသွားသော ဘအုံ့ထည်သည် တောင်စောင်းခါးပန်းမှ ပွဲ့လျက်ပင် တစ်ပင်အောက်ရောက်သောအခါ မျက်နှာချက်ချင်း တည်သွားပြန်လေသည်။

ပွဲ့လျက်ကောင်ငယ်များ ရုတ်ခနဲရုတ်ခနဲထိုးဆင်းလာကြသော အင်ပင်ကြီးပေါ် စူးစူးစိုက်စိုက် မော့ကြည့်နေ၏။ ဘအုံ့ထည်၏မျက်နှာမှာ ယခုထိ တစ်စုံတစ်ခုကို အလိုမကျဟန်နှင့် သုန်မှုန်နေတုန်း။

"ဘယ့်နှယ်လဲ အဘိုး၊ ဒီ သစ်ခြောက်ပင်က လိုဏ်ခေါင်းကြီးရှိနိုင်မယ့် သစ်လပ်ပို့ထုကြီးတွေလဲ မတွေ့ရပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဘအုံ့ထည်သည် အောင်မောင်း၏အမေးကို လုံးဝမဖြေသေးဘဲ အင်ပင်ကြီး၏ ပင်စည်ကို ဓားနှောင့်နှင့် တစ်ချက်ခေါက်ကာ စူးစမ်းလိုက်သည်။ အရွက်ခြွေထားသဖြင့် သစ်ခြောက်ပင်ဟုထင်ရသော အင်ပင်မှာ စင်စစ်သော် ခပ်စိမ်းစိမ်းသာ ရှိသေးသည်။ အင်ပင်ကြီးမှာ အသေအခြောက်ဘဝ မရောက်သေး။

"ဘယ့်နှယ်လဲဟင် အဘိုး၊ ပွဲ့လျက်သိပ်ရှိမယ့် အပင်နဲ့တော့ လုံးဝမတူပါလား"

"အေး အဘိုးလဲအဲဒါစဉ်းစားစူးစမ်းနေတာ။ အမှန်က ငါ့မြေးတို့ အဘိုးတို့ မြင်လိုက်ရတဲ့ အကောင်ငယ်တွေဟာ ပွဲ့လျက်ကောင်တွေ မဟုတ်ဘူး"

"ဟင်. . . ကျွန်တော်တို့ မြင်လိုက်တဲ့ အကောင်တွေဟာ ပွဲ့လျက်ကောင်တွေ မဟုတ်ရင် ဘာကောင်တွေလဲ အဘိုး"

"မွေးလိမ်ပျားကောင်တွေလေ ငါ့မြေး။ မွေးလိမ်ပျားကောင်မျိုးဟာ ပွဲ့လျက်ကောင်လို တောင်ပံချေးရစ် မဖြူဘူး။ တစ်ကိုယ်လုံးမှာလဲ အမည်းအနီတွေချည်း အဆင်တစ်ဆင်ထဲရယ်။ အဲဒါကို ခွဲခြားပြီး ငါ့မြေးကိုပြောထားဖို့ အဘိုးမေ့သွားတယ်"

လူငယ်ပင် ဖြစ်သော်လည်း ပွဲ့လျက်နှင့် ပတ်သက်၍တောအတွေ့အကြုံ မနည်းသော အောင်မောင်းကလည်း ဘအုံ့ထည်ပြောမှ သဘောပေါက်သွားသည်။ သူကပွဲ့လျက်ကောင်ထင်သော အကောင်ငယ်များမှာ ဘအုံ့ထည်ပြောသလို မွေးလိမ်ပျားကောင်များဖြစ်နေသည်ကို ယခုမှ တွေးမိသွားလေသည်။

မွေးလိမ်ပျားနှင့်ပွဲ့လျက်ကောင်များမှာ အမှတ်တမဲ့ကြည့်လျှင်



အတူတူဟုပင် ထင်နိုင်သော်လည်း တကယ့်တကယ်မှာမူ လုံးဝမတူကြပေ။ မွေးလိမ်ပျားများမှာ မည်းမည်းညိုညို ဖြစ်ပြီး ပွဲ့လျက်ကောင်များမှာမူ ကိုယ်ထည်ပြာ၍ တောင်ပံချေးရစ်တို့တွင် အဖြူဘန်းများပါလေသည်။

အမှန်က ပွဲ့လျက်ကောင်များမှာ ဤအင်ပင်လို သစ်လပို့တွေသေးငယ်၍ လိုဏ်ခေါင်းကျဉ်းသောအပင်နှင့် သစ်စိမ်းရှင်ပင်များ၌ သစ်စေးအိမ် တည်လေ့မရှိပေ။ သူတို့သည် ပံသုတူသက်သတ်လွတ်ဖြစ်သော အော်လဲနတ်သတ်ပင်များနှင့် သစ်လပို့များ၌ သာအိမ်တည်တတ်လေ့ ရှိကြလေသည်။

မွေးလိမ်ပျားကောင်များမှာကားတွေ့ရာကြုံရာရှိ သစ်ပင်၊ သစ်ခေါင်းများပေါ်မှာ အိမ်တည်လေ့ရှိကြလေရာ ပွဲ့လျက်ကောင်များနှင့်စာလျှင် မွေးလိမ်ပျားကောင်တွေမှာ တောအနှံ့တောင်အနှံ့ပြန့်လျက်ရှိကြလေသည်။

မွေးလိမ်ပျားနှင့် ပွဲ့လျက်ကောင်များကို မှားပြီး သစ်စေးအိမ်ရှာမိကြသော ဘအုံ့ထည်တို့ မြေးအဘိုးနှစ်ယောက်မှာ မနက်စာထမင်းစားချိန်လည်း ရောက်နေပြီဖြစ်သဖြင့် ယူဆောင်လာသောထမင်းထုပ်ကိုအင်ပင်ကြီး တစ်ပင်အောက်၌ မြိန်ရေရှက်ရေ ထိုင်စားသည်။ မနက်စာထမင်း စားပြီးကြသောအခါ နောက်ထပ် ပွဲ့လျက်သစ်စေးအိမ်များရှာရန် တစ်တောင်တက်ဆင်း ခရီးပြင်းနှိုကြရပြန်လေသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

" တစ်ဆင့်တက်သော်၊ တစ်တောင်ကျော်
တစ်မျှော်ရှုလျှို၊ တစ်ချိုတိုး
တစ်မိုးသောက်လျှင်၊ တစ်နေဝင်
တစ်ခွင်မြိုင်ကြီး၊ ဂနိုင်ဆီး "

(ပခန်းမင်းသားကြီး)

ဘအုံ့ထည်တို့ မြေးအဘိုးသည် တောကိုဖြတ်လာသည်။ တောင်ကိုကျော်လာသည်။ သို့သော် မြန်မာပြည်၏ အလှရတနာများဖြစ်ကြသော တောတောင်များမှာလည်း မကုန်သေးမဆုံးသေး။

ထို့နည်းအတူ ဘအုံ့ထည်တို့ ရှာဖွေနေကြသော မြန်မာ့သစ်တောထွက် ရတနာများကလည်း မကုန်သေး၊ မခန်းသေး။ ပတ်ဝန်းကျင် ဘယ်ညာ ဘယ်နေရာကိုကြည့်ကြည့်မြန်မာ့တောတောင်တွေနှင့် မြန်မာ့သစ်တောထွက်ရတနာတို့မှာလည်း အပြည့်အမောက်ပင် ရှိနေကြသေး၏။

တောကြောမှအဆင်း မြေပြန့်တစ်နေရာ အရောက်တွင် "ဟာ. . . " ဟူသောအသံနှင့်အတူ အောင်မောင်းသည် ခေါင်းကို လက်နှင့်အုပ်ကာ ထွက်ပြေး၏။

"ဟင်. . လူလေ. . . ငါ့မြေးဘာလဲဟင်. . ဘာလဲ. . . ဘာလဲ"

ရုတ်တရက်ဖြစ်သဖြင့် ဘအုံ့ထည်မှာလန့်ဖျပ်ပြီးအောင်မောင်းနှား ပြေးရောက်သွား၏။



အောင်မောင်းသည်သူ့ခေါင်းကို ပွတ်ကာ "ပျားတုပ်တယ်ထင်တယ်အဘိုး၊ နာလိုက်တာဗျာ။ ခေါင်းမှာ ချက်ချင်းဖူးရောင်သွားတာကြည့်ပါဦး" ဟု မျက်နှာကို ရှုံ့မဲ့ကာ သူ့အဘိုးကို ခေါင်းထိုးပြ၏။

ဘအုံ့ထည်က သူ့မြေး အောင်မောင်း၏ ခေါင်းကဆံပင်ပုတ်နှင့် လှန်လှော၍ကြည့်၏။

မှန်သည် အောင်မောင်း၏ခေါင်းတွင် လက်သန်းဖျားလောက်သော အဖုတစ်ဖု ချက်ချင်းပေါ်နေလေသည်။

တောအတွေ့အကြုံများလှသော ဘအုံ့ထည်သည် သူ့မြေး အောင်မောင်း၏ခေါင်းကအဖုကို မြင်လိုက်ရုံနှင့်သိပြီ။အောင်မောင်းအား တုပ်သွားသောပျားမှာ သာမန်ပျားမဟုတ်၊ (ဗဒ္ဒ) ပျားတူကင်းကောင့်ပျား ဖြစ်သည်။

"ဟင်. . . အဘိုး၊ ပျားတုပ်သွားတာ ဟုတ်ပါတယ်နော်"

"ဟုတ်တယ် လူလေး၊ ငါ့မြေးခေါင်းကို ပျားတူတုပ်သွားတာမှ ကင်းပျား၊ ပျားတူတုပ်သွားတာ။ အဘိုးတော့ တောထဲမှာ ရတနာ လိုက်တစ်ခု တွေ့ပြန်ပြီပေါ့ကွာ"

ဘအုံ့ထည်သည်ပြောပြောဆိုဆိုနှင့်သူ့ပါးစပ်ထဲ ဝါးလာသော ဆေးငုံဖတ်တွေကို လက်ပေါ် ထွေးထုတ်ကာ အောင်မောင်း ခေါင်းက ပျားတူတုပ်ခံရသောအဖုကို နာနာပွတ်ပေးလိုက်သည်။

"ဘယ်လိုရတနာသိုက်လဲ အဘိုး"

"ဪ. . . တောမှာတောင်မှာ သစ်တောထွက်ရတနာတွေ ရှာနေကြတဲ့ ငါ့မြေးတို့ အဘိုးတို့အတွက် ပျားတူကျင်းတစ်ကျင်း တွေ့တာဟာလဲ ရတနာပေါ့ကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဟုတ်တယ်အဘိုး ဟုတ်တယ် ဟုတ်တယ်။ ပျားတူ တစ်ကျင်းသာရလိုက်ရင်တော့ ကျွန်တော်တို့ ပွတာပဲ။ ဟိုတစ်လော ကဦးသာမောင်တို့ အင်တွဲရွာအဖွဲ့က ပျားတူတစ်ကျင်းရတာငွေသုံး လေးရာရတယ်တဲ့။ ပျားတူကောင်တစ်ပိဿာကို မြို့မှာ သွားရောင်း ရင် တစ်ရာကျော် ရတယ်တဲ့ အဘိုး။ ဒီဗဒူကျင်းကို ရှာပြီး ကျွန်တော်တို့ မြန်မြန်တူးကြမယ်နော် အဘိုး"

သူ့မြေး၏စကားကို ဘအံ့ထည်ကပြုံးသည်။ ပျားတူတစ်ကျင်း ကိုဖွပ်ရ၊ တူးရသည်မှာမည်မျှအန္တရာယ်များကြောင်း၊ ကြောက်စရာ ကောင်းကြောင်း သူ့မြေးက မသိသေး။ လွယ်ပီပီ ရလိုသော လောဘဇောနှင့်သာ ပြောနေ၏။

"အိမ်း . . . ပျားတူဖွပ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး ငါ့ မြေးရယ်။ အဲဒါကြောင့် ပျားတူကျင်းကို အင်တွဲ၊ ပွဲ့လျက်ရွာပြီးလို့ စခန်းသိမ်းခါနီးမှ ဖွပ်ရတယ်။ ခု ငါ့မြေးကို တုပ်လိုက်တဲ့ ဗဒူကျင်း ကိုလဲ စခန်းသိမ်းခါနီးမှ ဖွပ်ကြတာပေါ့။ ဒီနေရာကိုပဲ မှတ်ထားပါ"

"ပျားတူကျင်းကို စခန်းသိမ်းခါနီးမှဘာလို့ ဖွပ်ရတာလဲ အဘိုး ပြောပြပါဦး"

"ကရိကထများလို့၊ အန္တရာယ်များလို့ပေါ့မြေးရယ်။ အဘိုးတို့ ငယ်ငယ်တုန်းက ပျားတူနဲ့ ပတ်သက်လို့ အဘိုးတို့ ငါ့မြေးတို့ရွာမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို အဘိုးပြောပြမယ်"

"ဟုတ်ကဲ့"

ဘအံ့ထည်နှင့် အောင်မောင်းတို့သည် တစ်တောဖြတ် တစ် တောင်ကျော်နှင့် အင်တွဲ၊ ပွဲ့လျက်ရှာရင်း ပျားတူကောင်များ အ



ကြောင်းကို ပြောလာကြလေသည်။

ညကိုးနာရီ ခန့်တွင် အရပ်လူကြီးအိမ်မှ မောင်းထုသည်။ ရွာ ဆော်ကြီး၏ကြို့တင်ဆော်ဩထားခြင်း၊ ဖိတ်မန္တကပြုထားခြင်း မရှိ ဘဲ မောင်းထုသံကြောင့် ကြိမ်ခတ်ကုန်းတစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

သို့သော် အကြီးအကျယ် တုန်လှုပ်ချောက်ချားမှုတော့မဖြစ်မိ ကြ။ မောင်းထုသံ၏ "ဒူဒူ. . . ဒူဒူ. . . ဒူဒူ" ဟုနှစ်ချက်စီဆင့်ဆင့် ထုသံမှာ အရေးပေါ် လူခေါ်စုခြင်းသာဖြစ်သည်ကို ရွာသူရွာသား အားလုံး နားလည်ကြ၏။

သူတို့ဆီ၌ ရွာမောင်း၏ထုသံမြည်သံသည် သင်္ကေတရှိသည်။ သာရေးနာရေးရှိ၍ လူစုရန်ခေါ်ခြင်း၊ ရွာဆော်ကြီး၏ ကြို့တင်ဆော် ဩထား၍မောင်းထုခြင်းတို့မှာ ဒူ. . . ဒူ. . . ဒူတစ်ချက်ချင်း လေး လေး မှန်မှန်ဖြစ်၏။

မြို့ပြတွင် မီးကင်းသံချောင်းခေါက်သံမှု့သလို တဒူဒူ အဆက်မပြတ် အချက်ပေါင်းများစွာ အလျင်အမြန် ထုပြီဆိုလျှင်တော့ ချက်ချင်း အရေးတကြီးအရေးပေါ် လူခေါ်ခြင်းဖြစ်လေသည်။

ထိုသို့ အဆက်မပြတ်မောင်းထုခေါ်ပြီဆိုလျှင်တော့ ရွာရှိ မင်း ယောက်ျားတိုင်းသည် ဓား၊ လှံ၊ လေး၊ မြား၊ တူမီးသေနတ် စသည့် ရရာလက်နက်ဆွဲပြီး အရပ်လူကြီးအိမ်သို့ ချက်ချင်း ပြေးလိုက်ကြ ရသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များမှာမူ ထိုသို့ အရေး တကြီးမောင်းထုသံကို ကြားကြားချင်းရုတ်ခြည်း မိမိတို့လုံခြုံမှုရှိရာသို့ မိမိအသိနှင့်မိမိ အံမြန်ဆုံးရှာဖွေ ခိုလှုံကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အဆက်မပြတ်မောင်းထုခြင်းမှာ ဓားပြ၊ တန္တ၊ သူခိုး၊ သူဝှက်၊ သူပုန် သူကန်၊ ကျား၊ ဝံ၊ မြွေ၊ ဆင် စသည်လူသားများကို အန္တရယ်ပြုနိုင်သော တစ်စုံတစ်ခုသည်ရွာထဲဝင်လာခြင်း သို့မဟုတ်ရွာအနားသို့ ချဉ်းကပ်လာနေပြီဟူသော အချက်ပေး သင်္ကေတပင်ဖြစ်လေသည်။

ယခု မောင်းထုသံမှာ ချက်ချင်းလင်ငင်း အန္တရာယ်ကျရောက်နေပြီဟူသော သင်္ကေတမဟုတ်။ အန္တရာယ် ကျရောက်နိုင်သည်။ သို့မဟုတ် အန္တရာယ် ကျရောက်သွားပြီဟူသော သတိပေးနိုးဆော်ရန် လှုစုခြင်း၊ မောင်းထုခြင်းသာ။

ထို့ကြောင့်လည်း ရွာသူရွာသားများသည်အရပ်လူကြီးအိမ်ရှေ့သို့ ခြေလှမ်းမှန်မှန်နှင့်သာ အေးအေးဆေးဆေး ရောက်လာကြ၏။ ကြိုတင်စီစဉ်ထားခြင်း မရှိသဖြင့် အရပ်လူကြီးအိမ်ရှေ့တွင် လက်ဆွဲအောက်လင်းဓာတ်မီး ထွန်းညှိမထား။ ရေနံဆီမီးအိမ်လေးသာ ထွန်းထား၏။

သို့သော် ကိစ္စမရှိ၊ တပို့တွဲလဆန်း ၁၃-ရက်လသည် အတော်မြင့်တက်နေပြီ ဖြစ်ရာ အရပ်လူကြီးအိမ်ရှေ့သို့လာသူများမှာ မီးခွက်၊မီးတုတ်၊ လက်နှိပ်ဓာတ်မီးများပင် ပါမလာကြ။ သဘာဝအလင်းရောင် အားကိုးနှင့်သာ လူစုကြ၏။

" မောင်းထုခေါ်ရခြင်း ကိစ္စကတော့ ကြိမ်ခါးဖူးခုတ် သွားတဲ့ မောင်သာညာဏ်တစ်ယောက်ခုချိန်ထိ ပြန်မရောက်သေးဘဲ ပျောက်နေတဲ့ ကိစ္စပဲဗျ "

အရပ်လူကြီးသည် ထုံးတမ်းစဉ်လာအရ အစည်းအဝေးကို



လှုစုံအောင်မစောင့်။ ဦးစွာရောက်လာသူကို ဦးစွာပြော၏။ ခါတိုင်းသာရေး၊ နာရေး၊ ရပ်ကိစ္စ၊ ရွာကိစ္စများကိုပြောသလို အစီအစဉ်တကျ ဟန်နှင့်ပန်နှင့်လည်းမဆို၊ မှင်မောင်း လည်း မထုတ်။ ကြုံရာလူ၊ ဦးစွာရောက်လာသူတိုင်းကို တစ်ယောက်ပြီး တစ်ယောက် လျှောက်ပြောနေခြင်းသာ။

သို့သော် ရောက်လာကြသူများမှာအဆက်မပြတ်သဖြင့် ခဏချင်း နာရီဝက်အတွင်းလောက်မှာပင် မောင်သာညာဏ် တောထဲ၌ ပျောက်နေခြင်း ဟူသောသတင်းကိုတစ်ရွာလုံးသိသွားကြလေသည်။

"တစ်ရွာတစ်ကျေးများ သွားနေတာလား မကြည်"

"မဟုတ်ရပါဘူးတော်၊ နေမွန်းစောင်းကြီးမှ ညနေတို့စားဖို့ကြိမ်ခါးဖူးသွားခုတ်ဦးမယ်ဆိုပြီး ထွက်သွားတာပါ။ တစ်ရွာတစ်ကျေးကိုသွားရင် ကျွန်မကို ပြောသွားနေကျပါ"

ရွာသားကြီးတစ်ယောက်၏ အမေးကို မောင်သာညာဏ်အမေက ပြန်ပြော၏။

ခဏတော့ အားလုံးငိုင်သွားကြသည်။

" ဘယ်တောကို သွားမယ်ပြောလဲ "

"ဘယ်တောကိုသွားမယ်ရယ်လို့တော့ တိတိကျကျမပြောခဲ့ပါဘူး။ ကြိမ်ခါးဖူး သွားခုတ်ဦးမယ်ပဲ ပြောသွားပါတယ်။ ခါတိုင်းလဲ သွားနေကျဆိုတော့ ကျွန်မလဲ မမေးမိဘူးပေါ့တော်။ ခု. . . ခုတော့ မိုးကြီးသာချုပ်သွားတယ်၊ ကျွန်. . . ကျွန်မသားလေး ပြန်မရောက်သေးပါဘူး"

ဒေါ်ကြည်၏ငိုသံတစ်ဝက်နှင့်အပြောကို အားလုံးငေးငေးကြတုန်း။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တောင် ဘယ်တောဘက် ထွက်သွားမှန်းမသိတော့လဲ ခက်သားပဲဗျ။ ဘယ်မှာသွားရှာကြရမှာလဲ"

မှန်၏။ ရွာ၏အရပ်ရှစ်မျက်နှာတွင် တောချည်း၊ တောင်ချည်း။ မောင်သာညာဏ် ထွက်သွားသော တောသည် ဘယ်တော ဘယ်တောင်မှန်းမသိ။ ဘယ်မှာသွားရှာကြရမည်နည်း။

သို့သော် သစ်ကြီး ဝါးကြီး ခုတ်ရန်မဟုတ်ဘဲ ကြိမ်ခါးဖူး ဟင်းစားရှာရုံသာဆိုလျှင်တောင်ကြီး တောနက်ထိတော့မသွားတန်ရာ။ ဟင်းသီး၊ ဟင်းရွက်၊ ဟင်းညွန့်ရှာသွားသူများမှာ ကုန်းသုံးကုန်း လျှိုသုံးလျှို၊ တောသုံးတောထက် မကျော်လွန်ရဟုလည်း အရပ်စကားအဆိုရှိလေ၏။

မောင်သာညာဏ်ရွာကထွက်သွားသည့်အချိန်မှာလည်း နေမွန်းစောင်းကြီးအချိန်ဆိုတော့ တောနက်ထဲကိုမဖြစ်နိုင်။ ပြီးတော့ ၁၄-၅ နှစ် အရွယ် မောင်သာညာဏ်မှာ တောကျွမ်းပြီးသား လူကြီးလည်း မဟုတ်။

"ကြိမ်ခါးဖူးသွားခုတ်ရိုးမှန်ရင်တော့ တောနက်ထဲမဖြစ်နိုင်ဘူး။ ရွာနီးပတ်ဝန်းကျင်မှာပဲ ရှိမှာပါ"

"အမှန်ပါတော်။ ကြိမ်ခါးဖူးသွားခုတ်မယ်လို့ကျုပ်ကို ပြောသွားတာ ဧဝကံ ဧဝကံပါ။ ကျုပ် သား . . . သား . . . ကျုပ်ကိုတစ်ခါမှ လိမ်ညာမပြောဖူးပါဘူး။ အလိမ္မာလေးပါ"

မှန်သည်။ မောင်သာညာဏ်ကားအမိမုဆိုးမကိုအလွန်ချစ်သော သားလိမ္မာလေးဆိုသည်ကို တစ်ရွာလုံး သိကြလေသည်။

"တောထဲမှာ ဒီကောင်မျက်စိတွေဘာတွေလည်တတ်သလား။



ဒီကောင်နဲ့ မင်းတို့သစ်ခုတ်ဝါးခုတ် ဘယ်သူအတူသွားဖူးကြလဲဟ ပြောကြစမ်းပါဦး။ ပျားဖွပ်ဆေးရှာကောသွားဖူးတဲ့လူ တစ်ယောက်မှမရှိဘူးလား"

"ရှိပါတယ်ခင်ဗျား။ ရာသီကာလတိုင်း ကျွန်တော်တို့ ညီအစ်ကိုတွေနဲ့ တောထဲတောင်ထဲ လိုက်နေကျပါ။ ဒီကောင်မှတ်ညာဏ်သိပ်ကောင်းပါတယ်။ စူးစမ်းလေ့လာတတ်တဲ့အကျင့်နဲ့ စွန့်စားရှာဖွေမှုတွေကိုလဲ ဝါသနာကြီးတတ်ပါတယ်။ တောထဲ တောင်ထဲမှာ ဒီကောင် တစ်ခါမှ မျက်စိမလည်ဖူးပါဘူး"

ဒီစကားကိုတော့ မောင်သာညာဏ်နှင့်တောထဲတောင်ထဲအတူ သွားလာဖူးသော မောင်အံ့ထည်က ဝင်ပြောလိုက်သည်။

"သစ်ခုတ်၊ ဝါးခုတ်၊ ပျားဖွပ်၊ ဆေးရှာနဲ့ ဘာဆိုင်လဲဗျ။ ခုဟာက ဟင်းစား ကြိမ်ခါးဖူးသွားရှာတာ၊ နေဝင်မိုးချုပ် ဘယ်နေလိမ့်မလဲ"

ရွာလူကြီးစကားကို အမြဲအတွန့်တက်တတ်သော ဦးကျော်ဆိုသူက ထပြောပြန်၏။

"အိမ်း . . . ဟုတ်တာပ။ ခုလိုနေဝင်မိုးချုပ် တောထဲ ဝင်နေတာ ထုံးစံမရှိပါဘူးတော်"

အသက်ကြီး အမယ်အို တစ်ယောက်က ဦးကျော်စကားကို ထောက်ခံ၏။

အရပ်လူကြီးက ဦးကျော်နှင့်အဘွားကြီးဘက် တစ်ချက်လှမ်းကြည့်ကာ စကားဆက်သည်။

"မင်းတို့ကွာ ဒီကောင်လေး ဘယ်ဘက်ထွက်သွားတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရွာအပြင်မှာ ဖြစ်ဖြစ်၊ တောစပ်မှာ ဖြစ်ဖြစ် မြင်လိုက်တဲ့ လူတော တစ်ယောက်ယောက် မရှိဘူးလား။ ခြေရာခံ လိုက်ရှာကြည့်ရအောင် လို့ပါ"

အရပ်လူကြီး၏စကားကိုမည်သူကမျှမတုံ့ပြန်ကြ၊ အားလုံးနှုတ်ဆိတ်နေကြ၏။

အရပ်လူကြီးသည်ရွာသားများ၏မျက်နှာကို တစ်ယောက်ချင်း စူးစူးရှုရှုလိုက်ကြည့်၏။ အမှောင်ထဲတွင် ထူးခြားမှုအကဲတစ်စုံတစ် ရာ မရသောအခါ သက်ပြင်း ချသည်။

"အိမ်း. . . စဉ်းတော့စဉ်းစားစရာပဲ။ အချိန်ကလဲမနည်းတော့ဘူး။ ဒီတော့ လောလောဆယ်ရွာနားဝန်းကျင်မှာပဲရှာကြမယ်။ အ ရင်ကအစုအအုပ် ဖွဲ့စည်းထားတဲ့အတိုင်း ကိုယ့်အုပ်စုနဲ့ကိုယ် ချက် ချင်းရှာကြပါ"

ရွာတွင် အပိုင်းလိုက်၊ အစုလိုက်၊ ဖွဲ့စည်းပြီးသားရှိသဖြင့် မိမိ အစုနှင့်မိမိ၊ မောင်သာညာက်ကို တောနင်းရှာရန် အလျှိုလျှိုထွက် သွားကြလေ၏။

"မကြည် ခဏနေပါဦးဟ"

ရွာသားကြီးများသွားရာနောက် ဆွေမျိုးနီးစပ် အုပ်စုတစ်ခုထဲ သူလဲ လိုက်ပါရန်ဆတ်ခနဲ ထလိုက်သော ဒေါ်ကြည်ကို အရပ်လူ ကြီးက ခဏတားထားလိုက်၏။

မောင်သာညာက်၏အမေ ဒေါ်ကြည်မှာ အရပ်လူကြီးဘက် ကြောင်တွေတောင်တောင်နှင့် လှမ်းကြည့်နေသည်။

"လာပါဦးဟ ဒီကို"



ဒေါ်ကြည်ကအရပ်လူကြီးနားကပ်သွား၏။ ထိုအခါမောင်သာ ညာက်နှင့် အရင်းနှီးဆုံးဖြစ်ကြသော မောင်အံ့ထည်တို့ ညီအစ်ကို နှစ်ယောက်ကလည်း ဒေါ်ကြည် နားကပ်သွားကြ၏။ ဤသည်ကို ဘာကြောင့်မှန်းမသိ၊ အရပ်လူကြီးက ဟန့်တားစကားဆိုသည်။

"ဟဲ့. . . ဒီကောင်လေးတွေသွားကြစမ်း။ လူကြီးတွေစိတ်ညစ် နေတဲ့အထဲ၊ မင်းတို့ ကိစ္စဘာရှိလဲ။ သွား. . . သွား. . . ဝေးဝေး သွား နေကြစမ်း"

မောင်အံ့ထည်တို့ ညီအစ်ကိုအား အမေကလည်း အလိုက်တ သိ လှမ်းခေါ်သည်။

မောင်သာညာက်အားအလွန်ခင်မင်ကြသော မောင်အံ့ထည်တို့ ညီအစ်ကိုတွေမှာ အရပ်လူကြီးကိုရော အမေ့ကိုပါ မကျေနပ်ချင်ကြ။ မောင်သာညာက်တောထဲသွားရင်း ပျောက်ချင်းမလှပျောက်နေသည် ဟု သူတို့ညီအစ်ကိုတစ်တွေကလည်း အလွန်အမင်းစိတ်ဝင်စားနေ ကြလေသည်။

ထို့ကြောင့် အရပ်လူကြီးနှင့် မောင်သာညာက်တို့အမေက ဘာ တွေများတိုင်ပင်နေကြပါလိမ့်ဟု အရိပ်အခြည်ကြည့်နေမိကြသည်။

"နင့်သားဟာ တောင်ဘက်ပိုင်းကဘမြင့်တို့ညီအစ်ကိုနဲ့စကား များရန်ဖြစ်ဖူးတယ်ဆို။ တခြား ရန်ငြိုးရန်စ ရှိသူတွေကောရှိသေး သလား။ ငါ့ကို အမှန်အတိုင်းပြောစမ်းပါ"

ဒေါ်ကြည်က ဝဲလာသောမျက်ရည်ကို အလျင်သုတ်၏။ ပြီးမှ သံညှစ်၍ဆိုသည်။

"ဘယ်သူနဲ့မှကျူပ်သားက ရန်ခိုက်ဒေါသမဖြစ်ရပါလားတော်။

www.burmeseclassic.com

www.burmeseclassic.com



ဘမြင့်တို့နဲ့ဖြစ်တယ်ဆိုတာတောင် ခုသူကြီးပြောမှ သိရတာ ကျုပ်သားမှာ ရန်မရှိပါဘူး”

“တိုးတိုးပြောပါဟာ. . . နင်ကလဲ၊ သူများတွေကြားကုန် မယ်”

ရှိုက်သံတစ်ဝက်နှင့်ငိုပြီးပြောသော ဒေါ်ကြည်ကို အရပ်လူ က သတိပေးလိုက်၏။

အရပ်လူကြီး၏သဘောမှာ သူနှင့် ဒေါ်ကြည်တို့ ပြော သည့်စကားကို တခြားလူများမကြား မသိစေချင်ပေ။ သူထင်သ မောင်သာညွှန့် တစ်စုံတစ်ခုဖြစ်လျှင် ရန်ငြိုးရန်စရှိသူတွေ သ ပစ်သည်အထင်နှင့် အတုံ့ အလှည့် ကလဲ့စားချေနေကြမှာ စိုး ရ၏။

ထို့ကြောင့်လည်းစောစောကမောင်အုံ့ထည်တို့ ညီအစ်ကို တွေကို မောင်းထုတ်ခြင်းဖြစ်သည်။ “နင်ပါတောထဲတောင်ထဲ မယ်ဆို။ ငါတို့အဖွဲ့နဲ့ပဲ လိုက်ခဲ့။ ဥစ္စာပျောက် ငရဲရောက်ဆိုသ တောထင်တောင်ထင်လဲ မထင်နဲ့နော်”

“ဟုတ်. . . ဟုတ်ကဲ့ပါတော်”

ရှိုက်သံဝလုံးဗထွေးနှင့် အာမဘန္ဓေခံကာ ဒေါ်ကြည်မှာ အ ပျောက်ရှာရန် အရပ်လူကြီး ဦးထွန်းသောင် တို့အဖွဲ့နှင့် တော လိုက်သွားလေ၏။

အမေနှင့်မောင်အုံ့ထည်တို့ ညီအစ်ကိုမှာရွာလူကြီးအိမ်ဝင် မှ ပြန်လာကြရသည်။

* * * * *



လဆန်း ၁၃-ရက်လသည် အနောက်ဘက်တောင်တန်းမြင့်များ ငုပ်လျှိုးသွားပြီဖြစ်သည်။

လရောင်ကွယ်သွားသောအခါ တောထဲတောင်ထဲကမီးတုတ် ...ရှုးများမှာ ပို၍လင်းလက်လာကြ၏။ မောင်သာညွှန့်အားတော် ...သလို ညီလေး၊ တူလေး၊ သားလေး စသည် အော်ခေါ်နေကြ ...သာ အသံဗလံတွေကလည်း တောလုံးညံ့လာသည်။ လူထုကြီး၏ ...အော်ခေါ်သံကို ရွာကပင် အတိုင်းသား ကြားနေကြရသည်။

မိုးလင်းပိုင်းနီးလာသောအခါနွေဦး၏အကြိုတော်ဥသြငှက်၏ ...မ်းလွမ်းဆွေးဆွေးတေးဖွဲ့အော်မြည်နေသံကို တောအနှံ့ တောင် ...နံ့က ကြားနေရ၏။

မောင်သာညွှန့်ကို ညီအစ်ကို အရင်းတမျှခင်မင်ရာကြသော ...ာင်အုံ့ထည်တို့ညီအစ်ကိုတစ်တွေမှာ တစ်ညလုံး အိပ်မပျော်ဖြစ် ...ကြသည်။ မောင်သာညွှန့်ကို အကောင်းပကတိနှင့် ကျန်းကျန်း ...မာ ရွာလူကြီးများ ပြန်တွေ့ကြပါစေဟု စိတ်ထဲက ဆုတောင်းနေ ...ကြရသည်မှာလည်း အမောပင်။

အမှန်က မောင်အုံ့ထည်တို့ ညီအစ်ကိုတစ်တွေ သာမဟုတ်။ ...ရပ်လူကြီးမှာလည်း ပျောက်နေသော မောင်သာညွှန့်ကိုတော ...နှံ့ တောင်အနှံ့ အော်ဟစ်ခေါ်ရှာနေရင်း အတွေးလွန်နေမိလေ ...သည်။

“တစ်နေရာတွင် မောင်သာညွှန့်လေးအား အသက်ထင်ရှား ...တွေ့ပါရစေ။ အသက်သေ၍ တွေ့ရလျှင်လည်း မြွေပါး၊ ကင်းပါး ...င်နင်း၊ ဝံကုတ်၊ ကျားကိုက်၍သာဖြစ်ပါစေ။ လူလူချင်းသတ်မှုတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတာ မတွေ့ရ၊ မကြုံရပါစေနှင့်။ ရွာသူကြီး လုပ်သက် ငါးနှစ်အတွင်းတွင် တစ်ကြိမ်တစ်မျှ မကြုံဖူး၊ မတွေ့ဖူးသေးသော လူသတ်မှုမဖြစ်ပါစေနှင့်"

* * * * *

အရပ်လူကြီး၏ အမိန့်အတိုင်း မောင်သာညာဏ်အား လူစု၍ တောနင်းကာ အထပ်ထပ်ရှာကြသည်။ မောင်သာညာဏ်၏အမည်ကို အသံဝင်မတတ်အော်ခေါ်ကြသည်။ နေ့မအား၊ ညမနားထမင်းထုပ်ကိုယ်စီ၊ ရေဘူးကိုယ်စီနှင့် ရှာကြသည်။ ညအခါတွင် မီးတုတ်မီးရှူး၊ မီးတိုင်ကိုယ်စီနှင့်လည်း ရှာကြသည်။

ရွာသားတွေသာမဟုတ်။ အနွယ်ရောက်သော ရွာသူရွာသားတိုင်း တောအနှံ့ တောင်အနှံ့ ဖြန့်၍ရှာကြသည်။ ခြေရာချင်းပင်ထပ်နေလေပြီ။ ထိုသို့ရှာကြသဖြင့် တောနေတိရစ္ဆာန်တွေပင် လန့်ဖျပ်၍ ပြေးကုန်ကြပြီ။ မောင်သာညာဏ်ကိုကား အစအန ခြေရာမျှပင်မတွေ့ကြရသေး။ တောသုံးတော၊ ကုန်းသုံးကုန်း၊ လျှိုသုံးလျှိုတွင်မက တောကြီးမျက်မည်းများပင် ပြုပြစ်ငလေပြီ။

မောင်သာညာဏ်ကိုရှာရင်း၊ ဆူးစူးသူ၊ ပျားတုပ်ခံရသူ၊ ခွေးလှေးယားသီး ထိသူ၊ မြွေနှင့် တွေ့သူ၊ ကင်းနှင့်တွေ့သူ၊ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ဖွတ်ပုတတ်ကစ၍ ကျား၊ ဝံနှင့် တွေ့သူများပင်မနည်းတော့။

မောင်သာညာဏ်လူပျောက်ကိုရှာရင်း ချေနှစ်ကောင်နှင့်ဆတ်တစ်ကောင်ကိုပင် ရွာသူရွာသားတွေ ဝိုင်းဖမ်း သတ်စားလိုက်ကြပြီ။



မောင်သာညာဏ်ကိုကား ယခုထိ ခြေရာမခံမိကြသေး။

သည်လိုနှင့် နှစ်ရက် နှစ်ည ကြာသွား၏။ လူပျောက်ရှာနေသော ရွာသူရွာသားတွေမှာလည်း မောပန်း နွမ်းနယ် နေကြလေပြီ။ သို့သော် အရပ်လူကြီး၏ အမိန့်နှင့်ဆက်လက်၍ ရှာနေကြရဆဲ။

ကျားကိုက်၍သေလျှင် ကျားစားထားသောအလောင်းတစ်ပိုင်းတစ်စကို တွေ့ရမည်။ ဆင်နင်း၍သေလျှင်လည်း မောင်သာညာဏ်၏အလောင်းကို မြေတွင်ပြားချပ်၍မြင်ရမည်။ ဝံကုတ်၊ ဝံကိုက်၊ မြွေကိုက်၍သေလျှင်လည်းအလောင်းတော့ တွေ့ကြရပေမည်။ ယခုဘာအထောက်အထားမျှ မတွေ့ရသောအခါ မောင်သာညာဏ်ကို မည်သို့ယူဆရမည်နည်း။ မည်သူကမျှ မတွေးတတ်အောင် ဖြစ်နေကြရလေရပြီ။

* * * * *

## အခန်း (၁၁)

မောင်သာညာဏ် ပျောက်သွားပြီး သုံးရက်အကြာမှာ သူ့အမေခေါ်ကြည်က နတ်သွားမေး၏။ နတ်ကတော်က မောင်သာညာဏ်ကို နတ်ဝှက်ထားသည်ဟု အဟောထွက်သည်။ "အသက်ရှင်လျက်မှ ရှိပါသေးလား" ဟု မေးသောအခါနတ်ကတော်က အသက်ရှင်နေသေးသည်၊ ဘယ်အပင် ဘယ်ညောင်ပင်ကြီးအောက် လိုဏ်ခေါင်းတွင်ရှိနေသည်၊ ရက္ခစိုးကြီးက ကြည့်ထားသည်၊ နတ်ပွဲပတ်နှင့် ရှာရမည်ဟု ဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီ၌ ယခင်ကလည်း ဤသို့ ထူးထူးဆန်းဆန်း အဖြစ်အပျက်များ ရှိခဲ့ဖူးသည်။ တောထဲသွားရင်း ယောကျ်ား မိန်းမ၊ ကလေး သူငယ်များ ပျောက်ဖူးသည်။ တစ်ည နှစ်ည တစ်ရက် နှစ်ရက်အကြာတွင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်ရင်းတွင် အိပ်ပျော်၍မေ့မြော၍တွေ့ရတတ်သည်။

အိပ်ပျော်၍ တွေ့သူကို လှုပ်နှိုးခေါ်ယူရ၏။ ထိုသူအား မေးကြည့်သောအခါကင်းမွှံသီး၊ စောင်းချမ်းသီး၊ တောဆီးသီး၊ မှန်ဒေါင်းကြပ်သီး စသည်စားနေကျအသီး တစ်မျိုးမျိုးကို ခူးဆွတ် စားရင်းသွားရင်းလာရင်း အိပ်ချင်လာကာ အိပ်ပျော်ပြီး သတိမေ့သွားသည်ဟု ပြန်ပြောပြတတ်ကြ၏။

တချို့ကမူတောကြီးမျက်မည်းထဲ နေ့ခင်းဆိုလျှင်လျှောက်သွား ညရောက်လျှင်သစ်ပင်ပေါ် တက်အိပ်။ တွေ့ကရာအသီးအရွက်တွေကိုစားနှင့် တစ်ည၌ နှစ်ည၌၊ တစ်ရက်နှစ်ရက်တောကြီးထဲ မျက်စိလည်ကာရွာပြန် မရောက်တတ်ဘဲယောင်ပေပေ ဖြစ်နေတတ်သည်လည်းရှိ၏။ ထိုသူများကို ရှာဖွေသူတွေက နာမည် ထုတ်ခေါ်ကြသောအခါ အချို့မှာကြားရာအရပ်က ပြန်ထူးပြီး ရှာဖွေသူတွေနှင့်တွေ့ကာ ရွာသို့ပြန်လိုက်လာ၏။

အချို့ကမူ ရှာဖွေသူတွေးက အော်ခေါ်နေကြသည်ကိုပင် အကြောက်လွန်ကာ တစ္ဆေသရဲတွေက လူယောင်ဆောင်ခေါ်နေသည် ထင်၍ ရှာဖွေသူတွေကိုမြင်မှ ထွက်ပြေးရာ ဝိုင်းဝန်းဖမ်းဆီးပြီးခေါ်လာရသည်လည်းရှိလေသည်။

အချို့ကိုမူ တောထဲတွင် အစာငတ်၊ ရေငတ် ဖြစ်ကာမေ့မြော၍တွေ့ရ၏။ ထိုသူကို သတိရအောင် ဝိုင်းဝန်းပြုစုကြရသည်။ သတိရ၍မေးကြည့်သောအခါ မည်သည့်တိရစ္ဆာန်ဟု မပြောပြတတ်။ သူ့အပြောကမူ မကောင်းဆိုးရွားတစ်ကောင်ကောင် အနားကဖြတ်ပြေးသွားသည်။ ထိုအကောင်ဆီမှ အနံ့အသက်ကျန်ရစ်သည်။ ထိုအနံ့ကို ရှူမိသောအခါ ပထမမွှေးသည်။ နောက် ကြက်သီးတွေထလာပြီး မူးလာသည်။ နောက် သတိလစ်သွားသည် ဆို၏။

အမှန်မှာ အသီးစားမိ၍ အနံ့ရှူမိ၍ဆိုခြင်းမှာအဆိပ်သင့်ခြင်းတစ်မျိုးပင်။ အမွှေးလွန်လျှင်လည်း အဆိပ်သင့်တတ်၏။ တောတောင်ထဲတွင် ကြောင်နံ့သာလိုအကောင်မျိုးနှင့် ကတိုးလိုအကောင်မျိုးတွေရှိလေရာ အနံ့ရှူမိ၍ အဆိပ်သင့် မေ့မြောသွားသည်မှာ ဖြစ်တတ်သော အကြောင်းအရာပင်။

အသီးကမူ ပို၍ပင်ကြောက်စရာ ကောင်းသေး၏။ စားနေကျအသီးပင် ဖြစ်သော်လည်း အခိုက်မသင့်လျှင် ချက်ချင်းအဆိပ်သင့်တတ်၏။ ထူးဆန်းသည်မှာ တစ်ပင်တည်းမှသီးသော အသီးမှာအတူတူပင်ဖြစ်သော်လည်းအဆိပ်သင့်သောအလုံးမှ အဆိပ်သင့်တတ်၏။ အလုံးတိုင်း၌ အဆိပ်မရှိပေ။ သစ်သီးတစ်လုံး၏ အလယ်၊ အရင်း၊ အဖျား၊ လမ်း၊ ကာလ ဒေသ၊ ပထဝီမြေ၏ အနေအထားလူ၏မူလ ဘူတကိုယ်ခံစွမ်းအား ဓာတ်ခံကိုစွဲ၍ခွန်အားနှင့် အဆိပ်ကို ဖြစ်စေသည်ဟု ဆေးကျမ်းများ၌ ဆိုလေသည်။

ထို့ကြောင့် တောထဲတောင်ထဲတွင် တွေ့ရသော သစ်သီးဝလံများကို ဝါရင့်မုဆိုးကြီးများသည်တွေ့တိုင်း မစားဘဲ အချိန်ကာလ၊ နေကျ နေတတ်နေ့ရက်အခါကို ကြည့်၍သာ စားသည်ဟုအဆိုရှိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စားသုံးရာတွင်လည်း တစ်ပင်တည်း အသီးပင် ဖြစ်လင့်ကစား နေရောင်ကျရာ၊ နက္ခတ်လမ်းတွင် အပြစ် အကျိုးနှင့် အရှေ့ အနောက် တောင် မြောက် စသည် ခွဲခြား၍သာ စားရ၏။ အချို့ကမူ အနိမ့်အမြင့် အကိုင်းအခက်ကိုပင်ရွေးစားရသည်ဟု ဆိုသည်။

တောထဲတောင်ထဲက သစ်သီးဝလံများကိုလက်တွေ့မျက်တွေ့ မကြုံဖူးကြ၍ မသိကြသော်လည်းစိုက်ခင်းတစ်ခင်းတည်းမှ တစ်ပင်တည်းမှ သီးသော သခွားသီးများထဲတွင် စုန်းပြူးပမာ အခါးတစ်လုံးတလေ ပါတတ်သည်ကိုတော့ တောင်သူတိုင်း သိကြလေသည်။

အချို့ကမူ အဆိပ်ရှိသော မြွေဆိုး တစ်ကောင်ကောင် ကျော်ဖြတ်တက်နင်းသွားလျှင်လည်းခါးသည်ဟု ဆိုကြသည်။ အချို့မှာမူ မြွေသာမဟုတ်၊ အဆိပ်ရှိသော တိရစ္ဆာန် တစ်ကောင်ကောင် အကျော်ခံရသည်နှင့် ခါးခြင်း၊ ပူခြင်း၊ စပ်ခြင်း တစ်စုံတစ်ခုဖြစ်တတ်သည်ဟု ယူဆကြသည်။ မည်သို့ဆိုစေ တစ်ပင်တည်းမှ သီးသော သခွားသီးများထဲတွင် ခါးသော သခွားသီးများ ပါတတ်သလို တောတောင်ထဲတွင်တွေ့ရတတ်သော လူစားကောင်းသည့် အသီးအနှံများထဲတွင်လည်း အဆိပ်သင့်နေသော သစ်သီးတစ်လုံးတလေ ရှိနေတတ်သည်မှာ အမှန်ပင်ဖြစ်လေသည်။ အသီးသာမဟုတ်၊ လူစားသော သစ်ရွက်၊ သစ်ညွန့်၊ အဖူးအပွင့်၊ သစ်ဥသစ်ဖု စသည်များမှာလည်း တစ်ခါတစ်ခါထိုနည်းလည်းကောင်း အဆိပ်ဖြစ်နေတတ်လေသည်။

ထိုသို့ အဆိပ်သင့် မူးမေ့အိပ်ပျော်နေသူများကို ပြန်တွေ့ရသလို ဆင်နင်း၍၊ ဝံကုတ်၍၊ ကျားကိုက်စားထား၍သေနေသော အ



လောင်းများကိုလည်း ပြန်တွေ့ရတတ်၏။ လုံးဝအလောင်းရှာမတွေ့သူများလည်း ရှိဖူးသည်။ ထိုသူများကို သူတို့ဒေသက နတ်သတ်ပစ်သည်၊ နတ်ခေါ်သွားသည်ဟု အယူရှိကြလေသည်။ သူတို့ယုံကြည်ကြသော နတ်များမှာ မိစ္ဆာနတ်၊ သရဲတစ္ဆေပင်။

ယခု ကြိမ်ခါးဖူးခုတ်ရန်သွားရင်းပျောက်သွားသော မောင်သာညာဏ်ကိုလည်း နတ်ဝှက်ထားသည်၊ နတ်ကွယ်ထားသည် အထင်နှင့် သုံးရက် သုံးည ရှာကြ၏။ ဘယ်တောဘယ်တောင်မှာမှ ရှာမတွေ့။ ဗေဒင်မေး၊ ဟူးရားကြည့်ကြသည်မှာလည်း အကြိမ်ကြိမ်အခါခါရှိနေပြီ။ နတ်သတ်ပစ်ပြီ၊ နတ်ခေါ်သွားပြီဟု ဗေဒင်ဆရာ၊ နတ်ဆရာတို့က အဟောထွက်ကြပြန်၏။

သည်လိုနှင့် မောင်သာညာဏ်ကို ရွာနှင့် အနီးဆုံး တောတွေ တောင်တွေမှာ တောနင်း ရှာကြပြန်သည်။ လေးငါးရက်သာကြာသွား၏။ မောင်သာညာဏ်၏ အလောင်းကိုကား မတွေ့ရသေး။

နတ်ကတော်တွေအဟောထွက်သော သစ်ပင်ကြီးကြီးရှိသည့် တောတွေ တောင်တွေလည်းကုန်ပြီ။ သစ်ပင်ကြီးကြီး ရှိရာဟူသမျှလည်းနှံ့ပြီ။ မောင်သာညာဏ်ကိုကား လုံးဝရှာမတွေ့ကြသေး။ နတ်ကတော်လည်း လက်မှိုင်ချသွားပြီ။ အစက မသေသေး၊ ပြန်တွေ့ရမည်၊ နတ်ဝှက်ထားသည်၊ နတ်မြှောင်ထားသည်၊ ထို့နောက် ရှာမတွေ့တော့၊ သေပြီ၊ အလောင်းတွေ့ရမည်၊ ဘယ်အပင်အောက်မှာ ဘယ်တောဘယ်တောင်မှာဟုပြောသော နတ်ကတော်ကို ယခု အလောင်းရှာ မတွေ့သဖြင့် ဆွေမျိုးသားချင်းများက ဆဲဆို ငိုကြွေး မောင်းမတတ် မေးလာကြပြန်သော အခါ နတ်ကတော်မှာလည်း

www.burmeseclassic.com



ကြောက်ကြောက်နှင့် သူယခုမှ သေသေချာချာ သူ့မယ်တော်ကြီးကိုမေးမိပါသည်။ မောင်သာညဏ်ကို အရှင်လတ်လတ် ခေါ်သွားသည်၊ အ[illegible]ပင် ထားမပစ်ခဲ့ဟု ဆိုပြန်၏။

မောင်သာညဏ်အား လေးငါးရက် လိုက်ရှာရ၍ အလုပ်ပျက်အကိုင်ပျက်ဖြစ်နေကြသော ရွာသူရွာသားတွေမှာ နတ်ကတော်ကြီးကို အကြီးအကျယ်စိတ်ဆိုးကြသည်။ "တော်တော့ နောက်ဘာအဟောမှ မထွက်နဲ့။ ခင်ဗျား ပါးစပ်ပိတ်ထားတာ ကောင်းတယ်။ မောင်သာညဏ်ကို အရှင်လတ်လတ် ခေါ်သွားတာစောစောက ဘာလို့အဟောမထွက်လဲ" ဟု ကြိမ်းမောင်းမာန်မဲကြသည်။

နတ်ကတော်နှင့် ဟူးရားဆရာတို့၏ စကားကိုလည်း အယုံအကြည်မရှိကြသောအခါ တွေးခေါ်တတ်သူ လူကြီးတွေနှင့် ဆွေမျိုးသားချင်းတွေမှာ တစ်မျိုးတစ်မည် တွေးကြပြန်သည်။

မောင်သာညဏ်နှင့် ရည်းစားလုဘက်များ သို့မဟုတ် ဒေါသဖြစ်ဖူးသူများ သို့မဟုတ် မောင်သာညဏ်၏ ကိုယ်ပေါ်တွင် ရွှေဆွဲကြိုးတစ်ကုံးနှင့် သူ့ဘကြီးဘုန်းကြီးပေးထားသော စမ္ပာနဝ အင်းကွက်ပါ ငွေကြုတ်ကြီးတစ်ခုလည်းပါသွားရာ ထိုပစ္စည်းကို လိုချင်မျက်စိရှိနေကြသော မသမာသူများက လုပ်ကြသတ်ဖြတ်ပြီး အလောင်းဖျောက်ပစ်လိုက်ကြတာလား။ ကာလကလည်း နွေရာသီကာလ။ ဖဲဝိုင်းကလည်း ရွာနီးချုပ်စပ်များတွင် ရှိနေလေရာ ဖဲရှုံးသူတွေကများ၊ မောင်သာညဏ်၏ ရွှေဆွဲကြိုးကို လိုချင်၍ သတ်ပစ်လိုက်ကြလေသလားနှင့် အမျိုးမျိုးတွေးနေကြသည်။

နောက်ဆုံးအနေနှင့် စပါးကြီးမြွေ တစ်ကောင်ကောင်ကများ



မောင်သာညဏ်ကို ညှို့ပြီး မျိုထားလေသလားဟုလည်း တွေးကြပြန်သည်။ သို့သော် လူတစ်ယောက်ကို ညှို့ပြီး အသေမျိုပစ်လိုက်သော စပါးကြီးမြွေတစ်ကောင်ကောင်ကိုတော့ သူတို့ရပ်[illegible]ရွာသမိုင်းတွင် မတွေ့ဖူး မကြုံဖူးကြ။

တစ်ခုတော့ရှိ၏။ လွန်ခဲ့သော အထက်ကျော်ကာရီက သူတို့ကြိမ်ခတ်ကုန်းရွာသား ဦးညိုဆိုသူနှင့် ပတ်သက်၍တော့ ပုံပြင်လိုလို ဒဏ္ဍာရီလိုလို အကြောင်းအရာတစ်ခုဖြစ်ပေါ်ခဲ့သည်။ ဤသည်ကိုလည်း သက်ကြီးစကား သက်ငယ်ကြားဆိုသလို လူတိုင်းသိနေကြသည်။

တစ်နေ့သ၌ ဦးညိုသည် သစ်ခုတ်ရန်အထက် တောဘက်သို့ထွက်လာလေသည်။ သူတို့ရွာနီးချုပ်စပ်တစ်ဝိုက်တွင် ဦးညို သစ်မခုတ်ဖူးသော တောဟူ၍မရှိတော့။ ၁၂-နှစ်သား အရွယ်ကပင် သစ်ခုတ်လာသော ဦးညိုသည် ယခု အသက် ၄၀-ပင်ကျော်လေပြီ။ ဦးညို၏ သစ်ခုတ်လုပ်သက်မှာလည်း အနှစ် ၂၀-ကျော်လေပြီ။

ထို့ကြောင့် ဘယ်တောတွင် ဘယ်သစ်ပေါသည်၊ ဘယ်တောင်တွင် ဘယ်သစ် ရနိုင်သည်ကို ဦးညို အတပ်သိ၏။ အထူး သဖြင့် "အပတော" များတွင် ဦးညိုက ပိုကျွမ်း၏။ အပတောဆိုသည်မှာ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးမှ သစ်တောဌာနမှ ဒေသခံ ပြည်သူများအတွက် အိမ်သုံးသစ်ဝါးများ ခုတ်လှဲခွင့် ပြုထားသောတောများဖြစ်လေသည်။

သစ်ခုတ်ရန်လာသော ဦးညို အထက်တောထဲ ဝင်မိသည်နှင့် တစ်ပြိုင်နက် ငှက်ဆိုးတစ်ကောင်၏ တဂစ်ဂစ် ထိုးသောအသံကို

www.burmeseclassic.com



အမှတ်မထင်ကြားလိုက်ရသည်။ ဦးညို၏ လှမ်းလာသော ခြေလှမ်းကတုံ့ချင်သလို ဖြစ်သွား၏။ ဤတော့၌ ဦးညို သစ်ခုတ်လာသည်မှာ နှစ်မရှိသေး ကြာလေပြီ။ သို့သော် ဤလိုနေ့ခင်းကြောင်တောင်တွင် ငှက်ဆိုးထိုးသံကိုမူ ဦးညို တစ်ခါမျှ မကြားဖူး။

ရှေးရှေးက သစ်ခုတ်သမားကြီးများ ပြောဖူးသော စကားတစ်ခုကို ဦးညို သတိရလိုက်မိသည်။

"အန္တရာယ်ရှိတဲ့ တောထဲကို သစ်ခုတ်သမားတွေ ဝင်လာရင် ငှက်ဆိုးတွေက အော်မြည်သတိပေးတတ်တယ်" တဲ့။

ငှက်ဆိုးထိုးသံက ဦးညိုနားထဲပို၍ကျယ်လာသလိုပင်။ သို့သော် ဦးညိုက လုံးဝမကြောက်။ ငှက်ဆိုးများသည် တစ်ခါတစ်ခါ ဘာမဟုတ် ရှဉ့်ငပေါ်များ၊ ကြောင်များ၊ ဆတ်များကိုမြင်လျှင်လည်း တဂစ်ဂစ် အော်မြည်နေတတ်သလို လူများကို မြင်လျှင်လည်း အော်မြည်တတ်၏။ ဤအပတော၌ လူကိုအန္တရာယ်ပြုတတ်သော ကျား၊ ဆင်၊ ဝံ စသည့် တိရစ္ဆာန်ကြီးများ မရှိ ဆိုသည်ကိုလည်းဦးညို အတပ်သိသည်။

ယခင် နှစ်ရက် သုံးရက်က သူခုတ်လှဲထားသော သစ်လုံးများမှာလည်း လှည်းတစ်စီးတိုက်သာသာ ရှိနေပြီ။ တောမထုတ်ရသေးသော်လည်း ရွှယ်သတ်ထားသော သစ်လုံးသုံးလေးလုံးကို သူသည် စီတန်း၍ ကျွဲလမ်းနားပို့ထားသည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ် ကျွဲနှစ်စီးတိုက်စာတော့ ဤတော၌ ရအောင်ရှာမည်ဟူသော ရည်ရွယ်ချက်နှင့် ဦးညိုသည် သစ်ဖြောင့်သစ်မာများကိုရှာနေသည်။ တဂစ်ဂစ် အဆက်မပြတ်အော်မြည်နေ



သော ငှက်ဆိုးထိုးသံက ပိုနီးလေ ပိုကျယ်လာလေရှိသည်ကိုတော့ ဦးညို သတိပြုမိလေသည်။

ချောင်းချောက်ကမ်းပါးနားတစ်ခုအရောက်မှာ "ရှူး" နှာမှုတ်လိုက်သံတစ်ခုကြောင့် ဦးညို လန့်သွားသံည်။ နှာမှုတ်လိုက်သံမှာ ကျယ်လောင်ပြင်းထန်လွန်းလှသည်။ သူ့ကိုယ်ပေါ်ကို ရေစက်ရေမှုန်များ စဉ်သွားသလိုလည်း ခံစားလိုက်ရ၏။

ဦးညိုသည် အသံကြားရာနားသို့ ဆတ်ခနဲ ငုံ့ကြည့်လိုက်သည်။ "ဟိုက်"ခနဲ ပါးစပ်ထဲက အသံထွက်သွားသည်။ သူမြင်လိုက်ရသည်မှာ မျက်လုံးနှစ်လုံးက အကြမ်းသောက် ပန်းကန်လုံးနီးပါးရှိသော စပါးကြီးမြွေတစ်ကောင်။

မြွေကြီးသည် သစ်ဆွေးတုံးကြီးတစ်တုံးနား မြှောင်ကပ်နေသဖြင့် သူကကြိုတင်၍မမြင်မိခြင်းသာ။ ကျောပေါ်တွင် အကွက်အပြောက်လက်လက်တောက်နေသော သူ့ကိုယ်လုံးနီးပါးခန့်ရှိ စပါးကြီးမြွေသည် သူ့ကို စိန်းစိန်းကြီး ကြည့်နေလေသည်။

ဦးညိုသည် တုန်လှုပ် ချောက်ချားစွာနှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ မြွေကြီးက ရွေ့လျားလိုက်လာသည်။ ဤမျှကြီးသော စပါးကြီးမြွေကို တစ်သက်နှင့်တစ်ကိုယ်တစ်ခါမျှ မမြင်ဖူးသော ဦးညိုသည် တောထဲ တောင်ထဲကျင်လည်နေသော သစ်ခုတ်သမားကြီးပင်ဖြစ်သော်လည်း ကြောက်ရွံ့ထိတ်လန့်သွားသည်။ တစ်ကိုယ်လုံးလည်း ကြက်သီးဖြန်းဖြန်းထလာ၏။ မျက်လုံးအစုံကလည်း ဝေဝါးပြာဝေလာသည်။

ခြေလေးချောင်း သတ္တဝါများဖြစ်ကြသော ချေတို့၊ ဆတ်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပင် ညို့ဖမ်းဝါးမျိုစားတတ်သော စပါးကြီးမြွေမျိုးမှာ ဤလိုအကောင်
မျိုးပင် ဖြစ်မည်ဟု တွေးမိလိုက်သောခါ သူ့မျက်လုံးနှစ်ဖက်မှာရှင်
ချည်း မှုန်မှိုင်းသွားပြန်သည်။

စပါးကြီးမြွေဆီမှ နောက်ထပ်ရှူးခနဲနှာမှုတ်သံတစ်ချက်နှင့်အ
တူ အရည်အမှုန်အမွှားများ ကိုယ်ပေါ် လွင့်စဉ်ကျလာသောအခါ
ဦးညိုမှာ ထွက်ပြေးမိသည်။ စပါးကြီး မြွေသည် အညိုးကြီးစွာနှင့်
သူ့နောက်ကို တရွရွပြေးလိုက်လာသံကြားရသည်။ သစ်ရွက်ခြောက်
သစ်ကိုင်းခြောက်များ တဖြောက်ဖြောက်တဖြောင်းဖြောင်း ကျိုးကြေ
သံတွေကလည်း နားထဲဆူညံလာသည်။

ခြေလှမ်း ၁၀-လှမ်းပင် မပြည့်လိုက်ဟုထင်၏။ ဦးညိုသစ်ငုတ်
တစ်တုံးကို ခလုတ်တိုက်မိကာ လဲကျသွား၏။ သို့သော် သတိမူ
ဖြင့်လက်ထဲက သစ်ခုတ်ဓားတော့ လွင့်စဉ်မသွားပေ။ သူ့နားထဲ
သစ်ရွက်ခြောက်များကို တရွရွကျော်ဖြတ်နင်းမိကာ မြွေကြီးလိုက်
လာသံကို ကြားနေရသည်။

ကမန်းကတန်း ထပြေးသည်။ "ဟာ" ဟု ပါးစပ်ထဲက အငြ
ထွက်သွားကာ ခြေလှမ်းတုံ့သွား၏။ သူ ခလုတ်တိုက်မိ၍ လဲကျ
မြွေကြီးသည် သူ့ရှေ့ရောက်နေလေပြီ။ သူ့ရှေ့က ဖြတ်ဆီးထားသေ
ပြီ။

ဘေးတစ်ဘက်သို့သူပြန်ပြေးသည်။ "ဟိုက်" ဟိုဘက်မှာလည်း
စပါးကြီးမြွေတစ်ကောင်။ နောက်သို့ ပြန်ပြေးရန် လှည့်ကြည့်လို
၏။ သူ့နောက်မှာလည်း စပါးကြီးမြွေတစ်ကောင်။ မြွေကြီးများသည်
သူ့ကို စိန်းစိန်းကြီးကြည့်နေကြသည်။ သူ့မျက်စိထဲမှာ သူ့ဆီသို့ရွေ



ရွေ့လာနေကြသလို မြင်နေရသည်။

ဦးညို နောက်တစ်ဘက်သို့ ထွက်ပြေးပြန်သည်။ သူ တစ်နေ့
က ခုတ်လှဲထားသော ကွဲဆွဲလမ်းနားက သစ်လုံးများနှင့် ခလုတ်
တိုက်မိကာလဲမလို ဖြစ်သွားသည်။ ကိုယ်ကို ထိန်းကာ ကမန်းက
တန်း ပြန်ထ၏။ သူ့မျက်စိကိုပင် သူမယုံဖြစ်သွားသည်။ သစ်ဆွဲလမ်း
ရှေ့မှာလည်း စပါးကြီးမြွေတစ်ကောင် ဆီးနေပြန်သည်။

ထွက်ပြေးရန် ပတ်ဝန်းကျင် ဘယ်ညာကို လှည့်ကြည့်လိုက်
အမလေး" ဟု အော်လိုက်မိ၏။ သူ့မျက်စိထဲမှာ မြွေတွေ မြွေတွေ။
သူ့ကိုဝိုင်းထားကြသည်။ ကြောက်စိတ်နှင့်ခေါင်းထဲမူးနောက်နောက်
ဖြစ်သွားသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေး
မျက်နှာကို သူကြည့်၏။ ထွက်ပြေးရန်လမ်းရှာ၏။ အရပ်လေးမျက်
ကို မမှတ်မိတော့။ မျက်စိလည်နေပြီ။ ဘယ်နေရာကြည့်ကြည့်မြွေ
ကြီးတွေကိုချည်း မြင်နေရ၏။

" ဘုရား . . . ဘုရား၊ ငါ့ကို စပါးကြီးမြွေ ညို့ထားပါပကော
သား " ဟုသတိရသည်။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊
လေးကောင်၊ ငါးကောင် ၁၀-ကောင်ပြည့်အောင် သူရေတွက်၍မ
။ သူ့ကိုဝိုင်းထားသောမြွေအားလုံးသည် သူ့မျက်စိထဲမှာ တရိပ်ရိပ်
လှုပ်ကာယိမ်းထိုးပြီး တစ်ကောင်နှင့်တစ်ကောင် ပူးလိုက်ခွာလိုက်
ဖြစ်နေကြသည်။ တစ်ကောင်တည်းလား၊ နှစ်ကောင်လား၊ သုံး
ကောင်လားကြည့်ရင်း ခေါင်းထဲမူးလာသည်။

"ဟုတ်ပါပြီ၊ ငါ့ကိုစပါးကြီးမြွေညို့ထားပါပြီ။ ဘယ်ကိုပြေးပြေး
ငါ့မျက်စိထဲ မြွေတွေချည်းမြင်နေရပြီ" ကြောက်စိတ်နှင့် ဦးညိုဇော

www.burmeseclassic.com

www.burmeseclassic.com



ချွေးတွေပြန်လာ၏။ စပါးကြီးမြွေ အညှို့ခံရသည်နှင့် ပတ်သက်၍ သူကြားဖူးနား၀ရှိသည်။ ငယ်စဉ်ကပင် သစ်ခုတ်ဝါးခုတ်စားလာရာ တောတိရစ္ဆာန်တွေနှင့်ပတ်သက်၍ အကြားအမြင်လည်းများသည်။

စပါးကြီးမြွေများသည် သက်ရှိတစ်ဦးဦးအား ညှို့တော့မည်ဆိုလျှင် ချက်ပေါက်မှ ညှို့ကြောထွက်လာသည်။ ထိုညှို့ကြော ညှို့ကြိုးမှာလည်း သည်းခြေနှင့် ဆက်နေသည်။ ညှို့ကြောထိပ် အဆုံးတွင် ချေးခွာသဏ္ဍာန် ညှို့အိတ်ရှိသည်။ ထိုညှို့အိတ်မှ ထွက်လာသော ညှို့ကြောအဆုံးတွင် ပါသည့် ချေးခွာပုံ ညှို့အိတ်နှင့် သက်ရှိတစ်ဦးဦး၏ ခြေရာကို ထောက်ထားလျှင်ထိုအညှို့ခံရသူသည် ဘယ်မှမပြေးနိုင်တော့။ ဘယ်ကိုပြေးပြေး မြွေတွေကိုချည်း မြင်နေတတ်၏။

သည်လိုနှင့်ဦးတည်ရာမဲ့လျှောက်ပြေးနေရာ ကြာတော့ပင်ပန်းနွမ်းနယ်လာသည်။ ကြောက်ရွံ့စိတ်နှင့် အင်အားလည်းကုန်ခန်းလာသည်။ ထိုအခါ စပါးကြီးမြွေသည် အင်အားကုန်၍လဲကျနေသော သက်ရှိသတ္တဝါဆီ ရောက်လာပြီး သူ့ပါးစပ် နှာခေါင်းထဲမှ ချွဲကျိကို အမြှုပ် အရွဲတွေကို မှုတ်ထုတ်တတ်သည်။

ထိုအမြှုပ် အရိအရွဲတွေမှာ ထိုသတ္တဝါအား သူမျိုသောအခါ ချောချောရှုရှုပါးစပ်ထဲဝင်သွားအောင်ဖြစ်သည်။ ပြီးသက်ရှိသတ္တဝါ၏ကိုယ်ကိုမြွေက သူ့ကိုယ်နှင့်ရစ်ပတ်လိမ်ကျစ်ကာ အရိုးအဆစ်တွေ ပြုတ်ထွက်သွားအောင် အထပ်ထပ်အခါအခါ လိမ်ကျစ် ရစ်ပတ်ပြီး ဆွဲဆန့် ဆွဲစု ပြုလုပ်တတ်သည်။ သူက ထိုသို့ပြုလုပ်ပြီး၍ သက်ရှိသတ္တဝါ၏ အသား၊ အရေ၊ အရိုး၊ အကြောများ ပြတ်ကျိုးပျော့ခွေကြေညက်နေပြီးမှ မျိုတတ်သည်။



လူနှင့်တကွ သက်ရှိသတ္တဝါများကို မျိုရာတွင် ပျော့ပျောင်းသောအောက်ပိုင်းမှသာ စ၍ မျိုတတ်သည်။ ဦးခေါင်း ဦးချိုရှိသော ခေါင်း ...င်းက ဘယ်သောအခါမျှ မမျိုတတ်ဟုဆို၏။

သစ်ခုတ်သမားကြီး ဦးညိုသည် ဤသည်တို့ကို တွေးမိသော ...အခါ လုံးဝထွက်ပြေးရန်စိတ်မကူးဝံ့တော့။ သူပြေးနေလျှင် ပင်ပန်း ...သာ ရှိမည်။ အားကုန်၍သာ လဲမည်။ ဘယ်ပြေးပြေး သူဦးတည် ...ရာမဲ့ပြေးနေခြင်းမှာ ပတ်ချာလည်နေမည်သာဖြစ်သဖြင့် မြွေအနား ...က ပြေး၍လွတ်တော့မည်မဟုတ်။ သူသည် ယခု မျက်စိလည်နေ ...း အရှေ့ အနောက် တောင် မြောက်ကိုလည်းမသိတော့။ မြွေကြီး ...တင်မှုတ်လိုက်စဉ်က အဆိပ်ရည်များ သူ့မျက်စိထဲ စဉ်ဝင်ကာအ ...င်လည်း မထင်ရှားတော့။ မည်သို့လုပ်ရပါမည်နည်း။

မြွေများဆီသို့ သူလှည့်ကြည့်လိုက်ရာသူ့ကိုဝိုင်းရံထားကြသော ...မြွေများသည် တဖြည်းဖြည်း တွားသွား၍ သူ့ဆီ ဝိုင်းလာနေကြပြီ။ ...ပါးကြီးမြွေများသည် သူ့ကို မမှီမီ လိမ်ကျစ်ထွေးလုံးကာ အရိုးအ ...ဆစ်တွေကြေသွားအောင် လာပြီး ပူးသတ်ဦးမည်။ မြွေက သူ့ကိုလာ ...၍လိမ်ကျစ်ပူးမသတ်နိုင်အောင် ငါဘယ်လို လုပ်ရမလဲ။

ဦးညို ချက်ချင်း အကြံရ၏။ သူရောက်နေသောနေရာမှာ သူ ...တ်လှဲထားသော သစ်လုံးကြီးပေါ် ထိုင်နေမိသည်။ ဟုတ်ပြီ။ သူ ...သည်သစ်လုံးနှစ်လုံးကြားထဲဝင်ပြီး လှဲမှောင်အိပ်နေရမည်။ ဘေး ...က သစ်လုံးကြီးနှစ်လုံးခံနေသဖြင့် မြွေကြီးသည် သူ့ကိုယ်လုံးကိုလာ ...း မရစ်ပတ် မလိမ်ကျစ်နိုင်။ ဦးညို သစ်လုံးနှစ်လုံးကြားထဲ ဝင်ပြီး ...အိပ်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တွင် နည်းနည်း လွတ်နေသဖြင့် သစ်လုံးကို ရှေ့၏ သူ ဝင်လှဲမှောင်အိပ်နေရမည့်သစ်လုံးနှစ်လုံးမှာ သူ့အရပ်ထက်ရှည် နေသဖြင့် ခြေရင်းဘက်သို့သူဆင်းသည်။ သစ်လုံးနှစ်လုံး၏ တစ် ဖက်စီအဆုံးညီညီနှင့် သူခြေနှစ်ချောင်းကိုလည်းအညီထားသည်။ ခေါင်းပိုင်းက စပြီးမမျိုတတ်သော စပါးကြီးမြွေတို့၏ ထုံးစံအတိုင်း ခေါင်းရင်းဘက်ကတော့ သစ်လုံးနှစ်လုံးကြားထဲ စပါးကြီးမြွေ စုံဝင်လာမည်မဟုတ်။ ဒါဆို ခေါင်းရင်းပိုင်းက စိတ်ချရမည်။

ခြေထောက်ကလာမျိုမည်ဖြစ်သော စပါးကြီးမြွေအားသူသည် ခြေနှစ်ချောင်းကိုပူးပေးပြီး ခြေမနှစ်ဖက်ကြားတွင် သစ်ခုတ်ဓား ညှပ်ထားမည်။ အသွားကိုအပြင်ဘက်လှည့်ပေးထားရမည်။ သူ့ ခြေထောက်ကစ၍ လာမျိုသော စပါးကြီးမြွေပါးစပ်ကို သစ်ခုတ်ဓား ရှလျှင် မြွေကြီးသည် ပါးစပ်ပြဲသွားမည်။ သူ့နာလာလျှင် ဆက်မျို ရဲတော့မည် မဟုတ်။

ဦးညို ပြင်ဆင်၍အပြီးမှာပင် စပါးကြီးမြွေများသည်သူ့အနား ရောက်လာကြသည်။ ဦးညိုသည် ချက်ချင်းပင်သူ့အစီအစဉ်အတိုင်း သစ်လုံးကြီးနှစ်လုံးကြားထဲဝင်ပြီး လှဲမှောင်အိပ်နေလိုက်၏။ ခြေ နှစ်ဖက်ကို ပူးကာ ခြေမနှင့်ခြေသန်းနှစ်ခုကြားတွင်တော့ သစ်ခုတ် ဓားကို မြဲမြဲညှပ်ပေးထားသည်။

သူထင်သည့် အတိုင်းပင် သူ့ကိုယ်ပေါ်သို့ အရိအရွဲကွေ့ စပါးကြီးမြွေက မှုတ်ချ၏။ ဦးညိုမှာမျက်လုံးကို စုံမှိတ်ကာ အံကြိတ် ထားရသည်။ မြွေမှုတ်သံ တရှူးရှူးရပ်သွားမှ မျက်စိကို မဝံ့မရဲ ဖွင့် ကြည့်ရ၏။ သစ်လုံးကြီး နှစ်လုံးပေါ်တွင် မြွေများသည် အခေါ



ခေါက် အခါခါကျော်လိုက်ဖြတ်လိုက်လုပ်နေကြသည်။

အမှန်က ဘေးနှစ်ဖက်တွင် သစ်လုံးကြီးနှစ်လုံးဆီးခံနေသဖြင့် သူ့ကိုယ်ကို လိမ်ပတ်ကျစ်ဝင်မရသဖြင့် မြွေကြီးမှာ ကြံရာမရဖြစ်နေ ပုံရသည်။ သစ်လုံးကြီးနှစ်လုံးနှင့် သူ့ကိုယ်ပေါ်မှ လျှောဆင်းလိုက် ပြန်တက်လာလိုက် လုပ်နေ၏။

ဦးညို တစ်ကိုယ်လုံးမှာ ကြောက်စိတ်နှင့် သစ်တုံးကြီးတစ်တုံး လို တောင့်တင်းနေသည်။ သို့သော် သူသည်သတိမလွတ်အောင် အံကြိတ်၍ တောင့်ခံထား၏။ သစ်လုံးနှစ်လုံးပေါ် လာကျော်သော မြွေကြီး၏ဝမ်းဗိုက်ကြမ်းကြမ်းရှရှသည် တစ်ချက်တစ်ချက် သူ့ရင် ဘတ် ဝမ်းဗိုက်တို့ကိုလည်း ရှပ်တိုက်သွားရာ သူ့တစ်ကိုယ်လုံးမှာ ကြက်သီး မွေးညင်းတွေ ထောင်ထပြီး အနန္တော အနန္တ ငါးပါးနှင့် တောစောင့်နတ်တောင်စောင့်နတ်တွေကိုသာ အားကိုးတကြီးတိုင် တည် ဆုတောင်းနေသည်။

သည်လိုနှင့် ဦးညိုအား လိမ်ကျစ်လုံးထွေး၍ မရသောအခါ စိတ်ဆိုးလာသော စပါးကြီးမြွေသည် ဦးညို၏ခြေရင်းဘက်မှ စမျို လေသည်။ ဦးညိုက သတိနှင့် ခြေနှစ်ချောင်းကို မသိမသာကြွပေး ၏။ ဖြစ်ဖြစ်ဖြစ်ဖြစ်မြည်သံကို နားထဲကြားနေရသည်။ ခြေနှစ်ချောင်း မှာ နွေးခနဲ ပူခနဲဖြစ်သွားသည်။

ပက်လက် လှဲမှောင် အိပ်နေသော ဦးညိုသည် ခြေရင်းဘက် မဝံ့မရဲ ကဲကြည့်၏။ မှန်သည်။ သူထင်သလိုပင် အစားကြူးနေသော စပါးကြီးမြွေသည် သူ့အား ခြေကစ၍မျိုနေလေပြီ။ ကန့်လန့်ဖြတ် ခံထားသော သစ်ခုတ်ဓားရှသဖြင့် မြွေကြီးပါးစပ်မှ သွေးစိမ်းရှင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း မြင်နေရသည်။ သို့သော် အစားကြူးသော စပါးကြီး မြွေသည် သူ့ပါးစပ်ကို ဖားရှ၍ ရှုမှန်းမသိ။ အစာငမ်းကာ ရှေ့ဆက် ၍သာ မျိုနေ၏။

အစကမူ သူ့ပါးစပ်ကိုဖားရှလျှင် စပါးကြီးမြွေသည် ဆက်မမျို တော့ဘဲ ပြန်ပြေးသွားလိမ့်မည်ဟု ဦးညိုထင်ခဲ့၏။ ယခုမူ ထိုသို့ ဖြစ်မည့် ဟုတ်ဘဲ စပါးကြီးမြွေက သူ့ကို ဆက်မျိုနေသည်။ အကြမ်းသော ပန်းကန်လုံးနီးပါးခန့် ရှိသောစပါးကြီးမြွေ၏ မျက်လုံးနှစ်လုံးကို မြင် နေရသည်။ နီရဲသောမျက်လုံးနှစ်လုံးသည် သူ့ပေါင်နားသို့ပင်ရောက် လာလေပြီ။ ခြေမနှစ်ဖက်နှင့်ခြေသန်းကြားတွင်ညှပ်ထားသော ဓား လည်းမရှိတော့ဟု ထင်၏။ ခြေထောက်နှစ်ဖက်ကို လှုပ်ကြည့်သည်။ ဘာအတွေ့အထိမှ မခံစားရ။ သွားပြီ၊ ငါ့ခြေထောက်နှစ်ဖက်ပြတ် သွားပြီဟုထင်လိုက်၏။ ဆတ်ခနဲ ခုန်ထလိုက်သည်။ မြွေကြီး၏ဦး ခေါင်းဘက် အပေါ်ခြမ်းသည် သူ့ကိုယ်ပေါ်မှ လိမ့်ကျသွားသည်။ သွေးတွေကမူ မြင်မကောင်း ရှုမကောင်းပင်။

"ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦး။ ကျုပ်ကိုစပါးကြီးမြွေ လိုက် မျိုနေတယ်။ ကယ်ကြပါ၊ ကယ်ကြပါ"

သွေးရူးသွေးတန်းနှင့်သံကုန်ဟစ်ကာ ဦးညိုထပြေးလာသည်။ သူ့ခြေထောက်နှစ်ဖက် မရှိတော့ဟု ထင်ခဲ့သော်လည်း ပြေး၍တော့ ရသည်။ သူ့ရှေ့တွင်စောစောကလို စပါးကြီးမြွေများကိုလည်း မမြင် ရတော့။

ခြေထောက် နှစ်ဖက်တွင် သွေးသံရဲရဲဖြင့် ရွာအရောက်အော် ဟစ်ပြေးဝင်လာသော ဦးညိုကို ရွာသူရွာသားတွေက ဆီးဖမ်း ချုပ်



ကိုင်ပြီး "ဘာဖြစ်တာလဲ၊ ဘယ်လို ဖြစ်တာလဲ" ဟု ဝိုင်းမေးကြ၏။ ဦးညိုက သူ့အဖြစ်ကို မောကြီးပန်းကြီး ပြန်ပြောပြသည်။

ဦးညို စကားကို မည်သူမျှ မယုံကြ။ တောမှိုလာသည်၊ အပ မြှောင်လာသည်ဟု ထင်ကြဆဲ။ ဦးညိုက သူ့ခြေထောက်နှစ်ဖက်မှ သွေးတွေကိုပြ၍ တိုင်တည်ပြောသည်။ ဝါရင့် သစ်ခုတ်သမားကြီး လေးငါးယောက် တောထဲချက်ချင်း ပြေးလိုက်သွားကြသည်။

မှန်၏။ ဦးညိုပြောသလို သူခုတ်လှဲထားသော သစ်လုံးကြား တွင် သွေးစိမ်းတွေကို တွေ့ရသည်။ သွေးတွေနှင့် ပေကျံနေသော ဦးညို၏လက်စွဲတော်သစ်ခုတ်ဓားကိုလည်း တွေ့ရသည်။ ပတ်ဝန်း ကျင် ဘယ်ညာကို လှည့်ရှာကြရာ ဦးညိုအား ညို့မျိုခဲ့သော စပါး ကြီးမြွေကို ပါးစပ်ပြကြီးနှင့် တွန့်လိမ်လူးလွန့်၍ တွေ့ကြရသည်။

ထိုမြွေကြီးကို သတ်ပြီး သစ်ခုတ်သမားတွေက သည်းခြေယူ လာကြသည်။ ဦးညိုက "ဒီမြွေကြီးကျုပ်ကို ညို့ဖမ်းတုန်းက ဘယ် ပြေးပြေးမြွေကြီးတွေပဲ မြင်နေရတယ်။ မြွေမျိုးခံရပြီးကြောက်ကြောက် နဲ့ ထပြေးလာတော့မှ ဘယ်မြွေမှမမြင်ရတော့ဘူး။ ဆန်းတော့တော် တော်ဆန်းတယ်။ ကျုပ်တောင် ကျုပ်အဖြစ် ကျုပ်မယုံချင်သလိုဘဲ" ဟု ပြောလိုက်၏။

ထိုအခါ သစ်ခုတ်သမားအိုကြီးတစ်ယောက်က "မင်းကို စပါး ကြီးမြွေ ညို့ပြီးမျိုတာ ဟုတ်ပါတယ်ကွ ညိုရာ။ မင်းက အကြံဉာဏ် သတ္တိကောင်းပြီး ခြေမမှာ သစ်ခုတ်ဓား ညှပ်ထားတော့မင်းကိုလာ မျိုတဲ့ စပါးကြီးမြွေရဲ့ ညို့ကြောဟာ မင်းကို မျိုရင်း ဓားရှလို့ ပြတ် သွားတာပေါ့။ ညို့ကြောပြတ်သွားတဲ့ စပါးကြီးမြွေများဟာ ညို့လို့

www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူးလေ။ အဲဒါကြောင့် မင်းတအားထအပြေးမှာ မြွေ
ကို မတွေ့ရတော့တာပေါ့။ မင်း တော်တော် အကြံကောင်း သ
ပြည့်တဲ့ကောင်ပဲကွ။ အဲဒါကြောင့်လဲ မင်းစပါးကြီးမြွေပါးစပ်
တွင်းထဲက လွတ်လာတာ။ သူများတွေသာဆို ခုစပါးကြီးမြွေဗိုက်
မင်းရောက်သွားပြီ" ဟု ပြောလိုက်၏။

ဤအဖြစ်အပျက်ကို သူတို့ တစ်ရွာလုံး ဘိုးဘွားဘီဘင်က
တစ်ဆင့်စကား တစ်ဆင့်နား ကြားခဲ့ ကြရသည်။ လူတစ်ဦး တ
ယောက်ကိုမျှ စပါးကြီးမြွေကသေအောင်မမျိုနိုင်ခဲ့သော်လည်း
တိရစ္ဆာန်များကိုမူ စပါးကြီးမြွေတွေက မကြာခဏမျိုတတ်သည်။

မောင်အုံ့ထည် ၁၃- နှစ်သား အရွယ်က ချေငယ်တစ်ကော
အားစပါးကြီးမြွေမျိုသည်ကိုမူကိုယ်တွေ့ကြုံဖူး တွေ့ဖူးခဲ့ရလေသည်

မိုးဦးကျ တစ်ညနေတွင် သူတို့ရွာတောင်ဘက်မှ ချေငယ်တ
ကောင်၏ အထိန့်တလန့်ဟောက်သံကို တစ်ရွာလုံးက ကြားကြ
သည်။ သို့သော်ကြားစကမူမည်သူမျှအလေးဂရုမပြုကြ။ချေဟော
သံမှာ သူတို့ဆီ၌ ရိုးနေလေပြီ။

သို့သော် အဆက်မပြတ် ဟောက်ပြေးနေသော ချေငယ်၏
သံမှာ နာရီဝက်ခန့်ကြာသောအခါ ဟောက်သံအစားညည်းသံ
သံများကို သဲသဲကြားလာရသည်။ ဒါလည်းအဆန်းမဟုတ်သဖြင့်
မည်သူကမျှ စကားလုပ်မပြောကြ။ သည်လိုနှင့် ရွာတောင်ဘက်
ဟောက်နေသော ချေဟောက်သံ ပျောက်သွားသည်။ ရွာသူရွာသာ
တွေကလည်း သူတို့ရွာတောင်ဘက်မှ ဟောက်နေသော ချေကို
သွားကြသည်။



သည်လိုနှင့်တစ်လကျော် နှစ်လခန့်အကြာ နေသာသော နေ့
တစ်နေ့မှာ မောင်အုံ့ထည်တို့ ညီအစ်ကိုနှစ်ယောက် ရွာတောင်သို့
မှျစ်ချိုး မှျစ်ခူးထွက်လာကြသည်။ ရွာတောင် ဝါးတောမှာရွာနှင့်တစ်
ဆက်တည်း တစ်ကြောတည်းဖြစ်သဖြင့် ၁၅-မိနစ်လောက်အကြာ
မှာ ရွာတောင် ဝါးတောသို့ရောက်လာကြသည်။ ဝါးတောထဲတွင်
မောင်အုံ့ထည်တို့ညီအစ်ကိုနှစ်ယောက်မှာ မှျစ်နုမှျစ်စို့တွေကို ခူးနုတ်
ခူးခုတ်ပြီး ပလိုင်းထဲ ထည့်ကြ၏။

မှျစ်ချိုးမှျစ်ခူးရာတွင် မောင်အုံ့ထည်တို့မှာရပ်ဓလေ့ ရွာဓလေ့
အရ မည်သူက လက်မြန်ခြေမြန်နှင့် မြန်မြန်ခူးနိုင်၍တစ်ပလိုင်းအ
လျှင်ပြည့်သည်ကို ဂုဏ်ယူလေ့ ရှိကြသည်။ ထို့ကြောင့် မောင်အုံ့
ထည်သည် အစ်ကိုဖြစ်သူ အုံ့ရည်ထက် တစ်ပလိုင်း အလျှင်ပြည့်
အောင် မှျစ်စို့များကို မြန်မြန်ထက်ထက် သွက်သွက်လက်လက် ခူး
နေမိသည်။

သို့မှသာ အိမ်ပြန်ရောက်က မောင်အုံ့ထည်အားအစ်ကိုဖြစ်သူ
မောင်အုံ့ရည်က မိဘနှစ်ပါးရှေ့တွင် "ညီလေးက ငယ်ပေမယ့် ဒီနေ့
ကျွန်တော့်ထက် တစ်ပလိုင်းအလျှင်ပြည့်တယ်" ဟု ချီးကျူး ဂုဏ်
ပြုစကား ပြောမည်မဟုတ်ပါလား။

ထို့ကြောင့် တောင်ဆုပ် တောင်ဝက်ခန့်ရှည်နေသော မှျစ်ရှည်
ရော၊ မြေက တစ်ထွာတစ်မိုက် ပေါ်ထွက်နေသော မှျစ်စို့ရောမြင်
သမျှ တွေ့သမျှ မှျစ်တွေကို မောင်အုံ့ထည်က အပြေးအလွှားသွား
ပြီး ချိုးခုတ်ခူးယူနေ၏။

သစ်ရွက် ဝါးရွက်ကြွေပေါ်မှ တောင်ဆုပ်နီးပါးခန့် ရှည်ထွက်

www.burmeseclassic.com

www.burmeseclassic.com



နေသော မျှစ်တစ်ပင်ကို မောင်အုံ့ထည် မြင်မြင်ချင်း လှမ်းဆွဲလိုက်သည်။ မျှစ်ပင်မှာ လုံးလုံးထွားထွားကြီး ဖြစ်သဖြင့် ဆတ်ခနဲ ချိုး၍မရပေ။ အရင်းမှာ လူကြီးလက်မောင်းရင်းနီးပါးခန့် ရှိသဖြင့် ဓားနှင့်ခုတ်လိုက်ရသည်။

မောင်အုံ့ထည် မျှစ်အရင်းကိုဓားနှင့်လှမ်းခုတ်လိုက်ရာမျှစ်ပင် (ဝါးတုတ်) ရင်းမှ သွေးစိမ်းရှင်ရှင်များသည် ချက်ချင်း ပန်းထွက်လာပြီး မောင်အုံ့ထည်မျက်နှာကို စဉ်သည်။ မောင်အုံ့ထည်သည် မကြုံဖူး မတွေ့ဖူးသောဖြစ်ရပ်ကြောင့် "အမယ်လေး" ဟု လန့်အော်လိုက်သည်။ နောက်သို့လည်း ချက်ချင်းပြေးဆုတ် လိုက်မိ၏။

"ဟော့ . . . ဘာလဲကွ၊ ဘာဖြစ်တာလဲ"

တောထဲတောင်ထဲတွင် တစ်စုံတစ်ခုသော အန္တရာယ်နှင့်တွေ့ပြီဟူသော စိုးရိမ်စိတ်ဖြင့် သူ့နောက်တွင်မျှစ်ချိုးနေသော အစ်ကိုအုံ့ရည်က မောင်အုံ့ထည်အနား ချက်ချင်းပြေးရောက်လာသည်။

"ဟင် . . . ညီလေး၊ ဘာဖြစ်တာလဲ။ ဟာ . . . ဓားမှာလဲသွေးတွေနဲ့ပါလား။ လက်ကိုခုတ်မိသွားလား။ မျက်နှာလဲသွေးတွေနဲ့"

မျှစ်မြန်မြန်ရလိုဇောနှင့် လက်ကို ဓားခုတ်မိသည် အထင်နှင့် အစ်ကိုက စိုးရိမ်တကြီးမေးသည်။

"လက်ကို ခုတ်မိတာ မဟုတ်ဘူး အစ်ကို။ ဟို . . . ဟို မျှစ်အရင်းကိုခုတ်လိုက်တာ သွေး . . . သွေးတွေပန်းထွက်လာလို့"

သွေးတွေပေနေသော ဓားနှင့် မောင်အုံ့ထည်သည် စောစောက သူခုတ်လိုက်သော မျှစ် (ဝါးတုတ်) ခြေရင်းကိုထိုးပြလိုက်၏။

" ဟာ "



" ဟယ် "

မျှစ်ပင်အရင်းတွင် သွေးအလိမ်းလိမ်းနှင့် ရုန်းကန်လှုပ်ရှားနေသော မြွေကြီးတစ်ကောင်၏ တစ်ပိုင်းတစ်စကိုယ်သည် သစ်ရွက်ဝါးရွက် ပုံထဲမှ လူးလွန့်၍ ဘွားခနဲပေါ်လာ၏။

ညီအစ်ကို နှစ်ယောက်မှာ လန့်ဖျပ်ပြီး ချက်ချင်းနောက်ဆုတ်လိုက်ကြ၏။ မြွေကြီးမှာ လူကြီးတစ်ယောက်၏ ပေါင်လုံးခန့်ရှိသော စရာမ မြွေကြီး။

မျှစ်တုတ်များ ကျိုးသံနှင့် ဝါးပင်များတစ်ပင်နှင့် တစ်ပင် ပွတ်ကြိတ်သံတွေကြားထဲတွင်မြွေကြီး၏အမြီးခတ်အားယူနေသံကိုလည်း တဝုန်းဝုန်း တဘုတ်ဘုတ် ကြားလာရသည်။

ထိုအခါမောင်အုံ့ထည်တို့ ညီအစ်ကိုနှစ်ယောက်မှာ မျှစ်ထည့်သော ပလိုင်းကိုပင်ပြန်မကောက်နိုင်ကြတော့ဘဲ ရွာအရောက်ပြန်ပြေးလာကြလေသည်။

ရွာရောက်သောအခါ လူကြီးများအား တွေ့ကြုံခဲ့သမျှပြောပြကြသည်။ ထိုအခါလူကြီးတွေက "ဟာ ဒါဆို မင်းတို့ညီအစ်ကိုခုတ်မိတဲ့မြွေဟာ စပါးကြီးမြွေဖြစ်ရမယ်။ စပါးကြီးမြွေများဟာ သမင်၊ ဒရယ်၊ ချေငယ်တွေကို မျိုထားရင်စားပိုးနင့်ပြီး ဘယ်မှမသွားနိုင်ကြဘူး။ အဲဒီနေရာမှာအစာမကြေမချင်းနှစ်လသုံးလနေတတ်ကြတယ်။ နေတဲ့အခါမှာလဲ မလှုပ် မယှက်နဲ့ အသေကောင်လို ငြိမ်နေတတ်တယ်။ အဲဒါကြောင့် ဝါးတောထဲမှာဆိုရင် မျှစ်တွေက စပါးကြီးမြွေကိုယ်ကို ဖောက်ထွက်လာတတ်ကြတယ်။ ဒါပေမယ့် အရေးကြီးဘူး။ စပါးကြီးမြွေများဟာ ညို့ကြောမပြတ်မချင်း ဘယ်လိုမှ သတ်

www.burmeseclassic.com



လို့ခုတ်လို့မသေဘူး။ ဝမ်းကို ဓားနဲ့ခွဲတာတောင် ညှို့ကြောမပြတ်ရင် ပြန်စေ့ပြီး အကောင်းပကတိ ပြန်ဖြစ်သွားတတ်တယ်။ အဲဒါကြောင့် စပါးကြီးမြွေကို သည်းခြေယူဖို့ ဗိုက်ခွဲတဲ့အခါရှေ့ကခွဲရင် နောက်အသားတွေ ပြန်ပြန်ဆက်ပြီး စေ့သွားတတ်လို့ ညှို့ကြောရှိတဲ့နောက်ကအလျှင်ခွဲရတယ်။ ဝါးတောထဲမှာ ဓားပိုးနှင့်ပြီးအသေလိုနေပေမယ့် အစာကြေသွားတဲ့အခါ အဲဒီဝါးတွေမျှစ်တွေကို သူ့ကိုယ်နဲ့ အကုန်လိမ်ကျစ်ချိုးချေပြီး ထွက်သွားတတ်တယ်။ ဝါးတွေမျှစ်တွေ ဖောက်ထွက်ထားတဲ့ နေရာတွေလဲ ချက်ချင်းပြန်စေ့ပြီးအကောင်းပကတိ ဖြစ်သွားတတ်တယ်။ တို့ လွန်ခဲ့တဲ့ နှစ်လ သုံးလလောက်က ချေတစ်ကောင်ဝါးတောင်ဘက်ကဟောက်သံကြားတာဒီ စပါးကြီးမြွေ အညှို့ခံရလို့ အော်တာ ဖြစ်ရမယ်။ ကဲ ကဲ တို့ကိုမြန်မြန်လိုက်ပြစမ်း။ စပါးကြီးမြွေရရင် သည်းခြေ ရောင်းတဲ့အခါ မင်းတို့ညီအစ်ကိုကို နှစ်ဖို့ပေးမယ်။ လာ လာ" ဟု ပြောကာ မောင်အုံ့ထည် ဓားနှင့်ခုတ်ထားခဲ့သော နေရာကို လိုက်ပြခိုင်းကြသည်။

မောင်အုံ့ထည်တို့ ညီအစ်ကိုကလည်း လိုက်ပြကြ၏။

လူကြီးတွေပြောသည်မှာ အမှန်ပင်ဖြစ်သည်။ မောင်အုံ့ထည်တို့ ဓားနှင့်ခုတ်ထားခဲ့သော စပါးကြီးမြွေသည် လူကြီးများနှင့်မောင်အုံ့ထည်တို့ရောက်လာကြချိန်ထိ ထိုနေရာ၌ပင် စင်းစင်းကြီး ရှိနေသေးသည်။ အမြီးဖျားကမှ ဝါးပင်တွေကို တဖြောင်းဖြောင်း ရိုက်ခတ်နေ၏။ မြွေကြီးကိုယ်ပေါ်တွင် မောင်အုံ့ထည် ခုတ်လိုက်သောမျှစ်တစ်ပင်သာမဟုတ်။ နောက်နှစ်ပင်ပင် မြွေကြီးကိုယ်ကို ဖောက်ထွက်နေကြသည်။ တစ်ပင်မှာလူကြီးတစ်လံထက်ပင်ရှည်နေလေပြီ။



အမှန်မှာ မြွေကြီးကိုယ်ပေါ်တွင် သစ်ရွက် ဝါးရွက်တွေပုံကျနေသဖြင့် မောင်အုံ့ထည်သည် မြွေကြီးကိုယ်ကိုမမြင်မိဘဲ မြွေကြီးကိုယ်ပေါ်မှ ဖောက်ထွက်နေသော မျှစ်ကိုသာ မြင်သဖြင့် ခုတ်မိခြင်းဖြစ်လေသည်။

လူကြီးများသည် ထိုစပါးကြီးမြွေအားသတ်ပြီးသည်းခြေယူကြ၏။ အစာမကြေဘဲ မြွေဗိုက်ထဲတွင် တစ်ပိုင်းတစ်စ ကျန်နေသော ချေဦးချို၊ ချေခွာများကို ဗိန္ဒောဆရာတစ်ဦးအားရောင်းချရာ ငွေ-၃၀၀ ကျော်ရသည်။

ဤသည်မှာ မောင်အုံ့ထည်တို့ ညီအစ်ကို ကိုယ်တိုင် ကြုံခဲ့ရသော အဖြစ်အပျက်ပင်၊ သို့သော်တိရစ္ဆာန်မဟုတ်သော မောင်သာညဏ်ကိုတော့ စပါးကြီးမြွေညှို့မျိုသွားတာ ဘယ်လိုမှ မဖြစ်နိုင်ဟု ယူဆကြသည်။ မည်သို့ဆိုစေ လေးငါးရက်ကြာသောအခါ မောင်သာညဏ်အား သေသူစာရင်းသွင်းလိုက်ကြ၏။ ထုံးစံအတိုင်း သေသွားသူ ကြာလျှင် မေ့သွားကြလေသည်။

အယူသည်းကြသူများကမူ ယခင်က အသေခေါ်တတ်သော နတ်မိစ္ဆာသည် ယခုမောင်သာညဏ်ကိုအရှင်ခေါ်သွားလေပြီနောက်မည်သူ့ကိုများ အရှင်ခေါ်ပြန်ဦးမည် မသိသေးဟု ရင်တထိတ်ထိတ်ဖြစ်နေကြလေ၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"မင်းတို့ဟာ ဘယ်လိုဖြစ်တာလဲကွ။ ငါ့မှာဖြင့်မင်းတို့လာမယ် ထင်ပြီး တမျှော်မျှော်နဲ့"

မောင်အုံ့ထည်တို့ ဘကြီးတော်သူ ဦးအောင်ဘသည် တောင်ညိုရွာက ရှောက်ရောက်ချင်း မောင်အုံ့ထည်တို့ အိမ်သားတွေကို အပြစ်တင် စကားဆိုသည်။

ဘကြီးနေထိုင်ရာ မိုးမ တောင်ခြေရွာနှင့် မောင်အုံ့ထည်တို့ ကြိမ်ခတ်ကုန်း ရွာမှာ ခြေကျင် နေ့ဝက်ခရီးရှိသည်။ ဘကြီးသည် မိုးမထဲကရသော ပျားဖယောင်း၊ ရှူးနာဂမုန်းဥ၊ နွယ်ချို၊ နနွင်းခါး၊ သစ်ကြံပိုး၊ ကံ့ကော်ဝတ်ဆံစသည့် ပရဆေးများကို တောင်ခြေတစ်လျှောက်ရှိရာများသို့ လှည့်လည်၍ စုစည်းကောက်ဝယ်ထားသည်။

ပရဆေးများကို ဈေးကောင်းရချိန်ဖြစ်ရာ ဘကြီးစုဆောင်းကောက်ပေးထားသော ဆေးများကို မောင်အုံ့ထည့်တို့အဖေကတစ်ဆင့်မြင်းနှင့် သယ်ယူ၍ မြို့ပွဲရုံသို့ပို့ရသည်။ သို့သော် မနေ့ကဆေးလာယူမည်ဟု လူကြုံနှင့် စကားမှာချိန်းထားခဲ့သော်လည်း တစ်ရက်နှစ်ရက်သာကြာသွားသည်။ ဘကြီးဆီ အဖေက ဆေးသွားမယူဖြစ်။ အကြောင်းမှာ ဆေးဘူးတောင်း တစ်ဖက် တစ်လုံးစီ ထမ်းဆောင်သယ်ပိုးပေးရမည့် အိမ်က မြင်းညိုကြီးတိမ်ပျံမှာ ခြေထောက်တစ်ဖက် ဒဏ်ရာရနေ၍ ဖြစ်သည်။

လွန်ခဲ့သော နှစ်ရက်ခန့်က မြင်းညိုကြီးတိမ်ပျံသည်အစာသွားစားရာ အထက်တောစားကျက်မှ ကဆုန်ပေါက်မြည်ဟည်းပြေးလာ



၏။ အထိတ်တလန့် အော်ပြီးပြေးလာသော တိမ်ပျံကိုဖမ်းချည်ပြီး ကြည့်ကြသောအခါ လက်ဝဲဘက်လက်တစ်ချောင်းမှာ ခွာသီးနားမှ ဒူးခေါင်းကွေးနားထိ အသားလုံးဝ မရှိတော့ဘဲ အရိုး ငေါငေါ ထွက်နေ၏။

စုတ်ပြတ် ဖွာဆန်ကြနေသော အရေပြားအစတွေမှာ သွေးစသွေးနတွေနှင့် အသားနီလန်နေ၏။ ဘာကောင်ကိုက်လွှတ်လိုက်သည်မသိ။ တိမ်ပျံ၏ရှေ့ခြေထောက်မှာ ထော့နင်းထော့နင်းဖြစ်နေ၏။ တိမ်ပျံခြေထောက် အနာရနေသဖြင့် ဆေးမယူဖြစ်တော့ပေ။ ချိန်းထားလျက်နှင့် မလာသဖြင့် ယခုဘကြီးလိုက်လာ၍ အပြစ်တင် စကားဆိုခြင်း ဖြစ်လေသည်။

ဤသည်ကို မောင်အုံ့ထည်တို့ အဖေက ဘကြီးအားပြောပြသောအခါ ဘကြီးက "ငါလိုက်ကြည့်ပါရစေ" ဟု ဆိုပြီး တိမ်ပျံချည်ထားသော မြင်းဇောင်းသို့လိုက်ကြည့်၏။

"ဘာကောင်ကိုက်လွှတ်မှန်းလဲ မသိပါဘူး အစ်ကိုကြီးရာ၊ အသားဆိုလို့ နည်းနည်းမှ မကျန်လိုက်ဘူးဗျ။ မြင်တဲ့အတိုင်းပဲ"

"ဘယ်မှာ ဖြစ်တာလဲကွ"

"ဘယ်နေရာကဖြစ်လာမှန်းလဲ တိတိကျကျတော့ မသိဘူးဗျ။ ဒီကောင်ကြီး စားကျက်ကတော့ ရွာမြောက်ဘက်အထက်တောမှာ များတယ်"

ဘကြီးက တိမ်ပျံ၏ ခြေထောက်အနာကို စူးစူးစိုက်စိုက် ငေးကြည့်နေ၏။

"အိမ်း . . . ငါထင်တာတော့ တစ်ခုရှိတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



" ဘာလဲဟင် . . . အစ်ကိုကြီး၊ တိမ်ပျံ ခြေထောက်ကို ဘာကောင်ကိုက်လွှတ်လိုက်တယ်ထင်လဲ "

"အေး . . . ကြည့်ဦးမယ်လေကွာ။ အတပ်တော့ ဘယ်ပြောလို့ဖြစ်နိုင်ဦးမလဲ။ ငါ ရွာကိုမပြန်သေးပါဘူး။ အထက်တောဘက် ငါ လိုက်ကြည့်စမ်းမယ်။ မင်းတို့ရွာမှာ အမဲသားအစိမ်းများ ရနိုင်ပါ့မလား"

" ဟာ . . . ဒီနေ့တော့ ဘယ်ရနိုင်တော့မလဲ အစ်ကိုကြီးရာ။ မနက်ဖြန်ဈေးထွက်တဲ့ကားနဲ့ မြို့ကိုမှာလိုက်ရင်တော့ ရပါတယ် "

" အေး . . . ရရင်မှာကွာ။ အမဲသား များများမလိုပါဘူး။ ငါး ကျပ်သားလောက်ဆိုဖြစ်ပါတယ် "

" ဘာလဲ အစ်ကိုကြီး။ အစိမ်းတောစာပစ်ပြီး တိမ်ပျံကိုကိုက်တဲ့ . . . "

" မဟုတ်ရပါဘူးကွာ။ ဒါတွေ ငါအယူမရှိဘူးဆိုတာ မင်းသိသားနဲ့။ တိမ်ပျံခြေထောက်က အသားတွေစားလိုက်တဲ့ အကောင်တွေဟာ ငါထင်တဲ့အကောင်တွေများ ဖြစ်နေမလားလို့ "

" ဘာကောင်လဲဟင် . . . အစ်ကိုကြီး၊ တိမ်ပျံကို ကိုက်လွှတ်လိုက်တာ ဘယ်လို အကောင်မျိုးတွေလဲ "

မောင်အံ့ထည်တို့ အဖေကသူ့မြင်းညိုကြီးကိုကိုက်လွှတ်လိုက်သော အကောင်အားသိလိုဇောနှင့် အလောတကြီးမေး၏။

"ဟာ . . . မင်းကလဲအတိအကျမသိရသေးပါဘူးဆို၊ ငါကြည့်မယ်ကွာ။ ဈေးကြုံကားနဲ့ အမဲသားသာမှာလိုက်ပါ"

ဘကြီးပြောသည့်အတိုင်း နောက်တစ်နေ့မှာမောင်အံ့ထည်တို့



အဖေကဈေးကြုံကားနှင့် အမဲသားတစ်ပိဿမှာလိုက်၏။ မွန်းတိမ်းစတွင် မြို့ကဈေးကြုံကား ပြန်ရောက်လာ၏။ ဈေးကားနှင့်ပါလာသော အမဲသားထုပ်ကို ဘကြီးလက်ထဲ အပ်လိုက်သည်။

ဘကြီးသည်အမဲသားထုပ်ထဲကသွေးသံရဲရဲနှင့်လက်မလောက်ရှိသော အမဲသားတုံးတစ်ခုကိုယူသည်။ ကျန်သောအမဲသားကိုပြန်ပေး၍ "ငါတို့ ညနေစာ စားဖို့ချက်ထားလိုက်ကွာ။ အံ့ထည်တို့အံ့ရည်တို့ ဘကြီးနဲ့လိုက်ခဲ့ကြ။ မင်းတို့မြင်းညိုကြီးကို ကိုက်လွှတ်လိုက်တဲ့ အကောင် ဘာကောင်လဲဆိုတာ အထက်တောဘက် သွားပြီး ဘကြီးနဲ့ထောက်လှမ်းကြည့်ကြရအောင်" ဟုဆိုလေသည်။

မောင်အံ့ထည်တို့ ညီအစ်ကိုနှစ်ယောက်သည် သူ့ဘကြီးနှင့်အတူ အထက်တောဘက်သို့ လိုက်လာကြလေ၏။

* * * * *

မောင်အံ့ထည်တို့ဘကြီး ဦးအောင်ဘသည် သွားရင်းလာရင်း လမ်းတွင်တွေ့ရသော ဝါးရုံတစ်ခုမှ ဝါးပပ်ပြားတစ်ပြားကို ကောက်ယူလာသည်။ ထို့နောက်လမ်းဘေးတွင် တွေ့ရသော ငှက်ပျောပင်တစ်ပင်မှငှက်ပျော လျှော်လေးငါးပင်ကို ငင်ပြန်သည်။ မောင်အံ့ထည်တို့ညီအစ်ကိုနှစ်ယောက်မှာ ဘကြီးလုပ်နေသည်ကို လုံးဝမရိပ်မိကြ။ တောထဲတောင်ထဲ မမေးကောင်း၍သာ ငြိမ်ငြိမ်လေးလိုက်ပါနေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်ပင် အထက်တောနားရောက်လာကြသည်။

လျှိုစမ်းပေါက်နားတစ်ခုသို့ရောက်သောအခါ ဘကြီးသည်စမ်းရေအိုင်ကို သေသေချာချာစိုက်ကြည့်နေသည်။ မောင်အံ့ထည်တို့ညီအစ်ကိုနှစ်ယောက်မှာ သူတို့ဘကြီးတော်ဘာကိုကြည့်နေမှန်းမသိ။ သို့သော် တောထဲတောင်ထဲဖြစ်နေသဖြင့် ယခုထိ မမေးဝံ့ကြသေး။ နဂိုကပင်ကြောက်ရသော ဘကြီးလုပ်သမျှသာ သေသေချာချာ အကဲခတ်ကြည့်နေကြရသည်။

ဘကြီးသည် နောက်ထပ် စမ်းရေအိုင်တစ်ခုနားသို့ လျှောက်သွားပြီးရပ်ပြန်၏။ ဘကြီးခြေလှမ်းရပ်သောအခါ မောင်အံ့ထည်တို့ညီအစ်ကိုနှစ်ယောက်မှာလည်း တိုင်ပင်ထားသလို လိုက်ရပ်ကြရသည်။ ဘကြီးသည်စမ်းရေထဲကြည့်လိုက်၊ မိုးပေါ်မော့ကြည့်လိုက်လုပ်နေ၏။ စိတ်တိုင်းမကျသေးသလို နောက်တစ်နေရာသို့ရွှေ့ပြန်၏။ ထိုနေရာမှာ ဘကြီးစောစောက ကြည့်ခဲ့သောစမ်းရေအိုင်ထက်ကြီးသော အိုင်ဖြစ်သည်။

"အေး . . . ဟုတ်ပြီကွ၊ ဟုတ်ပြီ" ဟုဘကြီးကဆိုသော်လည်း မောင်အံ့ထည်တို့မှာ ဘာဟုတ်မှန်းမသိ။ ဤတစ်ခါတော့ မောင်အံ့ရည်က မနေနိုင်တော့၊ "ဘာဟုတ်တာလဲ ဘကြီး" ဟုမေးတော့၏။

"ဘာဟုတ်ရမှာလဲကွ။ မင်းတို့မြင်း တိမ်ပျံခြေထောက်က အသားကို စားပစ်လိုက်ကြတဲ့အကောင်တွေပေါ့ကွ။ ဒီမှာကြည့် ငါပြမယ်။ ဟို . . . ဟိုမှာတွေ့လား။ ဟိုသစ်ကိုင်းမှာ နားပြီးရေဆင်းသောက်နေတဲ့အကောင်ကိုကြည့်စမ်း"

ဘကြီးက လက်ညှိုးထိုးပြသဖြင့် မောင်အံ့ထည်တို့ ညီအစ်ကို



ဘကြီးညွှန်ပြရာကို စူးစူးစိုက်စိုက် လိုက်ကြည့်ကြသည်။ လက်
န်းနီးပါးခန့်ရှိသော မွဲပြာရောင်အစင်းအကျားနှင့်ပိုးကောင် တစ်
ကောင်ကို မြင်ကြရသည်။ ထိုပိုးကောင်သည် ဘကြီးပြသောသစ်
ိုင်းတွင်ခဏနားပြီး ရေစပ်ထဲဆင်းသွားကာ အမြီးတလှုပ်လှုပ်နှင့်
ရေသောက်နေ၏။

ထိုအကောင်ကို ငေးကြည့်နေကြစဉ် ဘယ်ကဘယ်လိုရောက်
လာသည်မသိ။ နောက်တစ်ကောင်ကလည်း သစ်ရွက်တစ်ရွက်ပေါ်
တနားပြန်၏။ သတိထားကြည့်မိမှ သူတို့အနားတွင် နောက်ထပ်
စ်ကောင် ရှိနေပြန်သည်။ ပထမ အကောင်ရေသောက်ပြီးထပျံ
သွား၏။ ဘကြီးကထပျံသွားသော အကောင်ကို ခေါင်းမော့ပြီးလိုက်
ကြည့်သည်။ ဘကြီးနည်းတူမောင်အံ့ထည်တို့ ညီအစ်ကိုနှစ်ယောက်
လည်းလိုက်ကြည့်ကြ၏။ သို့သော် သစ်ပင်ဖျားရွက်အုပ်ထဲ ချက်
င်းပျောက်သွား၏။

ထိုအချိန်၌ပင် ဘကြီးသည် သူယူလာသောအမဲသားတုံးထဲမှ
ခြစ်ဆံခေါင်းလောက်ရှိသော သားတစ်ကလေးတစ်ခုကို ငှက်ပျော
လျှော်ပင်ငယ် တစ်ပင်၏ အစနှင့်ချည်လိုက်၏။ နောက်တစ်ဖက်
လျှော်စတွင် လက်သည်းခွံလောက်ရှိသော ဝါးပပ်ပြားပါးပါးလွှာလွှာ
လေးတစ်ခုကို ချည်ပြန်သည်။

ဤသို့တစ်ဖက်တွင် အမဲသားတစ်ဖက်တွင် ဝါးပပ်ပြား
ည်ထားသော ငှက်ပျောလျှော်မျှင်ချည်လေးဝါးပင်ကို ဘကြီးက
က်တိုက် ပြုလုပ်သည်။ ဘကြီးဘာတွေ လုပ်နေပါလိမ့်ဟု မောင်
ထည်တို့မှာ ယခုထိ တွေးမရကြသေး။

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးသည် အမဲသားတစ်နှင့် ဝါးပပ်ပြားလေးငါးခုကိုတွဲ
ပြီးသောအခါ ပတ်ဝန်းကျင်ဘယ်ညာကို အကဲခတ်ကြည့်ပြန်သ
ဘကြီး၏ အကြည့်စူးစိုက်ကျရောက်ရာမှာ ရေအိုင်နားရှိ သစ်
ကြီးတစ်ပင်ဖြစ်သည်။ ထိုသစ်ပင်အား ဘကြီးက မော့ကြည့်နေ
လို မောင်အုံထည်တို့ညီအစ်ကိုကလည်း လိုက်မော့ကြည့်ကြ
ဘကြီးက "ဘာတွေမြင်သလဲကွ" ဟု မေးသည်။ ညီအစ်
နှစ်ယောက်မှာ ရုတ်တရက် မဖြေမိကြသေး။ တစ်ယောက်မျက်
တစ်ယောက် " ဘာမြင်လဲ " ဟူသော အမေး သင်္ကေတနှင့်
ပြန်ကြည့်နေကြ၏။ မောင်အုံထည်တို့ကား သစ်ပင်ပေါ်တွင်
တစ်ရာသော ဘာထူးခြားချက်ကိုမျှ မမြင်မိကြ။ ဘကြီးက ထပ်
ပြန်၏။

"ဟင်. . . မင်းတို့ဘာမြင်ကြလဲ"

"ဟင့်အင်း . . . ကျွန်တော်တို့ ဘာမှထူးထူးခြားခြား မမြင်
ဘူး ဘကြီး"

"သေသေချာချာ ကြည့်ကြစမ်းပါကွာ။ မင်းတို့ လူငယ်တွေ
ဘကြီးထက် မျက်စိပိုလျင်ကြမှာပါ"

ဘကြီးက ပြုံး၍ပြော၏။

မောင်အုံထည်တို့ ညီအစ်ကိုမှာ အမှန်ပင် ထူးထူးခြား
ဘာမျှ မမြင်ကြရ။

"ဘာမှမမြင်ပါလား ဘကြီး၊ ဘကြီးကော ဘာမြင်လို့လဲ"

"ဟ . . . လူငယ်တွေဖြစ်ပြီး မင်းတို့ မျက်စိတွေက ကန်း
ချည်လား၊ ဟိုသစ်ပင်ပေါ်မှာ သစ်ကိုင်းတွေမမြင်ဘူးလား"



"ဟာ. . . ဘကြီးကလဲသစ်ပင်ပေါ်မှာသစ်ကိုင်းတွေတော့မြင်
ပေါ့ဗျ၊ ဒါဆန်းသလား"

"ဟဲ. . . ဟဲ. . . အဲဒီသစ်ကိုင်းတွေပေါ့ကွ၊ ငါကြည့်နေတာ"

"ဗျာ"

အစ်ကိုဖြစ်သူ မောင်အုံ့ရည်က ဘကြီးကို စိတ်မှကောင်း
ရဲ့လားဟူသော သဘောဖြင့် "ဗျာ" လိုက်၏။

"လူတက်လို့ရ မရ ကြည့်တာလေကွာ"

"ရပါတယ် ဘကြီးရယ်"

မောင်အုံ့ရည်က ဘာမျှ မပြောဘဲ ဘကြီး၏ မျက်နှာကို ငေး
ကြည့်နေသဖြင့် မောင်အုံ့ထည်က ဝင်ပြောလိုက်၏။

"မင်းတို့ အပင်ဖျားထိတက်နိုင်ကြပါ့မလား"

"တက်နိုင်ပါတယ်ဗျ၊ ဒီအပင်က ဘာမြင့်တာမှတ်လို့၊ ဒီထက်
မြင့်တဲ့အပင်တွေတောင်ကျွန်တော်တို့ တက်နေကျပါ"

"ကဲတက်နိုင်ရင် မင်းတို့နှစ်ယောက် အလျင်တက်ကြ၊ ဘကြီး
ကတော့တက်လာကြည့်မယ်၊ ခြေမြဲလက်မြဲ တက်ကြနော်၊ ဘ
ကြီးပြမယ်၊ ဒီမှာကြည့်၊ ဒါတွေကို ဒီရေစပ်နားဘကြီးချထားခဲ့မယ်။
အမဲသားတစ်တွေကို ဟိုအကောင်တွေကိုက်ချီပြီး ပျံတက်လာတာ
မြင်ရလိမ့်မယ်။ မိုးပေါ်က အမြင့်ဝေးဝေး ရောက်သွားတော့ ငှက်
ဗျာလျှော်နဲ့ ဟိုပိုးကောင်ကို မင်းတို့ငါတို့မြင်ကြရတော့မှာမဟုတ်
ဘူး၊ မင်းတို့ငါတို့ မြင်ကြရမှာက ဒီဘက်ကလျှော်ချည်မျှင် အဆုံး
မှာ ချည်ထားတဲ့ဒီဝါးပပ်ပြားလေးပဲ။ အဲဒီဝါးပပ်ပြားလေး ဘယ်နေ
ရာကျသွားလဲဆိုတာ သေသေချာချာ မှတ်မိအောင် ကြည့်ထားရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကဲ သစ်ပင်ပေါ်သွားတက်ကြည့်နေကြ။ ဘကြီး ဒီလျှော်ကြိုး နဲ့ အမဲသားတစ်တွေထားခဲ့ပြီး တက်လိုက်လာမယ်"

ဘကြီးအမိန့်အတိုင်းပင် မောင်အုံ့ထည်တို့ ညီအစ်ကိုက အင်ပင်ကြီးတစ်ပင်ပေါ် အလျင်တက်လာကြ၏။ ဘကြီးပြောသလိုအ မဲသားတစ်တွေကို ကိုက်ချီပျံတက်လာမည့် အကောင်တွေနှင့် ဝါး ပပ်ဖြူပြားလေးတွေကို သတိထားကြည့်နေကြသည်။

မောင်အုံ့ထည်တို့ညီအစ်ကို အင်ပင်ကြီး အဖျားပေါ်ရောက် သွားကြ၍ မကြာခင်ပင် ဘကြီးလည်းတက်လိုက်လာ၏။ ဘကြီးနှင့် မရှေးမနှောင်းမှာပင် ဘကြီးပြောသောအကောင်များသည် အမဲသား တစ်တွေကိုချီပြီး အပေါ်ပျံတက်လာကြ၏။ သူတို့ အမဲသားတစ် ကိုက်ပြီး အပေါ်ပျံလာသဖြင့် တစ်ဖက်လျှော်စတွင်ချည်ထားသော ဝါးပပ်ပြားဖြူဖြူလေးမှာလည်း တွဲလောင်းဆွဲပါလာလေ၏။ အပေါ် ရောက်၍ ဝါးပပ်ပြားကို လေတိုက်သောအခါ လေထဲတွင် တ လည်လည်နှင့် တွဲလောင်းဆွဲပါနေလေသည်။

"တွေ့လား။ မင်းတို့ သေသေချာချာကြည့်ထားကြနော်၊ ဒီ ကောင်တွေမိုးပေါ်ရောက်ရင်သစ်တောလွတ်ရုံလေး သူတို့ကျင်းရှိ ရာဘက်ပျံကြလိမ့်မယ်။ သူတို့ကျင်းတည့်တည့်ရှိရာအပေါ်ရောက် ရင် မိုးပေါ်ကိုအမြင့်ကြီးထိုးတက် ပျံသွားကြလိမ့်မယ်။ ပြီးတော့ ပျံဆင်းလာပြီးသူတို့ကျင်းရှိရာကျကြလိမ့်မယ်။ ဘယ်သစ်ပင်ကြီးနား ဘယ်တောနားကျသွားလဲဆိုတာ မှတ်မိအောင်ကြည့်ထားကြ။ ဟိုမှာ. . . ဟိုမှာ. . . တွေ့လား၊ မိုးပေါ်ထောင်တက်သွားပြီ၊ မြင်ကြ တယ်မဟုတ်လား"



"ဝါးပပ်ပြားလေးတွေပဲမြင်တယ် ဘကြီး။ ပိုးကောင်တွေကို တော့ မမြင်ရဘူး"

"အေးပေါ့ကွ၊ ဒီလောက်အဝေးကြီးမှာ ပိုးကောင်နဲ့ ငှက်ပျော လျှော်မျှင်ကိုတော့ဘယ်မြင်ရတော့မလဲ။ ဒီကောင်တွေဘယ်ကိုသွား တယ်ဆိုတာ သိချင်လို့လဲ ဘကြီးက ဝါးပပ်ပြားလေးတွေချည်ပေး လိုက်တာပဲဟာ။ တွေ့လားဟိုမှာ ဝါးပပ်ပြားလေးတွေ ပြန်ကျလာ ပြီ။ အဲဒါသူတို့နေတဲ့နေရာကို လူတွေသိမှာစိုးလို့ ခြေရာဖျောက်တဲ့ သဘောပဲ၊ သူတို့အမြင့်ကြီးပျံတက်သွားတာမြင်ရင် အဲဒီအောက် မှာ သူတို့ကျင်းမရှိဘူးလို့ လူတွေထင်ယောင်ထင်မှားဖြစ်အောင်လုပ် တာလေ။ ဘယ်လောက်ဉာဏ်သွားတဲ့ အကောင်တွေလဲလို့။ အိမ်း . . . တို့ကိုတော့ ဘယ်ရလိမ့်မလဲကွာ။ တို့က သူတို့ထက် ဉာဏ်ကြီးတဲ့လူတွေပဲ။ အဲဒီနေရာမှာ ကျင်းရှိတာသေချာပါပြီ"

ဘကြီး ပြောသကဲ့သို့ပင် ပထမတွင် သစ်ပင်ဖျား၊ တောအုပ် ပေါ်က ရှပ်ပျံသွားကြသော ပိုးကောင်တွေကိုအတော်ဝေးသွားသည် နှင့် မမြင်ရတော့ပေ။ လက်သည်းခွံသာသာရှိသော ဝါးပပ်ပြားလေး လွင့်ပါနေသည်ကိုကြည့်၍သာ ဘယ်နေရာရောက်သွားပြီဟုသိရ ၏။ မိုးပေါ် ထောင်တက်သွားသောအခါမှာလည်း ထိုနည်းလည်း ကောင်း၊ အောက်သို့စိုက်စိုက်မတ်မတ်ထိုးဆင်းလာသောအခါမှာ လည်း ထိုနည်းလည်းကောင်း ဘကြီးက အမဲသားတစ် ငှက်ပျော လျှော်နှင့် ချည်ပေးလိုက်သော ဝါးပပ်ပြားလေးသည် သူတို့သွားရာ ကို နောက်ကအမြဲပါပြီး လမ်းပြနေလေသည်။

"သေချာပြီကွ၊ ဒီကောင်တွေဆင်းသွားတာဟိုအင်ပင်ကြီးနား

www.burmeseclassic.com

www.burmeseclassic.com



နော်။ အဲဒီနားမှာ နောက်ဘာအပင်ကြီးတွေ ရှိသေးလဲ။ မင်းတို့က လူငယ်မျက်စိနဲ့ သေသေချာချာ ကြည့်ထားကြ၊ ဟိုဘက်က အပင်ကြီးဟာ ဘာအပင်ကြီးလဲ သိလား"

"စင်ပွမ်းပင်ကြီးလေ ဘကြီး"

"အေး . . . အဲဒီအပင်ကြီး နှစ်ပင်ကြားထဲဆင်းသွားရင် အဲဒီနားမှာပဲ သူတို့ကျင်းရှိမယ်။ ပေါဟိုမှာ တစ်ကောင်လာပြန်ပြီ မြင်ကြတယ်မဟုတ်လား"

တစ်ကောင်ပြီး တစ်ကောင်ပျံတက်၊ ပျံဆင်း သွားကြသည်ကို မြင်သဖြင့် မောင်အံ့ရည်တို့က ခေါင်းညိတ်ပြလိုက်ကြသည်။

"ဟုတ်ပြီကွ၊ ဘကြီးပြောပြမယ်။ မင်းတို့ဒီကဆင်းပြီးအဲဒီသစ်ပင်ကြီးနှစ်ပင်ကြားသွားရင် ရှောရှောရှုရှု ရောက်တတ်ကြပါ့မလား"

"ရောက်တတ်ပါတယ် ဘကြီး၊ မှန်းသွားရမှာပေါ့"

"ကောင်းပြီ။ ဒီနေ့တော့အချိန်မရှိတော့ဘူး။ မနက်ဖြန်ကျရင် ဘကြီးနဲ့ မင်းတို့ အဲဒီကိုသွားရမယ်"

"ဘာသွားလုပ်မှာလဲ ဘကြီး"

"ဟ. . . မင်းတို့မြင်း တိမ်ပျံခြေထောက်ကို ကိုက်လွှတ်လိုက်တဲ့အကောင်တွေကို သွားသတ်ကြမှာပေါ့ကွ"

"အဲဒါ ဘာကောင်တွေလဲ ဘကြီး"

အံ့ရည်က မေး၏။

"ခုနက အမဲသားတစ်တွေကို ကိုက်ချီပြီး ပျံသွားကြတဲ့ အကောင်တွေလေကွာ"

"ဟာ. . . အဲဒီ အကောင်ကို ဘာကောင်လဲလို့ ကျွန်တော်တို့က မေးနေတာ ဘကြီးရာ"

ပြင်းပြသော သိလိုစောနှင့် မောင်အံ့ထည်ကလည်း ထပ်မေးမိ၏။

"ခု မပြောကောင်းသေးဘူး။ မနက်ဖြန်ကျတော့ သိရမှာပေါ့ကွာ။ ကဲ. . . ဆင်း . . . ဆင်း . . .၊ ဆင်းကြ။ ဘကြီး ထင်တာ သေချာပြီ။ သစ်ပင်ပေါ်က ဆင်းကြတော့"

မောင်အံ့ထည်တို့ ညီအစ်ကိုမှာချက်ချင်းမပြောရကောင်းလားဟု ဘကြီးအားမကျေမနပ်နှင့် သစ်ပင်ပေါ်က ဆင်းလာကြရ၏။

* * * * *



## အခန်း (၁၃)

"အောင်လှ ငါထင်တာတော့ ဟုတ်နေပြီကွ။ မင်းရဲ့ မြင်းညိုကြီးကို ကိုက်လွှတ်လိုက်တဲ့ အကောင်တွေကို ငါတို့ တွေ့ထားခဲ့ကြပြီ"

တိမ်ပျံအား အစာရေစာ သွားကျွေးပြီး မြင်းဇောင်းကပြန်လာသော မောင်အံ့ထည်၏ အဖေကို ဘကြီးကလှမ်းပြောလိုက်သံကြားရသည်။

သူ့ အဖေကလည်း မောင်အံ့ထည်တို့ နည်းတူ သိလိုစောနှင့်

www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်လဲဟင် အစ်ကိုကြီး" ဟု ချက်ချင်းပြန်မေး၏။

"ပျားတူ မြေအောင်းကောင်တွေလေကွာ"

"ဗျာ. . . ပျားတူမြေအောင်းကောင်တွေ"

"ဟုတ်တယ် အောင်လှ။ တို့ရိုးမဘက် တောင်ခြေ ရွာတွေမှာဆိုရင် ချေလိုက်၊ ဝက်ထိုးသွားတဲ့ မုဆိုးတွေတောင် အထူးသတိထားရတဲ့ သားစားပျားတူကောင်တွေ လေကွာ။ ဒီပျားတူဆိုတဲ့အကောင်တွေဟာ တခြားပျားတွေလို ပန်းဝတ်ရည်စုပ်ပြီး သစ်ပင်သစ်ခေါင်းတွေထဲမှာ အုံတည်မနေတတ်ကြဘူး။ သူတို့က မြေကျင်း မြေအောက်အောင်းနေတတ်ကြတယ်။ အဲဒါကြောင့် အဆိပ်ပိုပြင်းတယ်။ သူတို့ ကျင်းတွေကို အပေါ်ကကြည့်ရင် ခြတောင်ပို့လိုလို ထင်ရတယ်။ အပေါ်က အမိုးမြေသားကို ခြတောင်မို့လို ပါးပါးလွှာလွှာလုပ်ထားတာပေါ့ကွာ၊ မတော်တဆ သူတို့ ကျင်းထဲ တိရစ္ဆာန်တစ်ကောင်ကောင် ခြေချော် လက်ချော် ကျမိပြီဆိုရင်တော့ သေဖို့သာပြင်ပေတော့၊ တကယ်လို့ခြေနုတ် လက်မြန်လို့ကျသွားတဲ့ ခြေလက်တွေကို ချက်ချင်း ပြန်နုတ်နိုင်တာတောင် အဲဒီခြေထောက်မှာ အသားဆိုလို့ကတော့ လုံးဝပါမလာဘူးသာမှတ်။ အုံကြီးတဲ့ကျင်းသာဆို ကျွဲနွား တိရစ္ဆာန်လို အကောင်သေးသေးတွေကို မဆိုထားနဲ့ ဆင်ပြောင်ကြီးတွေကိုတောင် သူတို့က စားပစ်လိုက်ကြမှာပဲ။ ခုမင်းတို့မြင်းတိမ်ပျံက ကျင်းအစနား ခြေတစ်ဖက်သာကျွံကျမိလို့ တော်သေးတာပေါ့။ မြင်းဆိုတဲ့အကောင်တွေကလဲ ခြေနုတ်လက်ရုပ် အင်မတန်မြန်တယ်မဟုတ်လား၊ တခြားတိရစ္ဆာန်တစ်ကောင်ကောင်သာဆို ပျားတူကောင် ကိုက်လို့သေမှာ မုချပဲကွ။ ခုလို အိမ်အရောက်



တောင်ပြေးလာနိုင်မှာ မဟုတ်ဘူး။ အဲဒါ မြေအောင်းပျားတကျင်းကို မနက်ဖြန်ခါ တို့တစ်တွေ သွားဖြိုကြမယ်။ တခြား ပျားတွေလိုပျားရည်၊ ပျားသလက် မရပေမယ့် ပျားတူမြေအောင်းကောင် နုနုငယ်ငယ်လေးတော့ မင်းအဝစားရပြီသာ မှတ်ထားလိုက်"

" ဟာ အစ်ကိုကြီးပြောသလိုဆို ဒီလောက် ကြောက်စရာကောင်းတဲ့ ပျားတူလေးတွေအသား မစားချင်ပါဘူးဗျာ "

"ဟ မြေအောင်းပျားတူသားမစားချင်ပေမယ့် ဒီလိုအန္တရာယ်ကြီးမားတဲ့ မြေအောင်းပျားတူကျင်းတွေကို ရပ်နားရွာနား မထားကောင်းဘူးကွ၊ အုံသေးတုန်းဖြိုပစ်လိုက်ရတယ်။ မဟုတ်ရင် ကျွဲနွားတိရစ္ဆာန်တွေကို အမြဲဒုက္ခပေးတော့မှာပေါ့။ ခုပဲကြည့်လေ၊ မင်းရဲ့မြင်းတိမ်ပျံကို ကိုက်လွှတ်လိုက်ပြီး မဟုတ်လား။ တကယ်လို့ ဒီအတိုင်းထားရင် မင်းတို့ရွာကနောက် ကျွဲ၊ နွား၊ မြင်း တွေကို ကိုက်ဦးမယ်၊ ဒီကောင်တွေ မြေကျင်းဆိုတာ တစ်နှစ်တစ်နှစ်မှာ တစ်လံနှစ်လံကြီးလာတတ်တယ်။ ခုကတည်းက ဖြိုမပစ်ရင် နောက်တော့ပျားတူ တောင်ပို့ဟာ တောင်ပို့ကြီးလို ဖြစ်လာနိုင်တယ်၊ အဲဒါကြောင့်တို့ရိုးမတောင်ခြေဘက်မှာဆိုရင် ပျားတူကျင်းကို တွေ့ရင်ချက်ချင်းဖြိုပစ်ရတာပဲ"

မောင်အုံထည်တို့ ဘကြီး အကျိုးသင့် အကြောင်းသင့် ရှင်းပြသောအခါ မောင်အုံထည်တို့အဖေမှာလည်း ဘာမျှစောဒကမတတ်နိုင်တော့ပေ။

"အဲဒါ မနက်ဖြန်ခါ ငါတို့ မြေပျားတူကျင်းသွားထောက်လှမ်းရမယ်။ တွေ့ရင် ညတွင်းချင်း ဖြိုပစ်ရမယ်၊ နေ့ခင်းတော့ မကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖြိုဖို့မလွယ်ဘူး၊ လူထက်တောင်ပါးနပ်ပြီး သိပ်အဆိပ်ပြင်းတဲ့အကောင်တွေ။ မင်းသားတွေလဲ နောက်တော့ အတွေ့အကြုံရအောင် ငါခေါ်သွားမယ်။ မင်းလဲလိုက်ချင်လိုက်ခဲ့"

"ကျွန်တော်က တိမ်ပျံကို ပြုစုရဦးမယ် အစ်ကိုကြီး၊ ဒီတော့ အစ်ကိုကြီး တူတွေကိုပဲ ခေါ်သွား"

"အေးလေ နွေခင်းမှာ ကျင်းရှာရုံ ထောက်လှမ်းရုံပဲ ဆိုတော့ သိပ်အရေးမကြီးသေးပါဘူး၊ ညကျတော့ မင်းလိုက်ကိုလိုက်ရမယ်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

* * * * *

မနေ့ကအမဲသားတစ်တွေကိုချိုပျံဆင်းသွားကြသည့် အင်တိုင်းတောထဲရှိ မှတ်သားထားကြသော အင်ပင်ကြီးနှင့် စင်ပြွမ်းပင်ကြီး နားရောက်လာကြ၏။ ထိုအခါ မောင်အုံ့ထည်တို့ ဘကြီးက -

"ပျားတူကျင်းနားရောက်ရင် မင်းတို့ ငါတို့ သတိ အထူးထားကြမယ်။ သူတို့ကလည်းလူတွေလိုပဲ သူတို့အသိုက်အအုံကို ဖျက်ဆီးပစ်ဖို့လာတဲ့ အန္တရာယ်တွေကို ကြိုတင်ကာကွယ်ဖို့ အစောင့်ကင်းချထားတတ်တယ်။ အဲဒါကြောင့် တို့ကို ပျားတူကင်းစောင့်တွေအနံ့ခံလို့မရအောင် လေညာက သွားရှာရမယ်။ မင်းတို့ ငါ့နောက်က အရိပ်အခြည် ကြည့်ပြီး လိုက်ခဲ့ကြ"

မနေ့က ပျားတူကောင်တွေ ဆင်းသွားသော အင်ပင်ကြီး နှင့်



စင်ပြွမ်းပင်ကြီးကြားကို တမင်မှန်း၍ သူ့ဘကြီးနှင့် မောင်အုံ့ထည်တို့ညီအစ်ကိုမှာ လေအောက်ကလျှောက်လာကြရလေသည်။ ဘကြီးသည် ခြေသံလုံလုံနှင့်လျှောက်လိုက်၊ ရပ်လိုက်၊ နားစွင့်လိုက်၊ ပတ်ဝန်းကျင် ဘယ်ညာကို အကဲခတ်လိုက်နှင့် အင်တိုင်းတောထဲတွင် တစ်လှမ်းချင်းလျှောက်နေ၏။ မောင်အုံ့ထည်တို့ညီအစ်ကိုမှာလည်း ဘကြီး၏ ခြေလှမ်းကိုကြည့်၍နောက်ကလိုက်ကြရသည်။

ကြိမ်ပိုက်တောတစ်ခုနားအရောက်မှာဘကြီးကမတ်တတ်ရပ်၏။ ပြီး ဒူးထောက်ထိုင်ချလိုက်သည်။ ပတ်ဝန်းကျင် ဘယ်ညာကိုလည်းအသက်အောင့်၍ ဘကြီးကအကဲခတ်ကြည့်၏။ ဘကြီးစူးစူးစိုက်စိုက် ကြည့်နေရာသို့ မောင်အုံ့ထည်တို့ ညီအစ်ကိုနှစ်ယောက်လည်း လိုက်ကြည့်ကြသည်။ ဘကြီး စူးစူးစိုက်စိုက် ကြည့်နေရာမှာ ကြိမ်ပိုက်တောအစပ်နားက တောင်ပို့ကြီးတစ်ခုသာဖြစ်သည်။ ထိုတောင်ပို့ကြီးနှင့် မောင်အုံ့ထည်တို့ အကွာအဝေးမှာ ၁၉-လံခန့်ရှိလေသည်။ တောင်ပို့နားတစ်ဝိုက်တွင် ကြိမ်ပင်ကျိုးတိုးကျဲတဲနှင့် အင်ပင်သုံးလေးပင်ရှိသဖြင့် တောင်ပို့တစ်ခုလုံးကိုပင် ခြုံ၍မမြင်ရပေ။

ဘကြီးသည် ဒူးထောက်ထိုင်နေရာမှ ခေါင်းငုံ့၍ မြေပြင်တွင် လက်ထောက်ထိုင်လိုက်၏။ လက်ဟန်ခြေဟန်နှင့်လည်း မောင်အုံ့ထည်တို့အား စကားလုံးဝ မပြောကြရန် အချက်ပြ၏။ ပြီးမှ သူနားထောင်နေသလို မြေပြင်ကို နားနှင့်ကပ်၍ နားထောင်ကြရန် ပြပြန်၏။

ဘကြီးပြောသလို မောင်အုံ့ထည်တို့ကလည်း လိုက်လုပ်ပြီး နားထောင်ကြ၏။ မြေတွင်းထဲက တုန်ဟည်းပြီး ပိတုန်းကောင်များ သိန်းသန်းကုဋေ အော်မြည်နေသံကဲ့သို့ စီစီညံညံ ဆူနေသံကို ကြားရ

www.burmeseclassic.com



သည်။ အသံတွေမှာ မြေပြင်မှပဲ့တင်ထပ်ဟည်း၍ နားထဲ ဝင်မြည်နေသလား ထင်ရသည်။

ဘကြီးက မတ်တတ်ပြန်ထ၍ နောက်ဆုတ်လှည့်လာသောအခါ ဘကြီးနည်းတူ မောင်အုံ့ထည်တို့မှာလည်း မတ်တတ်ထ၍ ဘကြီး နားကပ်သွားကြ၏။ ခြေလှမ်း ၂၀-ကျော်လောက် လှမ်းဆုတ်လာကြပြီးမှ ဘကြီးက စကားစပြောလေသည်။

"မင်းတို့ကြားတယ်မဟုတ်လား။ ငါတို့ရှေ့ကတောင်ပို့ကြီးဟာ မြေပျားတူကျင်းကြီးပဲကွ။ မြေပြင်ကို နားထောင်ကြည့်ရင် ပျားတူကောင်တွေ အော်မြည်နေကြသံကိုကြားနေရတယ်။ ပျားတူကျင်းတော့ ကိန်းသေတွေ့ကြပြီပေါ့ကွာ။ ဒါပေမယ့် ခုလို နေ့ခင်းကြောင်တောင်ကြီးမှာ ပျားတူကျင်းနား သွားကပ်လို့မရဘူး။ ကန့်းချထားတဲ့ သစ်ပင်ပေါ်က အကောင်တွေတို့ကို အလျှင်မြင်ပြီး ဆင်းတုပ်မှာ။ မြေအောင်းပျားတူကောင်တွေ အတုပ်ခံရရင် မသက်သာဘူး။ နွားမတမ်းတွေတောင် သေးဖြန်းဖြန်းပါတယ်လို့ အဆိုရှိတယ်။ ဒီကောင်တွေက အခြားမှာတွေ့ရင် လုံးဝရန်မမူပေမယ့် သူတို့ကျင်းနားလာကပ်ရင်တော့ အသေအကျေ တိုက်ခိုက်တတ်ကြတယ်။ ကင်းစောင့်အကောင်တွေက အလျှင်ဆင်းတုပ်ကြပြီဆိုရင် နောက်ကျင်းထဲက အကောင်တွေလဲ ချက်ချင်းဖြေးထွက်လာပြီး ဝိုင်းကိုက်ဝိုင်းတုပ်ကြမှာပဲ။ ဒါကြောင့် ကယ်ပေါက်နဲ့ သူတို့ဝင်ပေါက်၊ ထွက်ပေါက်တွေရှာကြည့်ဖို့မလွယ်သေးဘူး။ ညကျလို့ သူတို့ကင်းသိမ်းတော့မှ ကယ်ပေါက်နဲ့ သူတို့ဝင်ပေါက်၊ ထွက်ပေါက်တွေကို လက်နှိပ်ဓာတ်မီးနဲ့ ရှာရမယ်။ ကယ်ပေါက်နဲ့ဝင်ပေါက် ထွက်ပေါက်တွေကိုပိတ်မိပြီးမှ ကျင်းကိုဖြိုရမယ်။ ငါတော့ ဒီလောက်ကြီးမားတဲ့ပျားတူကျင်းကြီးကို တို့ရိုးမဘက်မှာတောင် တစ်ခါမှမတွေ့ဖူးသေးဘူး။ အမှတ်တမဲ့သာဆိုရင် တောင်ပို့ကြီးလားခြတောင်ပို့ကြီးလားတောင်ထင်မိကြမှာပဲ။ အဲဒါကြောင့်လဲ မင်းတို့မြင်း တိမ်ပျံ ပျားတူကျင်းအစနားနင်းမိလို့ အကိုက်ခံလာရတာဖြစ်မှာပဲ။ ညကျရင်တော့ မင်းတို့အဖေပါခေါ်လာမှဖြစ်မယ်။ တို့ချည်းနဲ့တော့ ဒီလောက်ကြီးမားတဲ့ပျားတူအုံကို ဖြိုနိုင်ဖို့ မလွယ်ဘူး။ ကဲ . . . တို့ပြန်ကြမယ်။ ညနေထမင်းစားပြီးမှ ဒီပျားတူအုံကြီးကို လာဖြိုကြတာပေါ့"



မောင်အုံ့ထည်တို့ ဘကြီးသည် အပြန်လမ်းတွင် ပျားတူအုံဖြိုဖျက်ရေး အစီအစဉ်များကို ဝမ်းသာအားရ တစ်လမ်းလုံး မြိန်ရေရှက်ရေပြောလာ၏။

"တို့ အိမ်ရောက်ရောက်ချင်း ဆေးရိုးနဲ့ မီးပြောင်းတွေ လုပ်ရမယ်။ မြေပျားတူခေါင်းထဲ ဆေးရိုးမီးပြောင်းတွေနဲ့ လေးဖက်လေးတန် အပေါက်တွေက ဝိုင်းမှုတ်ကြရင် ဒီကောင်တွေ မီးခိုး မွန်ပြီးသေတဲ့အကောင်ကသေ၊ မေ့မြောနေတဲ့အကောင်က မေ့မြောနေတုန်းမှာ ပျားတူတောင်ပို့ကို ပေါက်တူးနဲ့ဖြိုပေါက်ရမယ်။ ကျင်းထဲက ဖြူဖြူဖွေးဖွေး အကောင်ငယ်ပေါက်စနှ အိမ်တွေကိုယူရမယ်။ ဆီကြော်စားလို့ကတော့ အင်မတန်အရသာရှိတဲ့ အကောင်တွေပေါ့ကွာ။ ဒီပိုး၊ သင်ပေါင်းပိုး၊ ပလုပ်ကောင်၊ ဝါးပိုးတို့ကောင်းတယ်ဆိုတာ မြေအောင်းပျားတူချေးတောင် မမီဘူးမှတ်။ မင်းတို့ အရင်ကပျားတူ မြေအောင်းကောင်တွေ စားဖူးကြလား"

"ဟင့်အင်း၊ ကျွန်တော်တို့ ပျားကြီးနဲ့သစ်ခေါင်းပျားအကောင်

www.burmeseclassic.com

www.burmeseclassic.com



ယယ်တွေပဲ စားဖူးကြပါတယ် ဘကြီး"

"အေး . . . ခုညနေမှာတော့ မင်းတို့မြေပျားတူကျင်းအောင်ကောင်လေးတွေ စားကြရပြီသာမှတ်။ သစ်ခေါင်းပျား၊ ပျားကြီးတွေထက်ဆယ်ဆ ကောင်းပါတယ်။ ငါတောင်ခုပြောရင်း သွားရည်တွေကျလာပြီ. . . ဖွီ. . . ဟဲ. . . ဟဲ. . ."

ငုံထားသော ဆေးရွက်ကြီးဖတ်တွေကို ဖွီခနဲ ထွေးထုတ်ပစ်လိုက်သော ဘကြီးကို ကြည့်ကာ မောင်အုံထည်တို့ ညီအစ်ကိုမှာပြုံးတုံ့ပြုံးမိ လိုက်ကြလေသည်။

* * * * *

မိုးမချုပ်ခင်ကပင် မောင်အုံထည်တို့သား အဖသုံးယောက်နှင့်သူ့ဘကြီးတို့သည် လှည်းတစ်စီးနှင့် အထက်တောအုပ်ဘက် ထွက်လာကြ၏။

လှည်းပေါ်တွင် ဆေးရိုးကြီး ဝါးပြောင်းသုံးလေးခု၊ ပေါက်တူးကနှစ်လက်၊ ဓားကနှစ်စင်း၊ ခြင်းတောင်းကြီးက သုံးလေးလုံး၊ ထညင်ဆီနှင့်ပျားဖယောင်းမီးတုတ်မီးတိုင်တွေက လေးငါးခု၊ ငါးတောင်ထိုးနှင့် သုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကနှစ်လက်၊ ပြီး ရေစိုအောင် ဆွတ်ထားသော ဖျင်ကြမ်းစောင်က သုံးလေးထည်တို့ကိုလာကြလေသည်။

မမှောင်ခင်ပင်အထက်တောနားရောက်လာကြ၏။ မြေပျား



တောင်ပို့ကြီးရှိရာနှင့် နီးနိုင်သမျှနီးအောင် နွားလှည်းကို အင်တိုင်းတာထဲ လှည့်ပတ်မောင်းလာကြ၏။ ကြိမ်ပိုက်တောအစက မြေပျားတူတောင်ပို့ကြီးရှိရာနှင့် ၁၀-လံကျော်လောက်အရောက်မှာနွားလှည်းကို ရပ်ထားလိုက်ရသည်။ အင်ပင်နှင့် မျောက်ချောပင်တွေ၊ ကြိမ်ခါးချုံပုတ်တွေ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် နွားလှည်းကိုရှေ့ဆက်မောင်း၍ မရတော့ပေ။

ပထမဦးဆုံးနွားနှစ်ကောင်ကိုလှည်းမဖြုတ်ဘဲ အင်ပင်တစ်ပင်နှင့် ချည်ထားကြသည်။ နွားလှည်းနားတွင် မီးတစ်ပုံဖိုကြ၏။ လှည်းနားတွင် မီးဖိုထားခြင်းမှာ မြွေပါးကင်းပါးနှင့် တောတိရစ္ဆာန်များလှည်းနားကို မကပ်ရဲအောင် လုပ်ထားခြင်းဖြစ်သည်။ ပြီး မီးပြောင်းတုတ် တွေနှင့် ရေဆွတ်ထားသော ဖျင်ကြမ်းစောင်၊ ပေါက်တူး၊ ဓားတို့ကိုယူကာ လက်နှိပ်ဓာတ်မီးကိုကိုင်၍ မောင်အုံထည်တို့အဖေနှင့် ဘကြီးတို့က ရှေ့ကသွားကြသည်။

မြေအောင်းပျားတူတောင်ပို့နားရောက်သောအခါ မြေပျားတူကျင်းထဲ ခြေထောက်ကျွံမကျအောင် သတိနှင့်ချဉ်းကပ်ကြရသည်။ ပထမဦးဆုံး ရေဆွတ်ထားသော စောင်ကြမ်းတွေကို ဘကြီးကကယ်ပေါက်ရှိမည်ဟု ထင်ရသောပျားတူတောင်ပို့ပေါ် ကွန်ပစ်သလိုဖြန့်အုပ်လိုက်သည်။

ထိုသို့ အုပ်မထားလျှင် အရေးပေါ် တိုက်ခိုက်ရန် မြေသားကိုပေါက်ပြီး ပေါက်ပေါက် ပါးလွှာလွှာ လုပ်ထားသောနေရာမှ မြေပျားတူကောင်တွေကထိုးဖောက်ထွက်လာပြီးလူတွေ၊ နွားတွေကိုလိုက်တုပ်မှာဆိုးရသည်။

ရေစိုစောင်ကြမ်း သုံးလေးထည် အုပ်ပြီးသောအခါ တောင်ပို့

www.burmeseclassic.com

www.burmeseclassic.com



ရင်းတွင် ပျားတူကောင်များ အဝင် အထွက်လုပ်သော အပေါက်ဆေ
ကိုလက်နှိပ်ဓာတ်မီးထိုး၍ ရှာကြ၏။ အပေါက်ဝတွင်ပြွတ်သိပ်ပြွတ်
လုပ်နေကြသော မြေပျားတူကောင်တွေကို မြင်ရသောအခါ ထို
ပေါက်မှပြောင်းကို စွပ်ထိုးထည့်ပြီး တစ်အားမှုတ်ထည့်ကြသည်။
ပျားတူကျင်းထဲဆေးမီးပြောင်းမှအခိုးအငွေ့တွေဝင်သွားသော
အခါတွင်းထဲမှမြေပျားတူကောင်တွေ တစီစီအော်မြည်လာကြသည်
ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ပြီး မီးခိုးမွှန်ခံရသဖြင့် တွင်းထဲ
လှောင်ပိတ်ခံနေရသော မြေပျားတူကောင်တွေမှာ ပို၍ဆူညံအော်
မြည်လာကြ၏။
နာရီဝက်နီးပါး မီးပြောင်း မီးခိုးမှုတ်သွင်းပြီးကြသောအခါ
ညင်ဆီ မီးတုတ်တွေကိုတောင်ပို့ ပတ်ပတ်လည်၌ ထွန်းညှိထား
သည်။ မီးရောင်ထဲတွင် မောင်အုံ့ထည်၏ဘကြီးနှင့် အဖေတို့
မြေပျားတူကျင်းအဝကို ပေါက်တူးနှင့် စဖြိုကြ၏။ ထိုအချိန်တွင်
မောင်အုံ့ထည်နှင့်မောင်အုံ့ရည်တို့က ပျားသူငယ်အိမ်တွေထည့်
ယူလာသော ခြင်းတောင်းတွေကို လှည်းပေါ်မှသွားယူကြရသည်
ဘကြီးနှင့် အဖေတို့ပေါက်ဆွလိုက်တိုင်းမြေပျားတူကောင်
တွေနှင့်ပျားသူငယ်အိမ်တွေမှာ ဖွေးဖွေးလှုပ်ပေါ်လာကြသည်။ ဆေး
ရိုးမီးခိုးမွှန်၍ မေ့မြောနေကြသော မြေပျားတူကောင်တွေမှာ မြေပြင်
တွင်တုံးလုံးပက်လက်လဲပြီး တစီစီတအီအီ အော်ညည်းနေကြသည်
မြေစာခဲ၊ ပျားဖွေးကျစ်စာတွေနှင့်ရောနေသောပျားတူငယ်အိမ်တွေ
ကို မောင်အုံ့ထည်တို့ ညီအစ်ကိုနှစ်ယောက်က ခြင်းထဲကောက်ထည့်
ကြရသည်။



မောင်အုံ့ထည်တို့အဖေက ပေါက်တူးတစ်ချက်လှမ်းအပေါက်
မှာ ပေါက်တူးနှင့်တစ်စုံတစ်ခု ထိလိုက်သံကြောင့် "ဟာခနဲ" အသံ
တစ်ချက်ထွက်သွား၏။ နောက်တစ်ချက် ယက်ထုတ်လိုက်သောအ
ခါ ဦးချိုကြီးတစ်စုံနှင့် ခေါင်းခွံကြီးတစ်ခု ပျားတူကျင်းထဲမှ ထွက်ပေါ်
လာ၏။

ဤသည်တို့ကြောင့်မောင်အုံ့ထည်တို့မှာလည်း "ဟာခနဲ" ဖြစ်
သွားကြ၏။ ဘကြီးကလည်း အလွန်အမင်းအံ့ဩသွားသလို ပေါက်
တူးအပေါက်ရပ်သွား၏။ မောင်အုံ့ထည်တို့အဖေက ခေါင်းခွံတစ်
ခုနှင့် တိရစ္ဆာန်ဦးချိုတစ်စုံကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်သည်။

"တွေ့လားအောင်လှ။ ကျင်းထဲကျွံကျတဲ့တိရစ္ဆာန်တစ်ကောင်
ကောင်ကို မြေအောင်းပျားတူ ကိုက်စားထားတဲ့ ခေါင်းခွံနဲ့ချိုပဲကွ"

ဘကြီးက ငုံ့ကြည့်၍ပြော၏။

"ဟုတ်တယ်အစ်ကို၊ ချိုကတော့ဆတ်ချိုပဲဗျ၊ ခေါင်းခွံကတော့
လူခေါင်းခွံနဲ့တောင်ခပ်ဆင်ဆင်ပဲ၊ တော်သေးတာပေါ့၊ ကျွန်တော်
တို့မြင်း တိမ်ပျံကြီးသာ ပျားတူကျင်းထဲ တည့်တည့်ကျွံကျမိရင် ခု
လောက်ဆို အရိုးပဲကျန်တော့မှာ"

ပြောရင်းဆိုရင်းနှင့်ပင် မောင်အုံ့ထည်တို့အဖေက နောက်တစ်
ချက် ပေါက်တူးပေါက်လိုက်ရာ အရိုးစုတစ်ခုနှင့်အဖြူရောင်လက်
လက်တောက်နေသော အရာဝတ္ထုတစ်ခု ပေါက်တူးမြေစာခဲထဲရော
ပါလာပြန်၏။

"ဟာ. . . ငွေခြေချင်းကြီးဗျ"

မောင်အုံ့ထည်၏အစ်ကို မောင်အုံ့သေ်ကပျားသူငယ်အိမ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကောက်နေရာမှ ငွေခြေချင်းကိုပြေးကောက်၍အော်ပြောလိုက်၏။

"ဟေး"

မောင်အံ့ရည်တို့ အဖေနှင့် ဘကြီးတို့မှာလည်း အံ့ဩသွားကြသည်။

"ဒါ. . . ဒါ. . . ထင်းခွေ၊ ဟင်းရွက်ခူးလာတဲ့မိန်းကလေးတစ်ယောက် ပျားတူကျင်းထဲကျွံကျလို့ သေထဲ့ခြေချင်းဖြစ်ရမယ်ကွ၊ အောင်လှ"

"အစစ်ပေါ့ အစ်ကိုကြီးရာ၊ လွန်ခဲ့တဲ့ လေးငါးနှစ်က ကညင်ချောင်းရွာက မိန်းကလေးတစ်ယောက် မှိုသွားရှာရင်း တောထဲမှာ ပျောက်သွားဖူးတယ်၊ ဒီငွေခြေချင်းဟာ အဲဒီမိန်းကလေးရဲ့ ခြေချင်းပဲဖြစ်ရမယ် "

မောင်အံ့ထည်တို့ဘကြီးနှင့် မောင်အံ့ရည်တို့အဖေမှာ စကားတပြောပြောနှင့် ပျားတူကျင်းကို ပေါက်တူးနှင့် တစ်ချက်ပြီးတစ်ချက်ဆက်ပေါက်ဖြိုတူးနေကြ၏။ မြေစာခဲ၊ ပျားတူချေး ကျစ်စာအိမ်နှင့်ပျားသူငယ်အိမ်တွေကို မောင်အံ့ထည်တို့ ညီအစ်ကိုနှစ် လှမ်းပစ် ပေးကြသည်။

ဘကြီး လှမ်းပစ်ပေးလိုက်သော ပျားတူချေးအိမ်တစ်ခု မောင်အံ့ထည်တို့ ညီအစ်ကိုနှစ်ယောက်ကြားလာကျသောအခါ ညီအစ်ကိုနှစ်ယောက်မှာ "ဟာခနဲ၊ ဟင်ခနဲ" ဖြစ်သွားကြပြန်သည်။

မြေပျားစာတူအိမ်နှင့် ကပ်လျက်ပါလာသော ကျစ်စာခဲတစ်ခုထဲတွင် ပြောင်လက်နေသော ရွှေဆွဲကြိုးတစ်ကုံး။



မောင်အံ့ထည်သည် ထိတ်ထိတ်ပျာပျာနှင့် လှမ်းအော်၍ မြေပျားတူချေးအိမ်တွေကို ခါချပစ်လိုက်သည်။ ပျားချေးကျစ်စာခဲတွေမှာ ချက်ချင်းကွာကျသွား၏။ ရွှေကြိုးနှင့် တစ်ဆက်တည်းဖြစ်နေသော ငွေကြုတ်တစ်ခုကို ကညင်ဆီမီးတုတ်နားတိုးကပ်၍ မောင်အံ့ရည်က ကြည့်လိုက်၏။

"ဟင်. . . ဒါ. . . ဒါ. . . ကျွန်တော့်သူငယ်ချင်း သာညက်ရဲ့ ဆွဲကြိုးပဲအဖေ၊ ဒီ. . . ဒီမှာ ကြည့်ပါဦးဗျ၊ သူ့ဘကြီးဘုန်းကြီးပေးထားတဲ့ စမ္မာနဝအင်းကွက်နဲ့ငွေကြုတ်ဗျ။ သာညက်ရဲ့ ငွေကြုတ်"

ကညင်ဆီမီးတုတ်နား တိုးကပ်ကြည့်ပြီး အထိတ်တလန့်အော်ပြောလိုက်သော မောင်အံ့ရည်၏ အသံကြောင့် မောင်အံ့ထည်မှာလည်း အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားလေသည်။

အမှန်က လူငယ်နှစ်ယောက်ဖြစ်ကြသော သူတို့ညီအစ်ကိုနှစ်ယောက်သာမဟုတ်၊ လူကြီးများဖြစ်သော မောင်အံ့ထည်တို့ဘကြီးနှင့် အဖေဖြစ်သူတို့မှာလည်း မောင်အံ့ထည်လက်ထဲကမောင်သာညက်၏ ဆွဲကြိုးကို ငုံ့ကြည့်ပြီး မျက်လုံးမျက်ဆန်အပြူးသားနှင့်မှင်တက်မိလျက်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

ဘအုံ့ထည်တို့မြေးအဘိုးသည် မြေအောင်းပျားတူကောင်များ အကြောင်းပြောရင်း စခန်းလင့်တဲရှိရာ သို့ပြန်လာကြသည်။ အချိန်မှာ နေအတော်ကျသွားလေပြီ၊ သစ်ပင်ကိုင်း သစ်ခက်ကြားမှ မြင်နေရသော တောင်စွယ်မှာပင် နေလုံးနီနီ ကွယ်လုလု မေးတင်ပြုလေပြီ။

ယခုလို တောင်ခိုးယှက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေဝှေ့ဝိုက်နွေစရိုက် နွေသမယသာ မဟုတ်ပါက စခန်းသည် မှောင်နှင့် မည်းမည်းပင် ရှိလေမည်။

လင့်တဲစခန်းသို့ စောစောရောက်လာကြသော ဘအုံ့ထည်နှင့် အောင်မောင်းတို့မှာ "ဦးသူချက်စတမ်း" ဟူသော တောစည်းကမ်း တောင်စည်းကမ်းအရ ညနေစာထမင်းဟင်းများကို ချက်ပြုတ်ရန် စီစဉ်ကြသည်။

ခါတိုင်းနေ့တွေမှာဆိုလျှင် လင့်တဲစခန်းသို့ စောစောရောက်လာလေ့ရှိကြသော ဦးရွှေသီးနှင့်စိန်အေးတို့မှာကား ယခုထိရောက်မလာကြသေး။ သို့သော် ဘအုံ့ထည်နှင့်အောင်မောင်းတို့ ထမင်းဟင်းချက်ပြုတ်၍မပြီးခင်ပင် ဦးရွှေသီးနှင့်စိန်အေးတို့ စခန်းလင့်တဲသို့ ပြန်ရောက်လာကြလိမ့်မည်ဟု ဘအုံ့ထည်နှင့် အောင်မောင်းတို့က ယုံကြည်ထားကြသည်။

သို့သော် ညနေစာထမင်းဟင်းတွေသာ ချက်ပြုတ်ပြီးသွား၏။ ဦးရွှေသီးနှင့် စိန်အေးတို့ကား ယခု အချိန်ထိ ပေါ်မလာကြသေး။



ထို့ကြောင့် ဘအုံ့ထည်နှင့်အောင်မောင်းတို့၏ စိတ်ထဲမှာ စနောင့်စနင်းဖြစ်လာကြ၏။

ခါတိုင်းနေ့တွေမှာ ပွဲ့လျှက်ရှာကြပြီဆိုလျှင် တစ်ပတ်မှာလေးငါးရက်လောက်တော့ ဦးရွှေသီးနှင့်စိန်အေးတို့ကသာ ဘအုံ့ထည်တို့မြေးအဘိုးထက် စခန်းကိုစော၍ ရောက်တတ်လေ့ရှိ၏။

သူတို့နှစ်ဦးသည် စခန်းသို့စောစောပြန်ရောက်လျှင်စမ်းချောင်းနားသွားပြီး တောင်ကဏန်းလုံး၊ ကျောက်ပုစွန်၊ ခရုစသည်ဟင်းလျာများကိုပင် ရှာဖွေချက်ပြုတ်ထားတတ်လေ့ရှိ၏။ ထို့ကြောင့် ယနေ့လည်းစခန်းကို စောစောပြန်ရောက်ပြီး ညနေစာဟင်းလျာများ တစ်ခါထပ်ပြီးအရှာထွက်နေကြလေသလားဟု ဘအုံ့ထည်က လင့်တဲပတ်ဝန်းကျင်ကို အကဲခတ်ကြည့်၏။

အကယ်၍ သူတို့နှစ်ဦး စောစောပိုင်းက စခန်းကိုပြန်ရောက်ကြ၍ ဟင်းလျာရှာ တစ်ခါထပ်ထွက်သွားကြလျှင် သူတို့တစ်နေ့လုံးရှာဖွေယူလာခဲ့ကြသော ပွဲ့လျှက် သစ်စေးအိမ်များကို လင့်တဲအောက်၌စုပုံ၍တွေ့ရမည်။ ယခုတော့ ပွဲ့လျှက်များကိုလည်း မတွေ့ရသဖြင့် ဦးရွှေသီးနှင့် စိန်အေးတို့ တောထဲက ပြန်မရောက်ကြသေးသည်မှာ သေချာနေပေပြီ။

"ဒီကောင်နှစ်ကောင် ဒီကနေ့နောက်ကျလှချည်လား" ဦးရွှေသီးနှင့်စိန်အေးတို့ ပေါ်မလာကြသေးသဖြင့် ဘအုံ့ထည်က ညည်းသလိုပြောလိုက်၏။

"ဟုတ်တယ်အဘိုး၊ ဦးရွှေသီးနှင့်စိန်အေးတို့ တစ်စုံတစ်ခုများ . . . အင်း . . . ပွဲ့လျှက်ပင်တွေ များများတွေ့နေကြလို့ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တစ်စုံတစ်ခုများ" ဟူသောစကားအရောက်တွင် ဘအံ့ထည်က အောင်မောင်းအား မျက်စောင်းတစ်ချက်ဝင့်ကြည့်သဖြင့် အောင်မောင်း၏စကားလမ်းကြောင်းမှာချက်ချင်းပြောင်းသွားခြင်းဖြစ်သည်။

တောထဲ တောင်ထဲတွင် နိမိတ်မရှိသော အတိတ်ယူဖွယ်ဖြစ်သော မကောင်းစကားကို မပြောရဟူသော တောတောင်အစဉ်အလာစည်းကမ်းကရှိသည်။ ထို့ကြောင့် စကားမှားသလိုဖြစ်သွားသော အောင်မောင်းက သူ့အဘိုးရှေ့၌မျက်နှာထားရခက်ပြီး စကားလွှဲချလိုက်၏။

အမှန်မှာ အောင်မောင်းသာမဟုတ်၊ ဘအံ့ထည်၏မျက်နှာမှာလည်းညိုမှိုင်းနေ၏။ တောထဲတောင်ထဲတွင် ဦးရွှေသီးနှင့်စိန်အေးတို့တစ်စုံတစ်ခုဖြစ်လျှင် လူကြီးလုပ်သူ ဘအံ့ထည်မှာ လုံးဝတာဝန်ရှိ၏။ ပြောစရာပြစ်ချက်ဖြစ်လာလျှင် ရွာက သားမယားဆွေမျိုးများသည် ဘအံ့ထည်ကိုသာ ပြောကြ၊ ဆိုကြ၊ အပြစ်ဖို့ကြမည်။

ထို့ကြောင့် မှောင်ရိုဖျိုးဖျအချိန်ထိစခန်းလင့်တဲသို့ပြန်ရောက်မလာကြသော ဦးရွှေသီးနှင့်စိန်အေးတို့အတွက် ဘအံ့ထည်က ဘဝင်မကျ ဖြစ်နေလေသည်။

"ဒီကောင်တွေဒူးလေးမြားတံများကောယူသွားကြလေရဲ့လား" ဟု ဘအံ့ထည်က လင့်တဲပေါ် အကဲခတ်ကြည့်သည်။ လင့်တဲပေါ်တွင် သူတို့ဆွဲချိတ်နေကျ အင်ကိုင်းကြီးတွင် ဒူးလေးမြားတံများကိုမမြင်ရသဖြင့် ဘအံ့ထည် စိတ်ထဲက အနည်းငယ် သက်သာသွားလေသည်။ မည်သည့်အန္တရာယ်နှင့်တွေ့တွေ့ ဒူးလေးမြားတံများပါသွားလျှင် သာမန်တောကောင်ငယ်များ အန္တရာယ်က စိတ်ချရ၏။



ပြီးတစ်နေ့က ဦးရွှေသီးအား သူပြောမိသော စကားကိုလည်း ပြန်လည် ကြားယောင်နေသည်။

"ဒီနားတစ်ဝိုက်မှာ တို့ပွဲ့လျက်ရှာနေကြတာ တစ်ပတ်နှစ်ပတ်တောင်ကြာပြီပဲကွာ၊ အန္တရာယ်တစ်စုံတစ်ရာ မရှိနိုင်ပါဘူး၊ မင်းတို့ဒူးလေးမြားတံတွေလဲနေ့တိုင်းယူသွားစရာ မလိုတော့ပါဘူး။ စခန်းသိမ်းကြဖို့လဲ နီးနေပြီ ပဲ။ ဒီတော့ မင်းတို့ ပွဲ့လျက်ပင်တွေကိုသာ ဂရုစိုက်ရှာကြပါ၊ အကောင်ဗလောင်ပစ်ခတ်တယ်ဆိုတာက ကြုံမှတွေ့မှ ပစ်ကြတာ ကောင်းပါတယ်"

ဘအံ့ထည်က ပြောခြင်းမှာ ပွဲ့လျက်များများရလျှင် စောစောစခန်းသိမ်းပြီး ပြန်ကြတော့မည်ဟူသော သဘောနှင့်ပြော၏။ သို့သော် မုဆိုး၊ တံငါအလုပ်တွင် ပိုပြီးအထုံဝါသနာကြီး လှသော ဦးရွှေသီးသည် ရွာပြန်ခါနီးဖြစ်သဖြင့် အကောင်ဗလောင်များကိုသာ အတိုးချပြီး သဲကြီးမဲကြီး ရှာနေလေရောသလား . . .

ဘအံ့ထည်မှာ စိတ်ထဲ အတွေးတွေ ဝေသီကာ ဦးရွှေသီးနှင့်စိန်အေးတို့အတွက် ပူပန်နေလေပြီ။

တောထဲတောင်ထဲတွင် မကြာစဖူးကြာနေကြသော ဦးရွှေသီးနှင့်စိန်အေးတို့ကို ဘဝင်မကျစိတ်ထင့်နေရသော ဘအံ့ထည်သည် လင့်တဲ၏ ပတ်ဝန်းကျင်ကို ဂနာမငြိမ်စိတ်နှင့် သတိထား ကြည့်မိလိုက်၏။

လင့်တဲ၏ပတ်ဝန်းကျင်မှာအမှောင်ယှက်သန်းစပြုလာလေပြီ။ အကယ်၍ယခင်တောကောင်းကြီးတွေနှင့် တွေ့ခဲ့ရသော တောနက်ထဲလိုနေရာမျိုးဆိုလျှင် ဤအချိန်သည် ဘအံ့ထည်နှင့်အောင်မောင်း

www.burmeseclassic.com

www.burmeseclassic.com



တို့အတွက် လင့်တက်ရန်ကောင်းသောအချိန်သို့ပင် ရောက်နေလေပြီ။ တောနက်ထဲသာဆိုလျှင် ဤလိုအချိန်မျိုး၌ လင့်စင်အောက်ထဲ မည်သူမျှ နေရဲကြတော့မည် မဟုတ်။

ယခင်နေရာတွေနှင့်စာလျှင် ယခုပွဲ့လျက်ရှာ စခန်းမှာ တောနက် မျက်မည်း သိပ်မကျသဖြင့် ဘအုံ့ထည်နှင့် အောင်မောင်းတို့က ညနေစာ ထမင်းကိုလည်း လင့်တဲအောက်၌သာ ချက်ခဲ့ကြခြင်းဖြစ်၏။

ညနေစာထမင်းများ ချက်ပြုတ်ပြီးကြပြီဖြစ်သည့်အပြင်မှောင်ရီယှက်သန်းစပြုလာပြီဖြစ်သော်လည်း ဦးရွှေသီးနှင့်စိန်အေးတို့က ပေါ်မလာကြသေးသောအခါ အောင်မောင်းမှာလည်း ဘအုံ့ထည်၏ မျက်နှာကိုသာ မကြာခဏ အကဲခတ်လျက်ရှိလေ၏။

"ကဲ . . . ငါ့မြေး၊ အဘိုးတို့ လင့်တက်ကြတော့မယ်၊ ဟိုနှစ်ကောင်ကလဲ ဒီကနေ့မှ ဘာလို့ ဒီလောက်ထိ မိုးချုပ်နေဝင်နေကြတာလဲမသိဘူး"

ခါတိုင်းနေ့တွေဆိုလျှင် ဤလိုမှောင်ရီဖျိုးဖျအချိန်တွင်အားလုံး လင့်ပေါ် ရောက်နေကြရမည့် အချိန်ဖြစ်သည်ကို ကောင်းစွာသိထားပြီးဖြစ်သော အောင်မောင်းသည် ဘအုံ့ထည်၏ စကားမဆုံးခင်မှာပင် ညနေစာအတွက် ချက်ပြုတ်ထားသော ထမင်းဟင်းအိုးများကို ဆွဲ၍ ချက်ချင်း လင့်တဲပေါ် တက်သွား၏။

ဘအုံ့ထည်၏ ညှိုးငယ်နေသော မျက်နှာနှင့် အားလျော့သံပါနေသော အသံနေအသံထားတို့မှာ အောင်မောင်း၏ စိတ်ကို အတိုင်းမသိ လှုပ်ရှားစေလေပြီ။



ပွဲ့လျက်ပင် ခုတ်လှဲကြရင်း သစ်ပင်ပိ၍များ သေကြလေပလား။ ဓား လုံ့စုံး၍ အနာတရဖြစ်ကာ မသွားနိုင် မလာနိုင်ဖြစ်၍များ ကြာနေကြလေသလား။ သို့မဟုတ် သစ်၊ ဝံ၊ ဆင်၊ ကျားတို့နှင့် တွေ့၍ အန္တရာယ်ကြီး တစ်ခုခုကိုများ ရင်ဆိုင်နေကြရပြီလား ဟူသော အတွေးမျိုးစုံတို့သည် အောင်မောင်း၏ ခေါင်းထဲသို့ ဟိုမှသည်မှ ဝင်လာကြ၏။

အမှန်မှာ အောင်မောင်းသာမဟုတ်။ တောအတွေ့အကြုံ ရင့်ကျက်ပြီးသားဖြစ်သော ဘအုံ့ထည်၏ ခေါင်းထဲမှာလည်း ယခုအချိန်တွင် အတွေးတွေက ပလုံစီနေကြလေပြီ။ သို့သော် ခက်သည်မှာဘယ်နေရာဘယ်ဒေသ၌ ရှိသည်ဟု မသိရသော ဦးရွှေသီးတို့ကို ဤလို ညကြီးမင်းကြီး တောကြီးမြိုင်လယ်ထဲတွင် ကညင်ဆီ မီးတုတ်နှင့် မည်သို့ရှာရမည်နည်း။

အချိန်တန်သော်လည်း လင့်တဲသို့ ပြန်မရောက်လာကြသေးသော ပွဲ့လျက်ရှာသူနှစ်ယောက်၏ ကံကြမ္မာမှာ သတ္တဝါတစ်ခုကံတစ်ခုဟုသာ သဘောထားလိုက်ရမည် ဖြစ်လေသည်။

ဘအုံ့ထည်သည် စိတ်ဂနာမငြိမ်တိုင်း လင့်စင်အောက်သို့သာ ခဏခဏအကြည့်ရောက်နေ၏။ လင့်တဲပတ်ဝန်းကျင်ကို အမှောင်ထုက သိပ်သိပ်သည်းသည်းပင် ဝါးမျိုလာကြပြီ။ ဤညနေတွင် ဦးရွှေသီးနှင့်စိန်အေးတို့၏ ကံကြမ္မာကို ဘုရားသခင်မှသာ သိတော့မည်ဟု ဘအုံ့ထည်စိတ်ထဲက ဆုံးဖြတ်ချက် ချလိုက်သည်။

ထို့ကြောင့်လည်းသက်မအကြိမ်ကြိမ်ချကာမြေးဖြစ်သူ အောင်မောင်း၏မျက်နှာကိုမသိမသာအကဲခတ်လိုက်သည်။ အောင်မောင်း

www.burmeseclassic.com

www.burmeseclassic.com



၏ မျက်နှာမှာ မကြုံဖူးလောက်အောင် ညှိုးငယ်နေ၏။

" ကဲ . . . ငါ့မြေး၊ လှေကားရှင်ကို ဆွဲတင်ထားလိုက်တော့ကွယ် တို့ ထမင်းစားကြမယ် "

လင့်တဲတက်ရန် လှေကားနှစ်ခုအနက်အပေါ် လှေကားရှင်ကို လင့်စင်တဲပေါ်သို့ တင်ထားရန် ဘအုံ့ထည်က ပြောလိုက်သောအခါ ဤနေ့ ညနေမှာ ဦးရွှေသီးနှင့်စိန်အေးတို့ကို လုံးဝမျှော်လင့်ချက် မရှိတော့ပြီဖြစ်ကြောင်း အောင်မောင်းက ချက်ချင်းသဘောပေါက်သွားသည်။

ထို့ကြောင့် အောင်မောင်းသည် ဘအုံ့ထည်၏ အမိန့်အတိုင်း ညနေစာထမင်းစားရန် ပြင်ဆင်ရသည်။ ဘအုံ့ထည်ကတော့ လင့်စင်ပေါ်ရှိ မီးဖိုကိုသာ ခါတိုင်းနေ့များထက် မီးတောက်များ လေအောင် ထင်းချောက်များကို တစ်ချောင်းပြီးတစ်ချောင်း မီးဖိုထဲ ပစ်ထည့်နေလေသည်။

* * * * *

"အစ်ကိုကြီး . . . ဝေး . . . အစ်ကိုကြီး"

ဝူး . . . ဟူး . . . ဟေး"

လင့်တဲအောက်မှ ဦးရွှေသီး၏ခေါ်သံကို ကြားရသဖြင့်အောင်မောင်းက ဝမ်းသာအားရပြန်ထူးလိုက်၏။ ဤသည်ကို ဘအုံ့ထည်က သူ့လက်ဝါးနှင့် အောင်မောင်း၏ ပါးစပ်ကို ကမန်းကတန်းလှမ်း



ပိတ်လိုက်ရာ ထမင်းလုတ်ကြီးနှင့်ဖြစ်နေသော အောင်မောင်း၏အသံမှာ ပို၍ ဗလုံးဗထွေး ဖြစ်သွားလေ၏။

ပါးစပ်ထဲကထမင်းလုတ်တွေကိုပင် ဆက်မဝါးနိုင်ကြဘဲပါးစပ်ကို တင်းတင်းစေ့ကာ ဘအုံ့ထည်နှင့်အောင်မောင်းတို့မှာ လင့်စင်အောက်သို့ ပြိုင်တူ ငုံ့ကြည့်လိုက်ကြသည်။

လင့်စင်အောက်တွင် လူနှင့်တိရစ္ဆာန် ခွဲခြား၍မရနိုင်လောက်အောင် အမှောင်ထုက သိပ်သည်း ပိန်းပိတ်နေလေသည်။

တောတောင်ထဲတွင် မည်သူက မည်သည့်အရေးကိစ္စကြောင့် ခေါ်သည်ဖြစ်စေ၊ ခေါ်သူကို မည်သူမည်ဝါမှန်း အတိအကျမသိရဘဲ ပြန်ထူးရခြင်းထုံးစံမရှိပေ။ ဘိုးဘွားဘီဘင်ကပင် အစဉ်အလာယုံကြည်မှု အစွဲအလမ်းများကရှိသဖြင့် ဦးရွှေသီးခေါ်သံကို လှမ်းထူးသော အောင်မောင်း၏ ပါးစပ်ကို ဘအုံ့ထည်က ရုတ်တရက် လှမ်းပိတ်လိုက်ခြင်းဖြစ်လေသည်။

လင့်တဲပြန်နောက်ကျခဲ့သောဦးရွှေသီးနှင့်စိန်အေးတို့ကလည်း ဤသို့သောတောစည်းကမ်း၊ တောင်စည်းကမ်းများကို သိထားကြသူများဖြစ်သဖြင့် ခရီးဝေးဝေးကပင် လှမ်းအော်မခေါ်ခဲ့ကြဘဲ တဲစခန်းလင့်စင်အောက်ရောက်မှဘအုံ့ထည်ကိုခေါ်သံပေးခြင်းဖြစ်၏။

သူတို့နှစ်ဦးမှာ ခါတိုင်းနေ့များထက် မီးတောက်အောင်ဖိုထားပေးသော ဘအုံ့ထည်နှင့်အောင်မောင်းတို့ရှိရာ လင့်စင်ပေါ်က မီးရောင်ကိုကြည့်၍ တောနက်ထဲမှ စခန်းအရောက် ပြန်လာခဲ့ကြသူတွေ ဖြစ်၏။

"အစ်ကိုကြီး . . . အစ်ကို အုံ့ထည်၊ အစ်ကို အုံ့ထည်"

www.burmeseclassic.com

www.burmeseclassic.com



လင့်စင်အောက်မှ ဒုတိယအကြိမ်ထပ်ခေါ်သံကြောင့် အောင်မောင်းက ဘအုံ့ထည်၏ မျက်နှာကို မော့ကြည့်လိုက်၏။ ဘအုံ့ထည်က အောင်မောင်းအား ပြန်မထူးရန် လက်ကာပြထား၏။

"အဘိုးရေ. . . အဘိုးထည်"

"အောင်မောင်း ရေ . . . အောင်မောင်း၊ ဟေ့ကောင်"

ဤတစ်ခါ ဘအုံ့ထည်ကိုသာမဟုတ် အောင်မောင်း၏နာမည်ကိုပါ ခေါ်သံကြားရပြန်သည်။

"ဟဲ . . . ဟဲ . . . နင်တို့တွေ ပြန်လူလား၊ လာလူလား"

သူ့အဘိုး အမေးစကားကြောင့် အောင်မောင်း၏ တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်း ထသွားသည်။

လူငယ်ဖြစ်သော အောင်မောင်းမှာ သက်ကြီးစကားသက်ငယ်ကြားဆိုသလို တောတွင်း အတွေ့အကြုံ စကားအရ ဦးရွှေသီးနှင့် စိန်အေးတို့သည် ပွဲ့လျက်ရှာသွားကြရင်း အန္တရာယ်တစ်ခုခုဖြစ်ကာ သေကုန်ကြပြီဟု အတွေးပေါက်သွား၏။

ဤသည်ကိုအတတ်သိသောအဘိုးက "နင်တို့တွေပြန်လူလား လာလူလား" ဟု မေးနေလေပြီ။

"လာလူ"ဆိုလျှင် ပွဲ့လျက်ရှာရင်းသေသွားကြသော ဦးရွှေသီးနှင့်စိန်အေးတို့မှာ ဧကန္တသရဲတစ္ဆေအဖြစ်နှင့် ပြန်လာကြပြီး "ပြန်လူ" ဆိုလျှင်တော့ သူတို့နှစ်ယောက်မှာ မည်သည့်အန္တရာယ်နှင့်တွေ့တွေ့ ဘေးမသိ ရန်မခဘဲ ပြန်လာကြခြင်းဟု အဓိပ္ပာယ်ရ၏။

အကယ်၍ သူတို့ မြေးအဘိုး ထင်နေကြသလို ဦးရွှေသီးနှင့် စိန်အေးတို့သည် ပွဲ့လျက်ရှာရင်း သို့မဟုတ် တစ်စုံတစ်ခု အန္တရာယ်



ကြောင့် တောထဲတွင်သေပြီး ဖုတ်ဝင်လာကြသည်ကို မသိဘဲ လင့်တဲပေါ် အတက်ခံလိုက်လျှင် သူတို့မြေးအဘိုးအား ကုပ်ချိုးသတ်ကြလိမ့်မည်ဟု အထင်ရောက်နေကြသည်။

သို့သော်ယခုလင့်စင်အောက်မှာတခရိခစ်ရယ်သံနှင့် အင်ပင်တွင် ကပ်မြှောင်ထောင်ထားသော လှေကားသေပေါ်ဖြိုးဖြိုးဖြောက်ဖြောက်နင်း၍ လူနှစ်ယောက် အလောသုံးဆယ် တက်လာနေကြသံကိုကြားရသော အခါ ဘအုံ့ထည်တို့ မြေးအဘိုးနှစ်ယောက်၏ မျက်နှာမှာ ရုတ်ခြည်းသွေးဆုတ်သွားကြ၏။

"ဟဲ့. . . နင်တို့ နာနာဘာဝတွေလား။ မနုဿလူသားစစ်စစ်တွေလား ဆိုတာတောစောင့်နတ်၊ တောင်စောင့်နတ်တွေကို တိုင်တည်ပြီး ပြောကြစမ်း"

"ဟာ. . . အစ်ကိုကြီးကလဲဗျာ။ မဟုတ်တရုတ်တွေ လျှောက်ထင်တော့တာပဲ။ လှေကားရှင် မြန်မြန်ချပေးစမ်းပါ အစ်ကိုကြီးရာ။ မိုးချုပ်နေပြီ။ ကျွန်တော်တို့ပြန်လူ၊ ပြန်လူ၊ ရွှေသီးနဲ့ စိန်အေးဆိုတဲ့ ကြိမ်ခတ်ကုန်းရွာက ပွဲ့လျက်သွားရှာသူတွေပါဗျ။ ဘာနာနာဘာဝ၊ ဝိနာကွကွ မဟုတ်ပါဘူး။ လူစစ်စစ်တွေပါ ဗျိုး"

"တောက်. . . ခွေးမသားတွေ။ ဘယ်အချိန်ရှိပလဲ။ မင်းတို့ကို ငါဘယ်လိုပြောထားလဲ။ လူကြီးလုပ်ရတဲ့လူကဖြင့် ဒီမှာ ခေါင်းမီးတောက်နေပြီ"

" ကျွန်တော်တို့ တောကောင်ကြီး သားအမိနဲ့တွေ့ပြီး လမ်းပိတ်နေလို့ပါ အစ်ကိုကြီးရာ။ တောထဲ တောင်ထဲ ဘယ်မိုးချုပ်အောင်နေချင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘအုံထည် လှမ်းချပေးလိုက်သော လေ့ကားရှင်မှ လင့်စင်ပေါ်တက်လာကြသော ဦးရွှေသီးနှင့်စိန်အေးတို့က ယခုည အပြန်လမ်းတွင် သူတို့ တွေ့ကြုံခဲ့ရသော အကြောင်းကို ပြောရင်းချက်ချင်း ညနေစာ ထမင်းကို ဝင်စားကြသည်။

ညနေစာ ထမင်းဝင်စားကြရင်းနှင့် ဘအုံထည်တို့ မြေးအဘိုးက ပျားတူအုံတစ်အုံတွေ့ထားခဲ့ကြသည်ကို ပြောပြသလို ဦးရွှေသီးနှင့် စိန်အေးတို့ကလည်း တောကောင်ကြီး သားအမိနှင့်သူတို့ဘယ်လိုတွေ့ခဲ့ကြရသည်ကို အသေးစိတ် ထပ်ပြောပြကြပြန်သည်။

နေညိုသွားပြီဖြစ်၍ တစ်နေ့တာအတွက် ပွဲ့လျက်ရှာရာမှပြန်လာကြသော ဦးရွှေသီးနှင့်စိန်အေးတို့သည် စမ်းချောင်းဖျားကျောက်ဆောင် တစ်ခုနားသို့ရောက်သောအခါ "ဝေါင်း . . ." ခနဲ ကျားဟိန်းသံကြီး တစ်ခုကြောင့် ထမ်းပိုးလာကြသော ပွဲ့လျက်များကို ပစ်ချကာ ကြောက်ကြောက်ရွံ့ရွံ့နှင့် နီးရာသစ်ပင်ကြီးတစ်ပင်ပေါ်တက်ပြေးကြရ၏။

ဦးရွှေသီးနှင့် စိန်အေးတို့ သစ်ပင်ပေါ်ရောက်၍ မကြာခင်ပင် သူတို့ရှေ့ရှိ ကျောက်တောင်စောင်း ကျောက်ခေါင်းကြီး တစ်ခေါင်းမှ ကျားမကြီးတစ်ကောင်သည် အပျင်းဆန့်ရင်း သမ်းဝေသံပေးကာ ကျောက်ခေါင်းထဲမှ ထွက်လာလေသည်။

တစ်နေ့လုံး ကျောက်ခေါင်းကြီးထဲတွင် အိပ်နေသော ကျားမကြီးသည် စမ်းချောင်းနား ရေစပ်သို့ ရေသောက်ရန် ဆင်းလာ၏။ ထိုအခါ ကျားပေါက်စကလေးနှစ်ကောင်သည်လည်း ကျားမကြီးနှင့်အတူ ကျောက်ခေါင်းထဲမှ ထွက်လိုက်လာကြသည်။ ရေသောက်ပြီးသော ကျားမကြီးနှင့် ကျားကလေးနှစ်ကောင်သည် ကျောက်ခေါင်းဝ၌ အတန်ကြာ ဆော့ကစား နေကြသည်။



မိုးချုပ်သွား၍ ကျားမကြီး အစာရှာထွက်သွားသောအခါ ကျားကလေးနှစ်ကောင်မှာ ကျောက်ခေါင်းထဲပြန်ဝင်သွားကြ၏။ ကျားမကြီး အစာရှာ ထွက်သွားပြီး အတော်ကြာမှ ဦးရွှေသီးနှင့် စိန်အေးတို့က သစ်ပင်ပေါ်မှ ဆင်းရဲကြသည်။ ပြီးမှ မိမိတို့ လင့်တဲစခန်း ရှိရာသို့ ပြေးလာကြခြင်း ဖြစ်လေသည်။

" မင်းတို့တွေ့ခဲ့ကြတဲ့ ကျားကလေးနှစ်ကောင်က ဘယ်အရွယ်လဲ "

ဘအုံထည်က ဦးရွှေသီး၏ နားနားသို့ ပါးစပ်အပ်၍ မေး၏။

" နို့စို့လေးတွေ အစ်ကိုကြီး။ ငယ်ငယ်လေးတွေ။ ကြောင်ကြီးတွေလောက်တောင် မရှိသေးဘူး။ လသားလေးတွေ "

" ဟေ. . . ဟုတ်လား။ အဲသလိုဆိုရင်တော့ တို့ပွပေါက်တစ်ပေါက်တိုးပြန်ပြီကွ ရွှေသီးရာ။ ငါတို့မြေးအဘိုးက ဒီကနေ့ပျားတူတစ်ကျင်း တွေ့ထားခဲ့ကြလို့ ပွပေါက်တိုးပြီသာမှတ်တာ။ လက်စသတ်တော့ မင်းတို့နှစ်ယောက်ကမှ တကယ့်ပွပေါက်ကြီးနဲ့ တိုးလာခဲ့ကြတာကိုးကွ။ ဟဲ. . . ဟဲ. . . "

" ကျွန်တော်တို့ ဘယ်လို ပွပေါက် တိုးရမှာလဲ။ ရှင်းရှင်းလင်းလင်းလဲ ပြောစမ်းပါဦး အစ်ကိုကြီးရာ . . . "

ဘအုံထည်၏စကားကို ကြားရသောအခါ ဦးရွှေသီးမှာလည်း ဝမ်းသာအားရနှင့် ဘအုံထည်ဘက် လှည့်မေး၏။

"ဟ. . . ဘယ်လို ပွပေါက်တိုးရမှာလဲ။ မင်းတို့တွေ့ခဲ့ကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ကျားလေးနှစ်ကောင်ကို သွားဖမ်းကြပြီး ကျားနို့ယူနိုင်ကြရင် တို့ ပွပြီပေါ့ကွ၊ ဟန်ကျတယ်ဟေ့။ တို့စခန်းကလဲ သိမ်းခါနီးပြီ ဆိုတော့ ဒီနှစ်ကျားနို့ယူ၊ ပျားတူဖွပ်ရတဲ့ငွေတွေဟာ တို့ တစ်နှစ်လုံး ရှာခဲ့ကြတဲ့ အင်တွဲ၊ ပွဲ့လျှက် တန်ဖိုးထက်တောင် များဦးမယ်ကွ။ ဟီး . . . ဟီး . . . "

အားရဝမ်းသာ ပြောနေသော ဘအုံ့ထည်၏ မျက်နှာကိုစိုက်ကြည့်ကာ "အမယ်လေး . . . လေး . . . ကျားမကြီးက ဧရာမကျား မကြီးဗျ။ ကိုးတောင်လောက် ကြီးတာဗျ။ ကျောက်ခေါင်းထဲက ကျားကလေးနှစ်ကောင်ကို ဘယ်လိုလုပ်ဖမ်းမလဲ" ဟု ဦးရွှေသီးက မေးလိုက်သည်။

"အဲဒါ ငါ့ . . . တာဝန်ထားပါ၊ ရွှေသီးရာ။ ကျားမကြီး မရှိတုန်း သွားခိုးယူရမှာပေါ့ကွ။ ဒီကနေ့ လဆန်းဘယ်နှစ်ရက်ပါလိမ့်"

"ဒီကနေ့ လဆန်း ကိုးရက်လေ အစ်ကိုကြီး"

" ကိုးရက် ဆိုတော့ နောက် စောင့်ရ သုံးလေးရက် ပေါ့ကွာ။ ဒီကြားထဲမှာ တို့မြေးအဘိုး ဒီကနေ့တွေ့ထားခဲ့ကြတဲ့ ပျားတူအုံကို ဖွပ်ဖို့ ရှာပြန်ပြီး ဆေးရိုး၊ ဆေးပြောင်းတွေ သွားယူရမယ်။ ကျားနို့ ယူပြီးတာနဲ့ ရှာပြန်ဖို့ စခန်းသိမ်းဖို့လဲ သာပွင့်နဲ့ လှဆောင် တို့ကို လှည်းဆင့်ထားခဲ့ရမယ်။ အတော်ပဲ၊ အတော်ပဲ၊ မင်းတို့ ဘာမှမပူကြနဲ့။ ငါ အားလုံး တာဝန်ယူတယ် "

ညနေစာထမင်းစားပြီးကြသောအခါ ဤနှစ် အင်တွဲ၊ ပွဲ့လျှက်ရှာ စခန်းသိမ်းရန်နှင့်ပျားတူဖွပ်ရန်၊ ကျားနို့ယူရန်ကိစ္စများကိုစီမံကိန်းကြီးတစ်ရပ်ပမာ နည်းဗျူဟာ၊ မဟာဗျူဟာကြီးချ၍ တိုင်ပင်ကြသည်။



လမိုက်ညဆိုလျှင် ကျားမကြီး ကျောက်ခေါင်းထဲက ထွက်မထွက်ကို သစ်ပင်ပေါ်ကကြည့်၍မမြင်နိုင်သဖြင့် ကျားကလေးနှစ်ကောင်ကိုသွားဖမ်းကြရန် လထိန်ထိန်သာလာမည့် ညကိုလက်ချိုးရေတွက်၍ စောင့်ကြရသည်။

စွန့်စွန့်စားစားနှင့် အန္တရာယ်များသောအလုပ်ကိုလုပ်ကြရမည်ဖြစ်သော်လည်း အင်တွဲ၊ ပွဲ့လျှက်ရှာသူများဖြစ်ကြသော ဘအုံ့ထည်၊ ဦးရွှေသီး၊ အောင်မောင်း၊ စိန်အေးတို့ လေးယောက်မှာ အတိုင်းမသိ ပျော်နေကြသည်။

အကယ်၍ ဤအလုပ်သာအောင်မြင်ပါက တစ်ယောက်လျှင် ငွေနှစ်ရာသုံးရာ တစ်နေ့တည်းတစ်ရက်တည်းရနိုင်၏။ အင်တွဲ၊ ပွဲ့လျှက်ရှာရသော အလုပ်နှင့်စာသော် ဤအလုပ်မှာ အပုံတစ်ရာ၊ တစ်ထောင် သက်သာသည်။

ထို့ကြောင့်လည်း သူတို့သည် ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်ကြ။ အင်တွဲ၊ ပွဲ့လျှက်ရှာသွားရင်း ကျားကလေးနှစ်ကောင်ကိုတွေ့၍ ကျားနို့ ရရန်မှာလည်း ၁၀-နှစ် ၁၅-နှစ်ကြာ၍ တစ်ခါ မကြုံစကောင်းသော အခွင့်အရေး လာဘ်လာဘပင်။

ကျားမကြီးများသည် သူတို့၏ ကလေးငယ်များအတွက် နို့ကို သစ်ရွက်များပေါ်၌သာချတတ်သဖြင့် လူများအတွက် နို့ကိုရရန်တွေ့ရန် အလွန်ပင်ခဲယဉ်းလှသည်။ အကယ်၍သာ နို့စို့လသား ကျားကလေးတွေကို သွားဖမ်းကြ၍ရလာလျှင်တော့ ကျားကလေးဗိုက်ထဲက ကျားနို့အပြင် လက်သည်း၊ ခြေသည်း၊ နှုတ်ခမ်းမွေး၊ သွားအစွယ်၊ အရေခွံ၊ အမွေး အမှင်ကအစ အားလုံးပိုက်ဆံခဲချည်းဖြစ်

www.burmeseclassic.com



လေသည်။

ကျားကလေးဗိုက်ထဲက ကျားနို့နှင့် ကျားချေးကို ဗိန္ဓောဆရာများထံ သွားရောင်းလျှင် ကျားကလေးအူတစ်ခွေကို တစ်ထောင်နီးပါးရနိုင်လေသည်။ ကျားနို့မှာ အဆိပ်အတောက်နှင့် ကလေးသူငယ်နာ၊ ဝမ်းဖော၊ ဝမ်းရောင်၊ အစာမှား၊ ရေချိုးမှားတို့နှင့် ရေလဲတစ်ရာ အသုံးဝင်သည်ဟု ဆိုသည်။

ထို့အပြင် ဗိန္ဓောဆရာတွေသာသိသော ဆေးဖက်ဝင်တာတွေ ကျားတစ်ကောင်လုံးတွင် အများကြီး ရှိဦးမည်။ ထို့ကြောင့်လည်း မာတ်ဗိန္ဓောဆရာတွေက ကျားနို့ကို ဈေးကြီးပေး၍ဝယ်ယူကြခြင်းဖြစ်၏။

ကျားနို့ဆိုသည်မှာ ၁၀-နှစ် ၁၅-နှစ်ကြာမှတစ်ခါရရန် မလွယ်ကူပေ။ ယခု ဦးရွှေသီးနှင့် စိန်အေးတို့တွေ့လာကြသည်မှာ အလွန့်အလွန် အခွင့်အခါကြုံ၍ ကံကောင်း၍ဟု ဆိုရမည်။ ကျားမများ သစ်ရွက်ပေါ် နို့ရည်ညှစ်ချ၍သူကလေးတွေကို နို့တိုက်ခြင်းမှာ နှစ်သားကျားလေးများကို ဖြစ်သည်။ ကျားကလေးတွေ၏လျှာမှာ တစ်နှစ်သားလောက်ရောက်သောအခါ ကျားကြီးများ လျှာကဲ့သို့ ကြမ်းထော်လာ၍ ဖြစ်သည်။

ကျားမကြီးသည် သူ၏နုနယ်သော နို့သီးကို လျှာကြမ်းကြီးနှင့် ကလေးများ လျက်စို့ကိုက်ဆွဲသည်ကို မခံနိုင်၍သစ်ရွက်ပေါ်မှတစ်ဆင့် နို့ရည်ချပေးခြင်းဖြစ်သည်။ ထို့ကြောင့် နှစ်သားအရွယ်ကျားကလေးများဆိုလျှင် သူတို့ဗိုက်ထဲ နို့သိပ်မရှိတော့ပေ။ ယခု ဦးရွှေသီးနှင့်စိန်အေးတို့တွေ့လာခဲ့ကြသော ကျားကလေးနှစ်ကောင်မှာ



လသားအရွယ်လေးသာ ရှိသေးသည် ဆိုသဖြင့် ဘအုံ့ထည်မှာပို၍ ဝမ်းသာအားရ ဖြစ်နေလေသည်။

* * * * *

လဆန်း (၁၃ - ၄) ရက် လ သည် အရှေ့ဘက် တောင်တန်းမြင့်ကြီးတွေပေါ် ကျော်တက်လာသည်။ ထွန်းထွန်းပပ လသာသော လရောင်ထဲတွင် တောအလုံး တောင်အလုံးသည် ပြန့်ပြူးသာယာလှသည်။

ဘအုံ့ထည်တို့ အင်တွဲ၊ ပွဲ့လျက်ရှာ သမားလေးယောက်မှာ ကျားပေါက်ကလေးနှစ်ကောင်ရှိသော ကျောက်တောင် လိုဏ်ခေါင်းဘေးနားရှိ သစ်ပင်ကြီးတစ်ပင်ထက် နေမွန်းစောင်းကြီး ချိန်ကပင် ရောက်နေခဲ့ကြသည်။ လထွက်လာ၍ ကျောက်ခေါင်းကျင်းပေါက်ဝကို ရှင်းရှင်းလင်းလင်း မြင်ရမည့်အချိန်နှင့် ကျားမကြီးအစာရှာထွက်မည့် အချိန်ကို စောင့်ကြည့်နေကြသည်။

ရွက်အုပ်မိုး သစ်ပင်ကြီးတွေမှာ အရွက်ခြွေ ထားကြသော နွေလ ဖြစ်သဖြင့် လထွက်လာ၍ များမကြာမီ အချိန်ကလေးမှာ ပင်ကျောက်ဂူလိုဏ်ခေါင်းဝကို လရောင်နှင့် လင်းလင်းထင်းထင်း မြင်နေရသည်။ သို့သော် ကျားမကြီး၏ အရိပ်အခြည်ကိုကား လုံးဝ မမြင်ကြရသေး။

လသာလျှင်တစ်ညလုံး အိပ်ရေးပျက်ခံကာမြည်တွန် နေစာတ်

www.burmeseclassic.com

www.burmeseclassic.com



သော ပန်းတိန်ငှက်တစ်ကောင်၏ တကြော်ကြော် မြည်သံသည်အလွန်ပင် လွမ်းဆွတ်ဖွယ် ကောင်းလှသည်။ ဝေရီမှိုင်းမှောင်နေသော ရှို့မြောင်ရိုးနက် သစ်ပင်ကြီးပင်ထက်မှ အချက်ကျကျ တောက်နေသော ဇီးကွက်ငှက် တစ်ကောင်၏ တောင်သံကလည်း လေးလေးမှန်မှန် ပေါ်ထွက်လျက် ရှိသည်။ လရောင်ကြောင့် တောအလုံးသည် ပို၍ သာယာလာသည်။

"ဝေါင် . . . ဝုန်း"

ကျောက်ခေါင်းထဲမှလုံးထွက်လာသော ကျားမကြီး၏ ရုတ်တရက် ထဟိန်းလိုက်သံသည် ပတ်ဝန်းကျင် မြေပြင်ကိုပါ တုန်ဟည်းသွားစေသည်။ ထို့ကြောင့်လည်း စောစောကတစီစီတကျီကျီအော်မြည်နေကြသော ပိုးကောင်မွှားကောင်များ၏ အော်မြည်သံနှင့် ညငှက်များ၏ အော်မြည်နေကြသံတို့မှာ ချက်ချင်းပျောက်ကွယ်တိတ်ဆိတ်သွားကြသည်။ ကျားမကြီးဟိန်းလိုက်သံကြောင့် လရောင်ထဲသာယာ ရှုမောဖွယ် ကောင်းနေသော တော အလုံးသည်လည်း ရုတ်ချည်း အကျည်းတန်သွားသလား ထင်လိုက်ရသည်။

ဘအုံ့ထည်က ကျားမကြီး နိုးလာပြီဖြစ်ကြောင်း ဦးရွှေသီးနှင့် အောင်မောင်း၊ စိန်အေးတို့ကို အချက်ပြလိုက်၏။

တစ်ညလုံး ကိုးကျင်း၊ ကိုးတောအစာရှာထွက်တတ်သောကျားများသည် နေ့ခင်းနေ့လယ်ဆိုလျှင်ကျောက်ခေါင်းထဲ၌သိုးနေအောင်အိပ်နေတတ်သော သဘာဝကိုမူ ဘအုံ့ထည်က သိပြီးသားဖြစ်၏။

ခဏအကြာမှာပင် ကျားမကြီးသည် သူ့ကလေးနှစ်ကောင်နှင့်အတူကျောက်ခေါင်းဝမှ ခေါင်းပြူလာ၏။ မြေပြင်ကို တစ်ချက်နှစ်



ချက်နမ်းယက်လိုက်ကာ ဟိန်းသံတစ်ချက်နှစ်ချက်ကိုလည်း ထပ်ပြုပြန်သည်။

" ဝေါင်း . . . ဝုန်း . . . ဟုန်း "

" ဝေါင်း . . . ဝုန်း . . . ဟုန်း "

ဤသည်တို့မှာ ဤတော ဤတောင် ဤနေရာ ဤဒေသတစ်ဝိုက်တွင် သူ့ကိုမည်သူယှဉ်ပြိုင်ရဲသနည်းဟူသော စိန်ခေါ်သံ။ မယှဉ်ရဲသူများ ရှောင်ကြလော၊ ရှားကြလော ဟူသောခြိမ်းခြောက်သတိပေးသံ။ ထို့နောက် မိမိအစာရှာထွက်နေစဉ် သူ့ကလေးနှစ်ကောင်အားမည်သည့်တောတိရစ္ဆာန်ကမျှ အနှောင့်အယှက်မပေးရဲအောင် "ဒီနေရာမှာ ငါရှိတယ်ဟေ့၊ ဘယ်သူမှ လာမကျူးနဲ့" ဟူသော အော်ပြော ကြိမ်းမောင်းလိုက်သံတို့ပင်ဖြစ်သည်။

ဘအုံ့ထည်တို့သူသိုက်မှာ ရင်တထိတ်ထိတ်နှင့်စင်ပွမ်းပင်ကြီးပေါ်က မဝံ့မရဲ ငုံ့ကြည့်နေကြ၏။

ကျားမကြီးသည် ကျားကလေးနှစ်ကောင်ကို ဦးဆောင်ကာ စမ်းထဲသို့ ရေသောက်ဆင်းသွား၏။ ကျားမကြီး ရေသောက်ပြီးပြန်တက်လာချိန်မှာ လရောင်က ပိုပြီးလင်းလက်လာသည်။ ထို့ကြောင့် ကျားမကြီးနှင့် ကျားကလေးနှစ်ကောင်မှာ ဘအုံ့ထည်တို့မြင်ကွင်းထဲမှာ ထင်းနေလေသည်။

ကျားမကြီးသည် အစာရှာထွက်ရန်အတွက် ကျားကလေးနှစ်ကောင်ကို ကျောက်ခေါင်းထဲပြန်ခေါ်သွား၏။ ခဏအကြာမှာ ပြန်ထွက်လာသည်။ ကျားကလေး နှစ်ကောင်ကလည်းသူ့အမေနှင့်အတူလိုက်လိုသဖြင့် သူ့အမေနို့ကို အတင်းတွယ်ကပ်နို့စို့ကာ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဝထိ တွဲလောင်းခို လိုက်လာကြပြန်၏။ ထိုအခါကျားမကြီးသည် သူ့ကလေးနှစ်ကောင်ကို မာန်ဖီ ခြိမ်းခြောက်ကာ ကျောက်ခေါင်းထဲ ပြန်သွင်းသွားပြန်သည်။

ဤသို့နှင့် ပြန်သွင်းလိုက်၊ ပြန်ထွက်လာလိုက်နှင့် အခေါက်ခေါက် အခါခါ ဖြစ်နေကြသည်။ နောက်တော့ ကျားမကြီးသည် စိတ်ရှည်ပုံ မရတော့။ သူ့ဝမ်းဗိုက်ကလည်း ဆာလောင် မွတ်သိပ်လာရာ ကျားကလေးနှစ်ကောင်ကို ဟိန်းဟောက် ကိုက်ခဲကာ ခေါင်းနှင့်ခွေ့၊ လက်နှင့် ပုတ်သွင်းပြီး ခုန်ပေါက် ထွက်ပြေးသွားလေ၏။

တောမကျွမ်းသေးသော ကျားကလေးနှစ်ကောင်မှာ မိခင်ကြီးကို မမီလိုက်သဖြင့် တရှူးရှူး မာန်ဖီပြီး ကျောက်ခေါင်းထဲ ပြန်ဝင်ပြေးသွားကြ၏။ ဤသည်မှာ ဘအုံထည်တို့အတွက်အကွက်အကွင်းပင်။ သို့သော် ကျားမကြီး မည်မျှဝေးဝေးသို့ရောက်သွားပြီဆိုသည်ကိုသိရန်လိုအပ်သေးသဖြင့် နားစွင့်နေကြရ၏။ အကြည့်ကလည်း ကျားမကြီး ထွက်ပြေးသွားရာဘက် လှမ်းကြည့်နေကြသည်။ စင်ပြွမ်းပင်ပေါ်က ချက်ချင်းဆင်းပြီး ကျားကလေးနှစ်ကောင်ကို မဖမ်းရဲကြသေး။ ကျားမကြီးသည် သူ့ကလေးနှစ်ကောင်ကို စိတ်မချလျှင် တစ်ခေါက်ပြန်လာတတ်သဖြင့် ပက်ပင်းတိုး နေကြမှာစိုးရသည်။

အတော်ကလေး ကြာသောအခါ တောင်တစ်လုံးကျော် ဆင်ခြေလျှော တစ်နေရာမှ ချေငယ်တစ်ကောင်၏ အထိတ်တလန့် ဟောက်သံနှင့် တောကြက်များ လန့်ပြုံပျံပြေးကြသံတို့ကို ကြားကြရသည်။ တစ်ခဏလေးအတွင်းမှာပင် ကျားမကြီးသည် တောင်တစ်လုံးကျော် အဝေးခရီးသို့ ရောက်သွားပြီ ဆိုသည်ကို ဘအုံထည်တို့



အားလုံး နားလည်သဘောပေါက်သွားကြသည်။

ထို့ကြောင့် နေမွန်းစောင်းကြီးလောက်အချိန်ကပင်စင်ပြွမ်းပင်ပေါ် တက်ပုန်းနေကြသော ဘအုံထည်တို့အဖွဲ့မှာ ယခုမှ သစ်ပင်ပေါ်က ရဲရဲဝံ့ဝံ့ဆင်းလာရဲကြ၏။ ဘအုံထည်နှင့် ဦးရွှေသီးတို့သည် အသင့်ပြုလုပ် ယူလာကြသော ကညင်ဆီမီးတုတ် တစ်ယောက်တစ်ခုစီကို ထွန်းညှိကာ ကျောက်ခေါင်းထဲသို့ လေးဘက်ကုန်း၍ဝင်သွားကြ၏။

ဤသည်နှင့် တစ်ပြိုင်နက် အောင်မောင်းနှင့်စိန်အေးတို့သည် အသင့် ယူဆောင်လာကြသော ဝါးကပ်ရက် မျက်ကွင်းတစ်ခုနှင့် ကျားကလေးနှစ်ကောင် ထွက်ပြေးမလာနိုင်အောင် ချက်ချင်းပိတ်ဆို့ ထားလိုက်ကြသည်။

သူတို့မှာ နဂိုကပင် အကွက်ချတိုင်ပင်ပြီးသား ဖြစ်သဖြင့် မည်သူကမည်သို့လုပ်လိုက်လျှင် မည်သူကမည်သို့ပြုလုပ်ရမည်ကိုကြိုတင်သိပြီးသားဖြစ်ကြသည်။ထို့ကြောင့်တစ်ယောက်နှင့်တစ်ယောက် ဘာလုပ်ပါ၊ ညာလုပ်ပါဟူ၍လည်းစကားမပြောကြ။ တစ်ယောက်၏အရိပ်အခြည် လက်ဟန်ခြေဟန်ကို ကြည့်၍သာလုပ်ဆောင်စရာအားလုံးကို တိတ်တိတ်ဆိတ်ဆိတ် လုပ်ဆောင်နေကြရခြင်းဖြစ်၏။

ဘအုံထည်နှင့် ဦးရွှေသီးတို့ကျောက်ခေါင်းထဲဝင်သွားပြီးကျားကလေးနှစ်ကောင်ကိုသွားဖမ်းနေကြချိန်တွင် အောင်မောင်းနှင့်စိန်အေးတို့မှာ ကျောက်ခေါင်းဝမှ လှံထမ်း၍ ကျောချင်းကပ်စောင့်နေကြရသည်။ မတော်တဆ ကျားမကြီးတစ်ပတ် ပြန်လှည့်လာလျှင် အန္တရာယ်နှင့်ပက်ပင်း ရင်ဆိုင်ကြရမည်ဖြစ်သဖြင့် သူတို့နှစ်ယောက်

www.burmeseclassic.com



၏ ရင်မှာ တထိတ်ထိတ် ခုန်နေကြသည်။

တစ်ယောက်နှင့် တစ်ယောက်မှာ အသံတိတ် နှုတ်ပိတ်ပြီး ကျောချင်း ကပ်ထားကြသဖြင့် တစ်ဦး၏ ရင်ခုန်သံကိုပင် တစ်ဦးက ကြားနေရသလို အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေသည်။ အမှန်က သူတို့နှစ်ဦးသာ မဟုတ်။ ကျားကလေးနှစ်ကောင် ရှိရာ ကျောက်ခေါင်းထဲ မီးတုတ်ကိုယ်စီနှင့် ဝင်သွားကြသော ဘအုံ့ထည်နှင့် ဦးရွှေသီး တို့မှာလည်း ထိုနည်းလည်းကောင်းပင် ရှိကြလေသည်။

ကျောက်ဂူလိုဏ်ခေါင်းထဲတွင် ကျားကလေးနှစ်ကောင်မှတစ်ပါး မြွေကင်းဆို၍တော့ ဘာအန္တရာယ်မှ မရှိနိုင်ပေ။ ထို့ကြောင့်လည်း ဘအုံ့ထည်နှင့် ဦးရွှေသီးတို့က ရဲရဲတင်းတင်းပင် ဝင်သွားကြခြင်းဖြစ်၏။

ကျားနံ့လို သိုးပုပ်နံ့စော်ပြီး အဆိပ်အတောက် ပါသော အနံ့အသက်ကို အာကာယ်မည်သော တိရစ္ဆာန်ကမျှ ကြာရှည် လေးမြင့်စွာ မခံနိုင်ကြ။ အကယ်၍ ကျားပေါက်ကလေးတွေ ရှိနေသော ကျောက်ခေါင်းထဲတွင် မြွေကင်းတွေ ရှိနေပါကလည်း လက်ဆော့ခြေဆော့ မြန်သော ကျားပေါက်ကလေး နှစ်ကောင်ကြောင့် မြွေကင်းတွေမှာ ရက်မကူးခင်ပင် သေဖွယ်ရာသာ ရှိလေသည်။

ထို့ကြောင့် ကျောက်ခေါင်းထဲသို့ ကျားကလေးတွေဖမ်းရန်ဝင်သွားကြသော ဘအုံ့ထည်နှင့် ဦးရွှေသီးတို့အတွက် အန္တရာယ်သိပ်မများလှသော်လည်း အပြင် ကျောက်ခေါင်းဝတွင်စောင့်နေကြသော အောင်မောင်းနှင့် စိန်အေးတို့ အတွက်မှာမူ အလွန်ပင် အန္တရာယ်များလေသည်။



အောင်မောင်းနှင့် စိန်အေးတို့မှာ နားနှင့် မျက်စိ အရှင်ဆုံးထားရ၏။ မတော်တဆ ကျားမကြီးပြန်လာ၍ ပက်ပင်းတိုးနေကြလျှင် အဆင်သင့် ကာကွယ်နိုင်ရန် လှံရှည်ကိုလည်း ရှေ့သို့ အသင့် ချိန်ရွယ်ထားကြရသည်။

ဘအုံ့ထည်နှင့် ဦးရွှေသီးတို့ ဝင်သွားကြပြီးမကြာခင်မှာ ဘယ်နေ့ ဘယ်ရက်ကပင် ဝင်အောင်းနေကြမှန်းမသိသော ယင်ရိုင်းမည်းနက်မ တစ်အုပ်သည် ကျောက်ခေါင်းထဲမှ လန့်ပြို အန်ထွက်လာကြသည်။ ထို ယင်ရိုင်းမည်းမ များနှင့်အတူ မကောင်း ဆိုးရွားသော အနံ့ အသက်တွေကလည်း သဟဇာတဖွဲ့၍ ပါလာကြ၏။

ထိုအချိန်တွင် မီးရောင်ကိုပင်တစ်ခါဖူးမျှမမြင်ကြရသေးသော ကျားကလေးနှစ်ကောင်မှာ ကျောက်ခေါင်းထဲတွင် မည်မျှဆောက်တည်ရာမရ ဖြစ်နေကြလေပြီဆိုသည်ကို အောင်မောင်းနှင့်စိန်အေးတို့မှာ အတတ် သိလိုက်ကြလေပြီ။

အတော်ကလေးကြာသောအခါ ဘအုံ့ထည်နှင့် ဦးရွှေသီးတို့သည် ကျားကလေးနှစ်ကောင်ကိုတစ်ယောက် တစ်ကောင်စီ လည်ပင်းညှစ် ဆွဲဆန့်၍ ကျောက်ခေါင်းထဲက လေးဘက်ကုန်းထွက်လာကြ၏။ ကျောက်ခေါင်းထဲ ဝင်သွားကြစဉ်က ယူသွားကြသော ကညင်ဆီ မီးတုတ် တစ်ယောက်တစ်ခုကိုလည်း ပါးစပ်တွင် ကိုက်၍ ပြန်ယူ လာကြသေးသည်။

လူတွေကလည်ပင်းကို မအော်နိုင်အောင်တအားဖျစ်ညှစ်ထားခြင်းခံနေရသော ကျားကလေးနှစ်ကောင်မှာ ယက်ကန်ယက်ကန်နှင့်ရုန်းကန်ရင်း ပါလာကြသည်။ ကျားကလေးနှစ်ကောင်တ မှုန်း

www.burmeseclassic.com

www.burmeseclassic.com



ကန် ကုတ်ခြစ်ထားသဖြင့် အဝတ်ပတ်သီး၊ သစ်ခေါက်ပတ်တီးစည်း သွားကြသော ဘအုံထည်နှင့်ဦးရွှေသီးတို့လက်မှ အဝတ်စတွေမှာ ဖွာလန် ကြဲလာကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဘအုံထည်နှင့်ဦးရွှေသီးတို့သည် ကျားကလေးနှစ်ကောင်အားမည်မျှ ခဲခဲယဉ်းယဉ်း ခက်ခက်ခဲခဲ ကြိုးစားပမ်းစား ဖမ်းလာခဲ့ကြသည်ကို သိသာနိုင်သည်။

ကျားကလေးနှစ်ကောင်ကို ဖမ်းမိပြီး ဖြစ်သော ဘအုံထည်တို့အဖွဲ့သည် လင့်စင်ရှိရာ စခန်းသို့အလျင်မြန်ဆုံးပြေးလာခဲ့ကြ၏။ စခန်းသို့ရောက်သောအခါ ကျားကလေးနှစ်ကောင်ကို အသေသတ်ပြီး အရေခွံ ဆုတ်ခွာကာ မီးကင်ကြသည်။ သို့မှသာ ကျားကလေးများ၏ ဗိုက်ထဲရှိ နို့ရည်မှာ ခဲသွားလေမည် မဟုတ်ပါလား။

"အနံ့ရလို့ ကျားမကြီး လိုက်လာရင်ကော အစ်ကိုကြီး"

ပထမ စခန်းတွင် တောကင်းကြီးများ အလိုက်ခံထားရသဖြင့် သွေးလန့် ကြောက်ရွံ့နေသူ ဦးရွှေသီးက ဘအုံထည်အား စိုးရိမ်ကြောင့်ကြသံနှင့် မေး၏။

"ရွှေသီးရာ၊ မင်းဟာ မုဆိုး တံငါအလုပ်ကို ဝါသနာပါတယ်လဲ ပြောသေး၊ ခုထိ တောတိရစ္ဆာန်တွေနဲ့ပတ်သက်တဲ့ သဘာဝဆိုလို့ ဘာတစ်ခုမှ နားမလည်သေးပါလား"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"ဟ. . . ဘာဖြစ်ရမလဲ ရွှေသီးရဲ့၊ ကျားဆိုတဲ့ သတ္တဝါဟာအနံ့ခံလိုက်တတ်တဲ့ တိရစ္ဆာန်မှ မဟုတ်တာကွ။ ကျားသာ အနံ့ခံလိုက်တတ်ရင် တောသုံးထောင်မှာ ရှိတဲ့ တိရစ္ဆာန်ဆိုလို့ တစ်ကောင်မှ



ဟောင် ကျန်မှာမဟုတ်ဘူးကွ"

"ကျားက တခြားတောတိရစ္ဆာန်တွေလို ဘာလို့ အနံ့မခံတတ်လဲ အစ်ကိုကြီး"

"သားစိမ်း ငါးစိမ်းစားလို့ ကျားပါးစပ်ကအမြဲပုပ်ဟောင်နံစော်နေတာ၊ သူ့နှာခေါင်းက ဘယ်လိုလုပ်တခြားအနံ့ခံလို့ရတော့မလဲကွ။ အဲဒါကြောင့် မုဆိုးတွေက ကျားမှာ နှာခေါင်းပါပေမယ့် အနံ့ရှူ အနံ့ခံတတ်တဲ့ အပေါက် မပါဘူးလို့တောင် ပြောကြတာ မင်းမကြား ဖူးဘူးလား"

"ကျွန်တော်တော့ အစ်ကိုကြီးပြောမှကြားဖူးတော့တယ်။ အစ်ကိုကြီးဟာ အင်တွဲ ပွဲ့လျက်ရှာစားဖို့ထက် မုဆိုးလုပ်စားဖို့ပိုကောင်းတာပေါ့"

"မင်းအဘ၊ မုဆိုး တံငါအလုပ် ငါမှ ဝါသနာ မပါတာ"

ဦးရွှေသီးမှာ ဘအုံထည်ကို ဤတစ်ခါတော်တော် အထင်ကြီးသွားပုံရသည်။ အကယ်၍ ဘအုံထည်သာ တောဝဟုသုတ၊ တောတိရစ္ဆာန်တို့၏ သဘာဝနှင့် ကျားတို့၏ အထာကိုမသိလျှင် ကိုးရာ၊ တစ်ထောင်တန်သော ကျားကလေးနှစ်ကောင်ကို ဘယ်လိုမျှ ယူနိုင်စရာအကြောင်းမရှိပေ။ ယခုတော့ ဘအုံထည်၏ ဦးဆောင်မှုနှင့် သူတို့သည် ကိုးရာ၊ တစ်ထောင်တန်သော ကျားကလေးနှစ်ကောင်ကို ရလာခဲ့ကြလေပြီ မဟုတ်ပါလား။

အရေခွံ ဆုတ်ထားသော ကျားကလေး နှစ်ကောင်ကို မီးပြင်းကင်ပြီးကြသောအခါရင်ကိုခွဲပြီး ဗိုက်ထဲကအူကိုမပေါက် မပြဲအောင် နုတ်ယူကြရ၏။ အူ၏အစအဆုံး နှစ်ဖက်စလုံးကို နှီးကြောင့်စည်း

www.burmeseclassic.com



ချည်ပြီးသောအခါ အူထဲမှ ကျားနို့ရည်မှာ မီးမြိုက်ခံထားရသဖြင့် တောင့်ခဲကာ ဝက်အူချောင်းလို ဖြစ်သွားလေသည်။

တစ်နေ့လုံး ပင်ပန်း ဆင်းရဲခံပြီး အင်တွဲ ပွဲ့လျက် ရှာကြရသည်နှင့် စာသော် ယခု သုံးလေးရက်အတွင်းမှာ မြိုးမြိုးမြက်မြက် အမြတ် ထွက်နိုင်သော ကျားကလေးအူ နှစ်ခွေကို မြှောက်ချိန်ကြည့်ကာ ဘအုံ့ထည်က ပီတိပြုံး ပြုံးလိုက်၏။

အမှန်က ဘအုံ့ထည်သာမဟုတ်၊ ဦးရွှေသီး၊ အောင်မောင်းနှင့် စိန်အေးတို့မှာလည်း ဘအုံ့ထည် မြှောက်ကြည့်နေသော ကျားနို့အူ နှစ်ခွေသာမက အသား၊ အရိုး၊ အရေခွံ၊ အမွေးအမှင်ကအစမနက် ပြန် ရှာပြန်ရောက်လျှင် အားလုံး ပိုက်ဆံခဲတွေ ချည်းဖြစ်လာမည့် ကျားကလေး အသေကောင်နှစ်ကောင်ကို ကြည့်ကာ ပီတိဖြစ်နေကြတော့သည်။

ဤမျှတင်လား။

မကသေးပါ။ တောထဲတောင်ထဲတွင် ၁၀-နှစ်၊ ၁၅-နှစ်အင်တွဲ ပွဲ့လျက် ရှာလာခဲ့ကြသော်လည်း တစ်ကြိမ် တစ်ခါမျှ မကြုံဖူးမရဖူးကြသော ကျားနို့စစ်စစ်ကို ရလာနိုင်ခဲ့ကြသူ ဘအုံ့ထည်တို့အဖွဲ့အား ရွာသူရွာသား အင်တွဲပွဲ့လျက် ရှာသမားများကလည်း သောင်းသောင်းဖြဖြ ဂုဏ်ပြုစကား ဆိုကြမည်မှာ မုချပင်ဖြစ်လေသည်။

မိုးကျော့

ဆရာမိုးကျော့၏ ထုတ်ဝေပြီးစာအုပ်များ


၁ မြေဆီမည်းမည်း သွေးရဲရဲ

၂ အောင်ပွဲသို့ ချီရာဝယ်

၃ လွှန်လေပြီးသောအခါ

၄ လောဘမြစ်ပင်လယ်နှင့် ဂမ္ဘီရရွှေအိုးကြီး

၅ နှန်းရပ် ထီးဖြူ လုယူမယ်မြင်သည်

၆ အမှောင်လမ်းက သူတို့အပြန်

၇ ချစ်ငြိုးရစ်ချည်

၈ ငြိုးမာန်လျှော့ဖြေ

၉ မြေထုမြင့်မိုရ် ပြိုပါလေလျှင်

၁၀ ဝမ်းရေးထက်ပင် ခက်ပါသည်

၁၁ မျှော်ရသူတို့ တှာပါစေ

၁၂ ပြန်မပြောချင်ဘူး

၁၃ ခပ်သိမ်းသော မြစ်တို့ကဲ့သို့

၁၄ ဆောင်းရက်ရှည်တဲ့နွေဒေသ

၁၅ သမုဒယဏ်ပင်လယ်

၁၆ ဟားကောင်းတောင်ကြား

၁၇ အလွမ်းကန္တာ တောကန္တာ

၁၈ အင်တွဲ ပွေ့လျက်အရှာထွက်

၁၉ သေရွာပြန်တို့၏ အဏ္ဏဝါခရီး

၂၀ ကမ္ဘူဇိဒ္ဓိ

၂၁ ဆံင်လုပ်သား


www.burmeseclassic.com